www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## မာယာဟောင်ချောက်

နိဒ္ဒမ်း၏ဟိကျန်ချင်စင်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၅၈၂၁၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၅၂၅၁၁၀၉

၂၀၁၀ – ခုနှစ်

ပထမအကြိမ် – အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၀၀၀/- ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ မုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
9-H နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးဝင်းကျော်မိုး၊ မုံရွေးပုံနှိပ်တိုက်
အမှတ် ၁၄၀၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
# ဝင်းကြွယ်

# မာယာထောင်ချောက်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ဖုန်ရင် သံသယစိတ်များ ဝင်လာမိသည်။

အိမ်ကြီးထဲမှ အမည်မသိသိုင်းသမားများ ရုတ်တရက် အကြောင်းတစ်ခုခုကြောင့် ထွက်ခွာသွားကြလေပြီလော။

သို့မဟုတ် ...

မည်သည့်အတွက် အပ်ကျသံပင် ကြားရမတတ် တိတ်ဆိတ်နေရသနည်း။

ဖုန်ရင် အမျိုးမျိုးတွေးတောရင်း ရှေ့သို့ တရွေ့ရွေ့လျှောက်လှမ်းသွားရာ ...

အိမ်ကြီးတစ်နေရာအရောက် တိုင်ကြီးတစ်တိုင်ကို ကိုင်စမ်းမိသည်။

တစ်ဆက်တည်း ...

တိုင်ကြီးတွင်ချိတ်ဆွဲထားသော မီးထွန်းသည့်မီးပုံးတစ်ခုကို ဆက်လက်စမ်းမိသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ရင် မီးထွန်းသည့်မီးပုံးမှန်း သိလိုက်ရသဖြင့် ဘာမှ မစဉ်းစားတော့ဘဲ လက်မှသံမဏိကျာပွတ်ကိုကိုင်ကာ ညာလက်ရှိ မီးခြစ်ကိုခြစ်လိုက်သည်။

အကယ်၍ ...

မိမိ မီးခြစ်လိုက်သောကြောင့် ရန်သူများ မီးရှိရာသို့သိရှိပြီး တိုက်ခိုက်လာပါက ဘယ်လက်မှကျာပွတ်ဖြင့် ရင်ဆိုင်တိုက်ခိုက်ရန် စိတ်ကူးထားသည်။

'ရှဲ'

သို့သော် ...

မည်သည့်အသံဗလံလှုပ်ရှားမှုကိုမျှ မကြားရ၍ အသင့်ရှိနေသောမီးပုံးကို မီးထွန်းညှိလိုက်သည်။

တစ်ခဏချင်းမှာပင် ...

မီးပုံး၏အလင်းရောင်ကြောင့် မှောင်မည်းနေသည့် အိမ်ကြီးထဲ ရှိနေသည့်အရာဝတ္ထုများကို ပြတ်ပြတ်သားသား တွေ့မြင်လိုက်ရသည်။

မိမိရောက်နေသည့်နေရာမှာ ...

အိမ်ကြီး၏ဧည့်ခန်းထဲတွင် ဖြစ်နေကြောင်း ဖုန်ရင် သိရှိလိုက်၏။



ဧည့်ခန်းမှာ အတော်ခမ်းနား၍ အထက်တန်းကျကျ ပြင်ဆင်ထားကြောင်း တွေ့မြင်ရသည်။

အိမ်ရှင်များမှာ သူဌေးသူကြွယ်များနှင့် မင်းမျိုးမင်းနွယ်များ ဖြစ်ရမည်ဟု ဖုန်ရင် ထင်မှတ်လိုက်၏။

စောစောကလည်း မိမိ ဤအိမ်ကြီး၏ ဧည့်ခန်းထဲမှာပင် ရှိနေခဲ့သည်။

ယခုလည်း ...

ဧည့်ခန်းထဲမှာပင်ရှိနေသည်။

စောစောက ...

မိမိအား တိုက်ခိုက်ရန်ရှာလာသူများလည်း ဤဧည့်ခန်းထဲမှာပင် ဖြစ်သည်။

ယခု ...

ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြကာ တစ်ယောက်မှ မတွေ့ရတော့ဘဲ မိမိတစ်ဦးတည်းသာရှိနေကြောင်း ဖုန်ရင် သတိပြုမိလာသည်။

ထို့ကြောင့် ...

ဖုန်ရင် စိတ်ဓာတ်ကျကာ အိမ်ကြီးထဲတွင်လည်း မိမိဆရာကို မတွေ့သဖြင့် မြို့ထဲထွက်၍ရှာဖွေရန် စိတ်ကူးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ...

ဖုန်ရင် အိမ်ကြီးညှော်ခန်းမှနေ၍ အိမ်အပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

*



*

ဖုန်ရင် အိမ်ကြီးအပြင်ဘက်သို့ ရောက်လာခဲ့သည်။

အိမ်ကြီးအပြင်ဘက်ရှိ ခြံထဲသို့ ဖုန်ရင် အသေအချာကြည့်လိုက်ရာ ...

ခြံကြီးမှာ အတော်ကျယ်ဝန်း၍ သစ်ပင်ပန်းမန်များဖြင့် စိုပြည်လျက်သာယာလှပသော ခြံကြီးတစ်ခုအဖြစ် တွေ့မြင်လိုက်ရသည်။

ခြံကြီး၏ တစ်နေရာတွင် အိမ်ရှင်များပြုလုပ်ထားသည့် တောင်တုတစ်လုံးကိုလည်း တွေ့မြင်လိုက်ရပြန်သည်။

တစ်ခုထူးခြားနေသည်က ...

အလှစိုက်သောပန်းများမှာ ဆီးရောင်တွေချည်းဖြစ်သည်ကို အံ့သြစွာ တွေ့မြင်လိုက်ရပြန်၏။

ဤအိမ်ရှင်သည် ဆီးရောင်ကိုအလွန်နှစ်သက် မြတ်နိုးဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးနှင့် ကိုက်နှစ်ဆယ်လောက်အကွာတွင် အနားယူအပန်းဖြေသည့် လှပသောအိမ်လေးတစ်အိမ်ကိုလည်း ဖုန်ရင် တွေ့လိုက်ရသည်။

ထို့ကြောင့် ...

ထိုအနားယူသည့် အိမ်ကလေးတွင် ခေတ္တအနားယူရန် ဖုန်ရင် လျှောက်လှမ်းသွားသည်။

အနားယူသည့် လှပစွာဆောက်ထားသောအိမ်ကလေးကို ဆီးရောင်ဆေးများ သုတ်ထားသောကြောင့် ဤမြိုကြီးကို ဆီးရောင်မြို့ဟုပင် ခေါ်ရမတတ်ပင်။

ဖုန်ရင် အနားယူသည့်အိမ်လေးထဲသို့ဝင်ကာ အပန်းဖြေအနားယူရင်း အိမ်ကြီးထဲမှ ဖြစ်ပျက်ခဲ့သည့်ကိစ္စများကို ပြန်လည်စဉ်းစားနေမိသည်။

ထို့ပြင် ...

အိမ်ကြီးတွင်လည်း မိမိဆရာအသံကို အသေအချာ ကြားလိုက်ရသော်လည်း ...

အိမ်ကြီးထဲတွင်မူ ဆရာ့ကိုမတွေ့ရဘဲ ရန်သူများဟုထင်ရသော အဆင့်မြင့်သိုင်းသမားများနှင့် မိမိ မှောင်ကြီးမည်းကြီးထဲတွင် တိုက်ခိုက်ခဲ့ရသေးသည်။



တစ်ဖန် ...

တိုက်ခိုက်နေရင်း တစ်ဖက်သိုင်းသမားများ ရုတ်ခြည်းကြက်ပျောက်ငှက်ပျောက် ပျောက်ပျောက်သွားကြလေသည်။

မည်သည့်အတွက် ပျောက်သွားကြသည်မှု မသိ။

ထူးဆန်းသောအဖြစ်အပျက်များကို ဖုန်ရင် စဉ်းစားတွေးတောနေရင်း ...

ရုတ်တရက် ဖုန်ရင်၏နှာခေါင်းဝသို့ စူးရှမွှေးကြိုင်သော ပန်းရနံ့တစ်ခု တိုးဝင်ရောက်လာသည်။

ထိုစူးရှသည့်ပန်းရနံ့က ...

တဖြည်းဖြည်း ပိုမိုစူးရှမွှေးကြိုင်လာနေသောကြောင့် ပန်းရနံ့ရှင်သည် အနားယူသည့်အိမ်လေးသို့ ရှေးရှုလာနေကြောင်း ခန့်မှန်းမိလိုက်သည်။

ပန်းရနံ့ရှင်မှာ အမျိုးသမီးဖြစ်ရမည်။

ထိုအမျိုးသမီး မည်သူနည်း။

အိမ်ကြီးရှင် အမျိုးသမီးပင်ဖြစ်လေမည်လား။

မကြာမီပင် ...

ဖုန်ရင်အနားယူနေသည့် အိမ်လေးတွင်းသို့ မိန်းမတစ်ဦးဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ရင် ဝင်လာသောမိန်းမပျိုကို လှမ်းမြင်လိုက်ရ၏။

ဝင်ရောက်လာသော မိန်းမပျိုကလည်း ဖုန်ရင်ကို လှမ်းတွေ့လိုက်သည်။

ထို့ကြောင့် ...

နှစ်ဦးစလုံး အံ့ဩသွားကြသည့် အရိပ်အယောင်များ အသီးသီး ပေါ်ထွက်လာသည်။

ဖုန်ရင် အံ့ဩရသည်က ဝင်ရောက်လာသည့် မိန်းမပျိုမှာ ရုပ်အင်မတန်ဆိုးလှသောကြောင့် အံ့ဩမိခြင်းဖြစ်သည်။

ရုပ်ဆိုးမ အံ့ဩသွားရခြင်းမှာ ...

ဤအနားယူအပန်းဖြေသည့် အိမ်လေးထဲသို့ မိမိတစ်ခါမှ သိကျွမ်းဖူးခြင်းမရှိသော မိန်းမပျို ဖုန်ရင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အတွက် အံ့ဩသွားမိခြင်းပင်။

ရုပ်ဆိုးမလေးက ဖုန်ရင်အား အတန်ကြာသည်အထိ စိုက်ကြည့်နေပြီး တည်ငြိမ်စွာမေးခွန်းထုတ်လိုက်၏။

"မိန်းကလေး ... မင်းကြည့်ရတာ သူခိုးတစ်ယောက်တော့ ဟုတ်မယ်မထင်ဘူး ... ဘာဖြစ်လို့ သူများအိမ်ထဲ တိတ်တဆိတ်ခိုးဝင်လာရတာလဲ"

ကြားလိုက်ရသောအသံမှာ ရုပ်ရည်နှင့်လိုက်ဖက်ခြင်းမရှိ





အသံမှာ ကြည်လင်ပြတ်သားကာ တစ်ဖက်လူအား နားဝင်ချိုလှသောအသံလေး ဖြစ်သည်။

ရုပ်ရည်ကမူ ရှာမှရှားလောက်အောင် ဆိုးလှသဖြင့် အသံနှင့်ရုပ်ရည်တို့မှာ ဆန့်ကျင်ဘက်ဖြစ်နေ၏။

ဖုန်ရင်က အံ့ဩသောမျက်နှာလေးဖြင့် ရုပ်ဆိုးမလေးကို ပြန်မေးလိုက်သည်။

"ရှင်က ဒီအိမ်ရှင်လား"

ရုပ်ဆိုးမလေးမှာ ဖန်ဝေးကို အကူအညီပေးခဲ့သူ သွေးလက်ဝါး၏တပည့်မလေး ယွဲ့ရန်ဟုန်ပင်ဖြစ်သည်။

ယွဲ့ရန်ဟုန်က ...

"ဟုတ်တယ်လို့ ပြောရမှာပဲ"

ယွဲ့ရန်ဟုန်၏အဖြေမှာ နှစ်ခွဖြစ်နေသဖြင့် ဖုန်ရင် နားရှုပ်သွားသည်။

"ရှင့်စကားက တစ်မျိုးကြီးပါလား၊ ဟုတ်တယ်လို့ ပြောရမှာပဲဆိုတော့ မဟုတ်ဘူးလည်း ပြောလို့ရတယ်ပေါ့"

ယွဲ့ရန်ဟုန်က သဘောကျစွာ ပြုံးလိုက်ပြီးနောက် ...

"ဒီလိုပါ ... ကျွန်မနာမည်က ယွဲ့ရန်ဟုန်လို့ခေါ်ပါတယ်၊ သွေးလက်ဝါးဂိုဏ်းချုပ်ရဲ့ တပည့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ရင် ပိုမိုအံ့သြသွားပြီး ...

"နေပါဦး ... တစ်မိုးအောက် တစ်ယောက်ဘွဲ့ရမဟာလူဆိုး ကြီးလေးယောက်ထဲက တစ်ယောက်ဖြစ်တဲ့ သွေးလက်ဝါးဆိုတဲ့ သိုင်းအကျော်အမော်ကြီးကို ပြောနေတာများလား"

"ဟုတ်ပါတယ် ... ကျွန်မက သူ့ရဲ့တပည့်ပါပဲ"

"နေပါဦး ... စောစောက ဒီအိမ်ကြီးထဲမှာ တိုက်ခိုက်ကြတုန်းက ရှင့်ဆရာနဲ့ ရှင်ကောပါသလား"

ယွဲ့ရန်ဟုန်က ဝန်မခံဘဲပြန်ပြောလိုက်၏။

"ဟိုအိမ်ကြီးထဲကို ချိန်းထားတဲ့လူကလွဲရင် ဘယ်သူမှ မလာရဘူး။ လာခဲ့လို့ကတော့ အသေနဲ့အရှင်ဆို သေဖို့ကများတယ်၊ လူတိုင်းဝင်ရတဲ့ အိမ်တော်ကြီးမဟုတ်ဘူး"

ယွဲ့ရန်ဟုန်၏စကားများမှာ အနည်းငယ်မောက်မာသည်ဟု ထင်ရ၏။

ထို့ကြောင့် ...

ဖုန်ရင်ဒေါသထွက်ကာ ခါးတွင်ပတ်ထားသော သံမဏိနန်းကြိုးကျာပွတ်ကို ဆွဲဖြုတ်ယူလိုက်သည်။

တစ်ဆက်တည်း ယွဲ့ရန်ဟုန်အား အေးစက်စက်လေသံဖြင့် ပြောလိုက်၏။



"ရှင် စကားပြောတာ သိပ်ရိုင်းပါလား"

"ကျွန်မ ဘာများရိုင်းစိုင်းတဲ့စကားကို ပြောမိလို့လဲ"

ဖုန်ရင်မှာ အဖြူရောင်နှယ်မှ သိုင်းသမားကောင်း တစ်ယောက်ဖြစ်သည်။

တစ်ဖက်လူကို အကြောင်းမဲ့သက်သက် ထိခိုက်ဒဏ်ရာရအောင် မလုပ်ချင်။

သို့သော် ...

ရုပ်ဆိုးမယွဲ့ရန်ဟုန်၏စကားမှာ ကြာလေလေ ပိုဆိုးလေလေ ဖြစ်လာသောကြောင့် ယခုကဲ့သို့ သံမဏိနန်းကြိုးဆွဲ ကျာပွတ်ကို ဆွဲကိုင်လိုက်ရခြင်းဖြစ်သည်။

ရုပ်ဆိုးမလေး ယွဲ့ရန်ဟုန်ကလည်း လုံးဝတုန်လှုပ်ဟန်မရှိ။ ပကတိ တည်ငြိမ်အေးဆေးနေသည်။

ယွဲ့ရန်ဟုန်က ဖုန်ရင်ကို အေးဆေးစွာပင် ပြန်မေးလိုက်သည်။

"ရှင် ... ဘယ်ဂိုဏ်းကလဲ"

"မြောက်ပိုင်းဒေသက အဖြူရောင်သိုင်းသမားကြီး မာစွမ်းစီရဲ့တပည့်"

ယွဲ့ရန်ဟုန်မှာ ဖုန်ရင်၏အဖြေကိုကြားရသောအခါ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားဟန်မပြဘဲ ရိုးသွဲ့သွဲ့ပင် ပြောလိုက်သည်။

"အင်း ... မြောက်ပိုင်းမှာ အဖြူရောင်သိုင်းသမားကြီး မာစွမ်းစီဆိုတဲ့ နာမည်ကို ကျွန်မလုံးဝမကြားဖူးဘူး"

ယွဲ့ရန်ဟုန် ဤသို့ပြောလိုက်ခြင်းမှာ ဖုန်ရင်အား တမင်သက်သက် စိတ်ဆိုးစေရန် ဆွပေးလိုက်ခြင်းဖြစ်သည်။

ဖုန်ရင်၏ဆရာ မာစွမ်းစီမှာ သိုင်းလောကတွင် မသိသူမရှိလောက်အောင် ရှားသည်။

ယခု ...

ရုပ်ဆိုးမလေးယွဲ့ရန်ဟုန်၏ အမူအရာက ဖုန်ရင်အား သူ၏လက်အောက်ငယ်သားတစ်ယောက်ကဲ့သို့ မထီလေးစား ဆက်ဆံပြောဆိုနေလေသည်။

ထို့ကြောင့် ...

ဖုန်ရင်မှာ သည်းမခံနိုင်တော့ဘဲ ...

"ကဲ ယွဲ့ရန်ဟုန် ... ရှင့်လက်နက်ထုတ်ပေတော့၊ ရှင် မသိတဲ့ မကြားဖူးတဲ့ ဆရာကြီးမာစွမ်းစီရဲ့တပည့်ကပဲ စွမ်းသလား၊ သွေးလက်ဝါးဂိုဏ်းချုပ်ရဲ့တပည့်ကပဲ စွမ်းသလားဆိုတာ သိအောင် စမ်းကြည့်ကြစို့"

ဖုန်ရင်မှာ ...



ဥပဒေကိုကိုယ်စားပြုသူ အဖြူရောင်မိန်းကလေး ဖြစ်သည်။

ယွဲ့ရန်ဟုန်မှာမူ ...

ဒုစရိုက်သိုင်းလောကမှာ ထင်ရှားသည့် သိုင်းအကျော်အမော်တစ်ဦး၏ တပည့်တစ်ယောက်ဖြစ်သည်။

ထိုသို့ပြောပြီးသည်နှင့် ...

ဖုန်ရင်က ယွဲ့ရန်ဟုန်ကို ဝင်ရောက်တိုက်ခိုက်သည်။

ဖုန်ရင်က ယွဲ့ရန်ဟုန်၏သွေးကြောကွက်ကို ပိတ်ဆို့တိုက်ခိုက်သည်။

ယွဲ့ရန်ဟုန်ကလည်း ဖုန်ရင်အား ပြန်လည်တိုက်ခိုက်သည်။

သို့သော် ...

ယွဲ့ရန်ဟုန်တိုက်ခိုက်လာသည်မှာ ဖုန်ရင်တိုက်ခိုက်သည်နှင့် မတူ။

အမှောင်ထဲမှာတိုက်ခိုက်နေသည့်တိုက်ကွက်များနှင့် တစ်ထေရာတည်း တူနေသည်။

ဖုန်ရင်က စဉ်းစားပြီးမေးလိုက်သည်။

"ဟိုအိမ်ထဲက မှောင်မည်းကြီးထဲမှာ တိုက်ခိုက်တာဟာ ရှင်ကိုယ်တိုင်ဖြစ်နေပါလား"

ယွဲ့ရန်ဟုန်က မပြုံးမရယ်မျက်နှာထားဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... အဲဒီ မှောင်မည်းနေတဲ့အိမ်ကြီးထဲမှာ ရှင့် ကို ကျွန်မ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့မိတဲ့အတွက် ခွင့်လွှတ်ပေးပါ"

ဖုန်ရင်က ...

"ရှင့်အပြင် အိမ်ကြီးထဲမှာ ဘယ်သူတွေရှိနေသေးလဲ"

"ဒါကတော့ ရှင့်ကိုပြောလို့မဖြစ်ဘူး"

ထိုအခိုက် ...

ယွဲ့ရန်ဟုန်က ဖုန်ရင်မျက်နှာဆီသို့ အလစ်တွင် ကုတ်ဆွဲလိုက်သည်။

ဖုန်ရင်မှာ ယွဲ့ရန်ဟုန် ဤသို့တိုက်ခိုက်လာမည်ဟု မထင်သဖြင့် အံ့အားသင့်နေပြီး စိတ်ထဲမှရေရွတ်လိုက်မိ၏။

"အင်း ... ဒုစရိုက်သမားတွေဟာ တစ်ဖက်လူကို ဒီလိုပဲ အလစ်မှာတိုက်ခိုက်တဲ့အကျင့် ရှိနေကြပါလား"

အမှန်တွင်မူ ...

ဖုန်ရင်နှင့် ယွဲ့ရန်ဟုန်တို့မှာ ပညာတူအဆင့်လောက်သာ ရှိကြသည်။

ယွဲ့ရန်ဟုန်၏ ကုတ်ဆွဲကွက်ကို ဖုန်ရင်က ရှောင်တိမ်းပေးလိုက်၏။



ယင်းသို့ ...

ဖုန်ရင်ရှောင်လိုက်သည့်တိုင် ယွဲ့ရန်ဟုန်က နောက်ထပ်ကုတ်ဆွဲချက်ဖြင့် လေးငါးချက်မျှ ထပ်မံကုတ်ဆွဲလာပြန်သည်။

ထို့ကြောင့် ...

ဖုန်ရင် အပေါ်သို့ ခုန်၍ရှောင်တိမ်းပေးလိုက်၏။

ယွဲ့ရန်ဟုန်၏ကုတ်ဆွဲချက် လေးငါးချက်မျှ လွတ်သွားရပြန်သည်။

သို့သော် ...

ဖုန်ရင် ညာဘက်လက်မှ လက်မောင်းအကျီစ အနည်းငယ် ယွဲ့ရန်ဟုန်လက်ထဲသို့ ပါသွား၏။

ဖုန်ရင့်တိုက်ကွက်မှာ ယွဲ့ရန်ဟုန်အား မထိဘဲ ဘေးနားရှိ တိုင်တစ်တိုင်ကိုသာ ထိသွားသည်။

'ဖောင်း'

ထို့ကြောင့် ...

ယွဲ့ရန်ဟုန်မှာ မိန်းမချောလေးထန်ကျင်း၅ာထက် သိုင်းပညာသာလွန်ကြောင်း ဖုန်ရင် သိလိုက်သည်။

ဖုန်ရင် ဘေးနားရှိ တိုင်တစ်တိုင်မှာ ဖုန်ရင်၏လက်ဝါးချက်ကြောင့် ဖောင်းခနဲ ကျိုးကျသွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်က ကျိုးထွက်သွားသောသစ်သားစတစ်ချောင်းကိုယူကာ ဖုန်ရင်၏ရင်ဝတည့်တည့်သို့ လက်နက်ပုန်းသဖွယ် ပစ်ထည့်လိုက်ရင်း ...

"ကျွန်မအစ်မတော်ရဲ့ အိမ်ကိုဖျက်ဆီးတဲ့ ရှင့်ကို ကောင်းကောင်းဒဏ်ခတ်ရမယ်"

ဟု ပါးစပ်မှ ကြိမ်းမောင်းရေရွတ်လိုက်၏။

ထိုစကားကြောင့် ...

ယွဲ့ရန်ဟုန်မှာ အိမ်ကိုသံယောဇဉ်တွယ်ကပ်နေကြောင်း ဖုန်ရင် အကဲခတ်မိလိုက်သည်။

ယွဲ့ရန်ဟုန်၏ အနားယူသည့်အိမ်လေးအား ဖျက်ဆီးပစ်နေသည်ဟု ယူဆကာ ဖုန်ရင်ကို တွေ့ကရာပစ္စည်းများဖြင့် အဆက်မပြတ် ပစ်ပေါက်တိုက်ခိုက်နေသည်။

"ကဲ"

'ဖုန်း'

"ကဲ"

'ချွမ်း'

"ကဲဟာ"

'ခွမ်း'



ဖုန်ရင်ကမူ သူ့ဆီဝင်လာသမျှသော ပစ္စည်းများကို သံမဏိနန်းဆွဲကျာပွတ်ဖြင့် ရိုက်နက်ဖယ်ထုတ်နေလေသည်။

နောက်ဆုံး ...

ယွဲ့ရန်ဟုန်မှာ 'အေးစိမ့်ဓားမြှောင်' လေးကို ခါးကြားမှ ဆွဲထုတ်လိုက်ပြီး လက်တွင်စွဲကိုင်လိုက်သည်။

ပြီးသည်နှင့် ဖုန်ရင်ရှိရာသို့ တရွေ့ရွေ့ချဉ်းကပ်လာနေသည်။

ဖုန်ရင်၏ သံမဏိနန်းဆွဲကျာပွတ်သည် ...

ဆယ့်သုံးခရိုင်အတွင်းရှိ သိုင်းအကျော်အမော် လေးဆယ့်ခုနစ်ယောက်တိတိကို ယှဉ်ပြိုင်အနိုင်ယူခဲ့သည့် နန်းဆွဲကျာပွတ်ဖြစ်သည်။

ထို့ကြောင့် ...

ဖုန်ရင်၏နန်းဆွဲကျာပွတ်သည် သိုင်းလောကတွင် နာမည်ကျော်ကြားခဲ့သော လက်နက်တစ်ခုဖြစ်လေသည်။

ဖုန်ရင်က မိမိ၏သံမဏိနန်းဆွဲကျာပွတ်ကို အထွင်ကြီးကာ တစ်ဖက်ရန်သူ၏ 'အေးစိမ့်ဓားမြှောင်' တိုက်ကွက်ကို သံမဏိနန်းဆွဲကျာပွတ်ဖြင့် ခံဆောင်လိုက်သည်။

'ချွမ်'

www.burmeseclassic.com

www.burmeseclassic.com



သံမဏိနန်းဆွဲကျာပွတ်နှင့်အေးစိမ့်စားမြွောင်တို့ ထိပ်တိုက်ရင်ဆိုင်မိကာ သံမဏိနန်းဆွဲကျာပွတ်မှာ အပိုင်းပိုင်းပြတ်ထွက်သွားလေသည်။

ယဲ့ရန်ဟုန် မိမိ၏အေးစိမ့်စားမြွောင် ဖုန်ရင်၏သံမဏိနန်းဆွဲကျာပွတ်ကို အပိုင်းပိုင်းအထစ်ထစ် ဖြတ်လိုက်နိုင်သဖြင့် ကျေနပ်ဝမ်းမြောက်သွား၏။

ထို့နောက် ...

တည်းခိုအိမ်လေးထဲမှ ထွက်ကာ ပန်းခြံအတွင်းသို့ လျှောက်လှမ်းထွက်ခဲ့သည်။

ဖုန်ရင်မှာ ရန်သူစားမြွောင်ချက်ကြောင့် မိမိ၏ သံမဏိ နန်းဆွဲကျာပွတ် အပိုင်းပိုင်းပြတ်သွားသဖြင့် ဒေါသပေါက်ကွဲကာ ယဲ့ရန်ဟုန်ရှိနေသော ပန်းခြံတွင်းသို့ လိုက်ပါလာခဲ့၏။

ထိုအခိုက် ...

လူရိပ်တစ်ခု သူတို့နှစ်ယောက်ရှေ့သို့ ခုန်လွှားနေသည်ကို တွေ့လိုက်ကြရ၏။

လူရိပ်က ခုန်လွှားနေ ရင်း လက်ထဲမှ သံတုတ်ရှည်ကြီးဖြင့် ကျောက်မြေကို တဒေါင်းဒေါင်း ရိုက်ခတ်လာနေသည်။

'ဒေါင်း'



'ဒေါင်း'

သံတုတ်ရှည်ချက်ကြောင့် 'တဒေါင်းဒေါင်း' အသံများပေါ်ထွက်လာကာ မီးပွားများ တရဲရဲပေါ်ထွက်နေသည်။

လူရိပ်က ဖုန်ရင်၏ သံမဏိနန်းဆွဲကျာပွတ်မှ လွင့်စဉ်ထွက်သွားသော ကျာပွတ်အပိုင်းပိုင်းအစများထဲမှ တစ်ခုကို ရုတ်တရက်ဖမ်းကိုင်လိုက်မိပြီး တဟားဟားရယ်မောကာ အော်ဟစ်ပြောဆိုလိုက်သည်။

တဒင်္ဂအတွင်းမှာပင် ...

လူရိပ်သည် ဖုန်ရင်နှင့်ယဲ့ရန်ဟုန်တို့ နှစ်ယောက်အနားသို့ရောက်လာခဲ့သည်။

ရောက်လာသူမှာ ...

မျက်လုံးကြောင်တောင်ကန်းနေသော မျက်မမြင်အဘိုးကြီးတစ်ယောက်ဖြစ်နေကြောင်း တွေ့လိုက်ရ၏။

အဘိုးကြီးက အသံကျယ်လောင်စွာဖြင့် လက်ထဲမှ သံမဏိနန်းဆွဲကျာပွတ်အပိုင်းအစကို ကိုင်မြှောက်ထားရင်း အော်ပြောလိုက်၏။

"မာစွမ်းစိ ... မင်းလည်း ရောက်နေတာကိုးကွ ... ဟားဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



မျက်မမြင်အဘိုးကြီးထံမှ ထွက်ပေါ်လာသော စကားသံကြောင့် ဖုန်ရင် အံ့အားသင့်သွားသည်။

"ဒီမျက်ကန်းကြီးက ငါ့ဆရာကိုတောင် သိနေပါလား။ ငါ့ဆရာရဲ့သူငယ်ချင်းများ ဖြစ်နေမလား"

ဖုန်ရင်သည် ထိုမျက်မမြင်အဘိုးအိုမှာ အဓိပတိသိုင်းသမားကြီးတစ်ယောက်ဖြစ်မှန်း သိလိုက်သည်။

ထိုစဉ် ...

'ဝုန်း'

ဖုန်ရင်စဉ်းစားနေစဉ်မှာပင် အိမ်ကြီးအတွင်းမှ 'ဝုန်း' ခနဲ အသံကြီးထွက်ပေါ်လာသည်ကို ကြားလိုက်ကြရ၏။

အိမ်ကြီးထဲမှ အသံများ ဆက်တိုက်ကြားနေရပြန်သည်။

"ချာတိတ် ... နောက်ဆုံးတော့ မင်းကိုတွေ့ရပြီ မဟုတ်လား။ မင်း ရှောင်ပုန်းနေလို့ မရတော့ဘူး"

"ကျွန်တော့်မှာ ခင်ဗျားတို့နဲ့ ဘာရန်ငြိုးရန်စ ရှိနေလို့လဲ၊ ဘာဖြစ်လို့ ခင်ဗျားတို့ ကျုပ်ကို ရန်လိုနေကြတာလဲ"

ထိုစကားသံကြားလိုက်ရသဖြင့် ...

မိန်းမပျိုလေးနှစ်ယောက်လုံး ပါးစပ်မှ ပြိုင်တူ အသံထွက်သွားကြ၏။



"ဟင် ... ဖန်ဝေးရဲ့ အသံပါလား"

မျက်ကန်းအဘိုးကြီးကလည်း ဝင်ပြောလိုက်၏။

"ငါ့မိတ်ဆွေကြီး မာစွမ်းစီကို မတွေ့တာကြာပြီ၊ မင်းတို့နှစ်ယောက် ငါ အဘိုးကြီး တီလင်ကျိုကို မမှတ်မိကြတော့ဘူးလား"

အဘိုးကြီး၏ စကားဆုံးသောအခါ ဖုန်ရင် စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

"သြော် ... မျက်ကန်းအဘိုးကြီး တီလင်ကျိုကို့၊ တီရောင်မြို့က တည်းခိုစားသောက်ဆိုင်ကလေးထဲမှာ တွေ့လိုက်ရတဲ့ အဘိုးကြီးပဲ"

ဖုန်ရင် ဤသို့စိတ်ထဲမှရေရွတ်နေစဉ် မျက်ကန်းအဘိုးကြီးထံမှ အသံထွက်ပေါ်လာပြန်သည်။

"မာစွမ်းစီရဲ့ လက်နက်ကိုအသုံးပြုပြီး သူ့တပည့်က မာစွမ်းစီရဲ့ အရှက်ကို လာခွဲနေတာလား"

အဘိုးကြီးစကားကို ယွဲ့ရန်ဟုန်က ထောက်ခံလိုက်၏။

"ဟုတ်တယ် ... မာစွမ်းစီရဲ့ တပည့် ကျွန်မနဲ့လာတိုက်တာ သူ့ရဲ့ သံမဏိနန်းကြိုးကျာပွတ် ကျွန်မရဲ့ အေးစိမ့်ဓားမြှောင်လက်ချက်မိပြီး အပိုင်းပိုင်းပြတ်သွားတယ်လေ"

မျက်မမြင်အဘိုးကြီး တီလင်ကျိုမှာ စိတ်ဆိုးဒေါသထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကာ လက်ထဲမှ သံတုတ်ကောက်ကြီးဖြင့် ကျောက်မြေပေါ်သို့ ဆောင့်ချလိုက်သည်။

'ဒုတ်'

သံတုတ်ကောက်ကြီးမှာ ကျောက်မြေထဲသို့နှစ်ပေကျော်သုံးပေမျှ စိုက်ဝင်သွားလေသည်။

အဘိုးကြီးတီလင်ကျိုက ဒေါသကြီးဖြင့် မေးလိုက်သည်။

"ခုနက ငါ့ကိုစကားပြောတဲ့ မိန်းကလေးက ဘယ်သူများလဲ"

"ရှင်တို့ ညီအစ်ကိုတစ်တွေ ဒီရက်ပိုင်းအတွင်းမှာ ဖမ်းလို့မရတဲ့သူပေါ့"

ယွဲ့ရန်ဟုန်၏ စကားကိုကြားရသောအခါ ဖုန်ရင်မှာ များစွာအံ့သြသွားရ၏။

ဤကဲ့သို့သော မိန်းကလေးတစ်ယောက်အား သိုင်းအကျော်အမော်တစ်ဦးဖြစ်သူ အဘိုးကြီးတီလင်ကျိုက လက်ထဲတွင် အသင့်ရှိနေသော သံမဏိနန်းဆွဲကျာပွတ်စများဖြင့် မိန်းမပျိုနှစ်ဦးရှိရာသို့ ရုတ်ခြည်းလှမ်းပစ်လိုက်သည်။

ယွဲ့ရန်ဟုန်က ပါးနပ်လှသည်။

စကားဆုံးသည်နှင့် ...



ယွဲ့ရန်ဟုန်မှာ မူလနေရာတွင်မရှိတော့ဘဲ နောက်သို့ခုန်ဆုတ်ပေးလိုက်သည်။

တီလင်ကျိုပစ်လိုက်သော သံမဏိနန်းဆွဲ ကျာပွတ်စများမှာ မိန်းမပျိုလေးနှစ်ယောက်အား မထိဘဲ ကျောက်မြေထဲသို့ စိုက်ဝင်သွား၏။

ထိုအခိုက် အိမ်ကြီးထဲမှ စကားသံများ ထပ်မံကြားရပြန်သည်။

"ကျွန်တော် ဒီကိုရောက်နေတာ ခင်ဗျားတို့ဘယ်လိုသိနေကြတာလဲ၊ ကျွန်တော့်မှာ ဆောင်ရွက်စရာကိစ္စတွေရှိနေသေးတဲ့အတွက် အချိန်မရှိဘူး"

ဖန်ဝေးစကားသံဆုံးသည်နှင့် အိုမင်းသောအဘိုးကြီး အသံတစ်သံထွက်ပေါ်လာပြန်သည်။

"ဒီချာတိတ်ကို ဝိုင်းထားကြ ... လွတ်ထွက်မသွားစေနဲ့ သူ့ကိုဖမ်းမိဖို့ မလွယ်ဘူး"

'ဝုန်း'

စကားသံများဆုံးသွားသည်နှင့် 'ဝုန်း'ခနဲ ကျယ်လောင်သောအသံကြီးတစ်သံ အိမ်ကြီးထဲမှထွက်လာသည်။

ဤတွင် မိန်းမပျိုလေးနှစ်ယောက်မှာ ဖန်ဝေးအတွက် စိုး

www.burmeseclassic.com

www.burmeseclassic.com



ရိမ်စိတ်များဝင်လာကာ အိမ်ကြီးဆီသို့ ပြေးလွှားသွားကြရန် ဟန်ပြင်လိုက်ကြ၏။

မိန်းမပျိုနှစ်ယောက်လုံးမှာ ဖန်ဝေးအတွက် စိုးရိမ်စိတ်များလွှမ်းကဲနေကြသဖြင့် ကပျာကယာထရပ်လိုက်ကြရာ တစ်ယောက်နှင့်တစ်ယောက် ပခုံးချင်းဝင်တိုက်မိကြသဖြင့် နှစ်ယောက်သား ဘေးသို့လွင့်စဥ်ထွက်သွားကြ၏။

ထိုအခိုက် ...

မိန်းမပျိုနှစ်ယောက်အကြားသို့ အဘိုးကြီး တီလင်ကျိမှာဖျတ်ခနဲရောက်ရှိလာကာ အိမ်ကြီးဆီသို့ လွှားခနဲ ထွက်သွားလေသည်။

မိန်းမပျိုလေးနှစ်ယောက်မှာ တစ်ဦးကိုတစ်ဦး ဒေါသထွက်မိကြသဖြင့် ဖုန်ရင်က ယွဲ့ရန်ဟုန်ကိုလက်အစုံဖြင့် ပြေးဝင်ကုတ်ဆွဲလိုက်လေသည်။

ယွဲ့ရန်ဟုန်က လက်ထဲမှ အေးစိမ့်ဓားမြှောင်ဖြင့် သူ့ဆီဝင်လာသော ဖုန်ရင်၏လက်ချောင်းများကို ဓားဖြင့် ဆီး၍ခုတ်ဖြတ်လိုက်လေသည်။

ယွဲ့ရန်ဟုန်၏ဓားမြှောင်ခုတ်ချက်ကြောင့် ဖုန်ရင်၏ ဘယ်ဘက်လက်သူကြွယ်ထိပ်မှ ရှပ်ကာ စပါးလုံးတစ်ထောက်စာမျှ ပြတ်





ထွက်သွားလေသည်။

ယွဲ့ရန်ဟုန်က သဘောကျစွာဖြင့် ရယ်မောကာ အိမ်ကြီးထဲသို့ ပြေးလွှားဝင်ရောက်သွားသည်။

ဖုန်ရင်မှာ ဘယ်ဘက်လက်ချောင်းလက်သူကြွယ်ထဲမှ အေးခနဲ ခံစားလိုက်ရသည်။

ဖုန်ရင်မှာ လွန်ခဲ့သောခြောက်နှစ်က လူစွမ်းကောင်းခုနစ်ဖော်၏ ခြသေ့်နီရဲတိုက်ကြီးတွင် အရိုးစုဂိုဏ်းချုပ်ကြီးအား အလံပြ၍ ငြိမ်းခြောက်အနိုင်ယူခဲ့သူဖြစ်သည်။

ယခု ...

ဒွေးလက်ဝါးဂိုဏ်းချုပ်၏တပည့် ယွဲ့ရန်ဟုန်အား ဖုန်ရင်နှစ်ကြိမ်တိုင်တိုင် အရှုံးပေးခဲ့ရသည့်အတွက် ဖုန်ရင်၏စိတ်ထဲတွင်အတော့်ကို မကျေမချမ်းဖြစ်နေခဲ့သည်။

အခဲမကျေစိတ်ဖြင့် ယွဲ့ရန်ဟုန်ပြေးဝင်သွားသောအိမ်ကြီးထဲသို့ ဖုန်ရင် ပြေးလွှားဝင်ရောက်လိုက်ပါသွားလေသည်။

ဖုန်ရင် အိမ်ကြီးထဲသို့လိုက်ပါသွားရာ မှောင်မည်းနေသောအိမ်ကြီးအထဲတွင် မီးပုံးများမှ မီးအလင်းရောင်များကြောင့် မြင်ကွင်းအားလုံးကို ပြတ်ပြတ်သားသား ပီပီပြင်ပြင် တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ရင်တွေ့လိုက်ရသောမြင်ကွင်းမှာ ...

အဘိုးကြီးခြောက်ယောက်က လက်နက်များ အသီးသီး ဆွဲကိုင်ပြီး ဖန်ဝေးအား ဝိုင်းထားသည်ကို ထိတ်လန့်စိုးရိမ်ဖွယ်ရာ တွေ့မြင်လိုက်ရ၏။

ယဲ့ရန်ဟုန်ကိုမူ အိမ်ကြီးထဲတွင် မတွေ့ရပေ။

ဖုန်ရင်မှာ ယဲ့ရန်ဟုန်ကို အခဲမကျေဆဲပင် ရှိနေသေးသည်။

ဖန်ဝေးအား ဝိုင်းရံထားသော အဘိုးကြီးခြောက်ဦးမှာ သိုင်းလောကမှ ထိတ်ထိတ်ကြဲသိုင်းသမားအဘိုးအိုများ ဖြစ်ကြကြောင်း ဖုန်ရင် သိလိုက်ရ၏။

ထိုသူများမှာ အခြားမဟုတ်။

ခွန်းလွန်ဂိုဏ်းမှ ညီနောင်ခြောက်ဦးပင်ဖြစ်ကြသည်။

ဖုန်ရင်မှာ ဖန်ဝေးအတွက် စိုးရိမ်စိတ်များ လွှမ်းကဲနေသော်လည်း မိမိဆရာ မာစွမ်းစိ၏မှာကြားချက်ကိုမူ မမေ့။

ခွန်းလွန်ဂိုဏ်းသား အဘိုးကြီးခြောက်ဦး ဖန်ဝေးအား ဝိုင်းရံ၍ အန္တရာယ်ပေးကြတော့မည့်အခြေအနေသို့ ရောက်လျှင် မိမိဆရာ၏နာမည်ကို ထုတ်ဖော်ပြောပြကာ ဖန်ဝေးအား ကယ်တင်ရန်ပင် ဖြစ်သည်။

ထို့ကြောင့် ...



ဖုန်ရင်မှာ ရှေ့သို့ခက်လက်လျှောက်လှမ်းလာပြီး အဘိုးကြီးခြောက်ယောက်အား မေးလိုက်၏။

"ဦးရီးတော်တို့ခြောက်ယောက်ဟာ ခွန်းလွန်ဂိုဏ်းသားတွေ ပါလားရှင်"

အဘိုးကြီးခြောက်ယောက်တို့အနက် တစ်ဦးက ဖုန်ရင်အား အေးစက်စက်လေသံဖြင့် ပြန်ပြောလိုက်သည်။

"ဟုတ်တယ် မိန်းကလေး ... နင် တို့ကိစ္စထဲမှာ ဘာဝင်စွက်ချင်သေးလို့လဲ၊ ခုချက်ချင်း အပြင်ကိုပြန်ထွက်သွားပါ"

အဘိုးကြီးခြောက်ဦးအလယ်တွင် ဝိုင်းရံခံထားရသော ဖန်ဝေးက ဖုန်ရင်အားကြည့်ကာ ခပ်တည်တည်အော်ပြောလိုက်ပြန်သည်။

"ဖုန်ရင် ... မင်းကို ငါအတန်တန်မှာခဲ့တယ် ... ငါ့နောက်ကို လိုက်မလာပါနဲ့ဆိုတာ ခု ဘာလို့ လိုက်လာရတာလဲ"

ဖုန်ရင်က ဖန်ဝေးကိုကြည့်ကာ ဘာစကားမှပြန်မပြော။

သို့သော် ...

ခွန်းလွန်ဂိုဏ်းသား အဘိုးကြီးခြောက်ဦးဘက်လှည့်ကာ ပြောလိုက်သည်။

"ဦးရီးတော်များရှင် ... ကျွန်မက တောလေဂိုဏ်းချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မာစွမ်းစိရဲ့ တပည့်မလေးဖြစ်ပါတယ်”

အဘိုးကြီးခြောက်ယောက်တို့မှာ အနည်းငယ် အံ့အားသင့်သွားကာ ...

“ဩော် ... တေလေဂိုဏ်းချုပ်ကြီး မာစွမ်းစိရဲ့ တပည့်မလေးလား ... တွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ ခုလောလောဆယ်တော့ တို့မှာ ရှင်းစရာကိစ္စလေးရှိနေတဲ့အတွက် မိန်းကလေးကို စကားမပြောနိုင်သေးဘူး ...

အကောင်းဆုံးက မိန်းကလေး ဒီအိမ်ကြီးက အမြန်ဆုံး ထွက်သွားပြီး အပြင်ကစောင့်နေပါ၊ တို့ ပြဿနာရှင်းပြီးမှ မိန်းကလေးကို စကားဆက်ပြောကြတာပေါ့”

ဖုန်ရင်သည် အဘိုးကြီးပြောသော ပြဿနာဆိုသည်မှာ ဖန်ဝေးအားရှင်းပစ်မည့်ကိစ္စပင်ဖြစ်သည်ဟု သိရှိလိုက်၏။

မည်သည့်ကိစ္စ၊ မည်သည့်အကြောင်းဆိုးများကြောင့် ဖန်ဝေးအား ရှင်းပစ်ကြမည်ကို ဖုန်ရင်စဉ်းစားမိသည်။

ပထမ ...

မိမိဆရာ မိမိအားပြောပြခဲ့သည်များကို မယုံခဲ့။

ယခု ...

မျက်မြင်တွေ့ရတော့မှပင် ဆရာမာစွမ်းစိ၏စကားများကို





ဖုန်ရင် ယုံကြည်လာမိသည်။

ဖုန်ရင်မှာ အခန်းထဲမှ ထွက်မသွား။ ရှေ့သို့ပင် ဆက်လက်တိုးမြဲတိုးလာခဲ့သည်။

ရှေ့ဆက်လက်တိုးရင်း ဖုန်ရင် အဘိုးကြီးခြောက်ဦးအား လှမ်း၍ဖျောင်းဖျနေပြန်သည်။

“ခွန်းလွန်ဂိုဏ်းက ဦးရီးတော်များရှင် ... ကျွန်မကို စကားနည်းနည်းလောက်ပြောခွင့်ပြုပါ၊ တခြားတော့မဟုတ်ပါဘူး ... ကျွန်မဆရာ မာစွမ်းစိက ခုလိုအခြေအနေမျိုးရောက်ရင် ဦးရီးတော်တို့ရဲ့ဆန္ဒအတိုင်း ဆုံးဖြတ်ပြီး ဖန်ဝေးကို မသတ်ကြပါနဲ့လို့ မှာခိုင်းလိုက်ပါတယ် ...၊

သိုင်းလောကထဲက လူစွမ်းကောင်းကြီးတွေနဲ့ တွေ့ဆုံဆွေးနွေးတိုင်ပင်ပြီးမှ ဆုံးဖြတ်ကြပါလို့ ကျွန်မဆရာက မှာကြားလိုက်ပါတယ်ရှင်”

ဖုန်ရင်၏စကားကြောင့် အဘိုးကြီးခြောက်ဦး မျက်နှာဖျက်သွားကြ၏။

ထိုအခိုက် ...

မျက်မမြင်အဘိုးကြီး တီလင်ကျိုက ပြတ်သားသောလေသံဖြင့် လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး ... နင့်ဆရာမာစွမ်းစိက ဒီလိုပဲပြောခဲ့သလား၊ နင်ပြောတဲ့ စကားတွေဟာလည်း မှန်သားပဲ"

ဖုန်ရင်၏မျက်နှာမှာ တည်ကြည်လေးနက်သော အသွင်သို့ ကူးပြောင်းသွားကာ ...

"ကျွန်မ ဦးရီးတော်တို့ကို မလိမ်ညာရဲပါဘူးရှင်၊ ကျွန်မ ဆရာမှာတဲ့အတိုင်း ပြောပြနေတာပါ"

ဖုန်ရင် စကားဆုံးသောအခါ အရပ်ပုပုအဘိုးကြီးက ...

"မင်း တေလေဂိုဏ်းချုပ်ကြီးမာစွမ်းစိရဲ့ တပည့်ဖြစ်တယ်ဆိုတာ ငါတို့ ဘယ်လိုယုံကြည်ရမှာလဲ"

ထိုစကားကြောင့် ဖုန်ရင် အခံရခက်သွားကာ စိတ်မကောင်းဖြစ်သွား၏။

ယွဲ့ရန်ဟုန်၏ အေးစိမ့်စားမြှောင်ချက်ဖြင့် ဘယ်ဘက်လက်သူကြွယ်ပြတ်ခဲ့ရပြီး နာကျင်မှုဝေဒနာကိုပင် ခေတ္တမေ့ပျောက်သွားခဲ့ရ၏။

ဝမ်းနည်းစိတ်မကောင်းသောအမူအရာဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်မ ဘယ်တုန်းကမှ မလိမ်ညာခဲ့ပါဘူးရှင်၊ ကျွန်မ ပြောတဲ့စကားတွေဟာ အားလုံး အမှန်တွေချည်းဖြစ်ပါတယ်"



ပိန်ပိန်အဘိုးကြီးတစ်ယောက်က ဖုန်ရင်အား အကဲခတ်ကြည့်ရှုသလို စူးစူးစိုက်စိုက်တစ်ချက်ကြည့်လိုက်ပြီး ...

"မင်း ဘာပြောပြော တို့လွယ်လွယ်နဲ့ယုံလို့တော့ မဖြစ်ဘူး၊ ဒီတော့ တေလေဂိုဏ်းချုပ်ကြီး မာစွမ်းစိရဲ့ တပည့်ဖြစ်ကြောင်း မင်း သက်သေအထောက်အထား ဘာပြနိုင်မလဲ ... ပြနိုင်ရင် ခု ချက်ချင်း ထုတ်ပြပါ"

ထိုအခါမှ ...

မိမိဆရာ မာစွမ်းစိ၏ ဉာဏ်ပညာအမြော်အမြင်ကြီးမားပုံကို ဖုန်ရင်ကျိတ်၍ချီးကျူးမိ၏။

ဆရာဖြစ်သူ မာစွမ်းစိက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဤကဲ့သို့သော ပြဿနာများဖြစ်လာခဲ့ပါက သက်သေပစ္စည်းအဖြစ် မိမိအား ပေးထားခဲ့သည်။

ဖုန်ရင်မှာ ဘာမှမပြောတော့ဘဲ အိတ်တွင်းသို့ သက်သေပစ္စည်းထုတ်ပြနိုင်ရန်အတွက် လက်ဖြင့်နှိုက်ယူလိုက်သည်။

အတန်ကြာသည်အထိ အိတ်တွင်းမှ ညှိနှိုက်နေသော လက်က ပြန်မထွက်လာ။

ဆရာသမားပေးထားသော သက်သေခံပစ္စည်းမှာ အိတ်ထဲတွင် မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖုန်ရင် မျက်နှာပျက်သွားကာ သက်သေခံပစ္စည်းကျပျောက်သွားပြီလားဟု စိုးရိမ်ထိတ်လန့်လာမိသည်။

ဆရာသမားဖြစ်သူ မာစွမ်းစီသည် သိုင်းလောကထဲ၌ ပြဿနာတစ်စုံတစ်ခုဖြစ်လျှင် မိမိအား ထိုပစ္စည်းပေး၍ ဖြေရှင်းခိုင်းတတ်သည်။

ယင်းပစ္စည်းဖြင့် ...

သိုင်းလောက အမှောင်နယ်ထဲမှ တစ်မိုးအောက် တစ်ယောက်ဘွဲ့ရသမားတွေပင် ပြောဆို၍ရခဲ့သည်။

ထိုစဉ် ...

အဘိုးကြီးတစ်ယောက်က စိတ်မရှည်သောအမူအရာဖြင့် ဖုန်ရင်အား လှမ်းမေးလိုက်သည်။

"မိန်းကလေး ... နင် ခုထိ ရှာလို့မတွေ့သေးဘူးလား"

"ကျွန်မ ရှာနေပါတယ် ... ပစ္စည်းမတွေ့သေးဘူး။ ဘယ်အချိန်ကများ ကျပျောက်သွားသလဲ မသိဘူး"

ခွန်းလွန်ဂိုဏ်းသား အဘိုးကြီးခြောက်ဦးအနက် လုံရင်ကျိုဆိုသူက သံသယစိတ်ဝင်ကာ ကျန်အဘိုးကြီးငါးဦးအား ပြောလိုက်သည်။



"ညီတော်၊ နောင်တော်တို့ ... ဒီမိန်းကလေးဟာ ကျုပ်တို့ ရုပ်ဆိုးမကိုဆုံးမဖို့ လိုက်ရှာဖွေနေတုန်းက မာစွမ်းစီရဲ့တပည့်အတုအယောင်ဆောင်ပြီး ကျုပ်တို့ကိုလိုက်နှောင့်ယှက်ခဲ့တယ်၊ ခုလည်း တစ်ခါထပ်ပြီး နှောင့်ယှက်ပြန်ပြီ ...

ဒီတော့ ဒီမိန်းကလေးကို ကျုပ်တို့ အလွတ်ပေးလို့မဖြစ်တော့ဘူး၊ သူ့ကို ထိုက်ထိုက်တန်တန်ဆုံးမပြီးမှ ပြန်လွှတ်လိုက်ကြတာပေါ့"

လုံရင်ကျိုနှင့် တီလင်ကျိုအဘိုးကြီးနှစ်ယောက်မှာ ညီအစ်ကိုခြောက်ယောက်အနက် စိတ်ဆိုးလွယ်၊ ဒေါသထွက်လွယ်သူများဖြစ်ကြသည်။

ထိုစိတ်က မွေးရာပါဗီဇဖြစ်သဖြင့် ပြန်လည်ပြုပြင်၍ မရနိုင်တော့။

ဖုန်ရင်မှာ မိမိအား မာစွမ်းစီ၏တပည့်အတုဟု ပြောဆိုစွပ်စွဲလာကြသဖြင့် သည်းမခံနိုင်ဘဲ ပြန်ပြောလိုက်သည်။

"ကျွန်မ မာစွမ်းစီရဲ့တပည့်တုဆိုရင် ရှင်တို့လည်း ခွန်းလွန်ဂိုဏ်းသားအတုတွေပဲ ဖြစ်ရမယ်"

ဖုန်ရင် စကားဆုံးသည်နှင့် ...

လုံရင်ကျိုနှင့် တီလင်ကျိုတို့နှစ်ယောက်က ဖုန်ရင်အား ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ညာညှပ်၍ တိုက်ခိုက်ကြတော့သည်။

ထိုအချိန်တွင် ...

ဖုန်ရင်နှင့်ဖန်ဝေးမှာ ရင်ပေါင်တန်းအနေအထားသို့ ရောက်ရှိသွားလေသည်။

ဤသို့ဖြစ်ရသည်မှာ ...

ဖုန်ရင်သည် အဘိုးကြီးနှစ်ယောက်၏ တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ရသောကြောင့် ဖြစ်သည်။

ဖန်ဝေးနှင့်ဖုန်ရင်တို့နှစ်ယောက်မှာ ...

ခွန်းလွန်ဂိုဏ်းသား အဘိုးကြီးခြောက်ဦးတို့၏ ဝိုင်းရံထားခြင်းကို ခံနေရသည်။

ဝိုင်းရံထားမှုမှ လွတ်မြောက်ရန် မလွယ်ကူကြောင်း ဖုန်ရင်တွေးမိလိုက်သည်။

အခြေအနေဆိုးများကြားတွင် ...

ဖုန်ရင်နှင့်ဖန်ဝေးတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အကြည့်ချင်း ဆုံလိုက်ကြ၏။

ယင်းသို့ အကြည့်ချင်းဆုံရာတွင် ...

တစ်ဦးစိတ်ထဲမှ ခံစားချက်က တစ်ဦးမျက်နှာတွင် အထင်းသားပေါ်လွင်လာသည်။



နှစ်ယောက်သား ...

မျက်လုံးများဖြင့် စကားပြောနေသည့်အလား တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လျက်ရှိနေကြသည်။

ဖန်ဝေးက စိတ်တွင်းမှ ဖုန်ရင်အား ပြောဆိုနေသည်။

"နင် ဘယ်လိုလုပ် ဒီကိုရောက်လာရတာလဲ၊ ခုတော့ နင် အခက်တွေ့ပြီနေပြီ မဟုတ်လား၊ နင် ... ငါ့စကားကိုမှ နားမထောင်တာကိုး"

ဖန်ဝေး စိတ်တွင်းမှရေရွတ်နေသလို ...

ဖုန်ရင်ကလည်း စိတ်တွင်းမှ ဖန်ဝေးနည်းတူ ပြောဆိုရေရွတ်နေမိလေသည်။

"ဖန်ဝေး ... ရှင် ခုတော့ ကျွန်မစကားကို နားမထောင်လို့ ဒုက္ခတွေ့နေရပြီမဟုတ်လား"

ဖန်ဝေးနှင့် ဖုန်ရင်တို့နှစ်ယောက် အကြည့်ချင်းဆိုင်၍ မျက်လုံးချင်းစကားပြောနေကြစဉ် ...

အဘိုးကြီးတစ်ယောက်က စိတ်တိုလာဟန်ဖြင့် လှမ်းပြောလိုက်၏။

"မိန်းကလေးဟာ မာစွမ်းစိရဲ့တပည့် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် မင်း အပြင်ကို ထွက်ခွာသွားစမ်း၊ ဒီမှာ တို့အဖွဲ့ကို အ

www.burmeseclassic.com

www.burmeseclassic.com



နေခွင့်အယူက်လာမပေးပါနဲ့ တို့အတွက် ဒီဖန်ဝေးဆိုတဲ့ လူငယ်လေးဟာ အင်မတန်အရေးကြီးတဲ့ ချာတိတ်လေးဖြစ်နေတယ်”

ဖုန်ရင်က ခေါင်းမာစွာ ပြန်ပြောလိုက်သည်။

“ကျွန်မ မသွားနိုင်ဘူး ... သိုင်းလောကက ထိပ်သီးသိုင်းသမားကြီးခြောက်ယောက်က နောက်ပေါက်လူငယ်တစ်ဦးကို ခုလိုအနိုင်ကျင့်နေကြတာ ကျွန်မ ဒီအတိုင်းကြည့်မနေနိုင်ဘူး”

“ဟား ဟား ဟား”

“ဟား ဟား ဟား”

ဖုန်ရင်စကားကို လုံရင်ကျိုနှင့် တီလင်ကျိုတို့က မွဲကျသွားသည့်အလား ဝိုင်းရယ်လိုက်ကြ၏။

ထို့နောက် အဘိုးကြီးတန်ဖုန်ကျိုက ကြားဖြတ်ပြောလိုက်ပြန်သည်။

“ငါတို့က ဒီကောင်လေးကို ဘာလို့အနိုင်ကျင့်ရမှာလဲ၊ ငါတို့အဘိုးကြီးခြောက်ယောက် ဒီကောင်လေးနဲ့ပတ်သက်တဲ့ ပြဿနာအရပ်ရပ်ရဲ့ အတိမ်အနက်ကို မိန်းကလေးမသိပါဘူး။ အကောင်းဆုံးက ဒီပြဿနာထဲ ဝင်မစွက်ရင်အကောင်းဆုံးပဲ”

ဖုန်ရင်က ဖန်ဝေးတစ်ယောက်တည်းကို ဤနေရာတွင် ထား၍ ထွက်ခွာမသွားနိုင်။



ထွက်ခွာသွား၍မရ။

ထို့ကြောင့် ...

ရဲရင့်ပြတ်သားစွာပင် ပြန်ပြောလိုက်၏။

“ကျွန်မ ဒီနေရာက ထွက်ခွာမသွားနိုင်ဘူး”

စကားဆုံးသည်နှင့်

ဖုန်ရင်က ဖန်ဝေးကိုကြည့်ကာ မျက်စိတစ်ဖက်မှိတ်ပြလိုက်၏။

တစ်ဆက်တည်း ...

ဖန်ဝေး၏ညာလက်ကို မိမိ၏နူးညံ့သော ဘယ်လက်ဖြင့် အသာဆုပ်ကိုင်လိုက်ရင်း အားပေးလိုက်သည်။

အမှန်တွင်မူ ...

ဖုန်ရင်က ဖန်ဝေးနှင့်အတူ ဤခွန်းလွန်ဂိုဏ်းသား အဘိုးကြီးခြောက်ဦးအား ရင်ဆိုင်တိုက်ခိုက်ရန် အားပေးနှစ်သိမ့်လိုက်ခြင်းပင် ဖြစ်သည်။

မိန်းမပျိုလေးဖုန်ရင်၏နူးညံ့အိထွေးသော ဘယ်လက်၏ အထိအတွေ့ကြောင့် လူပျိုရိုင်းလေး ဖန်ဝေး စိတ်များ လှုပ်ရှားသွားသည်။

ထို့အတူ ...

www.burmeseclassic.com

www.burmeseclassic.com



လှပျိုရိုင်းလေးဖန်ဝေးမှာလည်း ဖုန်ရင်ကဲ့သို့ ခံစားလိုက်ရ၏။

ဖန်ဝေးက ခွန်းလွန်ကိုဏ်းသား အဘိုးကြီး ခြောက်ဦးအား ကြည့်၍ ဣန္ဒြေမပျက်ပြန်ပြောလိုက်သည်။

"ကျွန်တော် ကြားဖူးသလောက်ဆိုရင်တော့ ဦးရိုးတော် တို့ ခြောက်ဦးဟာ သိုင်းလောကမှာ ထိတ်ထိတ်ကြဲပုဂ္ဂိုလ်ကြီးတွေပါ။ မတရားမှုကို ဘယ်တော့မှမလုပ်ခဲ့ကြတဲ့ အဖြူရောင်သိုင်းသမားကြီးတွေပါ။ ခု ကျွန်တော့်ကို ဘာဖြစ်လို့သက်သက်ဒုက္ခပေးနေတယ် ဆိုတာကို စဉ်းစားလို့မရဘူး…

ဒီက မိန်းကလေးပြောသလို သိုင်းလောကအဖြူရောင် လူစွမ်းကောင်းသိုင်းသမားကြီးတွေရဲ့ အဆုံးအဖြတ်ကိုခံယူရင် ကောင်းမယ်ထင်ပါတယ်၊ ကျွန်တော့်ကိုလည်း ခြောက်လအချိန်ပေးပါ။ ခြောက်လအတွင်း ဦးရိုးတော်တို့ချိန်းတဲ့နေရာကို ကျွန်တော်အရောက်လာခဲ့ပါ့မယ်၊ ခု လောလောဆယ် ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုဆောင်ရွက်စရာရှိနေပါတယ်"

ဖန်ဝေး၏ စကားကို ဖုန်ရင်က ဝင်ရောက်ထောက်ခံလိုက်သည်။

"ဟုတ်တယ် … ဖန်ဝေးပြောတဲ့အကြံကောင်းပါတယ်၊ ဖန်



ဝေးဟာ သူ ကတိပေးထားတဲ့အတိုင်း ခြောက်လအတွင်းမှာ ဦးရိုးတော်တို့ချိန်းတဲ့ ဘယ်နေရာမဆို လာမယ့်သူဖြစ်ပါတယ်၊ ဒီအတွက် သူ့ကိုယ်စား ကျွန်မ ရဲရဲကြီးတာဝန်ယူပါတယ်"

အဘိုးကြီးတန်ဖုန်ကျိုက မျက်နှာကြီးနီရဲလာကာ ဖုန်ရင်ကိုကြည့်ပြီး ပြောလိုက်၏။

"မိန်းကလေး … မင်း ထွက်မသွားရင် ငါတို့အတင်းမောင်းထုတ်ရလိမ့်မယ်"

ဖန်ဝေး၏စကားမှာ အရာမထင်သည့်အပြင် …

ယခု …

မိန်းမပျိုလေး ဖုန်ရင်ကိုပင် အဘိုးကြီးတန်ဖုန်ကျိုက မောင်းထုတ်နေပေပြီ။

တန်ဖုန်ကျိုမှာ စကားဆုံးသည်နှင့် ဖုန်ရင်နားသို့ လျှောက်လှမ်းတိုးကပ်လာနေသည်။

ခြေမြန်လက်မြန်ရှိလှသော အဘိုးကြီး တန်ဖုန်ကျိုမှာ ဖန်ဝေး၏ညာလက်ကိုဆွဲကိုင်ထားသော ဖုန်ရင်၏ဘယ်လက်အား ပြုတ်ထွက်သွားအောင် လှမ်းရိုက်လိုက်သည်။

ဖုန်ရင်က အဘိုးကြီးတန်ဖုန်ကျို၏ရိုက်ချက်ကို ခံဆောင်ခြင်း မပြုဝံ့သဖြင့် ဖန်ဝေးအား ဆွဲကိုင်ထားသော မိမိ၏ဘယ်လက်ကို

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်ရ၏။

ဖုန်ရင် လွှတ်ပေးလိုက်သည်နှင့် အဘိုးကြီးတန်ဖုန်ကျိ၏ လက်ဝါးရိုက်ချက်မှ လွတ်ထွက်သွားသည်။

အဘိုးကြီးတန်ဖုန်ကျိ ဖုန်ရင် ရှောင်တိမ်းပေးလိုက်သော အကွက်ကိုကြည့်ကာ စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

"အင်း ... ဒီမိန်းကလေး ရှောင်တိမ်းလိုက်တဲ့အကွက်က တေလေဂိုဏ်းချုပ်ကြီးမာစွမ်းစိရဲ့ ရှောင်တိမ်းပုံ ရှောင်တိမ်းနည်းနဲ့ တစ်ထေရာတည်းပါလား။ မိန်းကလေးဟာ မာစွမ်းစိရဲ့တပည့်အမှန် ဖြစ်ရမယ်၊ ဒါဆိုရင် သူ့ဆရာနောက်ကွယ်မှာ မမှန်ကန်တဲ့စကား တော့ ပြောမယ်မထင်ဘူး၊ ခက်တာက သူ့ဆီက သက်သေနဲ့ပစ္စည်း ထုတ်မပြနိုင်တာပဲ"

ယင်းသို့ ...

အဘိုးကြီးတန်ဖုန်ကျိ ဖုန်ရင်အကြောင်း တွေးတောနေသည်ကို ဖုန်ရင်က ရိပ်မိလိုက်ဟန်တူသည်။

ထို့ကြောင့် ...

ဖုန်ရင်က အဘိုးကြီးတန်ဖုန်ကျိအား အေးဆေးသောလေသံဖြင့် ပြောလိုက်သည်။

"ဦးရီးတော်တန်ဖုန်ကျိ ... ကျွန်မဟာ ဆရာကြီးမာစွမ်းစိ



ရဲ့ တပည့်မလေးဖုန်ရင်အစစ် ဖြစ်ပါတယ်၊ ကျွန်မ လိမ်ပြောတာ မဟုတ်ပါဘူး ... တကယ်လို့ ကျွန်မလိမ်ပြောခဲ့ရင် နောင်တစ်ချိန်ချိန် မှာ ဦးရီးတော်တို့ ပြန်တွေ့ကြရမှာဖြစ်တဲ့အတွက် လိမ်တာပေါ်သွား မှာပဲ"

တန်ဖုန်ကျိက အေးစက်စက်လေသံဖြင့် ပြန်ပြောလိုက် သည်။

"မိန်းကလေး ... ခုကိစ္စက တို့ညီနောင်ခြောက်ယောက်ရဲ့ အတွင်းကိုယ်ရေးကိုယ်တာကိစ္စဖြစ်တယ်၊ နောက်တစ်ချက် ဒီနေရာ မှာ မင်းဆရာမာစွမ်းစိကိုယ်တိုင်ရှိနေပြီး မင်းပြောသလို ပြောခဲ့ရင် လည်း တို့ ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်ဘူး၊ ဒီတော့ မင်း ဒီ ကိစ္စမှာ ဝင်မစွက်ရင် အကောင်းဆုံးပဲ"

တန်ဖုန်ကျိ စကားဆုံးသောအခါ ဖုန်ရင်မှာ မကျေမနပ်ဖြစ် ကာ ခြေတစ်ချက်ဆောင့်လိုက်သည်။

တစ်ဆက်တည်း ...

ဖန်ဝေးဘက်သို့လှည့်၍ ပြောလိုက်၏။

"ရှင်ကလည်း ယူနန်ခရိုင်ကိုသွားမယ်ဆိုပြီး ဒီမှာ ဘာဖြစ် လို့ အကြာကြီးနေရတာလဲ၊ ဒီခွန်းလွန်ဂိုဏ်းက ဦးရီးတော်ခြောက် ဦးနဲ့ ဘယ်လိုလုပ်တွေ့လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးက ဖုန်ရင်အမေးကို မဖြေဘဲ သက်ပြင်းရှည်ကြီး လေးလေးတွဲတွဲချကာ ပြန်ပြောလိုက်သည်။

"မိန်းကလေးဖုန်ရင် ... မင်း ဒီနေရာက ထွက်သွားရင် မင်းအတွက် ဘေးအန္တရာယ်အကင်းဆုံး ဖြစ်လိမ့်မယ်၊ တကယ်တော့ သူတို့ခြောက်ဦးဟာ ငါ့ကိုမသတ်ရဲကြပါဘူး၊ တကယ်လို့ သတ်ခဲ့ရင် အဖြူရောင် သိုင်းလောကမှာရှိတဲ့ လူစွမ်းကောင်းသိုင်းသမားတွေ သိကြမှာပဲ ...

အဲဒီအခါမှာ သူတို့ခြောက်ဦးရဲ့မျက်နှာ ဘယ်မှာပြလို့ရမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့သားမြေးအရွယ်လောက်ရှိပြီး သူတို့ရဲ့ပြိုင်ဘက်မဟုတ်တဲ့ ငါ့လိုချာတိတ်ကို သူတို့လို ဝါရင့်ထိပ်သီးသိုင်းသမားကြီးခြောက်ယောက်က ဝိုင်းဝန်းတိုက်ခိုက်သတ်ဖြတ်ခဲ့တယ်ဆိုတဲ့ သတင်းဆိုး အမည်းစက်ကြီးကို သူတို့အထင်ခံမှာမဟုတ်ဘူး"

အမှန်တွင်မူ ...

ဖန်ဝေးက ခွန်းလွန်သိုင်းသမားကြီး ခြောက်ဦးအား တမင်မခံချင်အောင် ပြောဆိုလိုက်ခြင်းပင်။

မိန်းကလေး ဖုန်ရင်၏ဆရာ တေလေဂိုဏ်းချုပ်ကြီး မာစွမ်းစီနှင့် ခွန်းလွန်ဂိုဏ်းသား အဘိုးကြီးခြောက်ဦးမှာ မိတ်ဆွေရင်းချာများ



ဖြစ်ကြသည်ကို ဖန်ဝေးသိသည်။

သိသည့်အတွက်လည်း ...

ဤအဘိုးကြီးခြောက်ဦးမှာ ဖုန်ရင်အား မည်သည့်နည်းနှင့်မျှ ရန်ရှာဒုက္ခပေးမည်မဟုတ်မှန်း သိ၏။

ထို့ပြင် ...

မာစွမ်းစီက မိမိအတွက် မှာကြားထားသောစကားကို ခွန်းလွန်ဂိုဏ်းသား အဘိုးကြီးခြောက်ဦး လိုက်နာလိမ့်မည်ဟု ဖန်ဝေးတွက်ဆထား၏။

သို့သော် ...

ခွန်းလွန်ဂိုဏ်းသားအဘိုးကြီးခြောက်ဦးက ဖုန်ရင်နှင့်ဖန်ဝေးတို့ခြောက်ယောက်အား ဝိုင်းဝန်းတိုက်ခိုက်နေကြသည်။

ဝိုင်းဝန်းတိုက်ခိုက်သည်ဆိုရာ၌ သူသေကိုယ်သေပုံစံမျိုးမဟုတ်ဘဲ လက်ရဖမ်းချင်သည့်အနေအထားမျိုးဖြင့် တိုက်ခိုက်နေကြခြင်းသာ။

ဖန်ဝေးက ပြန်လည်တိုက်ခိုက်ခြင်းမရှိဘဲ ရှောင်ထွက်တိမ်းကွက်များကို အသုံးချ၍ ရှောင်တိမ်းနေခဲ့သည်။

ဖုန်ရင်မှာမူ ခုခံတိုက်ခိုက်ရင်း အဘိုးကြီးခြောက်ဦးအား အိမ်ကြီးအပြင်ဘက်သို့ မှုားခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ...

အခွင့်အရေးရလျှင် ဖန်ဝေးအားခေါ်ယူ၍ ညှိနေရာမှ ထွက်ပြေးသွားကြရန် ဖုန်ရင်စိတ်ကူးထားသည်။

ထို့ကြောင့် ...

ဖုန်ရင်က ဖယောင်းတိုင်ထွန်းညှိသည့် ကြေးတိုင်ကြီးကို လှမ်းယူလိုက်သည်။

ဖယောင်းတိုင်ထွန်းသည့် ကြေးတိုင်ကြီးများမှာ ဝိသာချိန်အတော်စီးနေသဖြင့် ထိုကြေးတိုင်ကြီးဖြင့် အဘိုးကြီးခြောက်ဦးအား အတင်းတရကြမ်း ဖုန်ရင် လိုက်လံတိုက်ခိုက်နေသည်။

ရုတ်တရက် ...

လုံရင်ကျိုက နှစ်ဖက်သွားဓားရှည်ကို ရင်ဝယ် ခွဲယူတင်ထားသည်။

ကြည့်ရသည်မှာ ...

လုံရင်ကျိုက ဖန်ဝေးအား အသေသတ်တော့မည့်ပုံစံ ဖြစ်နေသည်။

ထိုစဉ် ...

ဖုန်ရင်က ဖန်ဝေးအား ကမန်းကတန်း လှမ်း၍အော်ပြောလိုက်သည်။





"အစ်ကို ... မြန်မြန်ဝပ်ချလိုက်"

ဖန်ဝေးက ဖုန်ရင် မိမိအား အဘယ်ကြောင့် ဝပ်ချခိုင်းသည်ကို မသိ။

သို့သော် ...

ဖုန်ရင်အော်ဟစ်သတိပေးသည့်အတိုင်း ဖန်ဝေး ဝပ်ချလိုက်၏။

ဖုန်ရင် အော်ဟစ်ပြောဆိုသတိပေးလိုက်သည့် တခဏအချိန်လေးမှာပင် ...

အဘိုးကြီးလုံရင်ကျိုက သူ၏နှစ်ဖက်သွားဓားရှည်ကြီးဖြင့် ဖန်ဝေး၏ကိုယ်ပေါ်သို့ မိုးခုတ်ချရန် ပြင်လိုက်သည်။

"ကဲကွာ"

ဖုန်ရင်မှာ ဘာကိုမှစဉ်းစားမနေတော့ဘဲ ဆယ်ပေမျှကွာ လှမ်းနေသော ဖန်ဝေးရှိရာသို့ တစ်ဆက်တည်း ခုန်လွှားရောက်ရှိလာကာ ဖန်ဝေး၏ဝပ်နေသော ကိုယ်ပေါ်သို့မိုး၍ သူမ၏ကိုယ်ဖြင့် အုပ်ထားလိုက်သည်။

နှုတ်မှလည်း အော်ဟစ်ပြောဆိုလိုက်သည်။

"ဦးရီးတော်တို့ ... ဖန်ဝေးကိုမသတ်ကြပါနဲ့၊ တကယ်လို့ သတ်မှဖြစ်မယ်ဆိုရင် ကျွန်မကိုသာ အရင်သတ်လိုက်ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ရင်က ဖန်ဝေး၏တစ်ကိုယ်လုံး လုံခြုံစေရန် သူမ၏ ခန္ဓာကိုယ်ဖြင့် ကွယ်ဝှက်ထားလိုက်သည်။

ဝပ်နေသော ဖန်ဝေးက ဖုန်ရင်အား တီးတိုးလှမ်းပြောလိုက်၏။

"မိန်းကလေးဖုန်ရင် ... မင်း ငါ့အတွက် ဒီလောက်ကြီး စိုးရိမ်မနေပါနဲ့။ သူတို့ခြောက်ဦး ငါ့ကိုမသတ်သေးပါဘူး၊ သူတို့မေးတဲ့ စကားတွေကိုလည်း မဆုံးသေးပါဘူးလေ"

ဖုန်ရင်က ဖန်ဝေးကိုယ်ပေါ်အုပ်မိုးထားရာမှ ပြန်ပြောလိုက်၏။

"မဟုတ်ဘူး အစ်ကိုဖန်ဝေး ... ရှင့်ကို သူတို့ တကယ်သတ်ကြလိမ့်မယ်"

"မဟုတ်ဘူး ... ခုနက သူတို့ ဒီအိမ်ကြီးထဲမှာ မြေအောက်ခန်းရှိသလားလို့ ငါ့ကိုမေးတယ်၊ ငါက ဒီမှာမနေတော့ ဘယ်သိမှာလဲ ... ဒီတော့ မသိဘူးလို့ ပြန်ပြောလိုက်တာပေါ့၊ ဒီတော့ သူတို့ခြောက်ဦးက ငါ့ကို အဲဒီမြေအောက်ခန်းထဲမှာ ချုပ်ထားကြလိမ့်မယ် နဲ့တူတယ်"

ထိုစဉ် လုံရင်ကျိ၏ တည်ငြိမ်သောအသံ ထွက်ပေါ်လာလေသည်။



"မိန်းကလေးဖုန်ရင် ... မင်းရဲ့သတ္တိကိုတော့ ငါတို့ချီးကျူးပါတယ်၊ ဒီချာတိတ်ဟာ ဒုစရိုက်မြေဖြစ်တဲ့ လေပွေကျွန်းက ဂိုဏ်းသားတစ်ယောက်ဆိုတာ မင်းသိသလား။ သူ့အသက်ကို ချမ်းသာပေးလိုက်ရင် တစ်ချိန် သိုင်းလောကမှာ မလိုလားအပ်တဲ့ပြဿနာတွေ ပေါ်ပေါက်လာနိုင်တယ်"

ဖုန်ရင်က ဖန်ဝေးအား အုပ်မိုးထားရာက ဖယ်မပေးဘဲ လှမ်းပြောလိုက်သည်။

"ဦးရီးတော်တို့က တစ်ဖက်သတ်ကြီးပြောနေကြတာကိုး၊ ကျွန်မဆရာမာစွမ်းစိရဲ့ စကားကိုနားထောင်ပြီး ရုတ်တရက်ချိန်းလိုက်ကြပါ၊ နောက် သိုင်းလောက လူစွမ်းကောင်းတွေနဲ့ တွေ့ဆုံတိုင်ပင်ပြီး ဆွေးနွေးကြရင် ပိုမကောင်းဘူးလား"

ဖုန်ရင်၏စကားကို အဘိုးကြီးတန်ဖုန်ကျိက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း ...

"မိန်းကလေး ... မင်းဆရာ မာစွမ်းစိက တို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို မသိပါဘူး၊ ဒီကိစ္စအတွက် သိုင်းလောကလူစွမ်းကောင်းတွေနဲ့ တွေ့ဆုံပြီး တိုင်ပင်စရာလိုမယ်မထင်ဘူး"

"ဒါဖြင့် ကောင်းပြီ ... ဖန်ဝေးက လေပွေကျွန်းက ဂိုဏ်းသားတစ်ယောက်ဖြစ်တယ်ဆိုရင် ဦးရီးတော်တို့နဲ့ ဘာများပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



နေလို့လဲ"

ဖုန်ရင်၏စကားကြောင့် ...

တန်ဖုန်ကျိ ရုတ်တရက် တွေဝေငေးသွားကာ အတန်ကြာမှ ပြောလိုက်၏။

"အေး ... ကောင်းပြီ ... ငါတို့ ညီအစ်ကိုတစ်တွေ ဒီမှာ ဆွေးနွေးကြဦးမယ်"

စကားဆုံးသည်နှင့် ...

ခွန်းလွန်ဂိုဏ်းသားခြောက်ဦး အိမ်ကြီး၏ထောင့်တစ်နေရာတွင် စုဝေးကာ တီးတိုးတိုင်ပင်ဆွေးနွေးကြသည်။

ထိုအခါမှ ...

ဖုန်ရင်က ဖန်ဝေးကို မှီးထားရာမှ ဖယ်ပေးလိုက်ပြီး မတ်တတ်ထရပ်လိုက်၏။

ဖန်ဝေးကလည်း ဝပ်နေရာမှ ဖုန်ရင်နှင့်ယှဉ်ကာ မတ်တတ်ရပ်လိုက်သည်။

ဖုန်ရင်က ဖန်ဝေးနှင့်ယှဉ်၍ မတ်တတ်ရပ်နေရာမှ တီးတိုးလေသံဖြင့် မေးသည်။

"အစ်ကိုဖန်ဝေး ... သူတို့နဲ့ ဘယ်လိုလုပ်တွေ့ပြီး ဒီအိမ်ကြီးကို ရောက်နေတာလဲ"



ဖန်ဝေးက ဖုန်ရင်နှင့်လမ်းခွဲခဲ့ကြပြီး နောက်ပိုင်းဖြစ်ခဲ့သည့် အကြောင်းများကို ဖုန်ရင်အား ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ဟိုထင်ဖုကန်တော်တစ်နေရာရှိ တောင်တစ်လုံးရှိ ကျောက်ဂူလေးတွင်ဖြစ်သည်။

ယွဲ့ရန်ဟုန် အရိုးစုဂိုဏ်းချုပ်နှင့် တိုက်ခိုက်ခဲ့စဉ်က အတွင်းဒဏ်ရာရခဲ့သည်။

ထို့ကြောင့် ...

ကျောက်ဂူလေးထဲတွင် ယွဲ့ရန်ဟုန်၏အတွင်းဒဏ်အား သူမ၏အတွင်းအားဖြင့် ကုသနေခဲ့သည်။

ဖန်ဝေးမှာ ...

ယွဲ့ရန်ဟုန် အတွင်းဒဏ်ရာကုနေစဉ် ကျောက်ဂူအပြင်ဘက်မှ စောင့်ကြပ်ပေးလျက်ရှိ၏။

ထိုစဉ် ...

ယွဲ့ရန်ဟုန်အား ဖန်ဝေး၏ဆရာဖြစ်သူ လေပွေကျွန်းမှ ဘွားဘွားဝန်က ဖမ်းဆီးခေါ်ဆောင်သွားကာ ...



ဂူနှင့်အတော်လှမ်းသော နေရာအရောက်တွင် ယွဲ့ရန်ဟုန်ကို လွှတ်ပေးလိုက်သည်။

ဖန်ဝေး ကျောက်ဂူထဲသို့ ပြန်ဝင်လာသောအချိန်တွင် ...

ယွဲ့ရန်ဟုန်တစ်ယောက် ပျောက်ခြင်းမလှ ပျောက်ဆုံးနေလေတော့သည်။

ဤသို့ဖြင့် ...

ယွဲ့ရန်ဟုန်မှာ ဟိုထင်ဖုကန်တော်နှင့် မိုင်ပေါင်းနှစ်ဆယ်မျှဝေးကွာသော ရွာကြီးတစ်ရွာတွင် ခြောက်ရက်ခန့် ခိုအောင်းနေထိုင်ခဲ့ရ၏။

ဘွားဘွားဝန်က အရိုးစုဂိုဏ်းချုပ် အနီးအနားတွင်ရှိနေသည်ဟု ပြောသဖြင့် ထိုရွာလေးတွင် ခြောက်ရက်ခန့် ခိုအောင်းနေခြင်းဖြစ်သည်။

သူမ ထိုရွာကြီးတွင် နေထိုင်ရသည်မှာ တစ်မျိုးကြီးဖြစ်နေ၏။

ယွဲ့ရန်ဟုန်၏စိတ်အစဉ်က ဖန်ဝေးထံသို့ အမြဲတမ်းရောက်ရှိနေသည်။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန်သည် ...

www.burmeseclassic.com

www.burmeseclassic.com



ရှာကြီးထိပ်ရှိရေကန်တွင် အမြဲလိုလိုထိုင်၍ ဖန်ဝေး၏ အကြောင်းများကိုသာ စဉ်းစားနေခဲ့သည်။



ယနေ့ ...

ယွဲ့ရန်ဟုန် ထုံးစံအတိုင်း ကန်စပ်နားသို့ လာရောက်နေစဉ် ... ရေကန်စပ်မှ ရေထဲသို့ အမှတ်မထင် ယွဲ့ရန်ဟုန် ငုံကြည့်လိုက်မိသည်။

"ဟင်"

ယွဲ့ရန်ဟုန် ရုတ်တရက် ရေထဲမှ အရိပ်ကိုကြည့်ကာ ကြောင်တက်တက် ဖြစ်သွားရ၏။

ရေထဲမှရုပ်သွင်မှာ ချောမောလှပသော ချစ်စရာမိန်းမပျိုလေးတစ်ယောက်၏မျက်နှာကို ယွဲ့ရန်ဟုန် မြင်လိုက်ရသောကြောင့် ဖြစ်သည်။

နောက်မှ ...

ရေထဲမှရုပ်သွင်မှာ မိမိ၏ရုပ်သွင်ဖြစ်ကြောင်း ယွဲ့ရန်ဟုန် သတိရကာ အလွန်ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ...

ယွဲ့ရန်ဟုန်၏ဆရာဖြစ်သူ သွေးလက်ဝါးကိုဏ်းချုပ်က တိရစ္ဆာန်သားရေတစ်မျိုးကို အထူးစီမံပြုလုပ်ထားပြီး ရုပ်ဆိုးသော မျက်နှာဖုံးတစ်ခု ပြုလုပ်ကာ ယွဲ့ရန်ဟုန်အား အမြဲတစေ စွပ်ပေးထားခဲ့သည်။

ထိုတိရစ္ဆာန်သားရေမျက်နှာဖုံးစွပ်ထားသည့်အတွက် မျက်နှာတစ်ဝိုက်ကို ရန်သူ၏သွေးကြောပိတ်ဆို့မှုမှ ကာကွယ်နိုင်သောကြောင့် ဆရာဖြစ်သူ သွေးလက်ဝါးက ယွဲ့ရန်ဟုန်အား စွပ်ထားခိုင်းခြင်း ဖြစ်၏။

ငယ်စဉ်ကတည်းက ယွဲ့ရန်ဟုန် ထိုတိရစ္ဆာန်သားရေကို စွပ်ထားခဲ့ရသဖြင့် မိမိ၏ပင်ကိုရုပ်ရည်ကိုပင် မမှတ်မိသလောက် ဖြစ်လာခဲ့ပြီး မိမိကိုယ်မိမိ ရုပ်ဆိုးမ,အဖြစ်သာ မြင်ယောင်ခံစားလာခဲ့မိ၏။

ယခု ...

လေပွေကျွန်းမှ ဘွားဘွားဝန်က မိမိကျောက်ဂူလေးထဲမှ ထွက်လာစဉ် အရိုးစုကိုဏ်းချုပ်ရှိနေသည်ဆို၍ စွပ်ထားသောမျက်နှာဖုံးကို ချွတ်ကာ ဆုတ်ဖြဲပစ်လိုက်သည်။

မိမိ၏ ပင်ကိုရုပ်နှင့် ကျောက်ဂူလေးထဲမှထွက်လာကာ ဤ



ရွာကြီးတွင် ခေတ္တပုန်းခိုနေခဲ့ခြင်းပင်။

ယနေ့ ...

မိမိ အမှတ်မထင် ကန်ရေပြင်အားကြည့်မိရာမှ မိမိ၏ပင်ကို ချောမောသောမျက်နှာကို မြင်လိုက်ရ၍ ယွဲ့ရန်ဟုန် အလွန် ဝမ်းသာသွားသည်။

ယွဲ့ရန်ဟုန် ကန်ရေပြင်ကိုကြည့်ကာ ဆက်လက်ငေးမောနေမိပြန်သည်။

သူမ၏ရင်ထဲတွင် ဖန်ဝေးအား ချစ်ခင်မြတ်နိုးနေမိကြောင်းကို သိသည်။

သို့သော် ...

ယွဲ့ရန်ဟုန် ဖွင့်ဟမပြောဝံ့။

အဘယ်ကြောင့်နည်း ...။

အဘယ်ကြောင့်ဆိုသော် ...

မိမိလို ရုပ်ဆိုးမတစ်ဦးအား လူခန့်ချောလေး ဖန်ဝေးက ပြန်လည်မြတ်နိုးမည်မဟုတ်မှန်း သိသောကြောင့်ပင်။

ယခု ...

မိမိ၏ပင်ကိုမျက်နှာကို မြင်လိုက်ရသဖြင့် ယွဲ့ရန်ဟုန်၏ ကျုံဆင်းနေသောစိတ်ဓာတ်များ နိုးကြားတက်ကြွလာခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန် အတွေးရေယာဉ်တွင် နစ်မျောနေစဉ် လူတစ်ယောက် သူမနားသို့ ရောက်လာသည်။

ရောက်လာသူမှာ ...





ရောက်လာသူမှာ ...

အဘိုးအိုတစ်ယောက်ဖြစ်၍ သူမ ကြောက်ရွံ့စွာ ရှောင်တိမ်းပုန်းအောင်းနေခဲ့ရသူ အရိုးစုဂိုဏ်းချုပ်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

အရိုးစုဂိုဏ်းချုပ်မှာ ယွဲ့ရန်ဟုန်ကို မျက်နှာဖုံးမရှိသောကြောင့် မမှတ်မိပေ။

အရိုးစုဂိုဏ်းချုပ်အဘိုးကြီး၏ စိတ်ထဲတွင် ဤရွာကြီးမှ နန်းထိုက်သောအလှပိုင်ရှင်မလေးဟုသာ ထင်မှတ်နေမိသည်။

ယွဲ့ရန်ဟုန်ကလည်း မိမိအား အရိုးစုဂိုဏ်းချုပ် မမှတ်မိမှန်းသိရ၍ ဣန္ဒြေမပျက်ရှိနေသည်။

အရိုးစုဂိုဏ်းချုပ်က ချောမောလှပသော ယွဲ့ရန်ဟုန်အားကြည့်၍မေးလိုက်၏။

"မိန်းကလေး ... ရုပ်ဆိုးဆိုးမိန်းကလေးတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒီရွာမှာ မတွေ့မိဘူးလား"

ယွဲ့ရန်ဟုန်က တည်ငြိမ်သောလေသံဖြင့် ခပ်အေးအေးပြန်ဖြေလိုက်သည်။

"မတွေ့မိပါဘူးရှင်"

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးမှာ ခေတ္တမျှတွေဝေနေပြီးနောက် မိန်းမချောလေး ယွဲ့ရန်ဟုန်အနားမှ ထွက်ခွာသွားလေသည်။

ခပ်လှမ်းလှမ်းတစ်နေရာသို့ရောက်သွားမှ အရိုးဂိုဏ်းချုပ်အဘိုးကြီး နောက်ပြန်လှည့်ကာ မိန်းမချောလေးယွဲ့ရန်ဟုန်အား လှမ်းမေးလိုက်သည်။

"မိန်းကလေး ... နင် ဘယ်ဂိုဏ်းထဲကလဲ"

ယွဲ့ရန်ဟုန်ကလည်း ခပ်တည်တည်ပင် ပြန်အော်ဖြေလိုက်၏။

"ကျွန်မ နာမည်မကျော်သေးတဲ့ ဂိုဏ်းတစ်ဂိုဏ်းကပါ"

သူမက မိမိကိုယ်မိမိ တမင်နှိမ့်ချသည့်သဘောဖြင့် ပြောဆိုလိုက်ခြင်းပင်။

ဤသို့ ...

အလွယ်တကူပြောလိုက်ခြင်းဖြင့် အရိုးစုဂိုဏ်းချုပ် အဘိုးကြီး မိမိအား စိတ်မဝင်စားတော့ဟု ထင်မြင်မိသည်။



သို့သော် ...

သူမထင်မြင်ချက် လွဲမှားသွားရလေသည်။

အရိုးစုဂိုဏ်းချုပ်က ရုတ်တရက် နောက်ပြန်လှည့်လာပြီး လျှင်မြန်စွာ ပြေးလွှားချဉ်းကပ်လာခဲ့သည်။

မိန်းကလေးယွဲ့ရန်ဟုန်အနားသို့ရောက်သည်နှင့် အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက အကဲခတ်မိသောအမူအရာဖြင့် တစ်ချက်ကြည့်ကာ မေးလိုက်ပြန်သည်။

"နင် ... ဘယ်ဂိုဏ်းကလဲ ... မှန်မှန်ပြောစမ်း"

"ကျွန်မ မှန်မှန်မပြောလို့ လိမ်နေလို့လား။ ကျွန်မတို့ရဲ့ဂိုဏ်းက သိုင်းလောကမှာ နာမည်မကျော်ကြားသေးတဲ့ ဂိုဏ်းတစ်ဂိုဏ်းပါ"

ယွဲ့ရန်ဟုန် ဣန္ဒြေမပျက်ဘဲ ခပ်အေးအေးပြန်ပြောလိုက်သည်။

သို့သော် ...

အရိုးစုဂိုဏ်းချုပ်က ရုတ်တရက် ယွဲ့ရန်ဟုန်၏ခေါင်းပေါ်သို့ လက်ဝါးချက်တစ်ချက် ရိုက်ချလိုက်သည်။

အဘိုးကြီး၏လက်ဝါးချက်က ယွဲ့ရန်ဟုန်၏ခေါင်းနှင့် ခပ်ပေပေကျော်ကျော်မျှသာ ကွာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

ယွဲ့ရန်ဟုန်က ပြန်လည်မခုခံလျှင် အခက်တွေ့တော့မည်ကို တွေးမိလိုက်သည်။

အမည်းရောင်သိုင်းသမားများသည် တစ်ဖက်လူအား နိုင်ထက်စီးနင်းပြုတတ်ကြ၏။

ထို့အတူ ...

တစ်ဖက်က မိမိထက် အားနည်းသူအား တိုက်ခိုက်ရာတွင် သက်ညှာလေ့ မရှိ။

ရက်စက်ကြမ်းကြုတ်စွာ ပြုလေ့ရှိကြသည်။

ယွဲ့ရန်ဟုန် အရိုးစုဂိုဏ်းချုပ်၏လက်ဝါးချက်ကို ဘေးဘက်သို့ တိမ်းရှောင်လိုက်၏။

အရိုးစုဂိုဏ်းချုပ် ရုတ်ခြည်း သတိဝင်လာသည်။

မိမိ ဤမိန်းကလေး အား အကြောင်းမဲ့တိုက်ခိုက်နေခြင်းဖြင့် အကျိုးမရှိ။

တစ်ဆက်တည်း ...

မိမိတပည့်ရင်း ကိုးဝင်စင်သေဆုံးသွားရသည်ကို သတိရလိုက်သည်။

ထို့ကြောင့် ...



မိမိတွင် တပည့်တစ်ယောက် လိုအပ်လျက်ရှိနေသည်။

ယခု ...

မိမိရှေ့ရှိ နတ်သမီးလေးဟမျှ လှပသူမိန်းမပျိုလေးအား တပည့်အဖြစ်မွေးရန် စိတ်ကူးမိသည်။

မိန်းကလေး၏သိုင်းပညာအခြေခံကလည်း မဆိုးဟု တွေးမိသည်။

စောစောက မိန်းမပျိုလေး၏ဦးခေါင်းကို လက်ဝါးချက်တစ်ချက် ရိုက်ထည့်လိုက်ရာ ...

မိန်းကလေးမှာ မိမိ၏လက်ဝါးချက်ကို လွတ်အောင်ရှောင်နိုင်ခဲ့သည်။

အရိုးစုဂိုဏ်းချုပ် ဤသို့စဉ်းစားနေစဉ် ...

မိန်းမပျိုလေး ယွဲ့ရန်ဟုန် နေရာမှ ထွက်ပြေးသွားလေသည်။

အရိုးစုဂိုဏ်းချုပ်မှာ နောက်မှပြေးလိုက်ရင်း မိန်းမပျိုလေးကို လှမ်းခေါ်သည်။

"မိန်းကလေး"

"ဟေ့ ... မိန်းကလေး"

မိန်းမပျိုလေးမှာ အရိုးစုဂိုဏ်းချုပ်ကြီး နောက်မှခေါ်လေ

www.burmeseclassic.com

www.burmeseclassic.com



လေ ပြေးလေလေဖြစ်နေသဖြင့် အဘိုးကြီးက ရှေ့မှမိန်းကလေးအား လက်ဝါးချက်တစ်ချက် ရိုက်ထုတ်လိုက်လေသည်။

'ဗွီး'

ယှဲ့ရန်ဟုန်မှာ ...

ရှေ့သို့သာ မဲပြေးနေသဖြင့် နောက်မှ လက်ဝါးရိုက်ထုတ်လိုက်သော လေလှိုင်းတစ်ခု မိမိနောက်သို့ ရောက်ရှိလာသည်ကို သတိမပြုမိ။

ထို့ကြောင့် ...

အရိုးစုဂိုဏ်းချုပ် ရိုက်ထုတ်လိုက်သော လေလှိုင်းတစ်ခုမှာ မိန်းမချောလေးယှဲ့ရန်ဟုန်နောက်ကျောကို ထိမှန်ကာ ရှေ့သို့လဲကျသွားလေသည်။

"အင့်"

ယှဲ့ရန်ဟုန် လဲကျသွားရာမှ ပြန်ထလာပြီး အရိုးစုဂိုဏ်းချုပ်အဘိုးကြီးအား ပြန်တိုက်ခိုက်ရန် ပြင်လိုက်စဉ် ...

ရုတ်တရက် ...

အဘွားကြီးတစ်ယောက် ရောက်ရှိလာကာ လမ်းဘေးရှိ သစ်ပင်ငယ်လေးတစ်ပင်အား ထိုအဘွားကြီးက ဆွဲနှုတ်လိုက်လေသည်။



သစ်ပင်လေးမှာ အမြစ်မှကျွတ်ပါလာပြီး အဘွားကြီးလက်ထဲရောက်သွားလေသည်။

တစ်ဆက်တည်း ...

လက်ထဲတွင်ရှိနေသည့် သစ်ပင်ငယ်လေးနှင့် အရိုးစုဂိုဏ်းချုပ်အဘိုးကြီးအား တရကြမ်း ဝင်ရောက်ရိုက်နှက်တိုက်ခိုက်လေတော့သည်။

'ဗွီး'

အရိုးစုဂိုဏ်းချုပ်က မိမိထံဝင်လာသော သစ်ပင်ငယ်လေးကို ဖမ်းဆွဲလိုက်ပြီးမေးလိုက်သည်။

"ဘယ်ကလူများ ဒီလိုခိုးကြောင်ခိုးဝှက်နဲ့ ငါ့ကိုလာပြီး တိုက်ခိုက်နေရတာလဲ"

"ဟိတ် ... ငါ ဒီမှာရှိနေတယ်ဟေ့"

လှမ်းပြောလိုက်သော အဘွားကြီးမှာ အနီးရှိသစ်ပင်ကြီးတစ်ပင်ပေါ်တွင် ရပ်လျက်ရှိနေကြောင်း တွေ့လိုက်ရသည်။

အမှန်တွင်မူ ...

ရောက်လာသောအဘွားကြီးမှာ ...

လေပွေကျွန်းမှ ဘွားဘွားဝန်ဆိုသည့် တစ်မိုးအောက်အစ်ယောက်ဘွဲ့ရ မဟာလူဆိုးကြီးလေးယောက်အနက်မှ နံပါတ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားဝန်ပင် ဖြစ်သည်။

ဘွားဘွားဝန်မှာ ...

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးအား သစ်ပင်ငယ်လေးတစ်ပင်ကို အမြစ်မှဆွဲနှုတ်ကာ တိုက်ခိုက်ပြီး ကိုယ်ဖော့ပညာဖြင့် အနီးရှိ သစ်ပင်ကြီးတစ်ပင်ပေါ် ခုန်တက်သွားခြင်းဖြစ်သည်။

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးမှာ ...

မိမိအား သစ်ပင်ငယ်လေးဖြင့် တိုက်ခိုက်ခြင်းခံလိုက်ရ၍ သစ်ပင်ငယ်ကိုလှမ်းဆွဲပြီး ရန်သူကိုကြည့်လိုက်ရာ ရန်သူမှာ မရှိတော့ဘဲဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ...

စိတ်ဆိုးစွာ လှမ်းမေးလိုက်ခြင်းဖြစ်သည်။

အရိုးစုဂိုဏ်းချုပ်၏စကားကို ဘွားဘွားဝန်က သစ်ပင်ပေါ်မှနေ၍ ပမာမခန့်ပြန်ဖြေရင်း အောက်သို့ခုန်ဆင်းလာသည်။

အသံရှင် အဘွားကြီးအား အရိုးစုဂိုဏ်းချုပ်ကြီး တွေ့လိုက်ရသဖြင့် အနည်းငယ် ထိတ်လန့်ကြောင်အမ်းသွားကာ ...

"ဪ ... အဘွားကြီးကိုး။ ဘယ့်နှယ် ... ခုထက်ထိ မသေသေးဘူးလား"

"အေး ... ငါတော့ မသေသေးဘူး"



"နေပါဦး ... ခင်ဗျား ဘာကိစ္စ ဒီကိုရောက်လာရတာလဲ"

"ငါ့ဘာသာငါ ဘာကိစ္စရှိရှိ ... နင့်အပူမပါဘူး။ နင် တစ်ခုသိ ထားဖို့က ဒီအနားတစ်ဝိုက်မှာ သွေးလက်ဝါးဂိုဏ်းချုပ်ရောက်နေ တယ်၊ အဲဒါ နင် ဒီနေရာက ထွက်မသွားသေးဘူးလား"

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးသည် လေပွေကျွန်းမှ ဘွားဘွား ဝန်အား တွေ့လိုက်ရသဖြင့် ဤနေရာမှရှောင်တိမ်းထွက်ခွာသွားချ နေသည်။

ယခု အဘွားကြီး၏စကားကြောင့် ထွက်လမ်းရသွားရလေ သည်။

သို့သော် ...

သံသေဗွာကြီးကိစ္စအတွက် အရိုးစုဂိုဏ်းချုပ်က သွေးလ ဝါးဂိုဏ်းချုပ်အပေါ် မကျေမနပ်ဖြစ်နေသည်။

သွေးလက်ဝါးဂိုဏ်းချုပ်အပေါ် မကျေမနပ်ဖြစ်သော်လည် အဘွားကြီးဝန်ရှိနေသဖြင့် ဤအဘွားကြီးနှင့်ဝေးရာသို့ သွားနိုင်မှသ မိမိအတွက် စိတ်ချရမည်ဖြစ်၍ အဘိုးကြီး နေရာမှ လှည့်ထွက်လာ ၏။

သို့သော် ...

အဘွားကြီးဝန်က ထွက်ခွာသွားသော အရိုးစု ဂိုဏ်းချုပ်

www.burmeseclassic.com



ကို လှမ်း၍ဟန့်တားလိုက်၏။

“ဟိတ် ... အရိုးစု ... နေဦးလေ၊ နင်တို့ လူဆိုးကြီးသုံးယောက် ငါနဲ့တွေ့တိုင်း ငါ့ရဲ့လက်ဝါးချက်တစ်ချက်ကို ရင်ဆိုင်ပြီးမှ ထွက်သွားလို့ရတယ်ဆိုတာ မေ့သွားပြီလား”

အဘွားကြီးဝန် စကားပြောနေစဉ် ...

အရိုးစုဂိုဏ်းချုပ်မှာ ပေငါးဆယ်ကျော် ခြောက်ဆယ်ခန့်အကွာသို့ ရောက်ရှိနေပေပြီ။

ထို့ကြောင့် ...

အဘွားကြီးဝန်က လက်ထဲမှဓားရှည်ကြီးဖြင့် လက်နက်ပုန်းပစ်သလို အရိုးစုဂိုဏ်းချုပ်ကြီး၏ နောက်ကျောသို့ အရှိန်ပြင်းစွာနောက်မှ လှမ်းပစ်လိုက်သည်။

‘ဖွပ်’

‘ဒုတ်’

အရိုးဂိုဏ်းချုပ်အဘိုးကြီးကို ရှောင်လိုက်သော်လည်း ဓားရှည်က အဘိုးကြီးညာလက်အကျီလက်စရှည်ကို ဖောက်ထွင်းဝင်ရောက်သွားပြီး မြေကြီးတွင် သွားရောက်စိုက်ဝင်နေ၏။

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက ဆက်လက်ထွက်ခွာသွားရင်း အဘွားဝန်ကို လှမ်းပြောသွားသည်။



“အဘွားကြီး ... သိပ်မလောပါနဲ့၊ နောက် တွေ့ဖို့အချိန်ေ
အများကြီးရှိပါသေးတယ်”

www.burmeseclassic.com



မိန်းမချောလေး ယွဲ့ရန်ဟုန်မှာ ထိုနေရာမှထွက်ခွာသွားချင်သည်။

သို့သော် ...

အဘွားဝန်ရှိနေ၍ အသာလှည့်ခွေမပျက် ရပ်နေလိုက်၏။

ထိုစဉ် အဘွားကြီးဝန်က တစ်ယောက်တည်းရေရွတ်လိုက်၏။

"နှမြောစရာကောင်းလိုက်တာ"

အဘွားကြီးဝန်ရေရွတ်လိုက်သည့်သဘောကို ယွဲ့ရန်ဟုန်နားမရှင်း၍ မေးလိုက်သည်။

"ဘွားဘွား ... ဘာကိုနှမြောနေတာလဲ"

"ငါနှမြောတာက နတ်သမီးတမျှလှတဲ့ နင့်လိုရုပ်ရည်မျိုး အင်မတန်ရှားတယ်၊ ဒါပေမဲ့ ငါနဲ့တွေ့တဲ့အတွက် နင့်ရဲ့လှပတဲ့ မျက်နှာလေးကို နှမြောမိလို့ပါ"





အဘွားကြီးဝန်၏စကားကြောင့် ယွဲ့ရန်ဟုန်မှာ မိမိအတွက် အခြေအနေမလှကြောင်း ရိပ်စားမိလိုက်သည်။

ထွက်ပြေးရန်လည်း မဖြစ်နိုင်တော့။

ထိုစဉ် ...

အဘွားကြီး၏အသံ ထွက်ပေါ်လာပြန်သည်။

"ချာတိတ်မလေး ... ဘယ်လောက်ပဲချောချောလှလှ တစ်နေ့ကျရင် ပါးရေတွန့်လာမယ်၊ ဆံပင်တွေ ဖြူလာမယ်၊ သွားတွေကျိုးရမယ် မဟုတ်ဘူးလား ... ငါပြောတာ"

အဘွားကြီး၏စကားသံမှာ သာယာသလောက် စိတ်ထားက ယုတ်မာပက်စက်လှသည်။

ရက်စက်ကြမ်းကြုတ်သည့်နေရာတွင်လည်း နှစ်ယောက်မရှိ။

မိန်းမချောလေးယွဲ့ရန်ဟုန် တွေးလိုက်၏။

"အင်း ... တကယ်လို့ ငါဟာ အဖြူရောင်သိုင်းသမားဖြစ်ခဲ့ရင် အသေသာခံမယ်၊ ဒီအဘွားကြီးကိုမြှောက်ပင့်ပြောဆိုမှာမဟုတ်ဘူး၊ သူတစ်ပါးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကြတယ်၊ အသက်ကိုလည်းစွန့်ရဲကြတယ်၊ ဒါပေမဲ့ ငါကတော့ အနက်ရောင်သိုင်းသမားဖြစ်နေတဲ့အတွက် သူတို့လိုစိတ်ထားမျိုး ငါ့မှာမထားနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည် ...။

အဖြူရောင် ဥပဒေဘက်တော်သား သိုင်းသမားများသည် အများအကျိုးအတွက် ကိုယ်ကျိုးကိုစွန့်လွှတ်တတ် ကြ၏။

သူတို့သည် ဥပဒေ၏ဘက်တော်သားများပီပီ အများပြည်သူနှင့် တိုင်းပြည်က ချစ်မြတ်နိုးခြင်း၊ လေးစားခြင်းကို ခံယူကြရလေ့ရှိသည်။

မိမိတို့ အနက်ရောင်ဒုစရိုက်ဂိုဏ်းသားများမှာမူ ဥပဒေကိုလည်း ရင်မဆိုင်ရဲ။

အများပြည်သူ၏ အောင့်နှလုံးနာစရာ၊ သတ္တဝါများအဖြစ် အမြင်ခံကြရ၏။

တစ်ခါတစ်ရံ ...

မိမိအရိပ်ကိုပင် မိမိပြန်လန့်နေရသော စိတ်ပျက်စရာကောင်းသည့်ဘဝတွင်သာ ရှိနေကြရသည်။

ထို့ကြောင့် ...

အမည်းရောင်သိုင်းသမားလေး ယွဲ့ရန်ဟုန်မှာ အဘွားကြီးအား မြှောက်ပင့်ပြောဆိုရန် ဆုံးဖြတ်လိုက်လေသည်။

"ဘွားဘွားရဲ့ ငယ်စဉ်ကအကြောင်းတွေကို ကျွန်မ ကြားဖူးပါတယ်၊ ဘွားဘွားဟာ ငယ်စဉ်က အလှမှာ ပြိုင်ဘက်ကင်းလောက်



အောင် ချောခဲ့၊ လှခဲ့တယ်လို့ ကြားရဖူးတယ်၊ ခု ကျွန်မရုပ်ရည်နဲ့ဆို ဘွားဘွားငယ်စဉ်က ရုပ်ရည်နဲ့နှိုင်းရင် ကျွန်မကတော့ ရုပ်ဆိုးမ ဖြစ်သွားမှာ သေချာနေတယ်"

အဘွားကြီးက မျက်နှာအမူအရာမပြောင်းလဲဘဲ ...

"အေး ... အခု နင်ပြောတာ ထက်ဝက်မှန်တယ်၊ ထက်ဝက်မှားတယ်၊ ငါ ငယ်ငယ်တုန်းက နင်ပြောသလို လှခဲ့၊ ချောခဲ့ပါတယ်၊ ဒါပေမဲ့ အခုအချိန်မှာတော့ ငါ့ရဲ့အလှဟာ နင့်ရဲ့အလှကို မမီတော့ပါဘူး"

ပြောပြောဆိုဆို အဘွားကြီးဝန် ယွဲ့ရန်ဟုန်နားသို့ ချဉ်းကပ်လာသည်။

"ဟင်း ဟင်း ဟင်း"

အဘွားကြီးက ယွဲ့ရန်ဟုန်အား ကြည့်ကာ သဘောကျစွာ ရယ်လိုက်ပြီး ဆက်ပြောပြန်သည်။

"ချာတိတ်မ ... နင်ဟာ ရုပ်ချောသလောက် ဖြတ်ထိုးဉာဏ်ကလည်း ကောင်းပုံရတယ်၊ ငါဆိုလိုတဲ့အဓိပ္ပါယ်ကို သိတယ်မဟုတ်လား"

မိန်းမချောလေးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နောက်သို့ဆုတ်သွားရင်း အသံတုန်ယင်စွာ ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားဝန် ... ကျွန်မ ဖန်ဝေးကို ဘွားဘွားဝန်အကြောင်း ဘာမှထိခိုက်မယ့်စကားကို မပြောခဲ့ပါဘူး ... ဘွားဘွားဝန်၊ ကျွန်မ,ပြောတာတွေကို ယုံကြည်စိတ်ချပါ"

"နင်ပြောပြော၊ မပြောပြော နင့်ကို ငါခွင့်မလွှတ်နိုင်ဘူး၊ နင် ဘာဖြစ်လို့ ဒီလောက်လှနေရတာလဲ၊ နင်သိထားဖို့က ငါ့ထက်သာပြီးလှတဲ့မိန်းကလေးတွေကို ငါ မကြည့်နိုင်၊ မမြင်နိုင်ဘူး"

မှန်သည် ...။

ဘွားဘွားဝန်သည် မဟာလူဆိုးကြီး လေးယောက်အနက် တစ်ယောက်အပါအဝင်ဖြစ်သည့်အပြင် သိုင်းပညာ လွန်စွာထက်မြက်သူ ဖြစ်သည်။

ဒုစရိုက်သမား အဘွားကြီးဝန်၏ စိတ်ထားမှာ လွန်စွာယုတ်မာ၍ ကောက်ကျစ်စဉ်းလဲ မနာလိုစိတ်ရှိသူဖြစ်သည်။

ဤလို မကောင်းသည့်စိတ်ဓာတ်မျိုး ဒုစရိုက်သမားတိုင်းတွင် ရှိတတ်သည်။

ထို့ကြောင့် ...

ဒုစရိုက်သမားများဆိုလျှင် ပြည်သူအများ ရွံရှာမုန်းတီးကြောက်ရွံ့ကြသည်မှာ မဆန်းပေ။

သူတို့၏ အတ္တကြီးမားလှသော စိတ်ဓာတ်ကြောင့် တစ်နေ့





ကောင်းကောင်း(ဘေး)တွေ့ရပေမည်။

ဘေးမတွေ့ခင် မောက်မာနိုင်သလောက် ဘေးတွေ့သောအခါ ဦးကျိုးကာ ဘဝပါဆုံးပါးတတ်ကြသည်။

အဘွားကြီးဝန်က ကလေးကလားစကားကို ဆက်ပြောပြန်သည်။

"မိန်းကလေး ... နင် ဒီလိုလျှောက်သွားရင် လေပွေကျွန်းက ဘွားဘွားဝန်ထက်ချောတယ်လို့ လူတွေကထင်ကြမှာပဲ၊ ငါက ဒီလိုအထင်လုံးဝမခံနိုင်ဘူး"

"ဒါဆို ကျွန်မ ရုပ်ဆိုးတဲ့မျက်နှာဖုံးကို အမြဲတမ်းပြန်စွပ်ထားပါ့မယ် ... ကျွန်မ အဲဒီမျက်နှာဖုံးကို ဘယ်တော့မှ မချွတ်တော့ပါဘူး"

"ဘယ်ဖြစ်မှာလဲ ... နင်ကြိုက်တဲ့လူတွေ့ရင် အဲဒီမျက်နှာဖုံး ချွတ်မပြဘူးလို့ ဘယ်ပြောနိုင်မှာလဲ"

"ကျွန်မ ကျိန်ဆို ကျိန်ဝံ့ပါတယ်ရှင်"

"ဘာပဲဖြစ်ဖြစ် နင့်ရဲ့လှနေတဲ့မျက်နှာကို ရုပ်နည်းနည်းဆိုးသွားအောင်ပဲဖြစ်ဖြစ် ငါ ဖျက်ဆီးရမှ ကျေနပ်နိုင်မယ်"

စကားဆုံးသည်နှင့် ...

ရက်စက်ယုတ်မာလှသော အဘွားကြီးဝန်သည် မိန်းမချော

www.burmeseclassic.com

www.burmeseclassic.com



လေးယှဲ့ရန်ဟုန်၏မျက်နှာအား ကုတ်ဆွဲရန်အတွက် လက်အစုံကို ရှေ့သို့ ဆန့်တန်းလိုက်သည်။

အဘွားကြီး၏လက်အစုံမှာ လက်ဆယ်ချောင်းမှ လက်သည်းအရှည်ကြီးများက ဓားသွားပမာ ချွန်ထက်လှသည်။

မိန်းမချောလေး ယှဲ့ရန်ဟုန်၏မျက်နှာတွင် ကြောက်လန့်စိတ်လွှန်ကဲနေ၍ သွေးဆုတ်ဖြူရော်နေ၏။

ဤရက်စက်ယုတ်မာလှသောအဘွားကြီး၏လက်တွင်းမှ မည်သို့မျှ လွတ်မြောက်နိုင်မည်မဟုတ်ကြောင်း သိထား၍ ယှဲ့ရန်ဟုန်လွန်စွာကြောက်ရွံ့နေမိသည်။

အသားများ တဆတ်ဆတ်တုန်ယင်ကာ ရုတ်တရက် အင်အားများပါ ဆုတ်ယုတ်သွားသလို ခံစားလိုက်ရပြီး ဒူးများပင် အလိုလို ကွေးညွှတ်ချင်လာသည်။

အဘွားကြီးဝန် ယှဲ့ရန်ဟုန်နှင့် တစ်လံအကွာသို့ ရောက်လာချေပြီ။

ထိုစဉ် ...



ထိုစဉ် ...

မနီးမဝေးတစ်နေရာမှ အသံတစ်သံ ထွက်ပေါ်လာသည်။

'ဒုတ်'

အဘွားကြီးဝန် အသံလာရာဘက်သို့ လှမ်းကြည့်လိုက်ရာ သံတုတ်ရှည်ကြီးတစ်ချောင်းဖြင့် ထောက်လှမ်းလာနေသော အဘိုးကြီးတစ်ယောက်ကို တွေ့လိုက်ရ၏။

အသေအချာကြည့်လိုက်သောအခါ ...

အဘိုးကြီးမှာ မျက်စိစုံလုံးကြောင်တောင်ကန်းနေသည်ကို တွေ့လိုက်ရသည်။

ထိုအဘိုးကြီးမှာ တခြားမဟုတ် ...။

သိုင်းလောကတွင် နာမည်ကျော်ကြားခဲ့သောခွန်းလွန်ဂိုဏ်းအဖြူရောင်သိုင်းသမားညီနောင်ခုနစ်ဦးထဲမှ အဘိုးကြီးဖြစ်သူ တီလင်ကို ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးဝန် ယွဲ့ရန်ဟုန်နားသို့ ချဉ်းကပ်လာနေသော ခြေလှမ်းများ ရုတ်တရက်ရပ်တန့်သွားကာ အဘိုးကြီးတီလင်ကျိုအား စိုက်ကြည့်နေသည်။

ယွဲ့ရန်ဟုန်က အဘိုးကြီးတီလင်ကျိုကြားအောင် တမင်ပင်အော်ပြောလိုက်၏။

"ဘွားဘွားဝန် ... ကျွန်မကို မရက်စက်ပါနဲ့ရှင်၊ ချမ်းသာပေးပါ"

ဤသို့ပြောလိုက်ခြင်းမှာ ...

အဘိုးကြီးတီလင်ကျို မိမိအား ကယ်တင်နိုင်ရန်အတွက် တမင်အော်ပြောလိုက်ခြင်းပင်။

ယွဲ့ရန်ဟုန်၏ တမင်အော်ပြောလိုက်ခြင်းကြောင့် ...

အဘိုးကြီး တီလင်ကျိုမှာ ခက်ထန်သောလေသံဖြင့် လှမ်းမေးလိုက်၏။

"မိန်းကလေးကို ဘယ်သူကများ ဒုက္ခပေးနေတာလဲ၊ ငါ့အဘိုးကြီး ရှေ့မှာ နိုင့်ထက်စီးနင်းလုပ်တဲ့အမှုတွေကို ကြည့်မနေနိုင်ဘူး။ လက်လည်း မခံနိုင်ဘူး"

ယွဲ့ရန်ဟုန်မှာ အတော်ပင်အားတက်သွားကာ လှမ်းမေးလိုက်၏။



"ဦးရီးတော် ... နာမည် တစ်ဆိတ်လောက်သိပါရစေ"

"ငါ့နာမည် တီလင်ကျိုလို့ခေါ်တယ် မိန်းကလေး၊ ဘာမှ ကြောက်မနေနဲ့ ... ငါ အဘိုးကြီး ရောက်လာပြီ"

မျက်ကန်းအဘိုးကြီး တီလင်ကျိုမှာ ...

မျက်လုံးအစုံ ကြောင်တောင်ကန်းနေသော်လည်း နှာခေါင်းအနံ့ခံခြင်းနှင့် အကြားအာရုံတို့မှာ သူတစ်ပါးထက် ထူးချွန်သူတစ်ယောက် ဖြစ်၏။

အဘွားဝန်က ...

မိန်းမချောလေးကိုကျောခိုင်းကာ အဘိုးကြီး တီလင်ကျိုရှိရာသို့ တစ်ရှိန်ထိုးဝင်ရောက်သွားပြီး ပြင်းထန်သောလက်ဝါးချက်ဖြင့် တိုက်ခိုက်လိုက်သည်။

'ဗိုး'

အဘိုးကြီးတီလင်ကျိုက မျက်စိမမြင်သော်လည်း အလေ့အကျင့် ရင့်ကျက်နေပြီဖြစ်၍ ရန်သူ၏တိုက်ကက်လမ်းကြောင်းကို လေတိုးသံကြားလိုက်သည်နှင့် သိလိုက်ရသည်။

ထို့ကြောင့် သူ၏သံတုတ်ရှည်ကြီးဖြင့် အဘွားကြီးဝန်၏ လက်ဝါးရိုက်ချက်ကို လမ်းခုလတ်မှဖြတ်၍ ဆီးကြို့ရိုက်ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆောင်း'

အဘွားကြီးဝန်က သံတုတ်ရှည်ရိုက်ချက်ကို ဘေးသို့တိမ်းရှောင်ပေးလိုက်ရင်း အဘိုးကြီးသံတုတ်ရှည်ကို ညာလက်ဖြင့်လှမ်း၍ ဖမ်းဆုပ်ထားလိုက်၏။

'ဖပ်'

တစ်ဆက်တည်း ...

အဘွားကြီးဝန်က သံတုတ်ရှည်ကြီးကို ကျန်လက်တစ်ဖက်ဖြင့် စုံကိုင်ကာ ချိုးလိမ်လိုက်ရာ သံတုတ်ရှည်မှာ စက်ဝိုင်းသဏ္ဌာန်ဖြစ်သွားကာ အဘွားကြီးလက်ထဲသို့ ပါလာသည်။

အဘွားကြီးဝန်က စက်ဝိုင်းသဏ္ဌာန်ဖြစ်နေသော သံတုတ်ရှည်ကြီးအား အဝေးသို့ ပစ်ထုတ်လိုက်သည်။

'ချွင်'

သံတုတ်မှာ မြေကြီးပေါ်ရှိ ကျောက်တုံးများဖြင့် ထိမှန်ပြီး မီးပွားများပွင့်သွားကာ အဝေးသို့ လွင့်စဉ်ထွက်သွားလေသည်။

ယွဲ့ရန်ဟုန်မှာ ...

ထွက်ပြေးဖို့ကိုပင် သတိမရဘဲ အဘွားကြီးနှင့် အဘိုးကြီးတို့တိုက်ခိုက်နေပုံကို ငေးကြည့်နေမိသည်။

ထိုအခိုက် ...



အဘိုးကြီးတီလင်ကျိုက အော်မေးလိုက်သည်။

"အခု ငါ့ကိုလာတိုက်နေတာ ဘယ်သူလဲ"

အဘွားကြီးက ရီသွဲ့သွဲ့လေသံဖြင့် ...

"ဒီမယ် မျက်ကန်းအဘိုးကြီး ... ကျုပ် အဘွားကြီးရဲ့အသံကိုတောင် မမှတ်မိရတော့လောက်အောင် ရှင့်နားတွေ ကန်းနေပြီလား"

အဘွားကြီး၏စကားကြောင့် အဘိုးကြီး မျက်နှာပျက်သွားသည်ကို ယွဲ့ရန်ဟုန် သတိထားမိလိုက်သည်။

အဘိုးကြီးတီလင်ကျိုက စောစောက အသံလာရာ ယွဲ့ရန်ဟုန်ဘက်သို့ လက်ဝှေ့ယမ်းပြလိုက်သည်။

အမှန်မူ ...

ယွဲ့ရန်ဟုန်အား အဘိုးကြီးတီလင်ကျိုက လက်ဝှေ့ယမ်းပြခြင်းမှာ ပြေးခိုင်းလိုက်ခြင်းပင်။

အဘိုးကြီး လက်ဝှေ့ယမ်းပြသည်ကို အဘွားကြီးဝန်က တွေ့မြင်လိုက်ပြီး ပြောလိုက်သည်။

"မျက်ကန်းကြီး ... လက်ဟန်ခြေဟန်တွေပြမနေနဲ့ နောက်ကျသွားပါပြီ"

စကားသံဆုံးသည်နှင့် အဘွားကြီးဝန် ယွဲ့ရန်ဟုန်နားသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေသည်။

ထိုစဉ်မှာပင် ...

ယွဲ့ရန်ဟုန်က ခါးကြားမှ အေးစိမ့်ဓားမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်သည်။

အဘွားကြီးဝန်မှာ ယွဲ့ရန်ဟုန်၏ဓားမြှောင်တိုက်ကွက်ကို အလွယ်တကူပင် ရှောင်တိမ်းလိုက်နိုင်သည်။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန်၏အကြံကို အဘွားကြီးဝန်က ကြိုတင်သိရှိနေသည့်အလား ...

ယွဲ့ရန်ဟုန်၏ရှေ့သို့ အဘွားကြီးဝန်က ကြိုတင်ရောက်ရှိပိတ်ဆို့ကာဆီးလျက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ယွဲ့ရန်ဟုန် မည်သို့ပင်ကြိုးစားကြိုးစား ထွက်ပြေးလွတ်မြောက်ရန် မလွယ်။

အဘွားကြီးဝန်က ယွဲ့ရန်ဟုန်ထွက်ပြေးသည့်ဘက်သို့ ကြိုတင်ရောက်ရှိနေသည်ချည်းပင်။

ယွဲ့ရန်ဟုန် အခက်တွေ့နေ၏။

ထိုအချိန်တွင် ...

အဘိုးကြီး တီလင်ကျိုက ကောက်ကွေးသွားသော သံတုတ်



ကောက်ရှည်ကို ပြန်ဖြောင့်လိုက်၏။

တစ်ဆက်တည်း အဘိုးကြီးတီလင်ကျို၏စကားသံ ထွက်ပေါ်လာသည်။

"ကျုပ်ကိုတိုက်တာ လေပွေကျွန်းက အဘွားကြီးဝန်လား"

အဘွားကြီးက ဘာမှပြန်မပြော။

အဘွားကြီးဝန်သည် ဖန်ဝေးအား ပရိယာယ်မာယာဆင်၍ သူသည် တစ်ဖက်လူသားကို ချစ်ခင်စာနာသယောင်ယောင်နှင့် လူကောင်းသဏ္ဍာန် ဟန်ဆောင်ထား၏။

ဤနည်းဖြင့် ...

ဖန်ဝေးအား ဆွဲဆောင်စည်းရုံးထားခဲ့သည်။

ဖန်ဝေးကလည်း အဘွားကြီးဝန်၏ဆွဲဆောင်စည်းရုံးမှုကြောင့် ယုံကြည်လေးစားသွားသည်။

အမှန်တွင်မူ ...

သိုင်းလောကက အဘွားကြီးဝန်အား စုန်းဘီလူးမကြီးဟု ခေါ်ဝေါ်သမုတ်ခဲ့ကြ၏။

တစ်မိုးအောက်တစ်ယောက် မဟာလူဆိုးကြီးလေးယောက်အနက်က အရက်စက်ဆုံး အကြမ်းကြုတ်ဆုံးမိန်းမကြီးပင်။

ယွဲ့ရန်ဟုန်က အဘွားကြီးဝန်၏ ကြမ်းကြုတ်သော စိတ်

www.burmeseclassic.com

www.burmeseclassic.com



စာတ်နှင့် အပြုအမူများကို သိထားသူဖြစ်သည်။

ထို့ကြောင့် ...

အဘွားကြီးဝန်အား သေမတတ် ကြောက်ရွံ့နေမိသည်။

ယခုပင် ...

အဘွားကြီးဝန်၏ ရက်စက်ကြမ်းကြုတ်မှုများက ပေါ်လွင်နေသည်။

အဘွားကြီးဝန်က မျက်ကန်းကြီးတီလင်ကျိဘက်သို့ ကြည့်ကာ အေးစက်စက်လေသံဖြင့်ပြောလိုက်သည်။

"အဘိုးကြီး တီလင်ကျိ ... ရှင်နဲ့ကျွန်မဟာ ရန်ငြိုးရန်စ မရှိခဲ့ကြဘူး။ ကျုပ်လည်း သိုင်းလောကထဲ ခြေမချတာ အတော်ကြာသွားပြီ၊ ကျုပ်ရဲ့စိတ်ထားဟာ အရင်ကလို ရက်စက်ကြမ်းကြုတ်မှုတွေ မရှိတော့တဲ့အတွက် ရှင် ... ဒီနေရာက အမြန်ဆုံးထွက်သွားပေတော့"

အဘိုးကြီးတီလင်ကျိုက အဘွားကြီးဝန်၏ မကောင်းသတင်းများကို ကြားခဲ့ပြီးဖြစ်၏။

အဘွားကြီးဝန်သည် တစ်ဖက်သိုင်းသမားနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် တိုက်ကွက်သုံးလေးကွက်အတွင်း အသက်ဇီဝိန်ကို ချွေယူတတ်သူဖြစ်သည်။



ဤမျှရက်စက်သော အဘွားကြီးဖြစ်သည်။

ယခု ...

ဤသို့ပြောနေခြင်းမှာ အဘွားကြီးဝန်၏ ထူးဆန်းသောလျို့ဝှက်ချက် တစ်စုံတစ်ရာရှိမည် ဖြစ်သည်။

ထို့ကြောင့် ...

အဘိုးကြီးတီလင်ကျိုက အဘွားကြီးဝန်ကို ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

"အဘွားကြီး ... ခင်ဗျားဟာ သိုင်းလောကမှာ ခြေမချတာ ကြာပေမယ့် ခု နုနုယ်ငယ်ငယ်ရွယ်တဲ့မိန်းကလေးကို အနိုင်ကျင့်နေတာဟာ ရှီးကျူးစရာပါပဲ"

"အဘိုးကြီး ... ဒီကိစ္စဟာ ရှင့်ကိစ္စမဟုတ်ဘူး၊ ရှင့်အသက်မသေချင်ရင် ဒီနေရာက အမြန်ဆုံးထွက်သွားပေတော့"

အဘိုးကြီးတီလင်ကျိုလက်ထဲမှ သံတုတ်ရှည်ကြီးကို မြေတွင် ဆောင့်ချလိုက်ရာ မြေကြီးထဲသို့ သုံးလေးပေမျှ နစ်ဝင်သွားသည်။

'ဒုတ်'

'ဝှီး'

သံတုတ်ရှည်ကြီး ရုတ်တရက်မြေတွင်နစ်ဝင်နေရာမှ

www.burmeseclassic.com

www.burmeseclassic.com



မြောက်တက်လာကာ အဘွားကြီးဝန့်ခြေထောက်အစုံကို ဖြတ်ရိုက်ချလိုက်သည်။

အဘွားကြီးဝန့်က သံတုတ်ရိုက်ချက်ကို အပေါ်သို့ခုန်ရှောင်လိုက်သည်။

ယွဲ့ရန်ဟုန်မှာ အဘိုးကြီးတီလင်ကျိအား ဝင်ရောက်ကူညီလိုသော်လည်း အဘွားကြီး၏သိုင်းပညာစွမ်းထက်မြက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကြောင့် ဝင်မကူရဲဖြစ်နေသည်။

အဘိုးကြီး တီလင်ကျိနှင့်အဘွားကြီးဝန့်တို့ တစ်ခဏလေးအတွင်းမှာပင် သိုင်းလေးငါးကွက်မျှ ယှဉ်ပြိုင်ပြီးဖြစ်နေသည်။

တီလင်ကျိ၏သိုင်းပညာမှာ အဘွားကြီးထက် နိမ့်ကျနေသဖြင့် နောက်ထပ် တိုက်ကွက်သုံးလေးဆယ်အတွင်း အရေးနိမ့်တော့မည်မှာ သေချာနေသည်။

ယွဲ့ရန်ဟုန်မှာ ...

ထွက်ပြေးရန်လည်းအခက် ...

တီလင်ကျိဘက်မှ ဝင်ကူရန်လည်းအခက် ... ဖြစ်နေသည်။

ယွဲ့ရန်ဟုန် အခက်တွေ့နေစဉ် ...

ရုတ်တရက် ...

လူငါးယောက် သူတို့ရှိရာသို့ လျှောက်လှမ်းလာနေသည်ကို



တွေ့လိုက်ရသည်။

လူငါးယောက်မှာ ခွန်းလွန်ဂိုဏ်းသားငါးယောက် ဖြစ်နေသည်။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန် လွန်စွာဝမ်းသာသွားသည်။

"ဦးရီးတော် တီလင်ကျိ ... ဦးရီးတော်ရဲ့ညီတော်ငါးယောက်ရောက်လာကြပြီ"

ယွဲ့ရန်ဟုန်၏ ပြောစကားကြောင့် အဘွားကြီးဝန့်မှာ မျက်နှာတစ်ချက်ပျက်သွားရလေသည်။

ရောက်လာကြသည့် ခွန်းလွန်ဂိုဏ်းမှ အဘိုးကြီးငါးယောက်က တီလင်ကျိနှင့်ပူးပေါင်းကာ အဘွားကြီးဝန့်အား ဝိုင်းထားလိုက်ကြသည်။

ယွဲ့ရန်ဟုန်မှာ တိုက်ပွဲမှ ပေသုံးလေးဆယ်မျှဝေးသောနေရာတွင် သွားရောက်ရပ်နေလိုက်သည်။

အဘိုးကြီးခြောက်ယောက် အဘွားကြီးဝန့်နားသို့ ကပ်လာနေသည်။

အဘွားကြီးဝန့်သည် အလယ်တွင် အဝိုင်းခံထားရပြီး ထွက်ပေါက်ရှာမရ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးဝန်နှင့် ခုနစ်ပေ၊ ရှစ်ပေခန့် ကွာသောအခါ အဘိုးကြီးခြောက်ယောက် ရှေ့ဆက်မတက်တော့ဘဲ ရပ်တန့်လိုက်ကြ၏။

ထိုစဉ် ...

အဘွားကြီးဝန်က မာန်သွင်းသံတစ်ချက်အော်ကာ သူနှင့် အနီးဆုံးအဘိုးကြီးထံ ခုန်ဝင်သွားသည်။

တစ်ဆက်တည်း ...

လက်ထဲမှ ငွေရောင်တုတ်ကောက်ရှည်ကြီးနှင့် အဘိုးကြီးအား လွှဲရိုက်ချလိုက်၏။

'ဗိုး'

အဘိုးကြီးမှာ အဘွားကြီး၏ ပြင်းထန်လှသောငွေရောင် တုတ်ကောက်ရှည်ရိုက်ချက်ကိုမခံနိုင်ဘဲ နောက်သို့သုံးလေးလှမ်း ဆုတ်ခွာသွားရသည်။

ကျန်အဘိုးကြီးငါးယောက်က အဘွားကြီးဝန်အား လက်နက် အသီးသီးဖြင့် စုပြုံတိုက်ခိုက်လေတော့သည်။

'ချွင်'

'ဗိုး'

'ဒုတ်'



'ချွင်'

အဘွားကြီးဝန်က ...

လက်နှစ်ဖက်ရှိ ငွေရောင်တုတ်ကောက်ရှည်ဖြင့် ခုနစ်ပေါက် ဓားကိုကိုင်ဆောင်ကာ စုပြုံရောက်လာသော လက်နက်များကို ခံ ဆောင်ဖယ်ရှားပစ်လိုက်သည်။

အဘိုးကြီးခြောက်ယောက်၏ တိုက်ကွက်များမှာ အပေး အယူမျှတပြီး တက်ညီလက်ညီရှိလှ၏။

လျင်မြန်ဖျတ်လတ်မှုနှင့် အရှိန်အဟုန်ပြင်းထန်မှုတို့ ပေါင်း စပ်ကာ အဘွားကြီးအား တိုက်ခိုက်နေကြသည်။

သို့သော် ...

အဘွားကြီးဝန်၏တိုက်ကွက်များမှာ လွန်စွာထက်မြက်လှ သည်ဖြစ်ရာ ...

အဘိုးကြီးခြောက်ယောက်၏ ပိုင်းဝန်းတိုက်ခိုက်မှုကို ခုခံ ကာကွယ်နိုင်သည်။

ထိုစဉ် ...

အဘိုးကြီးနှစ်ယောက်မှာ အဘွားကြီး၏တိုက်ခိုက်မှုကို မခံ နိုင်ဘဲ တိုက်ပွဲစည်းအပြင်ဘက်ကို ဆယ်ပေကျော်ခန့် လွင့်စဉ်ထွက် သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အား'

'အား'

ယဲ့ရန်ဟုန်မှာ ကြိုးတောင့်ကြိုးခဲ့သောတိုက်ပွဲကိုကြည့်ကာ သိုင်းပညာများကို နည်းနာခံယူနေသည်။

*



အမှန်တွင်မူ ...

ခွန်းလွန်ဂိုဏ်းသား အဘိုးကြီးခြောက်ဦးသည် ဖန်ဝေးကို ရှာရန် ခွန်းလွန်ဂိုဏ်းမှ အသီးသီးခွဲထွက်လာကြသည်။

သူတို့၏အစီအစဉ်မှာ ...

တစ်နှစ်တစ်ကြိမ် တွေ့ဆုံကြရန် ချိန်းထားကြ၏။

ယခု ...

သူတို့ညီနောင်ခြောက်ဦး တစ်ပြိုင်တည်း တွေ့ဆုံကြခိုက် ဖြစ်သည်။

အဘိုးကြီးခြောက်ယောက်အနက် ...

အဘိုးကြီးဆန်ဖုန်ကို တစ်ယောက်သာ အဘွားကြီးဝန်အား ခုခံတိုက်ခိုက်နိုင်သည်။

ကျန် ငါးဦးသောအဘိုးကြီးများကိုမူ အဘွားကြီးက အသာစီးမှနေ၍ တိုက်ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အဆင့်မြင့်သိုင်းသမားကြီးခြောက်ယောက် ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် အဘွားကြီးဝန်မှာ တဖြည်းဖြည်း အရေးနိမ့်လာတော့သည်။

အဘွားကြီးဝန်က သူ့တွင်ရှိသမျှ အတွင်းအားများကို စုစည်းကာ အစွမ်းကုန်ပြန်လည်တိုက်ခိုက်ခုခံနေသည်။

သို့သော် ...

အခြေအနေမလှ ဖြစ်နေ၏။

ယှဲ့ရန်ဟုန်အတွက်မူ ...

ဘေးမှကြည့်နေကာ တိုက်ပွဲ၏သိုင်းကွက်များကို ဗဟုသုတရနေ၏။

သူမသည် ...

ယင်းကဲ့သို့ မြင်တွေ့ဗဟုသုတယူနေခြင်းအတွက် သုံးနှစ်သုံးမိုး သိုင်းပညာသင်ယူလေ့ကျင့်သည်ထက်ပင် အကျိုးထူးများ များစွာရရှိခဲ့၏။

ထိုအခိုက် ...

အဘိုးကြီးတန်ဖုန်ကျိထံမှ စကားသံတစ်သံ ထွက်ပေါ်လာသည်။



"လေပွေကျွန်းရှင် ... ကျုပ်တို့ ဒီမှာလာဆုံကြမယ်လို့ မထင်မိခဲ့ဘူး"

"ဒါပေမဲ့ ငါ အဘွားကြီးကို ရှင်တို့ အဘိုးကြီးခြောက်ဦးက ခုလို အနိုင်ဗိုင်းပြီးကျင့်တာက သူရဲကောင်း မပီသပါဘူး"

တန်ဖုန်ကျိက ...

"ဒီလို ဘယ်ဟုတ်မလဲ ... ခင်ဗျား သိုင်းလောကထဲကို ခြေချမလာတာ တော်ကြာခဲ့ပြီ၊ ခု ခြေချလာပြန်တော့လည်း ဘာလို့ သူများကိုဒုက္ခပေးနေရတာလဲ၊ ကျုပ်သဘောပြောရရင် ခင်ဗျား လေပွေကျွန်းကိုပြန်သွားပြီး ခင်ဗျားရဲ့နာမည်ကျော်ကြားမှုကို ဆက်လက်ထိန်းသိမ်းထားစေချင်တယ်"

အဘိုးကြီးတန်ဖုန်ကျိ၏ စကားကို အဘွားကြီးက သဘောကျစွာ ရယ်မောရင်း ...

"ဟား ဟား ဟား ... အဘိုးကြီးတန်ဖုန်ကျိ အပိုစကားတွေ ပြောမနေနဲ့ ... ဟောဒီက ကျုပ်ရဲ့ ငွေရောင်တုတ်ကောက်ရှည်နဲ့ ခုနစ်ပေါက်ဓားကိုကြည့်"

တန်ဖုန်ကျိက လေသံအေးအေးဖြင့် ...

"ကျုပ်တို့ခြောက်ဦးဟာ ဘယ်သူ့ကိုမှ မတရားမလုပ်ခဲ့ဘူး။ ခင်ဗျား သိုင်းလောကမှာ ပြဿနာမရှာရင်တော့ ကျုပ်တို့က မတိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုက်ပါဘူး၊ ဒါပေမဲ့ ခုလို မိန်းမငယ်တစ်ယောက်ကို အနိုင်ကျင့်နေတာကိုတော့ ကြည့်မနေနိုင်ဘူး"

အဘွားကြီးဝန်က အေးတိအေးစက်ဟန်နှင့် ...

"ရပါတယ် ... ရှင်တို့ခြောက်ဦးရဲ့ စုပေါင်းတိုက်ခိုက်တဲ့ တိုက်ကွက်ကို ကျုပ်ရင်ဆိုင်ကြည့်ပါဦးမယ်"

စကားဆုံးသည်နှင့် အဘိုးကြီးခြောက်ဦးတို့က ရှေ့နောက်ဝဲယာညှပ်၍ အဘွားကြီးဝန်အား လက်နက်မျိုးစုံဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

အဘွားကြီးဝန်က ရှေ့နောက်အဘိုးကြီးနှစ်ယောက်၏ လက်နက်ကို လျှပ်တစ်ပြက် ဆွဲလုယူသွားသည်။

အလုခံရသောလက်နက်များကိုပြန်ရယူရန် ကြိုးစားသော်လည်း အချည်းနှီးပင်။

ထိုစဉ် ...

ဝဲယာမှ အဘိုးကြီးနှစ်ယောက်က အဘွားကြီးဝန်အား ဝင်ရောက်တိုက်ခိုက်ရာ အဘွားကြီး၏ ပြန်လည်တိုက်ခိုက်မှုကြောင့် အဘိုးကြီးနှစ်ယောက်မှာ အပြင်သို့ လွင့်စဉ်ထွက်သွားသည်။

လွင့်ထွက်သွားသော အဘိုးကြီးနှစ်ယောက်မှာ အဘွားကြီး၏ ပြင်းထန်သောလက်ဝါးရိုက်ချက်ကြောင့် အတွင်းဒဏ်ရာ ရသွား



ကြသည်။

ကျန်လေးယောက်မှာ ပိုမိုဂရုတစိုက်ဖြင့် အဘွားကြီးဝန်အား တိုက်ခိုက်နေရ၏။

လေးယောက်နှင့်တစ်ယောက် တိုက်ခိုက်နေသော်လည်း ပွဲမှာ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်တိုက်ခိုက်နေရသည့်ပွဲ ဖြစ်သည်။

အဘိုးကြီးတန်ဖုန်ကျိုမှာ အဘွားကြီးဝန်အား အသေအလဲ ယှဉ်ပြိုင်တိုက်ခိုက်နေရ၏။

ယွဲ့ရန်ဟုန်မှာ အဆင့်မြင့်သိုင်းသမားများ၏ တိုက်ပွဲကို ကြည့်ကာ မျက်တောင်ခတ်ဖို့ကိုပင် မေ့နေသည်။

အထူးသဖြင့် သူမ၏လိုအပ်သော ဟာကွက်ဖြစ်နေသော သိုင်းကွက်များကို ထိုတိုက်ပွဲမှသိုင်းပညာများဖြင့် နည်းနာခံယူကာ ဖြည့်စွက်နေသည်။

ယွဲ့ရန်ဟုန် ကြည့်နေရင်း ညီနောင်လေ ဖက်အနက်မှ အဘိုးကြီးနှစ်ယောက်၏လက်နက်များ အဘွားကြီးလက်ထဲ ပါသွားပြန်သည်။

ယခုအချိန်ထိ အဘွားကြီးဝန်မှာ မည်သည့်ဒဏ်[illegible] မရသေး။

www.burmeseclassic.com

www.burmeseclassic.com



မောပန်းပင်ပန်းဟန်လည်း မမြင်ရ။

အဘွားကြီးဝန်၏သိုင်းပညာမှာ အစွမ်းထက်လှသည်။

အဘွားကြီးဝန်မှာ အင်မတန် မာနကြီးသူဖြစ်၏။

သူ့အား တစ်ဖက်ရန်သူက ဝန်ချမတောင်းပန်လျှင် ခွင့်လွှတ်တတ်ခြင်း မရှိ။



ခွန်းလွန်ဂိုဏ်း၏ရတနာသုံးပါးဖြစ်သော ...

လျှို့ဝှက်သိုင်းကျမ်း၊

နှစ်တစ်ထောင်ဆေးမြစ်၊

အေးစိမ့်ဓားမြှောင် ...

စသည့် ရတနာသုံးပါး ပျောက်ဆုံးသွားကြောင်း ကြားသိခဲ့ရ၏။

အမှန်တွင်မူ ...

ခွန်းလွန်ဂိုဏ်းမှ ရတနာသုံးပါးမှာ ပျောက်ဆုံးသွားခြင်း မဟုတ်။

ဖန်ဝေး၏မိခင်က ခိုးယူထွက်ပြေးသွားခြင်းဖြစ်သည်။

ဤအကြောင်းကို အဘွားကြီးဝန်က ကြားသိထား၏။

ထို့ကြောင့် ...

အဘွားဝန်က လျှို့ဝှက်သိုင်းကျမ်းကို အရယူပြီးလျှင် သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပညာများကို သုံးလေးနှစ်မျှ အပြင်းအထန်လေ့ကျင့်ရန် စိတ်ကူးထားသည်။

ဤသို့လေ့ကျင့်ပါက သိုင်းလောကတွင် မိမိအား မည်သူမျှ ယှဉ်ပြိုင်၍မရတော့ပေ။

ဘွားဘွားဝန်က ထိုအကြောင်းများကို သိရှိသဖြင့် ဖန်ဝေးနောက်သို့ တိတ်တဆိတ် တကောက်ကောက် လိုက်နေခဲ့သည်။

ထို့ပြင် ...

ရွှေမျက်နှာ ကိုယ်တော်ကျင်လိုဟန်၊

မျက်နှာမည်း ကိုးဝင်စင်၊

လေပွေဓားသမား ချွေးချီ၊

ဓားမြတ်ကိုယ်တော်ကြီး ချောင်ပုယင်းနှင့်

ကြာပန်းမယ်တို့သည်လည်း မိမိနည်းတူ ဖန်ဝေးအား လိုက်လံရှာဖွေနေကြောင်း သိထားသည်။

ဤသို့ဖြင့် ဘွားဘွားဝန်မှာ ဖန်ဝေးအား ချောက်ထဲရှိ ကျောက်ဂူထဲတွင် မမျှော်လင့်ဘဲ တွေ့ခဲ့ရသည်။

ခွန်းလွန်ဂိုဏ်း၏ လျှို့ဝှက်သိုင်းကျမ်းသည် မည်သည့်နေရာတွင်ရှိနေကြောင်း ဖန်ဝေးသိရမည်ဟု ဘွားဘွားဝန် ကျိန်းသေတွက်ဆထားသည်။



တစ်ဖန် ...

ဖန်ဝေးအား အကြမ်းကိုင်ကာ ခြောက်လှန့်ကြိမ်းမောင်း မရနိုင်ကြောင်း အကဲခတ်မိသဖြင့် မိမိ၏ ရက်စက်ကြမ်းကြုတ်သော စိတ်ဓာတ်နှင့် အပြုအမူများကို ဖန်ဝေးအပေါ် လုံးဝပြောင်းလဲလိုက ရ၏။

ဖန်ဝေး မိမိအပေါ် ယုံကြည်ကိုးစားလာရန်နှင့် ဆွေမျိုးရ ချာတစ်ယောက်ကဲ့သို့ သဘောထားခင်မင်လာစေရန် ဘွားဘွား ဖန်တီးလုပ်ဆောင်ခဲ့သည်။

နောက်ဆုံး ...

မိမိ အတွင်းဒဏ်ရာရလေဟန် ဆောင်လိုက်ရတော့၏။

မိမိအတွင်းဒဏ်ကို ခွန်းလွန်ဂိုဏ်းမှ လျှို့ဝှက်သိုင်းကျမ်း ရှာဖွေတွေ့ရှိနိုင်မှသာ ကုစား၍အသက်ရှင်သန်နိုင်တော့မည်ဖြ ကြောင်း အကွက်ဆင်လိုက်၏။

ဖန်ဝေးကိုလည်း မိမိ၏အတွင်းဒဏ်ရာကုသရန် အကြော ပြု၍ လျှို့ဝှက်သိုင်းကျမ်းရှာဖွေရန် သိုင်းလောကတွင်းသို့ ပရိယာ ဖြင့် စေလွှတ်ခဲ့သည်။

အဘွားကြီးဝန်မှာ ဖန်ဝေးစိတ်ဓာတ်ကို ကောင်းစွာသိ ထားသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးသည် မဟုတ်မခံစိတ်ဓာတ်ရှိသည်။

သူတစ်ပါးကို ကူညီလိုသောဆန္ဒ ဖန်ဝေးတွင် များစွာရှိနေခဲ့သည်။

သူ၏သိုင်းပညာဖြင့် ဒုစရိုက်သမားဆိုးများကိုလည်း ချေမှုန်းကာ တရားဥပဒေ၏လက်တွင်းသို့ ဖမ်းဆီးပို့ဆောင်လိုသောဆန္ဒနှင့် စိတ်ဓာတ် ဖန်ဝေးတွင် ကိန်းအောင်းလျက်ရှိကြောင်း ဘွားဘွားဝန် သိရှိခဲ့၏။

တစ်ဖန် ...

မှန်ကန်တည်ကြည်သော ဥပဒေဘက်တော်သားဗီဗီ သိုင်းသမားလူစွမ်းကောင်းတစ်ယောက်ဖြစ်လို၍ ဖန်ဝေး ကြိုးစားကျင့်ကြံနေကြောင်းကိုလည်း ဘွားဘွားဝန် ရိပ်မိခဲ့သည်။

ထို့ကြောင့် ...

မိမိသည် မကောင်းမှုဒုစရိုက်အလုပ်များကို ကျူးလွန်နေသော လူတစ်ယောက်အဖြစ် ဖန်ဝေး မသိရှိ၊ မရိပ်စားမိစေရန် အတတ်နိုင်ဆုံး ကြိုးစားဖုံးကွယ်ဟန်ဆောင်နေခဲ့ရခြင်းပင်။

ဖန်ဝေး၏ မှန်ကန်သော သူရဲကောင်းစိတ်ဓာတ်များကြောင့် အဘွားကြီးဝန်မှာ ဖန်ဝေးအား စိတ်မချနိုင်အောင်ရှိနေသည်။

ဖန်ဝေးနောက်သို့လည်း အရိပ်ပမာ တကောက်ကောက်



လိုက်ပါနေခဲ့၏။

အဘွားကြီးဝန် သူ၏လက်နက်နှစ်စုံရှိသည့်အနက် ငွေရောင်တုတ်ကောက်ရှည်နှင့် ခုနစ်ပေါ်ခါ်ဓားကို ဖန်ဝေးအား တမင်ပေးအပ်လိုက်သည်။

ဤလက်နက်ပစ္စည်းများ ပေးအပ်လိုက်ခြင်းကြောင့် ဖန်ဝေးသည် လေပွေကျွန်းမှ ဒုစရိုက်သမားတစ်ယောက်အဖြစ် သိုင်းလောကမှလူများ သိသာစေရန် ရည်ရွယ်ချက်ဖြင့် ဘွားဘွားဝန်က လက်နက်များကို ပေးအပ်လိုက်ခြင်းပင်။

ငင်းလက်နက်များကိုမြင်ပြီး အခြားသောသိုင်းသမားကောင်းများ ဖန်ဝေးအား မပေါင်းမိစေရန် ဖန်တီးအကွက်ဆင်လိုက်ခြင်းပင်။

သို့သော် ...

ဖန်ဝေးကိုင်ဆောင်သော လက်နက်များနှင့်ပတ်သက်၍ တစ်နေ့နေ့ တစ်ချိန်ချိန် သိုင်းလောကမှလူများ ဖန်ဝေးကို မေးလာမည်ဟုလည်း ကြိုတင်တွက်ဆထားခဲ့သည်။

ဘွားဘွားဝန်သည် တစ်မိုးအောက်တစ်ယောက်ဘွဲ့ရ မဟာလူဆိုးကြီးလေးယောက်အနက်မှ တစ်ယောက်ဖြစ်ကြောင်း ဖန်ဝေးကို တစ်စုံတစ်ယောက်သောလူက ပြောပြပါက ထိုသူအား စကားမပြော

www.burmeseclassic.com



နိုင်ရန် အဝေးမှ လက်နက်ပုန်းဖြင့် ပစ်ခတ်ပိတ်ဆို့ခဲ့သည်။

ယွဲ့ရန်ဟုန်တစ်ယောက် မိမိအကြောင်းများကို ဖန်ဝေးအား ကျောက်ဂူလေးထဲတွင်ပြောပြရန် ကြိုးစားခဲ့စဉ်က မိမိ ယွဲ့ရန်ဟုန်အား အကြောပိတ်ခဲ့သည်။

ဘွားဘွားဝန် သိုင်းလောကတွင် ကြောက်ရွံ့သူတစ်ယောက် ရှိသည်။

ထိုလူမှာ ...

တေလေဂိုဏ်းချုပ်ကြီး မာစွမ်းစိပင်ဖြစ်သည်။

မာစွမ်းစိ၏သိုင်းပညာမှာ ဘွားဘွားဝန်ထက် သာလွန်မြင့်မားလှ၏။

သိုင်းလောက၏ ပထမလူလည်းဖြစ်သော မာစွမ်းစိကို တော့ ဘွားဘွားဝန်လန့်၏။

အမှန်တွင်မူ ...

အဘွားကြီးဝန်မှာ လွန်စွာကြောက်မက်ဖွယ်ကောင်းသော လေပွေကျွန်းမှ ဒုစရိုက်မိန်းမရိုင်းကြီးသာ ဖြစ်သည်။

သို့သော် ... ဖန်ဝေးမှာ ဘွားဘွားဝန်၏အကြောင်းများကို လုံးစေ့ပတ်စေ့သိရှိထားသူမဟုတ်၍ သံသယဥ်ရှိခဲ့သည်။

ထို့ကြောင့်လည်း ...



ဘွားဘွားဝန်အတွက် ခွန်းလွန်ဂိုဏ်းမှ လျှို့ဝှက်သိုင်းကျမ်းကို ရှာဖွေရန်အတွက် ခရီးထွက်လာခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးဝန်သည် ...

ခွန်းလွန်ဂိုဏ်းသား အဘိုးကြီးခြောက်ဦးနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ခွန်းလွန်ဂိုဏ်းသားနှစ်ဦးမှာ အတွင်း ဒဏ်ရာ ရရှိသွားခဲ့၏။

နှစ်ဦး၏လက်နက်များကို လုယူနိုင်ခဲ့၏။

အဘိုးကြီးခြောက်ဦးအနက် ... တီလင်ကျီနှင့် တန်ဖုန်ကျီတို့နှစ်ယောက်သာ အကောင်းပကတိကျန်ခဲ့သည်။

ထို့ပြင် ...

အဘွားဝန်မှာလည်း ...

အဘိုးကြီးနှစ်ယောက်၏ ဂရုတစိုက်တိုက်ခိုက်မှုကြောင့် ဘွားဘွားဝန် အတွင်းဒဏ်ရာရသွားခဲ့သည်။

ဘွားဘွားဝန် စိတ်ထဲမှ ကျိတ်၍တွေးလိုက်၏။

"ငါ ခွန်းလွန်ဂိုဏ်းရဲ့ လျှို့ဝှက်သိုင်းကျမ်းကိုသာရခဲ့ရင် အ



လွန်ဆုံးလေ့ကျင့်ရ သုံးလေးနှစ်ပဲ၊ သုံးလေးနှစ်ကျော်ခဲ့ပြီးရင်တော့ သင်းတို့နှစ်ယောက် ငါ လက်တဲ့ပြန်ဆုံးမသွန်သင်ပစ်ရမယ်"

အဘွားကြီး တိုက်ခိုက်နေရင်း ဤသို့ စိတ်ကူးလိုက်သည်။

အဘိုးကြီးနှစ်ယောက်အနက် တန်ဖုန်ကျီကိုသာ ဘွားဘွားဝန် ဂရုစိုက်နေရ၏။

ကျန်တစ်ယောက်ဖြစ်သော တီလင်ကျီကိုမူ ဘွားဘွားဝန်က လုံးဝဂရုစိုက်ခြင်းမရှိ။

ထိုအခိုက် ...

အဘိုးကြီးတန်ဖုန်ကျီထံမှ စကားသံတစ်သံ ထွက်ပေါ်လာသည်။

"ဘွားဘွားဝန် ... ခင်ဗျားလက်ချက်ကြောင့် ကျုပ်တို့ရဲ့ လူနှစ်ယောက်အတွင်းဒဏ်ရာရသွားတယ်၊ နှစ်ဦးကတော့ လက်နက်အလုခံလိုက်ရတယ်၊ ဒါပေမဲ့ ခင်ဗျားလည်း အခု အတွင်းဒဏ်ရာရနေပြီ ...

ဒီတော့ ဘယ်သူ့ဘယ်သူမှ သာတယ်၊နာတယ်မထင်ပါနဲ့ ခင်ဗျားမှာရနေတဲ့ အတွင်းဒဏ်က ရက်နှစ်ဆယ်အတွင်းမှာ ကုသနိုင်မှ ပျောက်ကင်းချမ်းသာနိုင်မယ်၊ ရက်နှစ်ဆယ်ကျော်သွားခဲ့ရင် ခင်ဗျားရဲ့အသက်အန္တရာယ် စိုးရိမ်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးတန်ဖုန်ကျိုက ဘွားဘွားဝန်အား အကဲခတ်သလို ကြည့်၍ဆက်လက်ပြောပြန်သည်။

"ဒီတော့ အကောင်းဆုံးက ခုချက်ချင်း လေပွေကျွန်းမှာ ပြန်ပြီးအနားယူ၊ ရထားတဲ့အတွင်းဒဏ်ရာကို ကုသတာဟာ အမှန်ကန်ဆုံးဖြစ်ပါလိမ့်မယ်"

ဘွားဘွားဝန်က အေးစက်စက်လေသံဖြင့် ပြန်ပြောလိုက်သည်။

"ရှင်တို့ရဲ့ စုပေါင်းတိုက်ကွက်တွေက မဆိုးပါဘူး၊ ဒါပေမဲ့ နောက်သုံးနှစ်ဆို ရှင်တို့အဘိုးကြီးခြောက်ဦး ကျုပ်အဘွားကြီးကို လုံးဝယှဉ်ပြိုင်နိုင်တော့မှာမဟုတ်ဘူး။ ရှင်တို့ ခြောက်ဦးမပြောနဲ့ ... သိုင်းလောကရဲ့ ပထမလူဖြစ်တဲ့ တေလေဂိုဏ်းချုပ်ကြီး မာစွမ်းစိတောင် ငါအဘွားကြီးကို ယှဉ်ပြိုင်နိုင်တော့မှာ မဟုတ်ဘူး"

အဘိုးကြီးတန်ဖုန်ကျိုက အေးဆေးသောအမူအရာဖြင့် ...

"အဘွားကြီးဝန် ... ခုဆို ကျုပ်တို့ဘက်က လူလေးဦး အတွင်းဒဏ်ရခဲ့တယ်၊ ဒါတောင် ခင်ဗျားက မကျေနပ်နိုင်သေးဘူးလား"

ဤတွင် အဘွားကြီးဝန် ရုတ်တရက်တစ်စုံတစ်ခုကို သတိရလိုက်၏။



အရှိုးစုဂိုဏ်းချုပ်အဘိုးကြီးသည် မိမိအား ယှဉ်ပြိုင်တိုက်ခိုက်ရန် လိုက်ရှာနေကြောင်း ပြန်စဉ်းစားမိလိုက်၏။

အကယ်၍ ...

ယခုအချိန် မမျှော်လင့်ဘဲ အရှိုးစုဂိုဏ်းချုပ်ကြီး ဤနေရာသို့ ရောက်လာကာ မိမိနှင့်ယှဉ်ပြိုင်တိုက်ခိုက်ပါက မိမိမှာ အတွင်းဒဏ်ရနေ၍ မရှုမလှရှုံးတော့မည်ဟု သိရှိလိုက်တော့၏။

ထို့ကြောင့် ...

အဘွားကြီးဝန်က အဘိုးကြီးတန်ဖုန်ကျိုအား ကြည့်ကာ မျက်နှာထားတစ်မျိုး ပြောင်း၍ပြောလိုက်သည်။

"အဘိုးကြီးတန်ဖုန်ကျို ... ငါအဘွားကြီး ရှင့်ကို တစ်ခုပြောချင်တယ် ... ဒီကနေ့ တိုက်ခိုက်ခဲ့တဲ့အကြောင်း အရှိုးစုဂိုဏ်းချုပ်အဘိုးကြီးကို အသိမပေးပါနဲ့"

အဘိုးကြီးတန်ဖုန်ကျိုက ...

"စိတ်ချပါ ... ကျုပ်တို့ အရှိုးစုဂိုဏ်းချုပ်ကို မပြောပါဘူး၊ ဒီကနေ့ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေ ဒီနေရာမှာ အားလုံးကိုမေ့ပစ်လိုက်မှာပါ"

တန်ဖုန်ကျို စကားဆုံးသည်နှင့် ဘွားဘွားဝန်က မိန်းမချောလေး ယွဲ့ရန်ဟုန်ဘက်လှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ချာတိတ်မလေး"

"ဟုတ်ကဲ့ ... ကျွန်မကို ဘာများမှာချင်လို့ပါလဲ"

"နင့်ရဲ့မျက်နှာကို နင့်ရဲ့ကတိအတိုင်း ရုပ်ဆိုးတဲ့မျက်နှာဖုံး ပြန်စွပ်ထားရမယ်၊ ငါ ဒီကနေ့ သေသေးတာမဟုတ်ဘူး၊ တကယ်လို့ နောင်တစ်ချိန် နင့်မျက်နှာ ပင်ကိုအတိုင်းတွေ့ရရင် နင် အသက်ချမ်းသာမှာ မဟုတ်ဘူး၊ ငါ့အဘွားကြီးပြောတဲ့အတိုင်း နင် ဆက်ဆက်သာ လိုက်နာပေတော့"

မိန်းမချောလေးယွဲ့ရန်ဟုန်က ကြောက်ကြောက်လန့်လန့်ဖြင့် ...

"ဟုတ် ... ဟုတ်ကဲ့ ဘွားဘွားဝန် ... ကျွန် ... ကျွန်မ လိုက်နာပါ့မယ်"

မိန်းမချောလေး၏ စကားဆုံးသွားသောအခါ အဘွားကြီးသဘောကျစွာ ဟားတိုက်ရယ်မောလိုက်၏။

အဘွားကြီးဝန်မှာ အတွင်းဒဏ်ရာရနေသည့်ကြားမှ ဟားတိုက်ရယ်မောနိုင်သည်။

ရယ်မောသံဆုံးသွားသောအခါ ...

အဘွားကြီးဝန်က ခွန်းလွှန်ပိုဏ်းသား အဘိုးကြီးခြောက်ဦးနှင့် မိန်းမချောလေးယွဲ့ရန်ဟုန်အား တစ်ယောက်ချင်း လှည့်ပတ်



အကဲခတ်ကြည့်ရှုလိုက်ပြီးနောက်မှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးဝန်ထွက်ခွာသွားသည်နှင့် ...

အဘိုးကြီးတန်ဖုန်ကျိက တစ်ယောက်တည်း ရေရွတ်ပြောဆိုလိုက်၏။

"အင်း ... တို့ခြောက်ဦးကို မယှဉ်နိုင်သမျှ ဒီအဘွားကြီးလာတော့မှာ မဟုတ်ဘူး"

ပြီး ...

အဘိုးကြီးတန်ဖုန်ကျိ မိန်းမချောလေးယဲ့ရန်ဟုန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ယဲ့ရန်ဟုန်၏ ချောမောပြေပြစ်သော ရုပ်ရည်ကိုကြည့်ကာ ဆရာကောင်းတပည့်ဖြစ်ရမည်ဟု တွေးမိကာ မေးလိုက်၏။

"သူငယ်မ ... မင်းဆရာ့နာမည် ဘယ်သူလဲ"

ယဲ့ရန်ဟုန်မှာ ...

ထိုအဘိုးကြီးခြောက်ဦးသည် ...



ဖန်ဝေးအား လိုက်ရှာနေကြသည့် ခွန်းလွန်ဂိုဏ်းမှ အဘိုးကြီးခြောက်ဦးပင်ဖြစ်ကြောင်းကို သိထားသည်။

မိမိမှာလည်း ...

အမည်းရောင်ဂိုဏ်းမှ ဂိုဏ်းသားတစ်ဦးဖြစ်နေသည် မဟုတ်ပါလား။

ထို့ကြောင့် ...

အဘိုးကြီးခြောက်ဦးအား တစ်နေရာသို့လှည့်စားခေါ်သွားရန် စိတ်ကူးလိုက်၏။

နောက်ဆုံး ...

ယဲ့ရန်ဟုန်က နောက်သို့ ပေသုံးလေးဆယ်အထိ ဆုတ်လာပြီး လှမ်းအော်ပြောလိုက်၏။

"ကျွန်မဟာ သွေးလက်ဝါးဂိုဏ်းချုပ်ရဲ့တပည့်ပဲ ဖြစ်ပါတယ်"

အဘိုးကြီးတန်ဖုန်ကျိမှာ မယုံကြည်နိုင်အောင်ပင် အံ့ဩသွား၏။

မိန်းကလေးမှာ နုငယ်ပြေပြစ်သောရုပ်ရည်နှင့် စကားပြောဆိုရာတွင် သွက်လက်ချက်ချာကာ ယဉ်ကျေးသိမ်မွေ့ဟန်များ ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအတွက် ...

အဘိုးကြီးတန်ဖုန်ကျိုက နှမြောတသဖြစ်ကာ ယွဲ့ရန်ဟုန်အား ပြန်လည်အော်ဟစ်ပြောဆိုလိုက်၏။

"မိန်းကလေး ... မင်းအသက်ဟာ ငယ်ငယ်ရွယ်ရွယ်လေးပဲ ရှိပါသေးတယ်၊ မင်းရဲ့ရုပ်ရည်လေးကလည်း လှပချောမောပြီး အပြောအဆိုကလည်း သွက်လက်ချက်ချာတယ်၊ ဒီအတွက် မင်းရဲ့နောင်ရေးဟာ သာယာစိုပြည်လာနိုင်တယ် ...

မင်းဟာ သွေးလက်ဝါးဂိုဏ်းချုပ်ရဲ့တပည့် ဖြစ်ပေမယ့် သိုင်းလောကမှာ မကောင်းမှုဒုစရိုက်လုပ်ငန်းတွေကို မလုပ်ဆောင်ပါနဲ့၊ သိုင်းလောကလူအများရဲ့ အမုန်းကိုလည်း မခံပါနဲ့၊

ကိုယ်တတ်ကျွမ်းတဲ့ သိုင်းပညာနဲ့ အများအကျိုးရှိစေမယ့်နေရာတွေမှာ အသုံးချပါ၊ အကောင်းဆုံးကတော့ ဥပဒေကို ကိုယ်စားပြုတဲ့ သိုင်းသမားကောင်းတစ်ယောက်ဖြစ်အောင် အမြဲကြိုးစားပါ"

အဘိုးကြီးခြောက်ယောက်မှာ ...

မိမိအတွက် စေတနာကိုရှေ့ထားကာ ကောင်းရာကောင်းကြောင်းဖြစ်နေသည့်အတွက် စိတ်ထဲမှ ကျိတ်၍ ကျေးဇူးတင်မိသည်ကတော့ အမှန်။



သို့သော် ...

မိမိအကြံက ...

ဒီအဘိုးကြီးခြောက်ဦး ဖန်ဝေးနှင့်မတွေ့စေရန် မျှားခေါ်ကာ

ဆန့်ကျင်ဘက်လမ်းသို့ ခေါ်သွားရန် အကြံရှိသည်။

အဘိုးကြီးခြောက်ဦးက မိမိမျှားခေါ်သည့်ဘက်ကို လိုက်

လာကြခြင်း မရှိ။

နေရာတွင်သာ ရပ်လျက်သားရှိနေကြ၏။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန် အခက်တွေ့နေလေသည်။

သူတို့သည် ခွန်းလွန်ဂိုဏ်း၏ ရတနာတစ်ပါးဖြစ်သော မိမိ

တွင်ရှိနေသည့် အေးစိမ့်ဓားမြှောင်ကို ထုတ်ပြလိုက်လျှင် မိမိနောက်

သို့ လိုက်လာကြမည်ဟု ထင်မိသည်။

မည်သို့ပင်ဖြစ်စေ ...

မိမိသည် ဖန်ဝေးအတွက် အနစ်နာခံရန် ဆုံးဖြတ်လိုက်၏

ဆုံးဖြတ်ချက်ချပြီးသည်နှင့် ...

ယွဲ့ရန်ဟုန်က အေးစိမ့်ဓားမြှောင်လေးကို အဘိုးကြီးခြောက်

ဦးမြင်နိုင်စေရန် လက်တွင် ကိုင်၍ပြလိုက်၏။

အေးစိမ့်ဓားမြှောင်လေးကို ယွဲ့ရန်ဟုန်လက်တွင် ကိုင်ဆော

www.burmeseclassic.com

www.burmeseclassic.com



ထားသည်ကို မြင်လိုက်ရသည်နှင့် အဘိုးကြီးတန်ဖုန်ကျိ အံ့သြတုန်လှုပ်သွားကာ ...

"ဟင် ... တို့ရဲ့ပျောက်ဆုံးသွားတဲ့ အေးစိမ့်ဓားမြှောင်လေးပါလား"

ယွဲ့ရန်ဟုန်က ခွန်းလွန်ဂိုဏ်းမှ သက်တော်ရှည်အဘိုးကြီးချင်မိန်ကျိ၏စိတ်အာရုံအား ပြောင်းလဲသွားစေရန် ...

သူ့မတွင်ရှိနေသော အေးစိမ့်ဓားမြှောင်လေးကို ထုတ်ပြလိုက်ခြင်းဖြစ်၏။

အေးစိမ့်ဓားမြှောင်လေးကို ထုတ်ပြလိုက်ရင်း အဘိုးကြီးများအား ယှဉ်ကွက်တစ်ခုဖန်တီးရန် ကြံစည်စိတ်ကူးထားသည်။

ထိုသို့ ...

အရောင်တဖျပ်ဖျပ်တောက်နေသည့် အေးစိမ့်ဓားမြှောင်လေးကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် အဘိုးကြီးချင်မိန်ကျိက အလန့်တကြား လှမ်းမေးလိုက်၏။

"ဟေ့ မိန်းကလေး ... နင့်လက်ထဲက ဓားမြှောင်က ဘယ်က ရလာတာလဲ"

ယွဲ့ရန်ဟုန်မှာ မိမိဆင်ကွက်ကို ဝင်လာပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။



သူ့မစိတ်ထဲတွင် ကျေနပ်သလိုခံစားလိုက်ရ၏။

ယွဲ့ရန်ဟုန်က မချိုမချဉ်ပြုံး၍ ...

"ဦးရီးတော်တို့ သိချင်ရင် ကျွန်မပြောပြပါမယ်"

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

ယွဲ့ရန်ဟုန်က အေးဆေးစွာပင် အေးစိမ့်ဓားမြှောင်လေးကို
..ကြားထဲ ပြန်ထိုးထည့်လိုက်သည်။

ယခု ...

သူမ၏အပြုအမူမှာ ...

သူမ တိတ်တခိုးချစ်သူ ဖန်ဝေးအား ထိုအဘိုးကြီးခြောက်
..ယာက်က ဆက်လက်ဒုက္ခမပေးရန် ရည်ရွယ်ချက်ဖြင့် ဟန့်တား
..က်ခြင်းပင်။

တစ်နည်းအားဖြင့် ...

ပြဿနာကို ဖွတ်အတင်း ရှုပ်ထွေးသွားအောင် ဖန်တီးလိုက်
..းလည်း ဖြစ်၏။

ယွဲ့ရန်ဟုန်က အေးဆေးတည်ငြိမ်သောလေသံဖြင့် အဘိုး
..းခြောက်ယောက်အား ကြည့်ကာ ပြောလိုက်၏။



"ဒီဓားမြှောင်လေးကို ကျွန်မ တစ်ဦးတစ်ယောက်ဆီက ရ
လိုက်တာပါ"

အဘိုးကြီး ချင်မိန်ကျိုက ...

"မိန်းကလေး ... ဒီဓားမြှောင်ရဲ့ မူလပိုင်ရှင်ကို မင်း သိသ
လား"

"ဟင့်အင်း ... ကျွန်မ ဘယ်သိမလဲ၊ ဓားမြှောင်လေးက
သိပ်ချစ်စရာကောင်းတာနဲ့ အတင်းတိုက်ခိုက်ယူထားလိုက်တာပါ"

ယွဲ့ရန်ဟုန်က ဤသို့လိမ်လည်ပြောဆိုလိုက်လေသည်။

ချင်မိန်ကျိုက ဆက်လက်ပြောပြန်သည်။

"ဒီဓားမြှောင်လေးဟာ တို့ခွန်းလွန်ဂိုဏ်းရဲ့ အမြတ်တနိုး
ထားတဲ့ ရတနာတစ်ပါးပါပဲ၊ ဒီပစ္စည်းပျောက်နေတာ နှစ်ပေါင်း အ
တော်ကြာသွားပြီ၊ တို့ညီနောင်ခြောက်ယောက် လိုက်ရှာနေတာဟာ
နေရာတွေနှံ့နေပြီ၊ ခု မိန်းကလေးဆီမှာ မမျှော်လင့်ဘဲ လာတွေ့နေ
ရတယ်"

သို့သော် ...

အဘိုးကြီးချင်မိန်ကျိုး၏ စကားထဲတွင် ပြန်တေ..င်းလိုသော
စကား ပါမလာ။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်က အဘိုးကြီး၏စိတ်ကို မခံချင်အောင် ဆွပေးလိုက်ပြန်သည်။

"အို ... ဦးရိုးတော်တို့ ဓားမြှောင်ဖြစ်နိုင်ပါ့မလား ... ဘာအထောက်အထားများရှိနေလို့လဲ"

သူမက လုံးဝမယုံကြည်သောအမူအရာဖြင့် အဘိုးကြီး ချင်မိန်ကျိကို တစ်ချက်စိုက်ကြည့်လိုက်သည်။

ထို့နောက် ...

[illegible]ဘားပရိယာယ်သုံးကာ ပြောလိုက်ပြန်သည်။

"ဦးရဲ့သဘောက ဒီဓားမြှောင်ကို ပြန်လိုချင်တဲ့ ..."

ယွဲ့ရန်ဟုန်က စကားကိုတမင်ပင် တစ်ပိုင်းတစ်စ ဖြတ်လိုက်သည်။

အဘိုးကြီးချင်မိန်ကျိက ...

"ဟုတ်ပါတယ် ... ဦးရိုးတော်တို့ ဒီဓားမြှောင်ကို ပြန်လိုချင်တဲ့ဆန္ဒ ရှိကြပါတယ်"

ယွဲ့ရန်ဟုန်က ...

"ကျွန်မအနေနဲ့ ဒီဓားမြှောင်ကို ဘယ်လောက်ဒုက္ခဆင်းရဲခံပြီး ယူလာရတယ်ဆိုတာ ဦးရိုးတော်တို့ သိပါသလား"

ယွဲ့ရန်ဟုန်က ဈေးကိုင်သည့်သဘောမျိုးဖြင့် ပြောဆိုနေ



သည်ကို ချင်မိန်ကျိ နားလည်သဘောပေါက်သည်။

ထိုအခါ အဘိုးကြီးချင်မိန်ကျိက ...

"ကျုပ် အဘိုးကြီးချင်မိန်ကျိ မိန်းကလေးပြောတဲ့ စကားကို ယုံကြည်ပါတယ်၊ မိန်းကလေးကို ကျုပ်တို့ ဘယ်လိုကျေးဇူးဆပ်ပြီးမှ ဒီဓားမြှောင်ကို ပြန်ပေးနိုင်မယ်ဆိုတာ အားမနာတမ်းပြောဆိုနိုင်ပါတယ်"

ယွဲ့ရန်ဟုန်က မယုံကြည်ဟန်ဖြင့် [illegible]မေးလိုက်သည်။

"ဦးရိုးတော်တို့ပြောတာ တကယ်လား"

"ဟား ဟား ဟား ... ဦးရိုးတော်တို့ဟာ မှန်ကန်တည်ကြည်တဲ့ သိုင်းလောကပုဂ္ဂိုလ်တွေပါကွယ်၊ မိန်းကလေးကို ဘာလို့ လိမ်ညာပြီးပြောပါ့မလဲ"

အဘိုးကြီးချင်မိန်ကျိက ရယ်ရယ်မောမောနှင့် ကတိပေးလိုက်တော့မှ မိန်းမချောလေး ယွဲ့ရန်ဟုန်က ဆက်ပြောသည်။

"ဒါဆို ဒီလိုလုပ်ပါ ... ခု လောလောဆယ်မှာ ကျွန်မ ဘာတောင်းဆိုချက်မှမရှိသေးဘူး၊ ကျွန်မကို တစ်လအချိန်ပေးပါ ... နောင် လာမယ့်တစ်လပြည့်မယ့်နေ့မှာ ကျွန်မတို့ ကွေးရန်မြို့မှာ ထပ်ဆုံတွေ့ကြမယ်၊ အဲဒီအချိန်ကျရင် ကျွန်မ,လိုချင်တဲ့ အခွင့်အရေး တစ်ခုကို တောင်းဆိုပါ့မယ်၊ ဦးရိုးတော်တို့က လိုက်လျောမယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်ကို ပြန်ပေးပါ့မယ်၊ ဘယ့်နှယ်လဲ ... ကျွန်မပြောတာကို ဦးရိုးတော်တို့ သဘောတူပါသလား"

"မိန်းကလေးရဲ့ စကားက တရားမျှတမှုရှိပါတယ်၊ ခက်တာက တစ်လပြည့်တဲ့နေ့မှာ မိန်းကလေးကရှောင်နေလိုက်ရင် ကျုပ်တို့က ဘယ်လိုလုပ်မလဲ"

"ဒီစကားက ကျွန်မကို တမင်သက်သက်အထင်သေးတဲ့ စကားဖြစ်နေပါတယ်၊ တကယ်တော့ ဒီဓားမြှောင်လေးဟာ ကျွန်မအနေနဲ့ လုပြီးချစ်စရာကောင်းလို့သာ ယူထားတာပါ၊ ကျွန်မအတွက် ဘာမှအကျိုးမရှိပါဘူး၊ ဦးရိုးတော်တို့ကို အကူအညီတောင်းမယ့် ကိစ္စထက်စာရင် ဦးရိုးတော်တို့ပေးမယ့် အကူအညီက ဒီဓားမြှောင်လေးထက် အဆမတန်အကျိုးရှိပါတယ်"

ယွဲ့ရန်ဟုန်၏စကားကို အဘိုးကြီးခြောက်ဦးက သဘောကျပုံရသည်။

ဘာမှ ပြန်မပြော။

အားလုံး တိတ်ဆိတ်နေကြသည်။

ချင်မိန်ကျိုနှင့် ဆန်ဖုန်ကျိုတို့က ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"ဒါဆို ကျွန်မကိုခွင့်ပြုပါပြီး ချိန်းဆိုထားတဲ့နေ့ ရောက်တော့



မှ မြန်ဆုံကြတာပေါ့"

ပြောပြောဆိုဆို ယွဲ့ရန်ဟုန်နေရာမှ ထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်၏စိတ်ထဲတွင် ကျိတ်၍ ကျေနပ်နေမိ၏။

တစ်လမ်းလုံး ပီတိများဖုံးလွှမ်းလျက် ဝမ်းသာနေမိ၏။

ဘို့နောက် ...

ခါးကြားထဲတွင်ထိုးထားသော အေးစိမ့်ဓားမြှောင်လေးကို ဆွဲထုတ်ပြီးကြည့်လိုက်၏။

ဤဓားမြှောင်လေးသည် မိမိအား ဤမျှအကျိုးပေးလိမ့်မည်ဟု မထင်မိခဲ့။

သူမသည် လျှောက်လှမ်းသွားနေရင်းမှ အရောင်ဟာလက်လက်တောက်ပနေသော အေးစိမ့်ဓားမြှောင်လေးကို အားပါးတရကြည့်နေမိ၏။

ထိုစဉ် ....

ယွဲ့ရန်ဟုန်၏ဘေးမှ လူရိပ်တစ်ခု ဖြတ်ရကျော်သွားသည်ကို သတိပြုမိလိုက်သည်။



လူရိပ်က ယွဲ့ရန်ဟုန်လက်ထဲမှ ဓားမြှောင်လေးကို ဖြတ်ကျော်တက်သွားရင်း ရှုတ်တရက် လှမ်းလုယူသွားသည်။

ယွဲ့ရန်ဟုန် အပျော်ကြီးပျော်နေစဉ် မမျှော်လင့်ဘဲ အေးစိမ့်ဓားမြှောင်အလုခံလိုက်ရသဖြင့် ဒေါသထွက်သွားပြီး ထိုလူရိပ်နောက်သို့ ပြေးလွှားလိုက်ပါသွားလေသည်။

သို့သော် ...

ရှေ့မှပြေးနေသောလူရိပ်များမှာ ယွဲ့ရန်ဟုန်ထက် ကိုယ်ဖော့ပညာကောင်းနေသဖြင့် သူမ လိုက်မမီတော့ချေ။

နောက်ဆုံး ...

ယွဲ့ရန်ဟုန် လက်လျှော့လိုက်ရတော့၏။

အဖိုးတန်ပစ္စည်း ကောက်ရပြီးမှ ကျပျောက်သွားသလိုလည်း ခံစားလိုက်ရ၏။

ယွဲ့ရန်ဟုန် စိတ်ဓာတ်ကျကာ တွေးရင်း မြို့လေးသို့ ထွက်ခွာလာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

တီရောင်မြို့ ...။

တီရောင်မြို့သည် တရုတ်ပြည်၏ တောင်ဘက်မြို့တော်လေး ဖြစ်သည်။

ငုင်းပြင် ...

တီရောင်မြို့လေးမှာ တောင်ပေါ်မြို့လေးတစ်မြို့လည်း ဖြစ်သည်။

ထိုမြို့မှာ မိုးအလွန်ရွာသွန်းသောမြို့ ဖြစ်သည်။

ယခု ...

ဆောင်းဦးပေါက်ကာလပင်ဖြစ်သော်လည်း တခြား မြို့များကဲ့သို့ နှင်းမများဘဲ အေးစိမ့်နေအောင် ချမ်းလှသည်။

ယွဲ့ရန်ဟုန်မှာ စိတ်ညစ်ညစ်နှင့် တီရောင်မြို့လေးထဲသို့ ဝင်ရောက်လာသည်။

မြို့လေးထဲရှိ စားသောက်တည်းခိုဆိုင်တစ်ဆိုင်ထဲသို့ ယွဲ့ရန်



ဟုန်ဝင်လာကာ စားသောက်ဖွယ်ရာများကိုစားပွဲထိုးအား မှာကြားလိုက်သည်။

ယွဲ့ရန်ဟုန် စားပွဲ၌ဝင်ထိုင်မိသည်နှင့် အေးစိမ့်စားမြောင်လေး လုယူခံလိုက်ရသဖြင့် စိတ်ညစ်နေမှုများပင် ပျောက်ကွယ်သွားရလေသည်။

အကြောင်းမှာ ...

ယွဲ့ရန်ဟုန်စားပွဲနှင့်ကပ်လျက်ရှိသော စားပွဲတစ်ခုမှ လူလေးယောက်၏အငြင်းအခုံစကားများကို ကြားရသောကြောင့်ပင်။

ကြားနေရသည့် အငြင်းအခုံစကားများထက် သူမ တိတ်တခိုးချစ်သူ ဖန်ဝေးအား ထိုလူလေးယောက်ကြားတွင် တွေ့မြင်လိုက်ရသောကြောင့် ယွဲ့ရန်ဟုန် ဝမ်းသာသွားကာ အေးစိမ့်စားမြောင်အကြောင်းကိုပင် ရုတ်တရက်မေ့သွားရ၏။

မိမိကိုမူ ဖန်ဝေးက လုံးဝ မမှတ်မိ။

မမှတ်မိသည့်အကြောင်းမှာ ...

မိမိသည် ဤတောင်ပေါ်မြို့လေးသို့မဝင်မီ ယောကျ်ားလေးဟန်ဆောင်ကာ ရုပ်ဖျက်လာခြင်းကြောင့်ပင်။

မိမိကို ဖန်ဝေးသိထားသည်မှာ ရုပ်ဆိုးမလေးအဖြစ်သာ သိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကို့ပြင် ...

မိမိက မျက်နှာဖုံးချွတ်လိုက်ပြီး ယောကျ်ားလေးဟန်ဆောင် ဝတ်ထားမှုကြောင့် ဖန်ဝေး မိမိအား လုံးဝသိရှိ မှတ်မိပုံမရ။

သို့သော် ...

ယွဲ့ရန်ဟုန် အတွေးမဆုံးမီမှာပင် ...

ဖန်ဝေးက ယွဲ့ရန်ဟုန်အား ရုတ်တရက် အားရဝမ်းသာ ကြည့်ပြီး နှုတ်ဆက်လိုက်သဖြင့် ယောကျ်ားလေးဟန်ဆောင်ထားသူ ယွဲ့ရန်ဟုန် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဟင် ... ဝင်ကျွန်းပိုင်ရှင် မိတ်ဆွေကိုယ်တော်လေး ခုန်ရှောက်ပါလား၊ တိုက်တိုက်ဆိုင်ဆိုင် ဒီမှာလာတွေ့ရတယ်လို့ ဝမ်းသာစရာပဲ"

ယွဲ့ရန်ဟုန်က မိမိအား ဖန်ဝေး လူမှားပြီး ဝင်ကျွန်းရှင် ခုန်ရှောက်နှင့်လူမှားပြောဆိုလိုက်ခြင်းကို ရိပ်စားမိလိုက်သည်။

ယွဲ့ရန်ဟုန်က ဖန်ဝေး မည်ကဲ့သို့ဖြစ်လာမည်ကို စဉ်းစားမရ ဖြစ်နေ၏။

ထို့နောက် ...

ဖန်ဝေး၏စကားကိုနင်းကာ ရောယောင်၍ ပြန်လည်နှုတ်ဆက်လိုက်သည်။



"ဟုတ်ကဲ့ ... ကျုပ် ခုန်ရှောင်က သိပ်အလုပ်များတဲ့လူဆိုတော့ ဒီလိုပဲ၊ နယ်တကာလျှောက်သွားနေရတဲ့အတွက် ခုလို ဆုံစည်းရတာပေါ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

ယွဲ့ရန်ဟုန်က ဟန်လုပ်ပြီး ပြုံးဖြီးဖြီးပြန်ဖြေလိုက်ရ၏။

ဖန်ဝေး၏စားပွဲတွင် လူစိမ်းသုံးဦး အပိုရှိနေသည်။

ထိုလူစိမ်းသုံးဦးအပြင် ချောမောလှပသော မိန်းမချောလေး တစ်ဦးလည်းရှိနေ၏။

ဖန်ဝေးက ယွဲ့ရန်ဟုန်အား သူတို့စားပွဲသို့ အတူလာထိုင်ရန် ဖိတ်ခေါ်လိုက်သည်။

"မိတ်ဆွေလေး ခုန်ရှောက် ... ကျုပ်တို့နဲ့အတူ လာပြီး စားသောက်ကြရအောင် ဒီစားပွဲကိုလာခဲ့ပါလား"

ယွဲ့ရန်ဟုန်ကလည်း မည်သို့မျှ ငြင်းဆန်ခြင်းမပြုဘဲ ဖန်ဝေး ဖိတ်ခေါ်ချက်အရ ကူးပြောင်းလာခဲ့၏။

ယွဲ့ရန်ဟုန် ဖန်ဝေးတို့စားပွဲအား ကူးပြောင်းလာရာတွင် ချောမောလှပသော မိန်းမပျိုလေးမှာ ယွဲ့ရန်ဟုန်ကို ရင်းနှီးခင်မင်ချင်ပုံ မရ။

မျက်နှာထားတင်းတင်းဖြင့် ယွဲ့ရန်ဟုန်ကို ကြည့်နေသည်။

ယွဲ့ရန်ဟုန်က မသိသလိုအမူအရာဖြင့် စားပွဲတွင်ဝင်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ဖန်ဝေးက ယွဲ့ရန်ဟုန်ကို အရက်တစ်ခွက်ငှဲ့ပေးပြီး စားပွဲမှ လူများနှင့် မိတ်ဆက်ပေးလိုက်သည်။

"မိတ်ဆွေလေးခုန်ရှောက် ... ဒီအမျိုးသမီးလေးရဲ့နာမည်ကတော့ ထန်းကျင်းဟုလို့ခေါ်တယ်၊ ဒီဘက်က ဦးရီးတော်ကတော့ ထန်းကျင်းဟုရဲ့ဖခင် နာမည်ကျော်သိုင်းသမားကြီး ထန်ဖေ့ထန်ဖြစ်တယ် ... ဒီမြို့ရဲ့မျက်နှာဖုံးတစ်ယောက်ဆိုပါတော့၊ ဟိုဘက်က ပုဂ္ဂိုလ်ကတော့ ဆရာကြီးထန်ဒှဖေ့နဲ့ မိတ်ဆွေချိုထန်ကျင်နဲ့ သူ့မိတ်ဆွေတွေပါပဲ"

ဖန်ဝေးမိတ်ဆက်ပေးလိုက်မှုကြောင့် စောစောက အငြင်းအခုံဖြစ်နေသောပွဲလေးမှာ ခေတ္တရပ်ဆိုင်းသွားပြီးနောက် မိတ်ဆက်ပွဲလေးဖြစ်ခဲ့ရသည်။

ထိုစဉ် ...

မျက်နှာထားတင်းတင်းဖြင့် ထိုင်နေသူ ချိုထန်ကျင်ဆိုသည့် ပုဂ္ဂိုလ်က လေသံမာမာနှင့် ယွဲ့ရန်ဟုန်ကို လှမ်းပြောလိုက်၏။

"ဒီက မိတ်ဆွေလေး ခုန်ရှောက်က ကျုပ်တို့မိတ်ဆွေလေးရဲ့ မိတ်ဆွေဆိုတော့ အနက်ရောင်ဂိုဏ်းထဲက ဖြစ်မှာပေါ့"

အထင်သေးစွာဖြင့် ယွဲ့ရန်ဟုတ်ကို ခနဲ့တဲ့တဲ့မေးလိုက်



သည်။

ယွဲ့ရန်ဟုန်မှာ နဂိုကတည်းက အေးစိမ့်စားမြောင်းအလုခံလိုက်ရသဖြင့် စိတ်ဆိုးဒေါသထွက်နေရာ ထိုသို့ အထင်သေးစွာ ခနဲ့တဲ့တဲ့အမေးကြောင့် ဘုဆတ်ဆတ်ပင် ပြန်ပြောလိုက်၏။

"ဟုတ်တယ် ... ကျုပ်က အနက်ရောင်ဂိုဏ်းကသိုင်းသမားတစ်ယောက်ပဲ၊ အနက်ရောင်သိုင်းသမားတိုင်းဟာ သူခိုးဓားပြမဟုတ်ကြပါဘူး၊ အဖြူရောင်ဂိုဏ်းထဲက သိုင်းသမားတိုင်းဟာလည်း အားလုံး သူတော်စင်တွေချည်း မဟုတ်ကြဘူး"

ချိုထန်ကျင်က ယွဲ့ရန်ဟုန်၏အဖြေကို သဘောကျစွာ တဟားဟားရယ်၍ ...

"မိတ်ဆွေရဲ့အပြောအဆိုကိုတော့ ကြိုက်သွားပြီ"

ချိုထန်ကျင်က ပြောပြောဆိုဆို ယွဲ့ရန်ဟုန်အား လက်ဆွဲနှုတ်ဆက်ဟန်ပြု၍ အတွင်းအားထုတ်ကာ ယွဲ့ရန်ဟုန်လက်ကို ညှစ်ချေရန်ကြံလိုက်၏။

ယွဲ့ရန်ဟုန်က သူမ၏ကိုယ်ခန္ဓာအနေအထားကို မပြောင်းလဲဘဲ တစ်ဖက်လူ၏လက်ကို မိမိလက်နှင့်မထိစေရန် ရှောင်ပေးလိုက်သည်။

ချိုထန်ကျင်မှာ ဦးတည်ချက်လွဲသွားကာ စားပွဲပေါ်သို့ အရှိန်

www.burmeseclassic.com

www.burmeseclassic.com



လွှန်ကျသွားပြီး လက်ဝါးနှင့်စားပွဲ ပြင်းထန်စွာ ထိသွားလေတော့သည်။

'ဝုန်း'

စားပွဲမှာ ချီထန်ကျင်၏လက်ဝါးချက်ကြောင့် ဟင်းပန်းကန်များနှင့် ထမင်းပန်းကန်များ တုန်ခါသွားလေသည်။

ယွဲ့ရန်ဟုန်ကလည်း အားကျမခံ စားပွဲဝိုင်းကို လက်ဝါးတစ်ဖက်ဖြင့် ရိုက်ချလိုက်ရာ စားပွဲပေါ်ရှိ ပန်းကန်အားလုံး လက်ဝါးရိုက်ချက်ကြောင့် ဖိတ်စင်ကုန်ကာ ချီထန်ကျင်၏အဝတ်အစားများကိုပင် စွန်းထင်းပေကျံကုန်သည်။

"ဟား ဟား ဟား"

ယွဲ့ရန်ဟုန်က ချီထန်ကျင်၏အဖြစ်ကိုကြည့်ကာ သဘောကျစွာဖြင့် တဟားဟား ရယ်မောပစ်လိုက်၏။

ချီထန်ကျင်မှာ သူ့တွင်ပေကျံနေသော ဟင်းချိုရည်များ၊ ဟင်းဖတ်များမှ အရည်များကို ပြောင်စင်သွားအောင် ခါထုတ်ပစ်နေသည်။

ထိုအချိန်တွင် ...

ယွဲ့ရန်ဟုန်ထံမှ ရယ်မောပြောဆိုလိုက်သံ ထွက်ပေါ်လာသည်။



"ဟား ဟား ဟား ... အနောက်ခုနံ့တုန်ဂိုဏ်းက တိမ်လွှာထိန် လူ့ခွစာကြီးဝေးယွင်နဲ့ မတိမ်းမယိမ်းရှိပါလား"

ယွဲ့ရန်ဟုန်၏ ခနဲ့တဲ့တဲ့ပြောလိုက်သောစကားကြောင့် ချီထန်ကျင်မှာ စိတ်ဆိုးဒေါပွကာ ယွဲ့ရန်ဟုန်အား တိုက်ခိုက်တော့မည်ကို ရိပ်စားမိလိုက်သည်။

ချီထန်ကျင်က အကျီစတွင်ပေကျံနေသော ငံပြာရည်များကို လက်သုတ်ပဝါဖြင့်သုတ်နေရင်း ခါးတွင်စည်းနှောင်ထားသည့် ကျာပွတ်ကို ဖြုတ်ယူလိုက်သည်။

တခြားသူများကိုင်ဆောင်သော ကျာပွတ်မှာ ခုနစ်ပေလောက်သာ ရှည်သည်။

ချီထန်ကျင်၏ကျာပွတ်မှာမူ အနည်းဆုံး ဆယ်ပေခန့် ရှည်မည်ထင်နေရ၏။

ချက်ချင်း ချီထန်ကျင်လက်ထဲသို့ ကျာပွတ်ရောက်ရှိလာသည်နှင့် ယွဲ့ရန်ဟုန်အား တအားလွဲရိုက်ချလိုက်၏။

ယွဲ့ရန်ဟုန်မှာ ကျာပွတ်ရိုက်ချက်မထိအောင် နောက်သို့ ခုန်ရှောင်ပေးလိုက်ရသည်။

ကျာပွတ်ရိုက်ချက်မှာ ယွဲ့ရန်ဟုန်ရှောင်ပေးလိုက်သဖြင့် အနီးရှိ သစ်သားစားပွဲကို ပြင်းထန်စွာရိုက်မိသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်သားစားပွဲမှာ ပြင်းထန်စွာရိုက်မိသွားသော ကျားပွတ် အရှိန်ထိကာ ကျားပွတ်ချောင်းက စားပွဲထဲသို့ စပါးလုံးတစ်ခုထောက် စာမျှ နစ်ဝင်သွားသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်လိုက်ရသည်။

ချီထန်ကျင်၏ စားပွဲရိုက်ချက်မှာ ဤမျှ ပြင်းထန်နေလျှင် သူ၏ဆရာဖြစ်သူ တိမ်လွှာထိန်လူ့ခွစာကြီး ဝေးယွင်ဆိုပါက မို၍အစွမ်းထက်ပေလိမ့်မည်။

ယဲ့ရန်ဟုန်က ရုတ်တရက် ဖန်ဝေးနားသို့ရောက်လာကာ ဖန်ဝေးခါးကြားမှ ဓားမြှောင်တိုလေးကို ဖျတ်ခနဲ လှမ်းဆွဲယူလိုက်၏။

ထိုအချိန်မှာပင် ...

ချီထန်ကျင်၏ ကျားပွတ်ရိုက်ချက်မှာ ယဲ့ရန်ဟုန်ရှိရာသို့ ရောက်လာသဖြင့် ဖန်ဝေး ကျားပွတ်ရိုက်ချက်မထိအောင် တိမ်းရှောင်လိုက်ရ၏။

ယဲ့ရန်ဟုန်က ဖန်ဝေး၏ဓားမြှောင်တိုလေးကိုကြည့်ကာ သူ အလုခံလိုက်ရသော အေးစိမ့်ဓားမြှောင်လေးအား သတိရလိုက်မိသည်။

မိမိ၌သာ အေးစိမ့်ဓားမြှောင်ရှိနေပါက ချီထန်ကျင်၏ကျားပွတ်ကို ကျိုန်းသေ ဖြတ်ပစ်နိုင်မည်ဖြစ်သည်။

ယဲ့ရန်ဟုန်က ဖန်ဝေး၏ဓားမြှောင်လေး ဖြင့် ချီထန်ကျင်ကို



ခုခံတိုက်ခိုက်နေသည်။

ထိုစဥ်မှာပင် ...

ချီထန်ကျင်၏ကျားပွတ်မှာ ယဲ့ရန်ဟုန်လက်ထဲတွင် ကိုင်ဆောင်ထားသောဓားမြှောင်လေးကို ရစ်ပတ်မိသွားလေသည်။

ယဲ့ရန်ဟုန်မှာ ဓားမလွတ်သွားစေရန်အတွက် လက်နှစ်ဖက်တွင် အားထည့်ကာ ဆွဲထားသည်။

တစ်ဖက် ချီထန်ကျင်ကလည်း သူ၏ကျားပွတ်လွတ်မသွားစေရန် ပြန်လည်ဆွဲယူနေသည်။

နှစ်ယောက်စလုံး လွန်ဆွဲသည့်အလား တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် ဆွဲနေကြသည်။

ချီထန်ကျင်၏မျက်နှာ တဖြည်းဖြည်းနီရဲလာ၏။

ဤတွင် ...

ဖန်ဝေးက မနေသာတော့ဘဲ ကြားဝင်ဖျန်ဖြေစကားပြောရတော့သည်။

"မိတ်ဆွေလေး ခုန်ရှောက် ... ကျုပ်တို့ဟာ အချင်းချင်းတွေပဲ၊ ခုလိုတိုက်ခိုက်နေကြတာ မကောင်းပါဘူး"

ဖန်ဝေးက အချင်းချင်းတွေဟု ပြောဆိုလိုက်သည်မှာ တိုက်ခိုက်မှုများရပ်နားသွားစေရန် နှစ်ဦးနှစ်ဖက်ကို ရည်ရွယ်ပြောဆိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသာဖြစ်သည်။

သို့သော် ...

ဖန်ဝေး၏စကားကို ကျန်လူများက နားမလည်ကြဘဲ ခုန်ရှောက်နှင့် ချီထန်ကျင်တို့မှာ တစ်ဂိုဏ်းသားတည်း ဖြစ်သည်ဟု ထင်မှတ်လိုက်ကြ၏။

ယွဲ့ရန်ဟုန်က ...

"သူတို့ အရင်လျှော့ရင် ကျုပ်လည်း အလျှော့ပေးပါ့မယ်"

ချီထန်ကျင်ကလည်း ...

"ခင်ဗျား အရင်လျှော့မှ ကျုပ်လည်း လျှော့မယ်"

ထိုစဉ် ...

ယွဲ့ရန်ဟုန်က တောင့်၍ကိုင်ထားသောဓားကို အသာလွှတ်ပေးလိုက်ရာ တစ်ဖက် ချီထန်ကျင် အားနှင့်ဆွဲထားမှုကြောင့် ကျာပွတ်ဖျားဖြင့် ရစ်ပတ်မိထားသောဓားမြှောင်လေးအရှိန်ဖြင့် တစ်ဖက်သို့ လွင့်စဉ်ပါသွားလေသည်။

ဓားမြှောင်လေးမှာ ကျာပွတ်ဖျားမှတစ်ဆင့် ပြတင်းပေါက်အပြင်ဘက်သို့ လွင့်စဉ်ပျံတက်သွားလေသည်။

ယွဲ့ရန်ဟုန်တွင် လက်နက်မရှိသဖြင့် ချီထန်ကျင်က အတင်းဝင်တိုက်ခိုက်လေတော့သည်။



ယွဲ့ရန်ဟုန်က ကိုယ်ဖော့ပညာသုံး၍ လှည့်ပတ်ရှောင်တိမ်းသော်လည်း ချီထန်ကျင်၏ကျာပွတ်ရိုက်ချက်ကြောင့် လက်မောင်းအင်္ကျီစနှစ်စ ပြတ်ထွက်သွားခဲ့၏။

သို့တိုင် ...

ချီထန်ကျင်မှာ ဆက်လက်တိုက်ခိုက်ဆဲပင်။

ဖန်ဝေးက မနေသာတော့ဘဲ ချီထန်ကျင်ဘက်သို့လှည့်၍ပြောလိုက်၏။

"မိတ်ဆွေချီထန်ကျင် ... တစ်ဖက်က အလျှော့ပေးလိုက်ပြီပဲ၊ ခင်ဗျား ဆက်တိုက်တာဟာ မှားနေပြီ၊ ဆက်မတိုက်ဖို့ ကျုပ်မေတ္တာရပ်ခံပါတယ်"

ဖန်ဝေး၏ မေတ္တာရပ်ခံချက်ကို ချီထန်ကျင်က မလိုက်နာသည့်အပြင် ဖန်ဝေးကိုပါ ရန်ပွဲထဲဆွဲသွင်းလိုက်၏။

"မလိုဘူး ... ခင်ဗျားရဲ့မိတ်ဆွေ ခုန်ရှောက်ကို သတ်ပြီးမှ ခင်ဗျားနဲ့ ဆက်ပြီးစာရင်းရှင်းမယ်"

ဖန်ဝေးမှာ နာမည်ကျော် ဘွားဘွားဝန်၏တပည့်ဖြစ်ကြောင်း ချီထန်ကျင်သိသော်လည်း အသက်ငယ်ရွယ်သော ဖန်ဝေးအား မိမိအနိုင်ယူနိုင်မည်ဟု တွက်ဆထားသည်။

မိမိပြုသလို နရမည်ဟုလည်း ချီထန်ကျင်တွက်ဆထား၏။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးနှင့်ဆိုလျှင် ...

ချီထန်ကျင်မှာ ပညာအဆင့်အတန်းတူလောက်ရှိသည်။

ချီထန်ကျင်မှာ ထန်ဖေ့၏သမီး ထန်ကျင်းဗှာအား တစ်ဖက်သတ်ချစ်ကြိုက်နေသူလည်း ဖြစ်၏။

ရှင်းပြင် ...

ဖန်ဝေးမှာလည်း ထန်ကျင်းဗှာကို စိတ်ဝင်စားနေကြောင်း ရိပ်စားမိသည်။

ထို့ကြောင့် ...

ဖန်ဝေးကို အခွင့်အရေးရခိုက် အပြတ်ရှင်းရန် စိတ်ကူးပြီး ဤသို့ပြောလိုက်ခြင်းဖြစ်သည်။

ချီထန်ကျင်မှာ ယွဲ့ရန်ဟုန်နှင့်တိုက်ခိုက်နေရာမှ ရပ်တန့်လိုက်ပြီး ဖန်ဝေးဘက်လှည့်ကာ ပြောလိုက်၏။

"ဖန်ဝေး ... မင်း ငါနဲ့အရင်တိုက်မယ်"

ပြောပြောဆိုဆို ကျားပွတ်ရိုက်ချက်ကို ယွဲ့ရန်ဟုန်ဘက်မှ ဖန်ဝေးဘက်သို့လှည့်ကာ ရိုက်ထည့်လိုက်၏။

ဖန်ဝေး မနေသာတော့ဘဲ ချီထန်ကျင်အား ရင်ဆိုင်ရန် ကျောတွင်လွယ်ထားသော ခုနစ်ပေါက်ဓားရှည်ကြီးကို ဆွဲထုတ်လိုက်ရတော့၏။



ခုနစ်ပေါက်ဓားရှည်နှင့် ကျားပွတ် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေပြီ။

ချီထန်ကျင်နှင့် ဖန်ဝေးတို့ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြစဉ် ...

'ဒုတ်'

ပြတင်းပေါက်မှ အဖြူရောင်တန်းတစ်ခု အရှိန်ပြင်းစွာ ဝင်ရောက်လာကာ နံရံတစ်ဖက်တွင် 'ဒုတ်' ခနဲ စိုက်ဝင်သွားသည်။

ချီထန်ကျင်မှာ ရုတ်တရက် လန့်ဖျပ်သွားကာ နောက်သို့ခုန်ရှောင်လိုက်၏။

ယွဲ့ရန်ဟုန်မှာ ဖန်ဝေး မိမိဘက်မှ ဝင်ရောက်တိုက်ခိုက်သဖြင့် ဝမ်းသာကျေနပ်မိသည်။

ယွဲ့ရန်ဟုန် ဆိုင်နံရံတွင် စိုက်ဝင်နေသောအရာကို ကြည့်လိုက်ရာ မိမိလက်ထဲမှလွတ်ထွက်သွားသော ဓားမြှောင်လေးဖြစ်ကြောင်း သိလိုက်ရ၏။

ယင်းဓားမြှောင်လေးမှာ စောစောက တွန့်လိမ်ကောက်ကွေးပြီး ဆိုင်ပြတင်းပေါက်အပြင်ဘက်သို့ ချီထန်ကျင်၏ကျားပွတ်ရိုက်ချက်ကြောင့် လွင့်စဉ်ထွက်သွားသော ဓားမြှောင်လေး ဖြစ်သည်။

ယခု ဆိုင်နံရံတွင် စိုက်ဝင်နေသော ဓားမြှောင်လေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်တန်းနေသော စားမြောင်လေးတစ်လက်ဖြစ်နေသည်ကို အံ့သြဖွယ်ရာတွေ့လိုက်ရသည်။

တစ်ဆက်တည်း ...

စားသောက်တည်းခိုဆိုင်ထဲသို့ ဝင်လာသော ခြေသံတစ်သံကိုပါ ကြားလိုက်ရပြန်သည်။

ခြေသံရှင်အား လှည့်ကြည့်လိုက်ရာ သိုင်းလောကမှ ထိတ်ထိတ်ကြဲပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ရိုးကျင်လိန်ဖြစ်ကြောင်း တွေ့လိုက်ရလေ၏။

ရိုးကျင်လိန်နောက်မှ တေလေဂိုဏ်းချုပ်ကြီး မာစွမ်းစိ လိုက်ပါလာသည်ကိုလည်း တွေ့လိုက်ရပြန်သည်။

မာစွမ်းစိမှာ မိန်းမပျိုလေးတစ်ယောက်ကို ပွေ့ထားရင်း ဆိုင်ထဲသို့ ဝင်လာနေသည်။

မာစွမ်းစိပွေ့ထားသော မိန်းမပျိုလေးမှာ ဖုန်ရင်ဖြစ်နေသည်ကို ဖန်ဝေး သတိထားမိလိုက်၏။

ဖုန်ရင် အဘယ်ကြောင့် ဒဏ်ရာရခဲ့သည်ကိုလည်း ဖန်ဝေး စဉ်းစားမရဖြစ်နေမိသည်။

မိန်းမချောလေး ထန်ကျင်းဟွာမှာ ဖုန်ရင်ကိုတွေ့လိုက်သည်နှင့် ပြီးခဲ့သည့်အဖြစ်အပျက်များကို သတိရကာ ဘာဘာညာညာ





စဉ်းစားမနေတော့။

မာစွမ်းစိရင်ခွင်ထဲမှ ဖုန်ရင်အား အတင်းဝင်ရောက်တိုက်ခိုက်တော့သည်။

ထန်ကျင်းဟွာမှာ မာစွမ်းစိအား မည်သူမည်ဝါဖြစ်ကြောင်းကို သိသူမဟုတ်။

ထို့ကြောင့် ...

မာစွမ်းစိက မိမိတပည့်ဖြစ်သူ ဒဏ်ရာရထားသည့် ဖုန်ရင်ကို ဝင်တိုက်လာသည့် မိန်းကလေးထန်ကျင်းဟွာအား ဆီး၍ လက်ဝါးရိုက်ချက် ခပ်သာသာလေး ရိုက်ထုတ်ဖယ်ရှားလိုက်၏။

'ဖြောင်း'

မာစွမ်းစိ၏လက်ဝါးရိုက်ချက်မှာ ခပ်သာသာလေးဖြစ်သော်လည်း ထန်ကျင်းဟွာလို အမျိုးသမီးတစ်ယောက်အတွက်မူ ပြင်းထန်လှသော လက်ဝါးရိုက်ချက် ဖြစ်နေ၏။

ထို့ကြောင့် ...

မာစွမ်းစိအနားသို့ပင် ကပ်နိုင်ခြင်းမရှိဘဲ ဆယ်ပေကျော်ခန့် ထန်ကျင်းဟွာ လွင့်စဉ်ထွက်သွားတော့သည်။

ထန်ကျင်းဟွာ လက်ဝါးရိုက်ချက်မိကာ လွင့်ထွက်သွားသဖြင့် ဖန်ဝေးနှင့် ချီထန်ကျင်တို့နှစ်ယောက် တစ်ပြိုင်နက်တည်းကာ မာစွမ်း

www.burmeseclassic.com

www.burmeseclassic.com



နှိုကို တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

သို့သော် ချီထန်ကျင်က ဖန်ဝေးဝင်ရောက်လာမှုကို မနှစ်သက်ဟန်ဖြင့် ဖန်ဝေးအား ကျားပွတ်ရှည်ဖြင့် ရိုက်ချလိုက်သည်။

ဖန်ဝေးက ချီထန်ကျင်၏ကျားပွတ်ရိုက်ချက်ကို အပေါ်သို့ ခုန်ရှောင်လိုက်ပြီး လက်ထဲမှ ခုနစ်ပေါက်ဓားရှည်ဖြင့် ပြန်လည်တိုက်ခိုက်သည်။

ဤသို့ လေထဲတွင် တစ်ဖက်ရန်သူအား ဓားရှည်ဖြင့် ပြန်လည်တိုက်ခိုက်နိုင်ခြင်းသည် ဖန်ဝေး၏ကိုယ်ဖော့ပညာ ကောင်းမွန်ခြင်းကြောင့်သာ ဖြစ်၏။

ထိုစဉ် ...

ချီထန်ကျင်၏ကျားပွတ်ရိုက်ချက်က ဖန်ဝေးညာခြေထောက်ကို တိုက်ခိုက်လာပြန်သည်။

ဖန်ဝေးမှာ ညာခြေဖျား ကျားပွတ်ရိုက်ချက်မိသွား၍ နာကျင်သွားသော်လည်း ကြိတ်မှိတ်ခံလိုက်ရင်း အောက်သို့ ပြန်ကျလာသည်။

ဖန်ဝေး ခံစစ်အနေအထားဖြင့်သာ ခုခံနေရ၏။

ဖန်ဝေးက ဆက်လက်ပြီး 'ခုနစ်စဉ်ကြယ်ကွင်းဆက်' သိုင်းကွက်ဖြင့် ချီထန်ကျင်ကို ဆက်လက်တိုက်ခိုက်ပြန်သည်။



ဖန်ဝေးက သူ၏ခုနစ်ပေါက်ဓားကို ချီထန်ကျင်းအား ထိခိုက်ဒဏ်ရာရစေရန် မတိုက်ဘဲ ဟန်လောက်သာ တိုက်ခိုက်နေရင်း ချီထန်ကျင်အား လှမ်းပြောလိုက်၏။

"မိတ်ဆွေ ချီထန်ကျင် ... ကျုပ်ဓားမှာ ပြင်းထန်တဲ့အဆိပ်တွေ ရှိနေတယ်နော်၊ ခင်ဗျား အေးအေးဆေးဆေးထွက်သွားရင်ကောင်းမယ်"

ထိုအချိန်တွင် မာစွမ်းစိ၏လက်ဝါးရိုက်ချက်ကြောင့် လွင့်စဉ်ထွက်သွားသော ထန်ကျင်းဟွာလည်း မတ်တတ်ထရပ်လိုက်၏။

ချီထန်ကျင်က ဖန်ဝေးကို တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် ဆိုင်ထဲမှ ထွက်ခွာသွားတော့သည်။

ချီထန်ကျင်၏တပည့်လည်း ဆိုင်ထဲမှ ထွက်ခွာလိုက်ပါသွား၏။

ချီထန်ကျင်မှာ ဖန်ဝေးက သူ၏အသက်ကို သက်ညှာပေးလိုက်သော်လည်း ကျေးဇူးတင်ရမည့်အစား ဖန်ဝေးကို ရန်ငြိုးဖွဲ့သွားလေပြီ။

ဖန်ဝေးကတော့ ထန်ကျင်းဟွာဘက်သို့ လှည့်ကြည့်ပြီး ပြုံးပြလိုက်၏။

ထန်ကျင်းဟွာ၏မျက်နှာ ကြောက်လန့်တုန်လှုပ်ဟန်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူမအဖေ ထန်ဖေ့ထန်၏မျက်နှာတွင်မူ ထိတ်လန့်အံ့သြနေသည့်အရိပ်အယောင်များ ပေါ်လွင်နေ၏။

ဖန်ဝေးက မိန်းမချောလေး ထန်ကျင်းဗွာကို ကြည့်ကာမေးလိုက်၏။

"မိန်းကလေးထန်ကျင်းဗွာ ... ချီထန်ကျင်ထွက်သွားပါပြီ၊ ခုထိ ကြောက်နေတုန်းပဲလား"

မိန်းမချောလေး ထန်ကျင်းဗွာက ပြန်ပြောလိုက်၏။

"ရှင် ... ချီထန်ကျင်ကို ဒီလိုလုပ် တိုက်ခဲ့တဲ့အတွက် သူ့ဆရာတူ ညီအစ်ကိုအဘိုးကြီး လူ့ခွစာဝေးယွင်သိသွားရင် ရှင့်အတွက် ရန်တစ်ခု ပိုမလာဘူးလား"

ထန်ကျင်းဗွာ စကားဖြတ်ကာ သူမ၏ဖခင်သို့ ကပ်သွားပြီး ပြောလိုက်သည်။

"ဖေဖေ ... ကျွန်မတို့သွားကြစို့"

ဖန်ဝေးက ထန်ကျင်းဗွာကိုလှမ်းခေါ်လိုက်သည်။

ထန်ကျင်းဗွာက မကြားဟန်ပြုကာ ဆိုင်ပြင်သို့ လျှောက်လှမ်းထွက်ခွာသွား၏။

အမှန်တွင်မူ ...



ဖန်ဝေးက မိန်းမချောလေး ထန်ကျင်းဗွာ သူ့အနားတွင် ရှိနေစေချင်လှသည်။

ထန်ကျင်းဗွာထွက်သွားသောအခါ ဖန်ဝေးမှာ ပါးစပ်အဟောင်းသားနှင့် အငေးသား ကျန်ရစ်ခဲ့လေသည်။

ဖန်ဝေးက ထန်ကျင်းဗွာ ထွက်သွားရာနောက်သို့ လိုက်သွားရန် ဆိုင်ဝသို့ လှမ်းထွက်လိုက်စဉ် ဖန်ဝေးရှေ့သို့ လူတစ်ယောက် လာရောက်ပိတ်ဆို့ ရပ်တန့်လိုက်၏။

ထိုလူမှာ ...

သိုင်းသမားကြီး ရိုးကျင်လိန်ပင် ဖြစ်သည်။

ဖန်ဝေးက သိုင်းသမားကြီးရိုးကျင်လိန်ကိုကြည့်ကာ ...

"ဆရာကြီး ... ကျွန်တော့်ကို လမ်းဖယ်ပေးပါ"

ရိုးကျင်လိန်က ...

"မင်းဓား ငါ့ခဏာပြစမ်းပါ"

"ကျွန်တော့်ခုနစ်ပေါက်ဓားက ဘာများ ထူးခြားနေလို့ ကြည့်ချင်ရတာလဲ"

"မဟုတ်ဘူး ... မင်းဓား ငါ့ကိုခဏာပြစမ်း၊ ငါ့ပစ္စည်းများ ဖြစ်နေမလားလို့"

ဖန်ဝေးက မပေးသဖြင့် ... သိုင်းသမားကြီးရိုးကျင်လိန်က

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးအား လက်ဝါးချက်တစ်ချက်ဖြင့် ရိုက်ထုတ်တိုက်ခိုက်လိုက်သည်။

သိုင်းသမားကြီးရိုးကျင်လိန်မှာ ဖန်ဝေးထက် သိုင်းပညာလွန်စွာမြင့်မားနေသူဖြစ်သဖြင့် ဖန်ဝေးမှာ တစ်ကွက်နှစ်ကွက် ယှဉ်လိုက်ရုံဖြင့် သိုင်းသမားကြီးရိုးကျင်လိန်၏ ကုတ်ဆွဲချက်တွင် မိသွားလေသည်။

ဖန်ဝေးက သိုင်းသမားကြီးရိုကျင်းလိန် မိမိအား ဖမ်းဆီးထားသည်ကို ဂရုမစိုက်ဘဲ ရိုးကျင်လိန်အတွက် စိုးရိမ်တကြီး ပြောလိုက်၏။

"ဆရာကြီးရိုးကျင်လိန် ... ကျွန်တော့်ခုနစ်ပေါက်ဓားမှာ အင်မတန်ပြင်းထန်တဲ့ တောပင့်ကူနီအဆိပ်တွေ ရှိနေတယ် ... သတိထားပါ၊ ကျွန်တော့်ဓားကို မကိုင်ပါနဲ့"

သိုင်းသမားကြီး ရိုးကျင်လိန် ဖန်ဝေး၏ ခုနစ်ပေါက်ဓားကို ဆွဲလုတော့မည့်လက်အစုံကို ကပျာကယာပြန်ရုပ်လိုက်ရင်း ရီသွဲ့သွဲ့မေးလိုက်၏။

"ဪ ... မင်းက စိတ်ကောင်းတော့ ရှိသယောင်ယောင်ပါပဲလား"

ဖန်ဝေးက ဘယ်လက်တွင်ရှိနေသော ငွေရောင်တုတ်



ကောက်ရှည်ဖြင့် ရိုးကျင်လိန်အား အနီးကပ်ရိုက်ချလိုက်၏။

ရိုးကျင် လိန်မှာ ဖန်ဝေး၏ ငွေရောင်တုတ်ကောက်ရှည်ကို ညာလက်ဖြင့် ဆွဲဖမ်း၍ လုယူထားလိုက်၏။

တစ်ဆက်တည်း ...

ဖန်ဝေး၏ညာလက်တွင် ကိုင်ဆောင်ထားသော ခုနစ်ပေါက်ဓားရှည်ကို ဓားရိုးမှကိုင်ဆုပ်ကာ လုယူသွားပြန်သည်။

ထို့ကြောင့် ...

ဖန်ဝေးမှာ လက်နက်မဲ့ဖြစ်သွားရ၏။

သိုင်းသမားကြီး ရိုးကျင်လိန်၏ သိုင်းပညာမှာ ဖန်ဝေးထက်သာလွန်မြင့်မားလွန်းသဖြင့် ဖန်ဝေး မယှဉ်သာ။

ရိုးကျင်လိန် ခုနစ်ပေါက်ဓားကိုကြည့်ပြီး ပါးစပ်မှရေရွတ်လိုက်၏။

"ဟုတ်ပြီ ... ဒီဓားဟာ ငါ့ပစ္စည်းပဲ၊ မင်း ဘယ်လိုလုပ်ပြီး ခိုးယူထားတာလဲ"

ဖန်ဝေး ... ဤသို့ အစွပ်စွဲခံလိုက်ရသဖြင့် ထိတ်လန့်ရှက်ရွံ့သွား၏။

မျက်နှာတစ်ပြင်လုံးလည်း ရဲရဲနီသွားလေသည်။

"ခုနစ်ပေါက်ဓားဟာ ကျွန်တော့်ဓားပဲ၊ ဆရာကြီးပစ္စည်းကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဘယ်တုန်းကမှ မခိုးခဲ့ပါဘူး၊ ဆရာကြီးနဲ့လည်း ဒီတစ်ကြိမ်သာ တွေ့ဖူးပါတယ်၊ ဒီတော့ ဆရာကြီးနဲ့ ကျွန်တော် ဘာမှပတ်သက်စရာမရှိဘူး"

သိုင်းသမားကြီး ရိုးကျင်လိနှ်က ဖန်ဝေးအား အထင်သေးစွာကြည့်ရင်း ...

"မင်းမျက်နှာလေးကိုကြည့်တော့ သစ္စာရှိပြီး ရိုးသားဖြောင့်မတ်သလိုလိုနဲ့ ... မင်းဟာ လေပွေကျွန်းက စုန်းမကြီးဝန်နဲ့ အတူတူပဲ၊ အပေါ်ယံကောင်းသလောက် အတွင်းစိတ်က အတော်ကြောက်စရာကောင်းပါလား၊ ငါဟာ ဆယ်နှစ်ကျော်ကျော် လူသတ်တဲ့အလုပ်ကို မလုပ်ခဲ့ဘူး၊ ရှေ့လျှောက်လည်း ငါ မလုပ်ချင်ဘူး ...၊

ဒီတော့ မင်းကို ခွန်းလွန်ညီနောင်ခြောက်ဦးလက်ထဲကို အပ်ရမယ်၊ ဒီအတွက် ဝန်စုန်းမကြီးက မကျေနပ်ဘူးဆိုရင် ငါနဲ့ လာစာရင်းရှင်းလို့ပြောလိုက်"

ဖန်ဝေးသည် မိမိ၏ဘွားဘွားဝန်အား သိုင်းသမားကြီး ရိုးကျင်လိနှ်က ဝန်စုန်းမကြီးဟု ခေါ်လိုက်သဖြင့် ခွေးမျိုးရင်းချာကဲ့သို့ ခင်မင်စိတ်ရှိသော ဖန်ဝေး မခံမရပ်နိုင်ဖြစ်ခဲ့ရ၏။

ဝမ်းလည်းနည်း ဒေါသလည်းဖြစ်မိ၏။

ရင်းအပြင် ...



မိမိကိုလည်း ခားသူခိုးဟု စွပ်စွဲပြောဆိုခဲ့၏။

ခွန်းလွန်ညီနောင်ခြောက်ဦးလက်ထဲသို့ပင် မိမိအားအပ်မည်ဟု ခြိမ်းခြောက်ပြောဆိုလိုက်သေးသည်။

ဤတွင် မခံချင်ဖြစ်ကာ လှမ်းပြောလိုက်၏။

"ဆရာကြီး ရိုးကျင်လိနှ် ... စကားကို ရှင်းရှင်းလင်းလင်းပြောပါ၊ ကျုပ်ဘွားဘွားဝန်ကိုလည်း စုန်းမကြီးလို့ပြောသေးတယ်၊ ကျုပ်ကိုလည်း ပစ္စည်းသူခိုးစွပ်စွဲခဲ့တယ်၊ ကျုပ် တစ်သက် ဘယ်သူ့ပစ္စည်းကိုမှ မခိုးခဲ့ဘူး၊ ခိုးဖို့နေနေသာသာ ... စိတ်ကူးထဲတောင် ထည့်မစဉ်းစားခဲ့ဘူး"

"ဒါဖြင့် မင်း ခုနစ်ပေါက်ဓားမှာ တောပင့်ကူနီအဆိပ်တွေရှိတယ်ဆိုတာ မင်းဘယ်က တွေ့ခဲ့လို့လဲ"

ထိုအခါ ဖန်ဝေးက ...

ဤမြို့နှင့် လေးငါးမိုင်မျှဝေးသော နေရာတစ်နေရာတွင် ကျောက်ဂူလေးတစ်ဂူရှိကြောင်း ...၊

ထိုကျောက်ဂူလေးထဲတွင် အဆိပ်အင်မတန်ပြင်းထန်သော တောပင့်ကူနီကြီးနှစ်ကောင်ကိုတွေ့ခဲ့ရကြောင်း ...၊

ခန့်မှန်းရခြင်းအားဖြင့် ထိုတောပင့်ကူကြီးနှစ်ကောင်ကို တစ်စုံတစ်ရာသောသူက မွေးမြူထားပုံရသည် ထင်ကြောင်း ...၊

www.burmeseclassic.com



မိမိတွင် လက်နက်ပုန်းမပါရှိ၍ ခုနစ်ပေါက်ဓားရှည်ဖြင့်ပင် ထိုအဆိပ်အင်မတန်ပြင်းထန်သော တောပင့်ကူနီကြီးနှစ်ကောင်ကို အပိုင်းပိုင်း ခုတ်ထစ်သတ်ဖြတ်လိုက်မိကြောင်း ...၊

ဤသို့ မိမိသတ်လိုက်ရခြင်းမှာ အခြားသူများအတွက် အန္တရာယ်စိုးရိမ်မိသဖြင့် ယခုကဲ့သို့ ဓားဖြင့် တောပင့်ကူနီနှစ်ကောင်အား ခုတ်သတ်ခဲ့ရကြောင်း ...

တို့ကို ပြောပြလိုက်၏။

ငှင်းပြင် ...

အဆိပ်ပြင်းထန်သော တောပင့်ကူနီနှစ်ကောင်အား မိမိ ဓားရှည်ဖြင့် ခုတ်ထစ်ခဲ့သဖြင့် ခုနစ်ပေါက်ဓားသွားသည် အဆိပ်များ ဖုံးလွှမ်းခဲ့ရကြောင်းများကိုပါ ပြန်ပြောပြလိုက်၏။

ဖန်ဝေး၏စကားကြောင့် သိုင်းသမားကြီးရိုးကျင်လိနဲမှာ ဒေါသထွက်လာကာ ဖန်ဝေးကို မျက်ထောင့်နီကြီးဖြင့် ကြည့်၍မေး လိုက်၏။

"မင်းက သူများဂရုတစိုက်မွေးထားတဲ့ တောပင့်ကူနီကြီး နှစ်ကောင်ကို အကြောင်းမဲ့သတ်ဖြတ်တာဟာ အဓိပ္ပါယ်မရှိဘူး။ ဒီ တောပင့်ကူကြီးနှစ်ကောင်ကို ငါ စနစ်တကျ ကျောက်ဂူအပြင်မထွက် နိုင်အောင် တမင်မွေးထားခဲ့တာကွ၊ တကယ်တော့ မင်းဟာ ငါ့ ပင့်



ကူနီကြီးနှစ်ကောင် တမင်သတ်ပစ်ပြီး သူတို့ရဲ့ ပြင်းထန်တဲ့အဆိပ် တွေ မင်းဓားပေါ်မှာ သုတ်လိမ်းထားခဲ့တာ မဟုတ်လား"

ထိုစကားကြောင့် ဖန်ဝေး အတော်စဉ်းစားရကျပ်သွား လေသည်။

ရိုးကျင်လိနဲလို အဆင့်မြင့်သိုင်းသမားကြီးတစ်ယောက် မည်သည့်အဓိပ္ပါယ်နှင့် ဤမျှအဆိပ်ပြင်းထန်သော တောပင့်ကူကြီ နှစ်ကောင်ကို မွေးရပါသနည်း။

ဖန်ဝေးသိချင်စိတ် ပြင်းပြနေသဖြင့် ရိုးကျင်လိနဲကို မေးခွ ထုတ်လိုက်သည်။

"ဆရာကြီး ဒီလိုအဆိပ်ပြင်းထန်တဲ့ တောပင့်ကူနီမျိုး ဘာဖြစ်လို့ မွေးထားရတာလဲ"

ရိုးကျင်လိနဲမှာ ဖန်ဝေ၏အမေးစကားကို ပြန်လည် ကြားခြင်းမရှိ။

ထိုအချိန် တေလေကိုဏ်းချုပ် မာစွမ်းစိမှာ မိန်းမပျို ဖုန်ရင်အား ခုံတန်းရှည်တစ်ခုပေါ်တွင် အသာအယာချကာ ဂျို သောဒဏ်ရာအား ဆေးကုသပေးလျက်ရှိ၏။

ဖန်ဝေးက မာစွမ်းစိနားသို့ ကပ်သွားပြီး ...

"ဖုန်ရင် ဘာဖြစ်လို့ ဒဏ်ရာအနာတရဖြစ်သွားရတာလ

www.burmeseclassic.com

www.burmeseclassic.com



မာစွမ်းစိက အနည်းငယ်ဒေါသထွက်ဟန်ဖြင့် ဖန်ဝေးအား ကြည့်ကာ ...

"ဒီမေးခွန်း ငါကမင်းကိုမေးရမယ့် မေးခွန်းပါကွ၊ မင်းက မင်းစားပေါ်မှာ တောပင့်ကူနီကြီးရဲ့ အဆိပ်တွေကို သုတ်ထားတယ်၊ အဲဒါကြောင့် အဘိုးကြီးတီလင်ကျိ မင်းရဲ့လက်ချက်နဲ့ ဒဏ်ရာရခဲ့တယ်"

"တောပင့်ကူနီကြီးနှစ်ကောင် ကျွန်တော့်ဓားနဲ့ သတ်ခဲ့တာ တော့မှန်ပါတယ်၊ အဘိုးကြီးတီလင်ကျိ ကျွန်တော့်လက်ချက်ကြောင့် ဓားဒဏ်ရာရခဲ့စဉ်က ကျွန်တော့်ဓားမှာ အဲဒီအဆိပ်တွေရှိနေမှန်း တောင် မသိခဲ့ရပါဘူး"

သိုင်းသမားကြီးရှီးကျင်လိန်က ကြားဝင်၍မေးလိုက်သည်။

"ဟို ထူးဆန်းတဲ့အိမ်ကြီးထဲမှာ ဘယ်သူတွေရှိခဲ့လို့လဲ"

"မိန်းကလေး ဖုန်ရင်နဲ့ ခွန်းလွန်ဂိုဏ်းက အဘိုးကြီးခြောက်ဦး၊ ဒွေးလက်ဝါးဂိုဏ်းချုပ်ရဲ့ တပည့် ယွဲ့ရန်ဟုန်တို့လည်း ကျွန်တော် တို့နဲ့ အတူရှိနေပါတယ်၊ နောင် အိမ်ခေါင်မိုးကိုဖောက်ပြီး ထူးဆန်း တဲ့ ရွှေရောင်လူကြီးနှစ်ယောက်က ကျွန်တော်တို့လူသိုက်ကို တိတ်တ ဆိတ်ချောင်းကြည့်နေခဲ့တာလည်း တွေ့ခဲ့ရပါတယ်"

ဖန်ဝေ၏စကားကြောင့် သိုင်းသမား ရှီးကျင်လိန်က ကြား





ဖြတ်ပြောလိုက်သည်။

"တော်ပြီ ... တော်ပြီ ... ခုအချိန်မှာ အမည်းရောင်သိုင်း သမားတွေက အဖြူရောင်သိုင်းသမားတွေကို နိုင်နေကြပါလား။ အ မည်းရောင်ဂိုဏ်းက တပည့်ငယ်သားတွေလည်း သိုင်းပညာအတော် ကို တိုးတက်နေကြပါလားစ"

မာစွမ်းစိက ဘာမှမပြော။

တပည့်ဖြစ်သူ ဖုန်ရင်ကို ဆေးဝါးများဂရုတစိုက် ကုသပေး လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ...

ယှဲရှန်ဟုန်နှင့် ဖုန်ရင်တို့နှစ်ယောက် တိုက်ခိုက်နေကြစဉ် ...

အုတ်နံရံကြီး ပြိုကျလာသဖြင့် ဖုန်ရင်၏နောက်ကျောသို့ သွေးလက်ဝါးချက် တစ်ချက်ထိသွားကာ ဖုန်ရင်သတိမေ့သွားခဲ့ရသည်။

တောလေဂိုဏ်းချုပ်ကြီး မာစွမ်းစိမှာ သိုင်းသမားကြီး ရိုးကျင်လိန်အား လိုက်လံရှာဖွေရင်း ...

သတိမေ့နေသော ဖုန်ရင်အား အမှတ်မထင် တွေ့မြင်လိုက်ရ၏။

ဆီးရောင်လွှမ်းနေသော ထူးဆန်းသည့်အိမ်ကြီးထဲတွင် အဘိုးကြီးတီလင်ကျိုမှာ ဓားဒဏ်ရာဖြင့် လဲကျနေသည်ကို သိုင်းသမားကြီး ရိုးကျင်လိန်တွေ့ခဲ့ရ၏။

ဓားဒဏ်ရာကို ရိုးကျင်လိန် ကြည့်ရှုစစ်ဆေးခဲ့ရာတွင် ...



ဒဏ်ရာ၌ မိမိမွေးမြူထားသော တောပင့်ကူနီ၏အဆိပ်များ ပါဝင်နေကြောင်းကို ထိတ်လန့်အံ့သြဖွယ်ရာဖြင့် တွေ့ခဲ့ရပြန်သည်။

မာစွမ်းစိကမူ ...

သူ၏တပည့်မလေး ဖုန်ရင်ကို အသက်ကယ်ဆေးသုံးလုံး ထုတ်၍ ပါးစပ်ဖြဲကာ ထည့်ပေးလိုက်သည်။

ထို့နောက် ...

ဆေးဝါးကုသရန် ဤတည်းခိုခန်းသို့ ရောက်လာခြင်းဖြစ်သည်။

မာစွမ်းစိ ဖုန်ရင်ကိုပွေ့ကာ တည်းခိုခန်းသို့လာရာတွင် ...

'ဗိုး'

ရုတ်တရက် ပြတင်းပေါက်မှ ဓားမြှောင်တစ်လက် အရှိန်ပြင်းစွာဖြင့် သူတို့ဆရာတပည့်နှစ်ဦးရှိရာသို့ လာနေသည်ကို တွေ့လိုက်ရ၏။

မာစွမ်းစိမှာ နဂိုကတည်းက စိတ်ရှုပ်ဒေါပွလာရာ မိမိထံသို့ တန်းတန်းမတ်မတ်လာနေသော ဓားမြှောင်လေးကို ညာလက်ဖြင့် ဖမ်း၍ ထွက်လာခဲ့သောပြတင်းပေါက်ထံသို့ ပြန်၍ပစ်ထည့်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖပ်'

'ဗွိုး'

မာစွမ်းစိတို့ဆရာတပည့် တည်းခိုခန်းသို့ ဝင်ရောက်မိသည်နှင့် ဆိုင်ထဲတွင် ထိုးခုတ်တိုက်ခိုက်နေရသည်များကို မြင်တွေ့လိုက်ရတော့သည်။

✱





✱

သိုင်းသမားကြီး ရှီးကျင်လိန်က ဖန်ဝေးအား ငွေရောင်တုတ်ကောက်ရှည်ကိုပြန်လည်ပစ်ပေးလိုက်သည်။

သို့သော် ...

ခုနစ်ပေါက်ဓားကိုမူ ရှီးကျင်လိန်က ပြန်မပေးဘဲ ဆက်လက်ကိုင်ဆောင်ထားသဖြင့် ဖန်ဝေးက ပြန်တောင်းလိုက်သည်။

"ဆရာကြီး ကျွန်တော့်ဓားကို ပြန်ပေးပါ၊ ကျွန်တော် သွားစရာကိစ္စလေးရှိနေတဲ့အတွက် ဒီမှာကြာကြာနေလို့ မဖြစ်ပါဘူး"

ရှီးကျင်လိန်မှာ ဖန်ဝေး၏စကားကို မကြားဟန်ပြုကာ ခုနစ်ပေါက်ဓားကို ချိုင်းကြားတွင် ညှပ်မြဲညှပ်ထား၏။

ရှီးကျင်လိန်မှာ ခုနစ်ပေါက်ဓားကိုချိုင်းကြားတွင် ညှပ်တာမာစွမ်းစိရှိရာသို့ လျှောက်လှမ်းသွားနေသည်။

ဖုန်ရင်အား မာစွမ်းစိက ဆေးဝါးကုသပေးပြီးနောက် သူ၏အတွင်းအားဖြင့် ဖုန်ရင်ကို ဆက်လက်ကုသပေးနေသည်ကို ဖန်

www.burmeseclassic.com

www.burmeseclassic.com



ဝေး တွေ့ရပြန်သည်။

ဖန်ဝေးက မာစွမ်းစီ၏အတွင်းအားနက်ရှိုင်းပုံကိုကြည့်ပြီး စိတ်ထဲတွင် တွေးလိုက်မိသည်။

"အင်း ... ငါသာ လျှို့ဝှက်သိုင်းကျမ်းကိုရှာလို့ရခဲ့ရင် ထန်ကျင်းဖွာကိုခေါ်ပြီး လေပွေကျွန်းကိုသွားမယ်၊ တကယ်လို့ သူက လေပွေကျွန်းကိုမလိုက်ချင်ဘူးဆို သူကြိုက်တဲ့နေရာကို ငါ လိုက်သွားမယ်"

ဖန်ဝေး ...

စိတ်ကူးနှင့်ကျေနပ်နေမိသည်။

ဖန်ဝေးမှာ လျှို့ဝှက်သိုင်းကျမ်းရှာဖွေရန် စိတ်ကူးနေသော်လည်း သူ့အား လူအများက လိုက်လံရှာဖွေနေသည်ကိုမူ ဖန်ဝေး သတိမထားမိ။

ဖန်ဝေး စိတ်ကူးရင်း သိုင်းသမားကြီးရိုးကျင်လိန်၏ချိုင်းကြားတွင် ညှပ်ထားသော မိမိ၏ခုနစ်ပေါက်ဓားကို အမှတ်မထင် မြင်လိုက်ရသည်။

ထို့ကြောင့် ...

ရိုးကျင်လိန်၏ချိုင်းကြားတွင် ညှပ်ထားသော မိမိ၏ခုနစ်ပေါက်ဓားကို အတင်းဆွဲလုချင်စိတ် ပေါက်လာသည်။



ဤခုနစ်ပေါက်ဓားမှာ မိမိ၏ကိုယ်ပိုင်ပစ္စည်းမဟုတ်။

လေပွေကျွန်းမှ ဘွားဘွားဝန်၏ပစ္စည်းဖြစ်သည်။

အကယ်၍ ...

ခုနစ်ပေါက်ဓားသာ ပြန်မရပါက ဘွားဘွားဝန် မည်သည့်နည်းနှင့်မျှ စိတ်ကောင်းမည်မဟုတ်။

ဘွားဘွားဝန် မိမိအတွက်နှင့်ပတ်သက်၍ လုံးဝစိတ်မဆင်းရဲစေချင်။

ထိုစဉ် သတိမေ့နေသောဖုန်ရင်မှာ သတိရလာပြီး ပါးစပ်မှ ကယောင်ကတမ်း အော်လိုက်သည်။

"အစ်ကို ဖန်ဝေး ... သတိထား"

ဖုန်ရင် သတိရရချင်း ပထမဆုံးအော်ပြောလိုက်သံ ထွက်ပေါ်လာသည်။

ဖုန်ရင်၏ ရောင်ရမ်းအော်ဟစ်သံကြောင့် မာစွမ်းစီ တစ်ချက် ကြောင်အမ်းအမ်းဖြစ်သွားကာ ...

"ဖုန်ရင် ... နင် ဘယ်သူ့ကိုခေါ်တာလဲ၊ ဘယ်သူ့ကို သတိထားခိုင်းနေတာလဲ"

ဖုန်ရင်က တဖြည်းဖြည်းမျက်လုံးပွင့်လာပြီး ကောင်းစွာ သတိရလာကာ ဆရာဖြစ်သူ မာစွမ်းစီကိုကြည့်၍မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကျွန်မဒဏ်ရာရတာကို ဘယ်လိုသိတာလဲ"

"ဖုန်ရင် ... တပည့်ဟာ သွေးလက်ဝါးဂိုဏ်းချုပ်ရဲ့ လက်ဝါးချက်မိသွားတယ်၊ ငါနဲ့ ရှီးကျင်လိန်တို့ ပူးပေါင်းပြီး တပည့်ကို ထူးဆန်းတဲ့အိမ်ကြီးထဲက ကယ်ထုတ်လာပြီး ဒီကိုခေါ်လာခဲ့တယ်၊ တကယ်လို့ ဆရာတို့သာ အချိန်မီမရောက်ရင် တပည့်ဟာသွေးကြောပိတ်ပြီး သေဆုံးသွားနိုင်တယ်"

မှန်ပေသည်။

သိုင်းသမားကြီးရှီးကျင်လိန်မှာ အဖြူရောင် သိုင်းသမားတွင် နာမည်ကျော်ကြားနေသော သိုင်းသမားလူစွမ်းကောင်းတစ်ယောက် ဖြစ်သည်။

ဂူတောင်ဂိုဏ်း၏အကြီးအကဲတစ်ဦးလည်း ဖြစ်၏။

ဤကဲ့သို့သော အဖြူရောင်သိုင်းသမားကြီးတစ်ယောက်က အဆိပ်ပြင်းထန်လွန်းသော တောပင့်ကူနီများကို မည်သည့်ရည်ရွယ်ချက်ဖြင့်မွေးကြောင်း ဖန်ဝေး စဉ်းစားနေသည်။

ဤသို့အဆိပ်ပြင်းထန်သော တိရစ္ဆာန်များကို အဖြူရောင်သိုင်းသမားကြီးများ မွေးမြူခြင်းမရှိကြောင်း ဖန်ဝေး ရိပ်မိသိရှိထားသည်။

အမှန်တွင် ...



ထိုအဆိပ်ပြင်းထန်သော တောပင့်ကူနီများအား မွေးထားရခြင်းမှာ သိုင်းလောကအမှောင်နယ်မှ ထိတ်ထိတ်ကြဲသိုင်းသမားဆိုးကြီးများအား နှိမ်နင်းရာတွင် အသုံးပြုရန်အတွက် ရည်ရွယ်မွေးထားခြင်းသာ ဖြစ်သည်။

သိုင်းသမားကြီးရှီးကျင်လိန်၏အကြံအစည်ကို ဖန်ဝေး မသိသဖြင့် ရှီးကျင်လိန်အပေါ် သို့လော၊သို့လော သံသယစိတ်များ ဝင်မိသည်။

ရှီးကျင်လိန်က ဖန်ဝေးအားကြည့်ကာ ခပ်တည်တည်ပင် ပြောလိုက်၏။

"မင်း ... တို့နဲ့ ခွန်းလွန်ဂိုဏ်းကို လိုက်ရဲသလား"

"ကျုပ်က ဘာဖြစ်လို့ မလိုက်ရဲရမှာလဲ"

စကားဆုံးသည်နှင့် တောလေဂိုဏ်းချုပ်ကြီးမာစွမ်းစီက တပည့်ဖြစ်သူ ဖုန်ရင်အားထမ်းကာ ရှေ့မှထွက်သွားလေသည်။

ဖန်ဝေးက မာစွမ်းစီနောက်မှကပ်၍လိုက်ပါသွား၏။

ဖန်ဝေး၏နောက်ဆုံးမှ သိုင်းသမားကြီးရှီးကျင်လိန် လိုက်ပါသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

မာစွမ်းစိတ္တိလှသိုက် တီရောင်မြို့ပြင်ရှိ ကျောက်ဂူလေးသို့ ရောက်လာကြသည်။

ထိုကျောက်ဂူလေးမှာ ...

ဖန်ဝေးရောက်ခဲ့သည့် တောပင့်ကူနီများရှိနေသည့် ကျောက်ဂူလေးပင်ဖြစ်သည်။

ဖန်ဝေး ထိုကျောက်ဂူလေးကို မြင်လိုက်ရသည်နှင့် မျက်နှာ ပျက်သွားလေသည်။

အကြောင်းမှာ ...

ဖန်ဝေး ထိုကျောက်ဂူလေးသို့ရောက်ခဲ့စဉ်က ကျောက်ဂူလေးမှာ အကောင်းပကတိရှိနေခဲ့၏။

ယခု ...

ထိုကျောက်ဂူလေးမှာ ဘေးတစ်ဖက်တစ်ချက်ရှိ နံရံများ အက်ကြောင်းထင်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင်။



ကွဲအက်နေပုံမှာ ...

လက်ဝါးရိုက်ချက်ကြောင့်လည်း မဟုတ် ...၊

ချွန်ထက်သော ဓားချက်ကြောင့်လည်း မဟုတ်နိုင်။

ပုံစံမှာ ... တုံးသောဓားဖြင့် ထုရိုက်ထိုးခွဲထားသောပုံစံမျိုး ဖြစ်သည်။

ထို့ကြောင့် ...

ဖန်ဝေး၏စိတ်ထဲမှ အတော်လေး အံ့ဩနေမိသည်။

ကျောက်ဂူလေးထဲသို့ ဝင်လာကြရာတွင် အမွှေးနံ့တစ်ခုကို ရှူရှိုက်မိလိုက်သည်။

ယခင်တစ်ခါလာစဉ်တုန်းက ထိုအမွှေးနံ့မျိုးကို မရခဲ့။

ၚင်းအမွှေးနံ့များမှာ ...

တောပင့်ကူနီများ၏ အဆိပ်နံ့ပင်လား ...၊

သို့မဟုတ် ...

ရန်သူက တမင်ကြိုတင်ကြံစည်ထားသည့် အမွှေးနံ့ပင်လား ... ဝေခွဲမရ။

သို့သော် ...

မာစွမ်းစိဦးဆောင်ကာ ထိုကျောက်ဂူလေးထဲသို့ ဝင်ရောက်လာခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

ရှေ့ဆုံးမှဝင်သွားသည့် ... တေလေဂိုဏ်းချုပ်ကြီး မာစွမ်းစိ ပါးစပ်မှ အံ့ဩလွန်းသောကြောင့် 'ဟင်' ခနဲ အသံ ထွက်သွားကာ ရှေ့သို့လှမ်းနေသော ခြေလှမ်းများကိုရပ်တန့်လိုက်၏။

"ဟင် ... ကျောက်ဂူလေးထဲမှာ မိန်းကလေးတစ်ယောက် လဲကျနေပါလား"

သိုင်းသမားကြီး ရိုးကျင်လိနျ်က မိမိတို့အားကျောပေးကာ ဝှန်ရုံဘက်သို့ မျက်နှာမူလျက် မိန်းကလေးတစ်ယောက် တစောင်း အနေအထားလဲနေသည်ကိုတွေ့လိုက်ရ၏။

ထို့ကြောင့် ...

ရိုးကျင်လိနျ်က လဲနေသောမိန်းမပျိုလေးအား လှမ်းမေး လိုက်သည်။

"မိန်းကလေး ... မင်းဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီကျောက်ဂူ လေးထဲမှာ လဲနေရတာလဲ"

လဲနေသော မိန်းကလေးထံမှ မည်သည့်စကားသံမှ ထွက် ပေါ်မလာ။

တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

သိုင်းသမားကြီးရိုးကျင်လိနျ်က လဲကျနေသောမိန်းကလေး



နားသို့ တိုးကပ်သွားကာ မိန်းမပျိုလေးမျက်နှာကို အသေအချာကြ ရှုလိုက်သည်။

မိန်းမပျိုလေးမှာ အလွန်တရာချောမောလှပသော မိန်း ပျိုလေးဖြစ်နေကြောင်း တွေ့လိုက်ရ၏။

သိုင်းသမားကြီး ရိုးကျင်လိနျ်က မျက်မှောင်ကြုတ်က စဉ်းစားလိုက်သည်။

သို့သော် ...

ဤလှပချောမောသော မိန်းကလေး မည်သူမည်ဝါဖြ ကြောင်း မည်သို့မျှစဉ်းစားမရဖြစ်နေသည်။

ထို့နောက် ...

မာစွမ်းစိ၊ ဖုန်ရင်နှင့် ဖန်ဝေးတို့လည်း ထိုမိန်းမချောလေ အနားသို့သွားရောက်ကာ ကြည့်ရှုကြရာ ဤလှပချောမောသေ ထိုမိန်းကလေးသည် မည်သူမည်ဝါဖြစ်ကြောင်း မည်သူမျှ မပြောနို ကြ။

ဖုန်ရင်က မိန်းမချောလေးအား အသေအချာထပ်မံ ကြ ရှုလိုက်ပြီး အနည်းငယ် တွေဝေစဉ်းစားလိုက်ပြန်သည်။

အတန်ကြာမှ ...

ဖုန်ရင်၏ဦးနှောက်ထဲတွင် အတွေးစတစ်ခု ဝင်ရောက်လ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။

ထိုအတွေးမှာ ဖြစ်နိုင်စရာ မရှိ။

ဤလှပချောမောသော မိန်းကလေး၏ခြေနှင့်လက်များမှာ ... မိမိနှင့် ထူးဆန်းသောအိမ်ကြီး၏ခြံထဲတွင် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သော သွေးလက်ဝါးဂိုဏ်းချုပ်၏တပည့် ယဲ့ရန်ဟုန်၏ခြေနှင့်လက်များနှင့် အလွန်တူနေကြောင်း ဖုန်ရင် ကောင်းစွာ သတိထားမိလိုက်၏။

သို့သော် ...

မိမိနှင့်တိုက်ခိုက်ခဲ့သော ယဲ့ရန်ဟုန်မှာ ရုပ်အလွန်ဆိုးသော မိန်းမပျိုတစ်ယောက်ဖြစ်သည်။

ယခု ...

တွေ့မြင်နေရသော မိန်းမချောလေးမှာ ရုပ်ဆိုးမ ယဲ့ရန်ဟုန် မဖြစ်နိုင်ကြောင်း စဉ်းစားမိပြန်သည်။

ထိုအခိုက် ...

သိုင်းသမားကြီးရိုကျင်လိန်၏အသံ ထွက်ပေါ်လာသည်။

"ချာတိတ် ... မင်းသတ်ခဲ့တဲ့ ငါ့ရဲ့တောပင့်ကူနီကြီးနှစ်ကောင် ဘယ်မှာလဲ၊ ဒီဂူထဲမှာ မတွေ့ပါလား"

ဖန်ဝေးက ဂူအနှံ့အပြားသို့ တစ်ချက်ဝေ့ကြည့်လိုက်ရင်း ...



မှန်ပေသည်။

ဂူလေးထဲတွင် ဖန်ဝေးသတ်ခဲ့သော အဆိပ်ပြင်းကြသ

တောပင့်ကူနီကြီးနှစ်ကောင် မရှိတော့ချေ။

ပျောက်ခြင်းမလှ ပျောက်ဆုံးနေ၏။

ဖန်ဝေးမှာ မိမိသတ်ခဲ့သော တောပင့်ကူနီနှစ်ကောင် မ

တော့သဖြင့် ထိတ်လန့်အံ့သြသွားကာ ...

"ကျွန်တော် ဒီဂူလေးထဲက ထွက်လာတုန်းက ကျွန်တေ

သတ်ခဲ့တဲ့ တောပင့်ဂူကြီးနှစ်ကောင်ဟာ ဒီမှာပဲကျန်ခဲ့တယ်"

သိုင်းသမားကြီး ရိုးကျင်လိန်က ဖန်ဝေးအား သက်သမကော

သော မျက်လုံးအစုံဖြင့် ကြည့်လိုက်၏။

ထိုအခိုက် ...

မိန်းမပျိုလေး ဖုန်ရင်ထံမှ အံ့သြသည့်အသံမျိုးပါနေသ

အသံမျိုး ရုတ်တရက်ထွက်ပေါ်လာသံကို ရုတ်တရက် ကြားလိုက်

သည်။

"ဆရာ ... ဒီမိန်းကလေးလက်ထဲမှာ ကိုင်ထားတဲ့ မ

မြွောင်လေးကိုကြည့်ပါဦး ... ရှေးဟောင်းဓားတစ်လက်နဲ့ တူ

လား"

မာစွမ်းစိက မိန်းမချောလေးလက်ထဲတွင်ရှိနေသော မြော

www.burmeseclassic.com

www.burmeseclassic.com



လက်နေသည့် ငွေရောင်ဓားမြှောင်လေးကို ကြည့်ကာ ...

"ဟုတ်တယ် ... ဒီဓားမြှောင်လေးဟာ ဟိုလွန်ခဲ့တဲ့နှစ်ပေါင်းရာကျော်အထက်က ရှေးဟောင်းဓားမြှောင်တစ်လက်ဖြစ်တယ်၊ ဒီထက်တော့ ငါလည်းမပြောတတ်ဘူး"

ပြောပြောဆိုဆို မာစွမ်းစိက မေ့လဲနေသော မိန်းမချောလေး လက်ထဲမှပြောင်လက်နေသည့် ငွေရောင်ဓားမြှောင်လေးကိုယူကာ ကျောက်နံရံကိုပစ်ပေါက်ထည့်လိုက်လေသည်။

'ဒုတ်'

ဓားမြှောင်လေးမှာ ကျောက်နံရံအတွင်းသို့ စူးဝင်နစ်သွားကာ စိုက်လျက်နေသည်။

ဓားမြှောင်လေး၏အရောင်မှာ အသေအချာကြည့်ပါက စိမ်းဖန့်ဖန့်အရောင်များ ထွက်နေသည်ဟု ထင်ရ၏။

ထို့နောက် ...

မာစွမ်းစိက မေ့မြောနေသော မိန်းမချောလေး၏ လက်ကောက်ဝတ်သွေးကြောကို စမ်းသပ်ကြည့်ရှုစစ်ဆေးလိုက်၏။

ခဏအကြာတွင် ...

မာစွမ်းစိ မျက်နှာတစ်ချက်ပျက်သွားပြီး ...

"ဒီမိန်းကလေးဟာ တစ်ဦးတစ်ယောက်ရဲ့ ပြင်းထန်တဲ့





လက်ဝါးရိုက်ချက်ကြောင့် ဦးနှောက်အာရုံကြောမှာ ဒဏ်ရာရသွားတာပဲ ဖြစ်မယ်၊ ဘာဖြစ်လို့ ဒီလောက်ငယ်ရွယ်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလို ရက်ရက်စက်စက်လုပ်ရတာလဲ မသိဘူး"

သိုင်းသမားကြီးရိုးကျင်လိန်က ကြားဖြတ်ပြောလိုက်ပြန်သည်။

"ဒီမိန်းကလေးနဲ့ပတ်သက်ပြီး ရန်ငြိုးရန်စဟာ ကြီးကြီးမားမား ရှိခဲ့ရမယ်၊ ဒါကြောင့်သာ ငယ်ရွယ်နုနယ်တဲ့ မိန်းကလေးတစ်ယောက်ကို ဒါလောက် ရက်ရက်စက်စက်လုပ်ခဲ့တာဖြစ်မယ်"

ဖုန်ရှင်က ...

"သူ သတိပြန်ရတဲ့အခါ သူဘယ်သူဖြစ်တယ်ဆိုတာရယ် သူ့ကို ဘယ်သူက ခုလိုဒဏ်ရာရအောင်လုပ်တယ်ဆိုတာရယ်ကို ပြောပြနိုင်ပါလိမ့်မယ်"

မာစွမ်းစိ ...

"တပည့်ပြောသလို သူ သတိရလာတဲ့အခါမှ ပြောပြချင်ပြောပြနိုင်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမိန်းကလေးရဲ့ဦးနှောက်ကြောမှာ ပြင်းထန်တဲ့လက်ဝါးရိုက်ချက်ဒဏ်ကြောင့် သူ့ရဲ့အတိတ်ရာဇဝင်ကို မေ့ချင်မေ့နေနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။

ယခု ...

ဂူလေးထဲတွင် သတိမေ့မြောနေသည့် မိန်းမချောလေးမှာ သွေးလက်ဝါးဂိုဏ်းချုပ်၏တပည့် ယွဲ့ရန်ဟုန်ပင် ဖြစ်သည်။

အမှန်တွင် ...

ယွဲ့ရန်ဟုန်၏အလှမှာ ပြိုင်စံရှားလောက်သော အလှပိုင်ရှင်ကလေးဖြစ်သည်။

သို့သော် ...

ဆရာဖြစ်သူ သွေးလက်ဝါးဂိုဏ်းချုပ်၏စီစဉ်ပေးချက်အရ ယွဲ့ရန်ဟုန်မှာ ရုပ်ဆိုးအကျည်းတန်သော တိရစ္ဆာန်သားရေဖြင့် အထူးပြုလုပ်ထားသည့် မျက်နှာဖုံးကို စွပ်ထားခဲ့သည်။

ထို့ကြောင့် ...

ဖန်ဝေးမှာ ယွဲ့ရန်ဟုန်အား ရုပ်ဆိုးမတစ်ယောက်အဖြစ်သာ သိထားသည်။

ချောမောလှပလွန်းသော သူမ၏ရုပ်ရည်ကို မြင်တွေ့ဖူးခြင်း မရှိ။

ဖန်ဝေးကတော့ ရုပ်ဆိုးလွန်းသော ယွဲ့ရန်ဟုန်ကို စိတ်ဝင်စားခြင်းမရှိခဲ့။



ယွဲ့ရန်ဟုန်၏ပင်ကိုရုပ်ရည်ကို မြင်ဖူးကြသူများမှာ လေပွေကျွန်းရှင် ဘွားဘွားဝန်နှင့် သွေးလက်ဝါးဂိုဏ်းချုပ်တို့သာ မြင်ဖူးကြ၏။

တခြားမည်သူတစ်ဦးတစ်ယောက်မျှ ယွဲ့ရန်ဟုန်၏ ပင်ကိုရုပ်ကို မြင်ဖူးခြင်းမရှိပေ။

အဘယ်ကြောင့် ယွဲ့ရန်ဟုန် ဤကျောက်ဂူလေးထဲသို့ ရောက်လာရသနည်း။

မည်သူက ယွဲ့ရန်ဟုန်၏သွေးကြောကို ထိခိုက်ဒဏ်ရာရအောင် ပြုလုပ်ခဲ့သနည်း။

ယွဲ့ရန်ဟုန်လက်ထဲမှ မြစိမ်းရောင် ရှေးဟောင်းအဖိုးတန်ဓားတစ်လက် မည်သို့မည်ပုံရောက်ရှိနေရသနည်း။

မာစွမ်းစိတို့လူသိုက် ...

မိန်းမချောလေးယွဲ့ရန်ဟုန်၏အကြောင်းများကို သို့လော သို့လော စဉ်းစားနေကြစဉ် မမျှော်လင့်ဘဲ ယွဲ့ရန်ဟုန် သတိပြန်ရလာကာ မျက်စိပွင့်လာသည်။

မာစွမ်းစိ အားရဝမ်းသာစွာဖြင့် သူ့လူများအား လှမ်းပြောလိုက်သည်။

တစ်ခဏအတွင်းမှာပင် ယွဲ့ရန်ဟုန်ကောင်းစွာ သတိပြန်

www.burmeseclassic.com

www.burmeseclassic.com



လည်ရှိလာသည်။

သတိရရချင်း မျက်လုံးအစုံကိုဖွင့်၍ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလိုက်ရာ မိမိအား လူအများ ဝိုင်းကြည့်နေကြသည်ကို သတိထားမိလိုက်၏။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန်က နားမလည်စွာဖြင့် မေးလိုက်သည်။

"ကျွန်မကို ဘာဖြစ်လို့ ဝိုင်းကြည့်နေကြတာလဲ"

ဖန်ဝေးနှင့်ဖုန်ရင်တို့မှာ မိန်းမချောလေး၏စကားသံကြောင့် နှစ်ယောက်လုံး လန့်ဖျပ်သွားကြ၏။

အကြောင်းမှာ ...

မိန်းမချောလေး၏စကားလုံးမှာ ရုပ်ဆိုးမယွဲ့ရန်ဟုန်၏အသံနှင့် ချွတ်စွပ်တူနေသောကြောင့်ပင်။

ထိုစဉ် ...

ယွဲ့ရန်ဟုန်၏မျက်လုံးအစုံက ကျောက်ဂူနံရံတွင် စိုက်ဝင်နေသော ဓားမြှောင်လေးကိုကြည့်ကာ တစ်ယောက်တည်း ရေရွတ်လိုက်၏။

"တယ်လှတဲ့ ဓားမြှောင်လေးပါလား"

မာစွမ်းစိ သူ့လူများအား မျက်ရိပ်မျက်ခြည်ပြ၍နေရန် မျက်





ခြည်ပြလိုက်သည်။

သဘောမှာ ...

ဤမိန်းမချောလေး ဤဓားမြှောင်နှင့်ပတ်သက်၍ မည်သည့်ထူးခြားသည့်စကားများ ပြောလာမည်ကို အသာစောင့်၍နားထောင်ရန် အချက်ပြလိုက်ခြင်းဖြစ်သည်။

မာစွမ်းစိက မသိချင်ယောင်ဆောင်ကာ မိန်းမချောလေး ယွဲ့ရန်ဟုန်အား သတိပေးသလို မေးလိုက်၏။

"မိန်းကလေး ... ဒီဓားဟာ မင်းရဲ့ဓားပဲ၊ ဒီဓားရဲ့နာမည် ဘယ်လိုခေါ်လဲကွယ့်"

မာစွမ်းစိ၏စကားကိုကြားရသောအခါ မိန်းမချောလေး ယွဲ့ရန်ဟုန်မှာ သဘောကျစွာဖြင့် ပြုံးလိုက်၏။

"ရှင် ကျွန်မကို ရယ်စရာစကား ပြောနေတာလား၊ ဒီဓားမြှောင်လေးက ကျွန်မ ပစ္စည်းမဟုတ်ပါဘူး၊ ဒါကြောင့် ဒီဓားမြှောင်ရဲ့ နာမည်ကို ကျွန်မ မသိဘူး"

မာစွမ်းစိက လက်မလျှော့သေးဘဲ ဆက်မေးပြန်သည်။

"မိန်းကလေးရဲ့ နာမည်က ဘယ်လိုခေါ်သလဲ၊ မိန်းကလေးက ဘယ်ဂိုဏ်းကလဲ"

ယွဲ့ရန်ဟုန်မှာ မာစွမ်းစိ၏အမေးစကားကြောင့် ခေတ္တ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်သွားပြီးမှ ...

"ကျွန်မ ဘယ်သူလဲ၊ အင်း ... ကျွန်မနာမည်ဘယ်သူလဲ"

ယွဲ့ရန်ဟုန်မှာ မိမိနာမည်ဘယ်သူလဲဟု အခေါက်ခေါက်အခါခါ ရေရွတ်စဉ်းစားနေသည်။

မာစွမ်းစိ မိန်းမချောလေး၏အမူအရာကိုကြည့်ကာ စိတ်ထဲတွင် ကျိတ်၍တွေးလိုက်၏။

"ဟုတ်ပြီ ... ငါတွေးတာမှန်နေပြီ၊ သူ့ရဲ့ဦးနှောက်အာရုံကြော လက်ဝါးရိုက်ချက်ဒဏ်ကြောင့် သူ့ဘဝ သူမေ့ပြီး အတိတ်အကြောင်းတွေကိုလည်း ပြန်သတိရပုံမပေါ်ဘူး"

မာစွမ်းစိ ဤသို့တွေးတောနေစဉ် ဖန်ဝေး၏စကားသံ ထွက်ပေါ်လာသည်။

"ဆရာကြီးမာစွမ်းစိခင်ဗျာ ... ဒီမိန်းကလေးရဲ့ဒဏ်ရာကို ဆရာကြီးတတ်စွမ်းသရွေ့ ကုပေးမယ်ဆိုရင် ပြန်ကောင်းလာမယ်လို့ ထင်ပါတယ်"

ဖန်ဝေး၏အကြံပေးချက်ကို အားလုံးက သဘောတူကြ၏။

မိန်းမချောလေးခံစားနေရသော အတိတ်မေ့ဝေဒနာအား မာစွမ်းစိက ကုသပေးလိုက်၍ ပျောက်ကင်းသွားပါက သိချင်သည့်ကိစ္စများကို မေးနိုင်မည် မဟုတ်ပါလား။



မာစွမ်းစိက ခေတ္တမျှ တွေးတောလိုက်ပြီးနောက် လေသံတိုးတိုးဖြင့် ပြောလိုက်၏။

"ဒီမိန်းကလေးရဲ့ဝေဒနာက ဆေးဝါးနဲ့ကုသလို့ ရုတ်တရက်ပျောက်ကင်းသွားမှာမဟုတ်ဘူး၊ တစ်ခုတော့ရှိတယ် ... ရုတ်တရက်ကြောက်မက်ဖွယ်ကောင်းတဲ့ကိစ္စဖြစ်ပေါ်လာရင် ဒါမှမဟုတ် ဝမ်းသာစရာကိစ္စဖြစ်လာခဲ့ရင်တော့ သူ့ရဲ့ဦးနှောက်အာရုံကြောဟာ အလိုလိုပြန်ကောင်းလာနိုင်တယ်"

မာစွမ်းစိက ပြောပြောဆိုဆို မိန်းမချောလေးယွဲ့ရန်ဟုန်အားလက်ဝါးချက်တစ်ချက် ခပ်သာသာလေးရိုက်၍ ရုတ်တရက်တိုက်ခိုက်လိုက်သည်။

မိန်းမချောလေးယွဲ့ရန်ဟုန်မှာ ကြောင်အမ်းအမ်း ဖြစ်သွားကာ ...

"ဟင် ... ရှင် ဘာလို့ ကျွန်မကိုတိုက်ခိုက်ရတာလဲ၊ ရှင်နဲ့ကျွန်မလည်း သိကြတာမဟုတ်ဘူး"

မာစွမ်းစိ၏ရည်ရွယ်ချက်မှာ ဤမိန်းမချောလေးကို မိမိတိုက်ခိုက်လိုက်ပါက ပြန်လည်ခုခံရမည်ဖြစ်သည်။

ဤသို့ ပြန်လည်ခုခံပါက မိန်းကလေး၏တိုက်ကွက်များကို ကြည့်ကာ ဘယ်ဂိုဏ်း၊ ဘယ်အဖွဲ့မှဖြစ်မည်ကို ခန့်မှန်းချင်၍ တမင်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ယွဲ့ရန်ဟုန်ကလည်း မာစွမ်းစိ၏တိုက်ကွက်များကို ပြန်လည်ခုခံနေရ၏။

သိုင်းကွက်လေးငါးကွက်ခန့် ယှဉ်ပြီးသည့်တိုင် ...

မိန်းမချောလေး၏သိုင်းကွက်များကို မာစွမ်းစိ ခန့်မှန်းမရနိုင်သေး။

အမှန်တွင်မူ ...

သွေးလက်ဝါးဂိုဏ်း၏သိုင်းပညာများသည် တိဗက်ပြည်မှ ခိုးယူလာသော တိုင်းတစ်ပါးမှ ကျမ်းတစ်ဆူဖြစ်နေသဖြင့် မာစွမ်းစိ ခန့်မှန်းမရခြင်း ဖြစ်သည်။

ထို့ပြင် ...

သွေးလက်ဝါးဂိုဏ်းမှသိုင်းကွက်များကလည်း သွေးလက်ဝါးဂိုဏ်းချုပ်ကြီးကိုယ်တိုင် တိဗက်သိုင်းကျမ်းတွင်ရှိသည့် သိုင်းပညာများဖြင့် မိမိ၏သိုင်းပညာများကို ရောယှက်တီထွင်ထားခြင်းလည်း ဖြစ်သည်။

ထို့ကြောင့် ...

သွေးလက်ဝါးသိုင်းကွက်များကို အတိအကျခန့်မှန်း၍မရ ဖြစ်နေသည်။



အစရေးထဲ ...

ဖန်ဝေးက မိန်းမလှလေးကိုကြည့်ကာ ကိုယ်ချင်းစာနာပြီး တွေးနေမိသည်။

"အင်း ... ဒီလောက်ချောမောလှပတဲ့ မိန်းကလေး ဒီဝေဒနာ ခံစားနေရတာ သူ့ချစ်သူများသိသွားရင် ဘယ်လောက်များ ဝမ်းပန်းတနည်းခံစားရမလဲ မသိဘူး"

ဖန်ဝေး စိတ်ကူးနေစဉ် ...

မာစွမ်းစိက တိုက်ခိုက်မှုများကို ရပ်တန့်လိုက်ပြီး ကျောက်နံရံတွင်စိုက်ဝင်နေသော ဓားမြှောင်လေးကို လှမ်းဆွဲ၍ နုတ်ယူလိုက်သည်။

တစ်ဆက်တည်း ...

ဓားမြှောင်လေးအား မိန်းမချောလေး ယွဲ့ရန်ဟုန်ကို လှမ်းပေးရင်း ပြောလိုက်သည်။

"ရော့ မိန်းကလေး ... ဒီဓားမြှောင်လေ မင်းကို ငါ အပိုင်ပေးလိုက်တယ် ... ယူပြီးသိမ်းထားပေတော့"

မိန်းမချောလေး ယွဲ့ရန်ဟုန်မှာ ...

မာစွမ်းစိ ရုတ်တရက် တိုက်ခိုက်မှုကိုရပ်တန့်လိုက်ပြီး မိမိလိုချင်နေသော လှပ၍ ချစ်စရာကောင်းသည့် ဓားမြှောင်လေးကို ပေး

www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် မယုံနိုင်အောင် အံ့သြနေမိသည်။

"ရှင်က ကျွန်မကို တကယ်ပေးမှာလား"

မာစွမ်းစိက ပြုံးရယ်ကာ ...

"ငါ မလိမ်ပါဘူး။ ဒီဓားမြှောင်လေး မင်းကိုတကယ်ပေးမှာပါ။ ဓားမြှောင်ပေးမယ့်အပြင် အဲဒီဓားမြှောင်လေးကို တခြားလူ တစ်ယောက်က မင်းလက်ထဲက လုမယူသွားနိုင်အောင် ငါ သိုင်းကွက် တစ်ကွက်သင်ပေးမယ်၊ မင်း ... လက်ခံမလား"

ရိုးကျင်လိန်က မာစွမ်းစိကို ကြားဝင်ဟန့်တားပြောဆိုလိုက်၏။

"မာစွမ်းစိ ... ခင်ဗျားရဲ့ အကောင်းဆုံးသိုင်းကွက်တစ်ကွက် အပြင်လူကို သင်ပေးမလို့လား"

မာစွမ်းစိက မိန်းမချောလေးယှဲ့ရန်ဟုန်ကို ခေတ္တအကဲခတ်ကြည့်လိုက်ပြီး ရိုးကျင်လိန်ဘက်လှည့်ကာ ပြောလိုက်၏။

"မိတ်ဆွေကြီး ရိုးကျင်လိန် ... ဒီမိန်းကလေးကြည့်ရတာ ဒုစရိုက်သိုင်းသမားတစ်ယောက် ဟုတ်ပုံမပေါ်ဘူး၊ နောက် မိန်းကလေးဟာ ဦးနှောက်အာရုံကြောကို ထိခိုက်မိနေတဲ့အတွက် သူ့ရဲ့ ရှိရင်းစွဲသိုင်းပညာတွေဟာ ဘယ်နည်းနဲ့မဆို အတော့်ကိုလျော့သွားမှာပဲ ...



မိန်းကလေးရဲ့ မိဘဆွေမျိုးတွေဟာ ဒီဓားမြှောင်လေးကို အကြောင်းပြုပြီး သူ့ကိုတွေ့အောင်ပြန်ရှာကြရမှာဖြစ်တယ် ...၊

တကယ်လို့ ဒီဓားမြှောင်လေးသာ အနက်ရောင်ဂိုဏ်းက ဒုစရိုက်သိုင်းသမားတွေလက်ထဲရောက်သွားရင် ပြဿနာ ရှုပ်ထွေးကုန်လိမ့်မယ် ...၊

ဒါကြောင့် ဘာပဲဖြစ်ဖြစ် သူ့လက်ထဲက ဓားမြှောင်လေးကို တစ်ပါးသူတစ်ဦးတစ်ယောက်က မလုနိုင်အောင် ကျုပ်ရဲ့ အကောင်းဆုံးသိုင်းကွက် နှစ်ကွက်လောက်တော့ သင်ထားပေးမှ သင့်လျော်မယ်"

တောလေဂိုဏ်းချုပ်ကြီးမာစွမ်းစိမှာ အဖြူရောင်ဘက်တော်သား သိုင်းသမားကြီးဖြစ်ရာ အမြဲတမ်း လူအများ၏အကျိုးကို သယ်ပိုးရွက်ဆောင်ခဲ့သူဖြစ်သည်။

ယခုလည်း ...

အားနွဲ့သော မိန်းမပျိုလေးအား ဒ ‘က်ရောင်ဒုစရိုက်ဂိုဏ်းသားများက စော်ကားမော်ကားလုပ်ကာ နိုင့်ထက်စီးနင်း ပြုလုပ်မည်ကို မာစွမ်းစိ ကြိုတင်စိုးရိမ်နေမိသည်။

ထို့ပြင် ...

မိန်းမချောလေးမှာ ပြင်းထန်သော လက်ဝါးရိုက်ချက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဦးနှောက်အာရုံကြောထိခိုက်ကာ အတိတ်မေ့နေသူ ဖြစ်သဖြင့် ဗိုဇ်ျမင်သနားဂရုဏာဖြစ်မိသည်။

မိမိကဲ့သို့ ...

သိုင်းလောက၏နံပါတ်တစ်လည်း ဖြစ် ...၊

အဖြူရောင်ဥပဒေဘက်တော်သားလည်းဖြစ်သူ ...

မိမိနှင့်တွေ့ပါလျက် ဤမိန်းကလေး တခြားဒုစရိုက်ဂိုဏ်းသားများ၏နိုင်ထက်ကလူပြုမှုခြင်း ခံရပါက မိမိတွင် တာဝန်မကင်းဟု ယုံကြည်ထား၏။

ထိုစဉ် ...

ဖုန်ရင်က ကြားဝင်၍ ပြောလာပြန်သည်။

"ဆရာ ... တပည့်ကိုရော အဲဒီသိုင်းပညာနှစ်ရပ်သင်မပေးဘူးလား၊ ဘာမသိ, ညာမသိတဲ့ မိန်းကလေးကို သင်ပေးမယ်ဆိုတော့ တပည့်ကိုလည်း သင်ပေးရမယ်"

ဖုန်ရင်၏ပင်ကိုစိတ်ဓာတ်မှာ မူလက သေးသိမ်ညံ့ဖျင်းသူဖြစ်ခဲ့၏။

သို့သော် ...

ဆရာဖြစ်သူမာစွမ်းစိ၏ ပြောဆိုဆုံးမသွန်သင်မှုကြောင့် တဖြည်းဖြည်း ပြောင်းလဲလာရာ ရာနှုန်းပြည့်တော့ စိတ်ထားမွန်မြတ်



ခြင်း မရှိပေ။

သို့သော် ...

ဖုန်ရင်၏စိတ်အတော်များများ အကောင်းဘက်သို့ ကူးပြောင်းလာခဲ့၏။

ယခု ...

မိမိဆရာဖြစ်သူက ခုမှတွေ့သည့် မိန်းမပျိုလေးအား ဆရာ၏ အကောင်းဆုံးသိုင်းကွက်နှစ်ကွက် သင်ပေးမည်ဟု ကြားရသောအခါ ဖုန်ရင်၏စိတ်ထဲတွင် အနည်းငယ် မခံချင်ဖြစ်လာမိသည်။

မိမိကဲ့သို့ တပည့်ရင်းကိုပင် သင်မပေးခဲ့သော အကောင်းဆုံးသိုင်းကွက်နှစ်ကွက်ကို ဖုန်ရင်လည်း သင်ချင်မိသည်မှာ သဘာဝကျလှသည်။

ထို့ကြောင့် ...

ဆရာဖြစ်သူ မာစွမ်းစိက တပည့်ရင်းဖုန်ရင်အား နှစ်သိမ့်စကားဆိုလိုက်သည်။

"တပည့်ဖုန်ရင် ... မင်းလို သိုင်းပညာတတ်ကျွမ်းထားတဲ့သူအတွက် ဒီသိုင်းကွက်နှစ်ကွက်လောက်ဟာ အကြောင်းမထူးပါဘူးကွယ်"

ဖုန်ရင်မှာ မိန်းမချောလေး ယွဲ့ရန်ဟုန်အား အတန်ကြာ အ

www.burmeseclassic.com

www.burmeseclassic.com



ကဲခတ်ကြည့်နေရာက ရုတ်တရက် သူမ၏ဦးနှောက်ထဲသို့ သတိတစ်ခု ဖျတ်ခနဲဝင်လာသည်။

နာမည်မသိ မိန်းမချောလေး၏အသားအရေနှင့် ခြေလက်များမှာ ရုပ်ဆိုးမ ယွဲ့ရန်ဟုန်နှင့်တူနေသည်ကို ဖုန်ရင် သတိထားမိလိုက်သည်။

တစ်ဖန် ...

နာမည်မသိမိန်းမချောလေး၏လေသံမှာ ရုပ်ဆိုးမ ယွဲ့ရန်ဟုန်၏လေသံနှင့် တစ်ထေရာတည်း တူနေသည်။

ဤအချက်များကိုထောက်၍ ...

မိန်းမချောလေးမှာ ယွဲ့ရန်ဟုန်များ ဖြစ်နေမလားဟု ဖုန်ရင်ရင်ထိတ်မိ၏။

မိမိနှင့်တိုက်ခိုက်ခဲ့သော ယွဲ့ရန်ဟုန်မှာ ရုပ်အလွန်ဆိုးသော ရုပ်ဆိုးမလေးတစ်ဦး ဖြစ်သည်။

သို့သော် ...

တမင် သူမ၏မျက်နှာကို ရုပ်ဖျက်ထားလျှင်လည်း ထားမည်။

ဤကိစ္စကိုတော့ အတပ်မပြောနိုင်။

ဖုန်ရင့်စိတ်ထဲတွင် မိန်းမချောလေးအပေါ် များစွာ သံသယ



စိတ်များဝင်နေသည်။

ထို့ကြောင့် ...

ဖုန်ရင်က ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

မည်သို့ပင်ဖြစ်စေ ...

နာမည်မသိသည့် မိန်းမချောလေး၏ ကိုယ်ပေါ်တွင် အထောက်အထား ပစ္စည်းတစ်စုံတစ်ရာ ရှိချင်ရှိနေမည်။

ဤသို့ စိတ်ကူးမိသည်နှင့် ...

ဖုန်ရင်က ဖန်ဝေးကို အကူအညီတောင်းသလို တစ်ချက်လှမ်းကြည့်လိုက်၏။

"အစ်ကိုဖန်ဝေး ... ဒီအမျိုးသမီးကိုယ်ပေါ်မှာ တစ်ခုခုရှာဖွေကြည့်ကြရအောင် ... ကျွန်မကို အကူအညီပေးပါလား"

ထိုစကားကြောင့် ဖန်ဝေးက မိန်းမချောလေးရှိရာသို့ ချဉ်းကပ်သွားသည်။

မိန်းမချောလေး ယွဲ့ရန်ဟုန်မှာ နောက်သို့ခြေတစ်လှမ်းမျှဆုတ်လိုက်ပြီး ဖန်ဝေးနှင့် ဖုန်ရင်တို့အား ပြူးကြောင်ကြောင်ကြည့်ကာ မေးလိုက်၏။

"ရှင်တို့နှစ်ယောက် ကျွန်မကို ဘာလုပ်ကြမလို့လဲ"

မာစွမ်းစိက တပည့်ဖြစ်သူဖုန်ရင်၏စကားများကို ယုတ္တိရှိ

www.burmeseclassic.com

www.burmeseclassic.com



ကာ သဘာဝကျနေသဖြင့် မိန်းမချောလေး၏ချိုင်းအောက်တစ်နေ ရာရှိ အကြောတစ်ခုကို အသာအယာနှိပ်ချပေးလိုက်သည်။

ထိုအခါ ...

မိန်းမချောလေးမှာ မည်သို့မှ ရုန်းကန်လှုပ်ရှားခြင်း မလုပ်နိုင်တော့ဘဲ တဖြည်းဖြည်း လဲကျသွားတော့သည်။

ဖုန်ရင်က လဲကျသွားသည့် မိန်းမချောလေးကိုယ်ပေါ်သို့ အနှံ့အပြားရှာဖွေကြည့်လိုက်၏။

အမှန်တွင်မူ ...

မိန်းမချောလေးကိုယ်ထဲတွင် ပစ္စည်းတော်တော်များများ ရှိနေသည်။

ထိုပစ္စည်းများမှာ ...

ဖန်စေး တာဝန်ယူပို့ဆောင်ပေးရမည့် သံ သေတ္တာကြီးထဲမှ ပစ္စည်းတချို့ပင် ဖြစ်သည်။

၎င်းတွင် ...

ဆရာမာစွမ်းစီက ပေးထားသည့် အထိမ်းအမှတ် အလံငယ်လေးတစ်ခုကိုပါ မိန်းမချောလေး၏ကိုယ်ပေါ်တွင် တွေ့ရှိရလေသည်။

ဖုန်ရင် မိန်းမချောလေး၏ကိုယ်ပေါ်သို့ အတန်ကြာ ရှာဖွေ





ပြီးသည်နှင့် ဆရာဖြစ်သူမာစွမ်းစီအား ပြောလိုက်သည်။

"ဆရာ လုပ်ချင်သလိုသာ လုပ်ပါ ... ကျွန်မနဲ့ မဆိုင်တော့ဘူး"

မာစွမ်းစီက မိန်းမချောလေးယဲ့ရန်ဟုန်၏သွေးကြောကို ပြန်ဖွင့်ပေးလိုက်၏။

ယဲ့ရန်ဟုန်က သွေးကြောပြန်ပွင့်သွားသည်နှင့် မာစွမ်းစီအား ကြောင်စီစီစိုက်ကြည့်နေ၏။

သူ့စိတ်ထဲတွင်လည်း ဤလူသိုက် မိမိအား မည်သည့်အတွက်ကြောင့် သွေးကြောပိတ်၍ မိမိကိုယ်ပေါ်တွင်ရှာဖွေသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေသည်။

ထိုအခိုက် ...

မာစွမ်းစီက မိန်းမချောလေး ယဲ့ရန်ဟုန်ကို ပြုံးကြည့်ပြီး မေးလိုက်သည်။

"မိန်းကလေး ... မင်း ငါသင်ပေးမယ့် သိုင်းပညာကို လက်ခံမယ် မဟုတ်လား"

မိန်းမချောလေးက ခေါင်းညိတ်အဖြေပေးလိုက်၏။

"အေး ... ဒါဆို ငါ့နောက်လိုက်ခဲ့"

ဤသို့ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ကျောက်ဂူလေးအပြင်သို့ ထွက်လာခဲ့ကြတော့၏။



ကျောက်ဂူလေးထဲတွင် ...

ဖုန်ရင်၊ ဖန်ဝေးနှင့် ဆရာကြီးရိုးကျင်လိနိတို့သုံးဦး ကျန်ရစ်ခဲ့ကြ၏။

ရိုးကျင်လိနိက ဖုန်ရင်အား ကြည့်ကာ ...

"ဖုန်ရင် ... မင်း ဒီမှာ အနားယူရင်း လှဲနေပါ"

ဖုန်ရင်က ရိုးကျင်လိနိပြောသည့်အတိုင်း စိတ်ရောကိုယ်ပါ ဂူလေးထဲတွင် အနားယူလိုက်၏။

သိုင်းသမားကြီးရိုးကျင်လိနိက ဖန်ဝေးအား တောပင့်ကူနီများအကြောင်းကို ဆက်မေးပြန်သည်။

"ဖန်ဝေး ... ဒီကျောက်ဂူလေးထဲမှာ တောပင့်ကူအထီးတစ်ကောင်နဲ့ အမတစ်ကောင် ရှိတဲ့အပြင် တောပင့်ကူနီလေး ကိုးကောင်လည်းရှိတယ်၊ ခု ... တစ်ကောင်မှမတွေ့ရတော့ပါလား၊ မင်း ဘယ်ကိုယူသွားသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး … ကျွန်တော် တစ်ကောင်မှမယူခဲ့ပါဘူး။ ပင့်ကူနီ အကောင်ကြီးနှစ်ကောင်ကတော့ ကျွန်တော်ကိုယ်တိုင်ပဲ သတ်ခဲ့ပါတယ်၊ အကောင်ငယ်လေးကိုးကောင်ကိုတော့ ဒီဂူမှာ ရှိနေမှန်းတောင် မသိဘူး"

သိုင်းသမားကြီးရှိုးကျင်လိန်၏မျက်နှာမှာ ရုတ်တရက် နီမြန်းလာကာ ဖန်ဝေးအား မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်လိုက်ရင်း …

"မင်းဟာ ငါ့ရဲ့ကြီးကျယ်တဲ့လုပ်ငန်းကို ဖျက်ဆီးပစ်လိုက်တာနဲ့အတူတူပဲ၊ ဒီအတွက် မင်း ဘယ်လိုလုပ်မလဲ"

ရှိုးကျင်လိန် စကားဖြတ်ကာ ဖန်ဝေးကို အကဲခတ်သလို ကြည့်လိုက်ပြန်သည်။

ပြီးမှ ဆက်ပြောလိုက်၏။

"ဖန်ဝေး … ငါ ဒီတောပင့်ကူနီတွေကို နှစ်နှစ်ကျော် သုံးနှစ်နီးပါးအချိန်ယူပြီး မွေးခဲ့ရတာကွ၊ ဒီတောပင့်ကူနီတွေကို ငါမွေးထားတာဟာ သိုင်းလောကကို ကောင်းကျိုးပြုမယ့်ရည်ရွယ်ချက်နဲ့ ငါမွေးထားခဲ့တာ၊ ဘာပဲဖြစ်ဖြစ် … တောပင့်ကူအဖိုအမတစ်စုံတော့ မင်း ငါ့ကိုပြန်ပေးသင့်တယ်"

ရှိုးကျင်လိန်သည် သူ၏တောပင့်ကူနီများအကြောင်းကိုသာ





ထပ်တလဲလဲပြောဆိုနေသဖြင့် ဖန်ဝေးမှာ ပါးစပ်ထဲတွေ့ကရာကို ပြောထည့်လိုက်သည်။

"ဆရာကြီး … ကျွန်တော့်မှာ ဆောင်ရွက်စရာကိစ္စလေးတွေ ရှိနေပါတယ်၊ အဲဒီကိစ္စတွေ ပြီးစီးသွားတဲ့အခါ ဆရာကြီးကို ကျွန်တော် တောပင့်ကူအဖိုအမနှစ်ကောင် ဖမ်းပေးပါ့မယ်"

"မင်း စကားကို ဒီလို လွယ်လွယ်နဲ့မပြောနဲ့၊ ဒီတောပင့်ကူနီတွေက အင်မတန်ရှားပါးတဲ့အကောင်မျိုးတွေကွ၊ အသူရာနက်တဲ့ ချောက်ကြီးထဲမှာ မနည်းရှာဖွေဖမ်းဆီးရတာက လွယ်တဲ့ကိစ္စ မဟုတ်ဘူး"

"ဘယ်လောက်ပဲ ခက်ခဲတဲ့ကိစ္စဖြစ်ပါစေ … ကျွန်တော် ကတိခံထားပြီးတဲ့နောက်တော့ မရရအောင်ဖမ်းပေးပါ့မယ်"

"ကောင်းပြီ … မင်းကိစ္စတွေက ဘယ်တော့လောက် ပြီးမှာလဲ"

ဖန်ဝေး ကိစ္စပြီးစီးသွားနိုင်မည့်အချိန်ကို စိတ်ထဲတွင် တွက်ကြည့်လိုက်၏။

သူက …

လျှို့ဝှက်သိုင်းကျမ်းကိုရှာဖွေကာ လေပွေကျွန်းသို့ သွားရမည့် ခရီးစဉ်များကို ခန့်မှန်းတွက်လိုက်ပြီး …

www.burmeseclassic.com

www.burmeseclassic.com



"သုံးလလောက်တော့ အချိန်ပေးပါ"

"ကောင်းပြီ ... သုံးလပြည့်တာနဲ့ မင်းကိုငါ ဂူတောင်ကနေ စောင့်နေမယ် ... ဆက်ဆက်သာ မင်းလာခဲ့"

ထပ်မံ၍ ဖန်ဝေးစဉ်းစားလိုက်ပြန်ရာ သုံးလနှင့် မိမိကိစ္စများ ဆုံးနိုင်မည်မဟုတ်ကြောင်း စဉ်းစားမိသဖြင့် အချိန်နည်းနည်း ပို တောင်းလိုက်သည်။

"ဆရာကြီး ... ကျွန်တော့်ကို သုံးလအပြင် ရက်ပိုင်းနည်း နည်းလောက်ခွင့်ပြုပါ။ ဒါမှ ကျွန်တော့်ကိစ္စတွေ ပြီးစီးသွားမှာဖြစ်ပါ တယ်"

"ကောင်းပြီ ... မင်းကတိ တည်ပါစေ၊ သုံးလ ရက်နည်းနည်း စွန်းတဲ့နေ့မှာ မင်း ငါ့ဆီကိုအရောက်လာခဲ့ရမယ်၊ ငါနဲ့အတူ တောပင့် ကူနီတွေ ဖမ်းပေးရမှာ၊ ရော့ ... ငါ့ကိုဏ်းရဲ့ အသိအမှတ်ပြုတံဆိပ်ကို ယူသွား၊ ဒါမှ မင်း ဂူတောင်ကို ချောချောမောမောလာနိုင်မှာ"

ထိုစဉ် ...

မာစွမ်းစိနှင့် ယဲ့ရန်ဟုန်တို့ သိုင်းပညာသင်ပြီး၍ ဂူတွင်းသို့ ရောက်လာကြသည်။

ဖန်ဝေးက ...

တေလေဂိုဏ်းချုပ်ကြီး မာစွမ်းစိနှင့် သိုင်းသမားကြီး ရှီးကျင်



လိန်တို့ကို ဂါရဝပြုပြီး ဖုန်ရင်အားနှုတ်ဆက်ကာ ဂူအပြင်သို့ ထွက်လာ ခဲ့လေသည်။

မိန်းမချောလေး ယဲ့ရန်ဟုန်လည်း တေလေဂိုဏ်းချုပ်ကြီး မာစွမ်းစိအား ကျေးဇူးတင်စကားပြောကာ ဂူအပြင်သို့ လျှောက်လှမ်း ထွက်ခွာသွားလေသည်။

သိုင်းသမားကြီး ရှီးကျင်လိန်က ဖန်ဝေးကို လှမ်းမေးလိုက် သည်။

"ဟိတ် ချာတိတ် ... ခဏနေဦး ... မင်း ခုနစ်ပေါက်ဓားကို မယူတော့ဘူးလား"

ဖန်ဝေးက ခြေလှမ်းရပ်တန့်လိုက်ပြီး ခဏမျှစဉ်းစားလိုက် ပြီး ...

"ဒီဓားဟာ အဆိပ်ရှိနေပြီဆိုတော့ ကျွန်တော် မလိုချင်တော့ ဘူး။ ကျွန်တော် ဓားကိုင်တာက တစ်ဖက်သားကိုဒုက္ခပေးဖို့ မဟုတ် ဘူး။ ဒုစရိုက်သမားတွေကို ဆုံးမဖို့နဲ့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ ပဲဖြစ်ပါတယ်"

"ဒီဓားက မင်းဓားမဟုတ်လား"

"ကျွန်တော့်ရဲ့ဓား မဟုတ်ပါဘူး။ လေပွေကျွန်းက ဘွားဘွား ဝန်ရဲ့ဓားပါ၊ အကျိုးအကြောင်းပြောပြလိုက်ရင် ဘွားဘွားက လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



မှာပါ"

ရှီးကျင်လီနိကာ ...

"မင်း လွယ်လွယ်မပြောနဲ့ ... အဘွားကြီးက သူ့ဓားကို မတွေ့ရင် မင်းကိုသတ်ပစ်မှာပေါ့"

ဖန်ဝေးက အေးဆေးစွာ ပြန်ပြောလိုက်သည်။

"ဆရာကြီးရှီးကျင်လီနိထင်တာ မှားနေပါပြီ၊ ဘွားဘွားဝန်က ကျွန်တော့်ကိုသိပ်ချစ်ပါတယ်၊ ဒီခုနစ်ပေါက်ဓားပါမလာလို့ ကျွန်တော့်ကို မသတ်ပါဘူး"

ရှီးကျင်လီနိက ဖန်ဝေး၏ရိုးသားတည်ကြည်သော မျက်နှာကို အကဲခတ်မိလိုက်ပြီး ...

"မင်း ထုတ်မသုံးရင်လည်း မင်းအတွက် ကာကွယ်ဖို့ယူထားပါ"

ပြောပြောဆိုဆို ...

ရှီးကျင်လီနိက ခုနစ်ပေါက်ဓားအား ဖန်ဝေးကို လှမ်း၍ ပစ်ပေးလိုက်သည်။

'ဝိုး'

'ဖပ်'

ဖန်ဝေးက မလွဲမရှောင်သာသဖြင့် ခုနစ်ပေါက်ဓားကို လက်



ခံ ဖမ်းယူလိုက်ကာ ထိုနေရာဆီမှ အမြန်ဆုံး ထွက်ခွာလာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေး ...

ထွက်လာရင်း မိုးချုပ်သွားသဖြင့် တောထဲရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့တက်ကာ အိပ်စက်အနားယူလိုက်သည်။

ဖန်ဝေး အိပ်မပျော်သေးမီမှာပင် နားထဲသို့ မိန်းမအသံ တစ်သံ ကြားနေရသဖြင့် ညအမှောင်ထဲတွင် ဖန်ဝေးအသံထွက်လာရာဆီသို့ အသေအချာ စူးစိုက်ကြည့်လိုက်သည်။

ဖန်ဝေးက ညဘက်တွင်မြင်နိုင်ရန် လေ့ကျင့်ထားသဖြင့် ကိုက်နှစ်ဆယ်ကျော်ကျော်ကို ကောင်းစွာမြင်နေရသည်။

ဖန်ဝေးရှိနေသော သစ်ပင်ကြီးနှင့် ကိုက်နှစ်ဆယ်လောက်အကွာတွင် မိန်းမပျိုတစ်ယောက် ရေရွတ်ပြောဆိုနေကြောင်း တွေ့လိုက်ရသည်။

"ငါ့နာမည် ဘယ်သူလဲ ... ငါ ဘယ်ကိုသွားရမှာလဲ"

"ငါ့နာမည် ဘယ်သူလဲ ... ငါ ဘယ်ကိုသွားရမှာလဲ"



မိန်းမပျိုလေးမှာ ယဲ့ရန့်ဟုန်ဖြစ်ကြောင်း ဖန်ဝေးသိလိုက်ရသည်။

ယဲ့ရန့်ဟုန်မှာ သူ့ကိုယ်သူ မည်သူဖြစ်မှန်းမသိ။

ထို့ကြောင့် ...

ဖန်ဝေးကိုလည်း ယဲ့ရန့်ဟုန် မှတ်မိခြင်းမရှိတော့။

ဖန်ဝေးက သစ်ပင်အောက်သို့ဆင်းလာကာ မိန်းမချောလေး ယဲ့ရန့်ဟုန်အား လှမ်းပြောလိုက်သည်။

"မိန်းကလေး ... မင်းလည်း ငါသွားမယ့်ခရီးစဉ်နဲ့ တူနေပါလား"

ယဲ့ရန့်ဟုန်က နားမလည်သောအမူအရာဖြင့် ဖန်ဝေးအား ကြည့်ကာ ...

"ရှင် ဘယ်သူလဲ ... ကျွန်မကို သိနေလို့လား"

ဖန်ဝေးသည် သူ့နာမည်နှင့်ပတ်သက်၍ လူတိုင်းကိုညာခဲ့သော်လည်း မိန်းမချောလေးယဲ့ရန့်ဟုန်ကိုမူ မညာဘဲ အမှန်အတိုင်းသာပြောလိုက်သည်။

"ငါ ... ဖန်ဝေးပဲ ... မင်းနာမည်က ဘယ်လိုခေါ်သလဲ"

"ကျွန်မနာမည် ဘယ်သူဆိုတာ ကျွန်မလည်းစဉ်းစားလို့မရဘူး။ သိလည်း မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးသည် …

မိန်းမချောလေးယွဲ့ရန်ဟုန်အား ဦးနှောက်ထိခိုက်သည့်ဒဏ် မြန်မြန်ပျောက်ကင်းစေချင်သည်။

တစ်စုံတစ်ယောက်က မိန်းမချောလေး၏ဦးခေါင်းကို ဓား ဖြင့်ရိုက်ခဲ့၍ ဤမိန်းမချောလေး၏ ဦးနှောက်အာရုံကြောထိခိုက်ကာ အတိတ်မေ့ခဲ့ခြင်း ဖြစ်သည်။

မိန်းမချောလေး ယွဲ့ရန်ဟုန်က ဖန်ဝေးအားကြည့်၍ မေး လိုက်ပြန်သည်။

"ခု … ကျွန်မ ဘယ်မှာနေရမှာလဲ"

မိန်းမချောလေးသည် အရင်က အင်မတန်မှတ်ဉာဏ် ကောင်းမည့် မိန်းကလေးတစ်ဦးဖြစ်နိုင်ကြောင်း ဖန်ဝေးအကဲခတ် မိသည်။

ဖန်ဝေးက မိန်းမချောလေးကိုကြည့်ပြီး ပြောလိုက်၏။

"မိန်းကလေး … တို့ ခု တီရောင်မြို့ပြင်က တောလေးထဲ မှာ ရှိနေကြတယ်၊ ရှေ့ဆက်သွားရင် ယူနန်နယ်ထဲကို ရောက်သွားကြ တော့မှာ"

ယွဲ့ရန်ဟုန်က အံ့ဩသည့်အမူအရာဖြင့် ဖန်ဝေးအားကြည့် နေသည်။



"ဟုတ်လား … အံ့ဩဖို့ သိပ်ကောင်းတာပဲ၊ ကျွန်မ ဒီကို ဘာလာလုပ်တာလဲ မသိဘူး … ရှင် သိသလား"

ဖန်ဝေးက မိန်းမချောလေးကို အားပေးနှစ်သိမ့်လိုက်၏။

"တို့လည်းမသိဘူး။ ဒါပေမဲ့ မိန်းကလေး စိတ်မပျက်ပါနဲ့၊ တေလေဂိုဏ်းချုပ်ကြီးမာစွမ်းစိက ပြောသားပဲ … ထိတ်လန့်ချောက် ချားတဲ့ကိစ္စဖြစ်ဖြစ်, ဝမ်းသာလွန်းတဲ့ကိစ္စဖြစ်ဖြစ် တစ်ခုခုနဲ့ကြုံလာရင် မင်းရဲ့အတိတ်မေ့ရောဂါ သူ့အလိုလို ပြန်ကောင်းလာနိုင်တယ် မဟုတ်လား၊ ဒီတော့ မင်း ဘာမှအပင်ပန်းခံပြီး စဉ်းစားမနေနဲ့"

တစ်ချိန်က …

ယွဲ့ရန်ဟုန်သည် ဖန်ဝေးကို တိတ်တခိုးဖြင့် ချစ်မြတ်နိုးခဲ့သူ ဖြစ်သည်။

ယခု …

သူမ,ရှေ့ရှိ လူလင်ချောဖန်ဝေးမှာ မိမိ တစ်ချိန်က တစ်ဖက် သတ်ချစ်မြတ်နိုးခဲ့သော တိတ်တခိုးချစ်သူတစ်ယောက်ဖြစ်နေသည် ကို သတိရှိခြင်း မရှိ။

သိလည်း မသိတော့။

သို့သော် …

ဖန်ဝေး၏ ယောကျ်ားပီသ တည်ကြည်ခန့်ညားသည့် ရုပ်

www.burmeseclassic.com

www.burmeseclassic.com



ရည်နှင့် ရည်ငံသောအပြောအဆိုတို့ကြောင့် ဖန်ဝေးအား အတိတ်မေ့နေသော ယွဲ့ရန်ဟုန်မှာ စိတ်ဝင်စားနေမိသည်။

ထို့ကြောင့် ...

မိန်းမချောလေး ယွဲ့ရန်ဟုန်က စိတ်ညစ်သောအမူအရာဖြင့် ဖန်ဝေးကို ပြောလိုက်သည်။

"ကျွန်မ ခုလိုဖြစ်ဂနေတာ သိပ်စိတ်ညစ်တာပဲ"

"စိတ်ညစ်စရာမလိုပါဘူး ... တစ်နေ့နေ့ မင်းရဲ့ အတိတ်မေ့ရောဂါ သူ့အလိုလို ပြန်ကောင်းလာမှာပါ"

"ဒါနဲ့ အစ်ကိုဖန်ဝေးက ဘယ်ဂိုဏ်းထဲကပါလဲ"

ဖန်ဝေး ဒုတိယအကြိမ် အမှန်အတိုင်းပြောလိုက်ပြန်သည်။

"ငါ လေပွေကျွန်းကပဲ"

လေပွေကျွန်းဆိုသည့်အသံကို မိန်းမချောလေးကြားလိုက်ရသဖြင့် ရုတ်တရက် မျက်နှာတွင်တစ်မျိုးတမည့်ဖြစ်သွားသည်ကို ဖန်ဝေးတွေ့ရှိလိုက်ရ၏။

အတိတ်မေ့နေသည့် မိန်းမချောလေး ယွဲ့ရန်ဟုန်ပင် လေပွေကျွန်းဆိုသည့်အသံကိုကြားလိုက်ရသဖြင့် မျက်နှာပျက်သွားသည်ကို ဖန်ဝေး သတိထားမိကာ စိတ်ထဲ ထင့်ခနဲဖြစ်သွားရ၏။

ထို့ကြောင့် ဖန်ဝေက မိန်းမချောလေးကို သွေးတိုးစမ်းကြည့်



လိုက်သည်။

"မိန်းကလေး ... မင်း လေပွေကျွန်းဆိုတဲ့အသံကိုကြာ

လိုက်တာနဲ့ ဘာလို့ လန့်သွားရတာလဲ"

"လေပွေကျွန်းက လူသတ်ရာမှာ အင်မတန်ရက်စက်တ

ကျွန်းပဲ"

"မင်း မှားနေပြီ၊ လေပွေကျွန်းက လူတွေဟာ ကောင်းက

ပါတယ်၊ မိန်းကလေးပြောသလို မရက်စက်ကြပါဘူး"

ဖန်ဝေးက ဘွားဘွားဝန်နှင့်တွေ့ဆုံခဲ့ရာတွင် ဘွားဘွားဝ

မှာ ရက်စက်ကြမ်းကြုတ်သော အမူအရာနှင့်စိတ်ထားများကို လုံး

တွေ့ရှိခြင်းမရှိ။

ထို့ကြောင့် ...

လေပွေကျွန်းမှ ဘွားဘွားဝန်အား သိုင်းသမားတချို့က စု

မကြီး၊ ဒုစရိုက်သမားမိန်းမရိုင်းကြီးဟု ပြောခဲ့ရာတွင် ဖန်ဝေးက မ

ကြည်ခဲ့။

စိတ်ဝင်စားခြင်းလည်း မရှိ။

မိမိကိုယ်တိုင် ဘွားဘွားဝန်၏အပြုအစု အယုအယများ

ခံယူကာ သိုင်းပညာများကို သင်ယူခဲ့ရသည့်အတွက် ဘွားဘွားအ

အား ခွေမျိုးရင်းချာတစ်ယောက်ပမာ ခင်မင်သံယောဇဉ်တွယ်လ

www.burmeseclassic.com

www.burmeseclassic.com



မိခဲ့သည်။

ဘွားဘွားဝန် သိုင်းပညာလေ့ကျင့်ရင်း သွေးလည်ပတ်မှုလမ်းကြောင်း ပြောင်းလဲသွားပြီး အတွင်းဒဏ်ရခဲ့သည့်အတွက် မိမိက ခွန်းလွန်ဂိုဏ်းမှ လျှို့ဝှက်သိုင်းကျမ်းရှာဖွေပေးရန် ယခုကဲ့သို့ ခရီးထွက်လာခဲ့ခြင်း ဖြစ်သည်။

ထိုအခိုက် ...

ညအမှောင်တွင် ပြင်းထန်သောခြေနင်းသံများ ကြားလိုက်ရသဖြင့် ဖန်ဝေး ထိတ်လန့်သွားကာ ခြေသံကြားရာဆီသို့ ကြည့်လိုက်သောအခါ ...

ဖန်ဝေး လုံးဝမမျှော်လင့်သည့် လူတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုလုံးဝမမျှော်လင့်သောလူမှာ တခြား လူမဟုတ်။

လေပွေကျွန်းမှ မိမိနှင့်ထုတ်လိုက်သူ စကားမပြောတတ်သည့် အဘွားကြီးသန်းချုံပင်ဖြစ်နေသည်။

အဘွားကြီးသန်းချုံမှာ မိမိကိုယ်တိုင် တီရောင်မြို့လေးတွင် မျက်ကန်းအဘိုးကြီးတီလင်ကျိ၏ အကူအညီဖြင့် ဖမ်းဆီးချုပ်နှောင်ကာ တီရောင်မြို့မှ အဖြူရောင် သိုင်းသမားများလက်ထဲသို့ အပ်နှံပြီး တရားဥပဒေလက်သို့ ပို့ဆောင်အပ်နှင်းရန် စေခိုင်းခဲ့သည်။





အဘိုးကြီးတီလင်ကျိက အဘွားကြီးသန်းချုံအား သွေးကြောပိတ်ကာ တီရောင်မြို့ ဥပဒေဘက်တော်သား သိုင်းသမားများလက်ထဲသို့ ထည့်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးသန်းချိုကို ...

တီလင်ကိုက သွေးကြောပိတ်ပြီး တီရောင်မြို့ရှိ အဖြူရောင်သိုင်းသမားများလက်ထဲသို့ အပ်နှင်းလိုက်သည်။

အဖြူရောင်သိုင်းသမားများကလည်း ...

သွေးကြောအပိတ်ခံရသော အဘွားကြီးသန်းချိုအား တရားဥပဒေလက်တွင်းသို့ အပ်နှင်းရန် သက်ဆိုင်ရာတရားရုံးတော်သို့ ခေါ်ဆောင်သွားခဲ့သည်။

သို့သော် ...

အဘွားကြီးသန်းချိုမှာ ...

သိုင်းပညာအတွင်းအား လွန်စွာနက်ရှိုင်းသဖြင့် အကြောပိတ်ခံရခြင်းကို အတွင်းအားဖြင့် သွေးလည်ပတ်မှုပြုကာ တိတ်တဆိတ် အကြောပြန်ပွင့်အောင် ကြိုးစားခဲ့၏။

အဘွားကြီးသန်းချိုအား ခေါ်ဆောင်သွားသော အဖြူရောင်



သိုင်းသမားများကလည်း သွေးကြောအပိတ်ခံထားရသော အဘွားကြီးသန်းချိုကို စိတ်ချလက်ချ မြင်းလှည်းဖြင့်တင်၍ ခေါ်ဆောင်သွားခဲ့သည်။

အကြံသမား အဘွားကြီးသန်းချိုမှာ ...

မြင်းလှည်းပေါ်တွင် လိုက်ပါသွားရင်း ... အတွင်းအားဖြင့် သွေးကြောအပိတ်ခံထားရမှုကို တဖြည်းဖြည်းချင်း အားစိုက်ဖွင့်နေသည်။

ရေနွေးအိုးတစ်လုံးကျက်ခန့်အချိန်လောက်တွင် အပိတ်ခံရသောသွေးကြော ကောင်းစွာပြန်ပွင့်သွားခဲ့၏။

သို့သော် ...

အဘွားကြီးသန်းချိုက ဖြုန်းခနဲ တိုက်ခိုက်ခြင်းမပြုသေးဘဲ ဆက်လက်အနားယူရင်း လိုက်ပါလာခဲ့၏။

နောက်ထပ် အချိန်အနည်းငယ် အနားယူပြီးသောအခါ အဘွားကြီးသန်းချို၏ သွေးလည်ပတ်မှုများ ပုံမှန်အတိုင်း ဖြစ်လာခဲ့၏။

ထိုအခါမှ ...

အဘွားကြီးသန်းချိုက အနားတွင် စောင့်ကြပ်လိုက်ပါလာသော မြင်းလှည်းပေါ်မှ သိုင်းသမားနှစ်ယောက်ကို အသာပင် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်အနိုင်ယူကာ တောထဲသို့ထွက်ပြေးသွားခဲ့သည်။

'ခုတ်'

'ခွပ်'

'အား'

'အင့်'

အဘွားကြီးသန်းချိုမှာ ထွက်ပြေးလွတ်မြောက်သွားသော်လည်း လူစည်ကားသည့်နေရာများကိုရှောင်ကာ တောတွင်း၌သာ ပုန်းအောင်းနေခဲ့ရာ ရက်အတော်ကြာသွားခဲ့သည်။

ထို့ကြောင့် ...

တီရောင်မြို့သို့ ဒုတိယအကြိမ် သွားရောက်နှောင့်ယှက်ရန် တောတွင်းတစ်နေရာမှ ညဦးသန်းခေါင်အချိန်တွင် ထွက်လာခဲ့ခြင်း ဖြစ်သည်။





တိုက်တိုက်ဆိုင်ဆိုင် ...

ထိုနေရာတွင် ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့ အဘွားကြီးသန်းချိုအား မမျှော်လင့်ဘဲ တွေ့ခဲ့ခြင်းပင်။

ဖန်ဝေးတို့နှင့် အဘွားကြီးသန်းချို နီးကပ်လာသဖြင့် ဖန်ဝေးက မိန်းမချောလေး ယွဲ့ရန်ဟုန်လက်ကိုဆွဲကာ မိမိနောက်တွင် ကွယ်ထားလိုက်သည်။

ယွဲ့ရန်ဟုန်ကမူ ဖန်ဝေး မိမိလက်ကို ဆွဲကိုင်လိုက်ခြင်းအတွက် ရင်ဖိုစွာ ခံစားလိုက်ရသည်။

ဖန်ဝေးကမူ မည်သို့မျှခံစားရခြင်း မရှိ။

ဖန်ဝေး၏စိတ်ထဲတွင် ...

တီရောင်မြို့ရှိ သိုင်းသမားကြီး ထန်ဖေ့၏သမီး ထန်ကျင်းဗ္ဗာကိုသာ စွဲစွဲမြဲမြဲ ရှိနေသည်။

ယခု ...

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောလေးယွဲ့ရန်ဟုန်၏လက်ကို ဆွဲကိုင်လိုက်ခြင်းမှာလည်း ...

ယွဲ့ရန်ဟုန် ဒုက္ခမရောက်စေရန် မိမိနောက်ကျောတွင် ကွယ်ထားလိုသည့်အတွက်သာ လက်ကို ဆွဲကိုင်လိုက်ခြင်း ဖြစ်သည်။

အခြား မရိုးသားသောစိတ် ဖန်ဝေးတွင် လုံးဝမရှိ။

အဘွားကြီးသန်းချို့လက်ထဲတွင် မည်သည့်နေရာက ရလာခဲ့သည်မသိသော ဓားမောက်ကြီးတစ်လက်ကို ကိုင်ဆောင်ထားကြောင်း တွေ့လိုက်ရ၏။

သူ၏ ကြီးမားလေးလံလှသော သံမဏိဓားကြီးကိုမူ အဘိုးကြီး တီလင်ကျိုက သိမ်းဆည်းဖျောက်ဖျက်ပစ်လိုက်၏။

ထို့ကြောင့် ...

အဘွားကြီးသန်းချို့မှာ ရရာဓားမောက်ကြီးကို ဆွဲကိုင်နေခြင်းဖြစ်၏။

အဘွားကြီးသန်းချို့မှာ ...

စိတ်ဓာတ် အင်မတန်ခက်ထန်ကြမ်းတမ်းသူတစ်ယောက် ဝီဝီ အမြဲတမ်း သွေးဆာနေသည့် ဒုစရိုက်မိန်းမရိုင်းကြီးတစ်ယောက်လည်း ဖြစ်၏။

မိန်းမရိုင်း အဘွားကြီးသန်းချို့ လျှောက်လှမ်းနေရာမှ ဘာကို



အဘောမကျဖြစ်သည် မသိ ...။

ရှေ့တွင်ရှိနေသော ကျောက်တုံးကြီးကို သူ၏ဓားမောက်ကြီးဖြင့် တအားခုတ်ချလိုက်သည်။

'ချွင်း'

'ချွမ်း'

'ခွပ်'

ကျောက်တုံးမှာ အဘွားကြီးသန်းချို့ အတွင်းအားပါပါဖြင့် ခုတ်ချလိုက်မှုကြောင့် လေးစိတ်လေးမြွာ ကွဲအက်သွားကာ ကျောက်တုံးနှင့်ဓားထိသံများ ဆူညံစွာထွက်ပေါ်လာခဲ့သည်။

ဤအခိုက်မှာပင် ...

နားရွက်တစ်ဖက်မရှိသော အဘိုးကြီးတစ်ယောက် အဘွားကြီး သန်းချို့ရှိနေရာသို့ ပြေးလာနေသည်ကို ဖန်ဝေးတို့ ထူးဆန်းစွာ တွေ့လိုက်ရသည်။

ယွဲ့ရန်ဟုန်က နားရွက်တစ်ဖက်မရှိဘဲ ပြေးလာနေသော အဘိုးကြီးအားကြည့်ရင်း တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် ဖန်ဝေးအား လေသံတိုးတိုးနှင့်ပြောလိုက်သည်။

"အစ်ကိုဖန်ဝေး ... ကျွန်မ အဲဒီအဘိုးကြီးကို မြင်ဖူးသလိုလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးက ယွဲ့ရန်ဟုန်အား လေသံတိုးတိုးဖြင့် ပြန်ပြောလိုက်သည်။

"အဲဒီအဘိုးကြီးဟာ မင်းနဲ့ဟိုထင်ဖုကန်တော်မှာတုန်းက ရှက်လှေပေါ်မှာတိုက်ခိုက်ခဲ့ဖူးတဲ့ အရိုးစုဂိုဏ်းချုပ်အဘိုးကြီးလေ၊ မင်း ... မမှတ်မိဘူးလား"

ဖန်ဝေး၏စကားဆုံးသောအခါ ယွဲ့ရန်ဟုန်တစ်ယောက်တည်း နှုတ်မှတိုးတိုးရေရွတ်နေလေသည်။

"အင်း ... အရိုးစုဂိုဏ်းချုပ် ... အရိုးစုဂိုဏ်းချုပ်"

သူမ၏အသိ၊ အာရုံတွင် အရိုးစုဂိုဏ်းချုပ်ကြီးအား သိသလိုလို ခံစားမိလိုက်လေတော့သည်။

စာစဉ် (၃) ပြီး၏။

စာစဉ် (၄)(ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးမှာ ယွဲ့ရန်ဟုန်အား လိုက်လံ ရှာဖွေခဲ့၏။

တစ်နေ့ ...

ယွဲ့ရန်ဟုန်အတွင်းဒဏ်ရာကုသခဲ့သည့် ကျောက်ဂူထဲသို့ အရိုးစုဂိုဏ်းချုပ် ရောက်သွားခဲ့သည်။

ဤတွင် ကျောက်ဂူထဲရှိ သံသေတ္တာကြီးမှာ ခြေရာလက်ရာ ပျက်ကာ ဖရိုဖရဲဖြစ်နေသည်ကို တွေ့လိုက်ရသည်။

အရိုးစုဂိုဏ်းချုပ် သံသေတ္တာထဲတွင် ဘာပစ္စည်းမှ မရှိတော့သဖြင့် စိတ်ဆိုးဒေါသထွက်သွားကာ သံသေတ္တာကြီးကိုမ,ပြီး ဂူအပြင်ဘက်သို့ ပစ်ထုတ်လိုက်၏။

သံသေတ္တာမှာ အရိုးစုဂိုဏ်းချုပ် ပစ်ထုတ်လိုက်ခြင်းကြောင့် ဂူအပြင်ဘက်သို့ လွင့်စဉ်ထွက်သွားပြီး ကျိုးကြေပျက်စီးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရိုးစုဂိုဏ်းချုပ် မကျေနပ်သေးဘဲ ကျိုးကြေပျက်စီးသွားသည့် သံသေတ္တာအတွင်းသို့ အသေအချာ ရှာဖွေကြည့်လိုက်ရာ သံသေတ္တာထောင့်တစ်နေရာတွင် ဖယောင်းများဖြင့် စီမံထားသော စက္ကူလိပ်တစ်လိပ်ကို တွေ့လိုက်ရ၏။

ထိုဖယောင်းစက္ကူလိပ်လေးကို အရိုးစုဂိုဏ်းချုပ်က ယူလိုက်ပြီး ဖယောင်းများကိုခွာကာ အတွင်းမှစက္ကူကိုဖြည်ကြည့်လိုက်ရာ ... စက္ကူထဲတွင် မြေပုံညွှန်းလိုလို၊ ရတနာသိုက်လိုလို အမှတ်အသားများကို ထူးဆန်းစွာတွေ့လိုက်ရ၏။

စက္ကူပေါ်တွင် ဆွဲထားသောပုံများမှာ အိမ်ကြီးတစ်အိမ်နှင့် မြို့ကြီးတစ်မြို့၏ပုံပင် ဖြစ်သည်။

အိမ်ကြီးမှာ ဆီးရောင်ဆေးများသုတ်ထားကာ မြို့ကြီးထဲတွင်လည်း ဆီးရောင်ပန်းမျိုးစုံကို တွေ့ရ၏။

မြို့၍ပြောရလျှင် ...

ဆီးရောင်ကိုနှစ်သက်သော အိမ်ကြီးရှင်တစ်ယောက်ဖြစ်ရမည်ဟု အရိုးစုဂိုဏ်းချုပ်က ယူဆလိုက်၏။

အရိုးစုဂိုဏ်းချုပ်အဘိုးကြီး ထိုမြေပုံကိုယူကာ ဂူပြင်သို့ထွက်လာခဲ့၏။

အရိုးစုဂိုဏ်းချုပ် အပြင်သို့ထွက်လာသည့်အချိန် အဘွားကြီးဝန်မှာ ခွန်းလွန်ဂိုဏ်းမှ အဘိုးကြီးခြောက်ဦးနှင့် တိုက်ခိုက်ပြီး အတွင်းဒဏ်ရာ ရလာခဲ့၏။



ထို့ကြောင့် အနားယူရန်အတွက် ကျောက်ဂူအတွင်းသို့ လျှို့ဝှက်လမ်းကြောင်းမှ ဝင်လာခဲ့၏။

အဘွားကြီးဝန်က လျှို့ဝှက်လမ်းကြောင်းမှ ဂူထဲအဝင် ...

အရိုးစုဂိုဏ်းချုပ်က ဂူပြင်အထွက်နှင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံကြသည်။

အရိုးစုဂိုဏ်းချုပ် ဂူပြင်ရောက်သည်နှင့် ဂူထဲမှအသက်ရှူသံပြင်းပြင်းအသံကိုကြားလိုက်ရသဖြင့် စိတ်ထဲ သင်္ကာယနမကင်းဖြစ်ကာ ဂူထဲသို့ တိတ်တဆိတ်ပြန်လည် ဝင်ရောက်လာခဲ့သည်။

ဂူထဲတွင် အရိုးစုဂိုဏ်းချုပ် မမျှော်လင့်ဘဲ လေပွေကျွန်းမှ ဘွားဘွားဝန် အသက်ကို မောပန်းစွာရှူရှိုက်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် အဘွားကြီးဝန်မှာ တစ်စုံတစ်ဦးနှင့် တိုက်ခိုက်ယှဉ်ပြိုင်ရာမှ အတွင်းဒဏ်ရခဲ့ကြောင်း အရိုးစုဂိုဏ်းချုပ် ရိပ်မိခဲ့သည်။

အရိုးစုဂိုဏ်းချုပ်ကြီးမှာ ဤသည်ကိုအခွင့်ကောင်းယူကာ အဘွားကြီးအား အပျောက်ရှင်းရန် တိတ်တဆိတ် အနားသို့ကပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးဝန် အတွင်းဒဏ်ရနေသော်လည်း သိုင်းပညာနှင့် အတွင်းအားတွင် အထွတ်အထိပ်သို့ရောက်နေပြီ ဖြစ်သည်။

ထို့ကြောင့် ...

မိမိနှားသို့ ရန်သူတစ်ဦးဦး ချဉ်းကပ်လာနေကြောင်း အကြားအာရုံက သိရှိနေသည်။

ဘွားဘွားဝန် အသာ မလှုပ်မယှက်နေရာက ရုတ်ခြည်း လက်နှစ်ဖက်ကိုလှုပ်ရှားလိုက်ရာ အရိုးစုဂိုဏ်းချုပ်ဆီသို့ ဓားမြှောင်နှစ်လက် အရှိန်ပြင်းစွာ ပျံသန်းဝင်ရောက်လာကြောင်းကို တွေ့လိုက်ရ၏။

အရိုးစုဂိုဏ်းချုပ်နှင့် ဘွားဘွားဝန် ဆယ်ပေလောက်သာ ကွာလှမ်းသဖြင့် ဓားမြှောင်နှစ်လက်ကို အရိုးစုဂိုဏ်းချုပ် လွတ်အောင် မရှောင်နိုင်တော့။

ဓားမြှောင်တစ်လက်ကို လွတ်အောင်ရှောင်လိုက်နိုင်သော်လည်း ကျန်တစ်လက်ကမူ အရိုးစုဂိုဏ်းချုပ်၏ ညာဘက်နားရွက်တစ်ဖက်ကို ပြတ်သွားခဲ့၏။

အဘွားကြီးဝန်က ဟန်ဆောင်ကာ ဘာမှမဖြစ်လေဟန်ဖြင့် အရိုးစုဂိုဏ်းချုပ်ကို ခနဲ့တဲ့တဲ့ပြောလိုက်၏။

"အဘိုးကြီးတို့နှစ်ယောက် ပြန်တွေ့နေကြပါလားး ရှေ့တိုး





လာခဲ့ပါ။ ရှင်က ကျုပ်ဓားမြှောင်နှစ်လက်ရဲ့အရသာကို မြည်းစမ်းကြည့်ပြီး လန့်သွားသလား"

အရိုးစုဂိုဏ်းချုပ်ကြီးမှာ ရှေ့သို့ဆက်လက်မတိုးဝံ့တော့ဘဲ ဂူဝသို့ ခုန်ထွက်သွားပြီးကောက်ကျစ်ယုတ်မာသော အကြံတစ်ခုကို ကြံစည်လိုက်၏။

ဂူအနီးတစ်ဝိုက်ရှိ သစ်ကိုင်းခြောက်များကို လျင်မြန်စွာ ရှာဖွေစုဆောင်းကာ ဂူဝတွင်စုပြုံချထားလိုက်၏။

ထို့နောက် အဘွားကြီးဝန်အား ဂူဝမှသစ်ကိုင်းခြောက်များကို မီးရှို့ကာ မီးခိုးငွေ့များဖြင့် ရိုက်သွင်းပြီး အဘွားကြီးဝန် မီးခိုးမွန်ကာ သေစေရန် ကြံစည်လိုက်၏။

ချက်ချင်း ဂူဝတွင်ပုံထားသည့် သစ်ကိုင်းခြောက်များကို အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက မီးရှို့လိုက်၏။

မီးခိုးများကို အရိုးစုဂိုဏ်းချုပ်ကြီးက လက်ဝါးဖြင့်ရိုက်၍ ဂူတွင်းသို့ ပို့ဆောင်သွင်းနေသည်။

ဂူတွင်းမှ အဘွားကြီးဝန်မှာ မီးခိုးများကြောင့် ချောင်းတဟွတ်ဟွတ်ဆိုးသံကို ကြားနေရ၏။

အဘွားကြီးဝန်မှာ မီးခိုးများကြားမှ ဓားမြှောင်သုံးလက် ပစ်ထည့်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဓားမြှောင်သုံးလက်မှာ အရိုးစုအဘိုးကြီးအား ထိမှန်ခြင်း မရှိပေ။

ထိုစဉ် ...

အဘွားကြီးဝန် ချောင်းတဟွတ်ဟွတ်ဆိုးသံများနှင့် မီးခိုး များကြားမှ ဂူဝသို့ ခုန်လွှားထွက်လာခဲ့သည်။

အရိုးစုဂိုဏ်းချုပ်က အဘွားကြီးဝန်အား ဂူရှေ့မှ နေပြီး လက်ဝါးရိုက်ချက်နှစ်ချက်ဖြင့် ဆီးကြိုတိုက်ခိုက်လိုက်သည်။

အဘွားကြီးဝန် အတွင်းဒဏ်ရထားသည်ကတစ်ကြောင်း ...၊

မီးခိုးများ မွန်နေခြင်းကြောင့်တစ်ကြောင်း ...၊

အရိုးစုဂိုဏ်းချုပ်၏ လက်ဝါးချက်နှစ်ချက်ကို အဘွားကြီးဝန် က လွတ်အောင်ရှောင်တိမ်းနိုင်ခြင်းမရှိ။

အဘွားကြီးဝန် လက်ဝါးရိုက်ချက်ဒဏ်ကြောင့် ပါးစပ်မှ သွေး များ အန်ကျလာသည်။

အဘွားကြီးဝန်မှာ ဂူရှေ့နံရံကိုကျောမှီထားရင်း လက်တစ် ဖက်က ရင်ဘတ်ကိုနှိပ်နယ်နေသည့်နယ်ရှိနေ၏။

အမှန်တွင် ...

အဘွားကြီးဝန်၏ ရင်ဘတ်တွင် ကပ်ထားသော လက် အတွင်းဝယ် သေးငယ်သောဓားမြှောင်တစ်လက် ရှိနေသည်ကို အရိုး



စုဂိုဏ်း ချုပ်အဘိုးကြီး ရိပ်စားမိခြင်းမရှိ။

ထို့ကြောင့် အဘိုးကြီးက အဘွားကြီးနားသို့ တိုးကပ်လာနေ သည်။

"ဘယ့်နှယ်လဲ အဘွားကြီးဝန် ... ခင်ဗျား ဒီလိုအခြေအနေ မျိုးရောက်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်မိခဲ့ဘူး မဟုတ်လား"

စကားပြောရင်း ရှေ့သို့ချဉ်းကပ်လာရာ အဘွားကြီးနှင့် ငါး ပေနှင့်အကွာသို့ပင် အဘိုးကြီးရောက်ရှိလာပေပြီ။

ဤအကွာအဝေးအထိ အဘွားကြီးဆီမှ မည်သည့်လှုပ်ရှားမှု များမှ မရှိသဖြင့် အဘွားကြီးသည် မိမိအား မည်သို့မျှခုခံနိုင်တော့ မည်မဟုတ်ဟု အဘိုးကြီးက ကျိန်းသေတွက်ဆလိုက်သည်။

ထို့ကြောင့် ...

အဘိုးကြီးက ခနဲ့တဲ့တဲ့လေသံဖြင့် ဆက်လက်ပြောနေပြန် သည်။

"ဝမ်းနည်းစရာကောင်းတာက ခု ခင်ဗျား ကျုပ်လက်ဝါး ချက်နဲ့ သေရတော့မယ်၊ ဒီတော့ တစ်မိုးအောက်တစ်ယောက်ဘွဲ့ရ မဟာမှဆိုးကြီးလေးယောက်အစား ခင်ဗျားမရှိတော့ရင် သုံးယောက် ပဲ ကျန်တော့မယ်"

ပြောပြောဆိုဆို အရိုးစုအဘိုးကြီးက အဘွားကြီးအား လက်

www.burmeseclassic.com

www.burmeseclassic.com



ဝါးရိုက်ချက်တစ်ချက် ရိုက်ထုတ်လိုက်ပြန်သည်။

အရိုးစုဂိုဏ်းချုပ် လက်ဝါးရိုက်ချက်နှင့် တစ်ပြိုင်တည်းမှာပင် အဘွားကြီးဝန်၏ရင်ဘတ်၌ ဖိကပ်ထားသောလက်မှ ဓားမြှောင်လေးဖြင့် အဘိုးကြီးအား ပစ်ထည့်လိုက်လေသည်။

တစ်ယောက်နှင့်တစ်ယောက် အလွန်နီးကပ်နေသည့်အတွက် တစ်ဦး၏တိုက်ကွက်ကို တစ်ဦးမရှောင်နိုင် ဖြစ်သွားကြလေသည်။

အဘွားကြီးဝန် ပစ်လိုက်သောဓားမြှောင်က အရိုးစုဂိုဏ်းချုပ်အဘိုးကြီး၏ ရင်ဝတည့်တည့်သို့ တန်းဝင်သွားလေသည်။

အရိုးစုဂိုဏ်းချုပ်၏ လက်ဝါးချက်ကလည်း အဘွားကြီးဝန်အား တည့်မတ်စွာထိမှန်သွားလေသည်။

'ချွမ်'

'ဘုံး'

ချွမ်ဆိုသည့်အသံမှာ အဘွားကြီးပစ်လိုက်သော ဓားမြှောင် အရိုးစုဂိုဏ်းချုပ် အဘိုးကြီးဝမ်းဗိုက် တည့်တည့်သို့ထိမှန်ပြီး လွင့်စဉ်ထွက်သွားသည်။

အဘိုးကြီးဗိုက်တည့်တည့် အကျီကြယ်သီးရွှေပြားကို ထိမှန်ကာ အသက်ဘေးမှ သီသီလေးလွတ်ထွက်သွားခြင်း ဖြစ်သည်။





အရိုးစုဂိုဏ်းချုပ်အဘိုးကြီး ရိုက်ထုတ်လိုက်သော လက်ဝါးချက်ကလည်း အဘွားကြီးဝန်အား တည့်တည့်မတ်မတ်ထိမိကာ လက်ဝါးရိုက်ချက်ကြောင့် အဘွားကြီးဝန် မြေပေါ်သို့ 'ဘုံး' ခနဲ လဲကျသွားခြင်းဖြစ်သည်။

အဘွားကြီးဝန်အား အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက အပြတ်ရှင်းရန်အတွက် ထပ်မံ၍ လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ရန်ဟန်ပြင်လိုက်စဉ် ... အဘွားကြီးဝန်ထံမှ လေသံသဲ့သဲ့လေး ထွက်ပေါ်လာသည်။

"အ ... အ ... အရိုးစုဂိုဏ်း ... ဂိုဏ်း ... ချုပ် ... နင် ငါ့ကို အလွယ်တကူနဲ့အနိုင်ရလိုက်ပြီပေါ့။ ဒါပေမဲ့ ငါ့ကို မသတ်ပါနဲ့ ခွန်းလွန်ဂိုဏ်းရဲ့ သိုင်းကျမ်းရှိတဲ့နေရာကို ငါ ... ငါပြော ... ပြောပါ့မယ်"

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးမှာ နောက်ဆုံးလက်ဝါးရိုက်ချက်ကိုထုတ်တော့မည်ပြုပြီးမှ အဘွားကြီးဝန်၏စကားကြောင့် လက်ဝါးကို ပြန်ရုပ်သိမ်းလိုက်၏။

"ကောင်းပြီ ... ကျုပ်အဘိုးကြီးကို ခင်ဗျား လိမ်မယ်တော့ မကြံနဲ့"

"မ ... မလိမ်ပါဘူး၊ လျှို့ ... လျှို့ဝှက်သိုင်းကျမ်းဟာ ယူယူနန် ... ခ ... ခရိုင်"

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးဝန် စကားဆုံးအောင်ပင် မပြောနိုင်ဘဲ ငြိမ်ကျသွားတော့သည်။

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက အဘွားကြီးဝန် မိမိလက်ဝါး ရိုက်ချက်ကြောင့် သေဆုံးသွားပြီဟု ထင်မှတ်ကာ ထိုနေရာမှ ထွက်ခွာလာခဲ့သည်။

အရိုးစုဂိုဏ်းချုပ်အဘိုးကြီး ထွက်ခွာသွားပြီး အတော်ကြာမှ အဘွားကြီးဝန် လဲနေရာက တဖြည်းဖြည်း ပြန်ထလာကာ ကျောက်ဂူ နံရံကိုမှီ၍ အသာအမောဖြေနေသည်။

အမှန်တွင်မူ ...

အဘွားကြီးဝန်သည် ကောက်ကျစ်ဉာဏ်များသူဖြစ်၏။

ထို့ကြောင့် ...

အရိုးစုဂိုဏ်းချုပ်၏လက်ဝါးချက်ထိကာ သေမတတ်ခံစား ရပြီး လဲကျမေ့မြောသွားခြင်းဖြစ်သည်။

ခွန်လွန်ဂိုဏ်းမှ အဘိုးကြီးခြောက်ယောက်နှင့် ယှဉ်ပြိုင်တိုက် ခိုက်ခဲ့စဉ်ကပင် မိမိမှာ အတွင်းဒဏ်ရခဲ့၏။

ယခု ...

အရိုးစုဂိုဏ်းချုပ်အဘိုးကြီး၏ အနီးကပ်လက်ဝါးရိုက်ချက် နှစ်ချက်ကြောင့် အဘွားကြီးဝန်မှာ အားအင်များကုန်ခန်းကာ အလွန်



ဆိုးရွားသည့် အတွင်းဒဏ်ကို အပြင်းအထန် ခံစားနေရသည်။

မိမိ လေပွေကျွန်းသို့ မပြန်နိုင်တော့။

ဤကျောက်ဂူလေးထဲမှာပင် ဖန်ဝေးအလာကို စောင့်မျှော် ရပေတော့မည်။

အကယ်၍ ...

ဖန်ဝေး လျှို့ဝှက်သိုင်းကျမ်းကို ချောချောမောမောရရှိခဲ့ပါက မိမိ၏ ဆိုးရွားလွန်းသောအတွင်းဒဏ်ကို လေးငါးနှစ်ကုသလိုက်ပါက နဂိုအတိုင်း ပြန်ကောင်းလာနိုင်သည်။

အရိုးစုဂိုဏ်းချုပ်မှာ အဘွားကြီးဝန် ထုတ်ဖော်ပြောပြချက် အရ လျှို့ဝှက်သိုင်းကျမ်းရှိရာ ယူနန်ခရိုင်သို့ ထွက်ခွာလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရိုးစုဂိုဏ်းချုပ်အဘိုးကြီးမှာ ယူနန်ခရိုင်သို့ အလောတကြီးသွားနေသည်ဖြစ်ရာ ညအချိန်ရောက်လာသည့်တိုင် ရပ်နားခြင်းမရှိ။

ဆက်လက်သွားနေရာက တီရောင်မြို့ အပြင်ဘက်တောထဲတွင် အဘွားကြီးသန်းချုံနှင့် မမျှော်လင့်ဘဲ လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အဘွားကြီးသန်းချုံနှင့် အရိုးစုဂိုဏ်းချုပ်တို့မှာလွန်ခဲ့သောနှစ်ပေါင်းများစွာက ရန်စများရှိခဲ့သဖြင့် တောထဲတွင် တွေ့တွေ့ချင်းတစ်ဦးနှင့်တစ်ဦး အသေအကျေ ယှဉ်ပြိုင်တိုက်ခိုက်ကြတော့သည်။

အရိုးစုဂိုဏ်းချုပ်က အဘွားကြီးသန်းချုံသည် ရန်သူများအား တိုက်ခိုက်ရာတွင် လျှပ်တစ်ပြက် သွေးကြောပိတ်တတ်ကြောင်းကို သိထားသည်။

ထို့ကြောင့် ...



အဘွားကြီးသန်းချုံအား တိုက်ခိုက်ရာတွင် ရင်ဆိုင်တိုက်ခိုက်ခြင်းထက် နောက်ဘက်မှ တိုက်ခိုက်ခြင်းဖြစ်သည်။

အဘွားကြီးသန်းချုံ၏သိုင်းပညာကလည်း ပေါ့သေးသေးမဟုတ်ချေ။

အရိုးစုဂိုဏ်းချုပ်နှင့် အဘွားကြီးသန်းချုံတို့ တိုက်ခိုက်ကြရာ သိုင်းကွက်ဆယ်ကွက်ကျော်အတွင်း အဘွားကြီးသန်းချုံ၏ ဓားမောက်ကြီးကို အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက လုယူသွားနိုင်ခဲ့သည်။

ထိုစဉ် ...

ရုတ်တရက် တောထဲသို့ ဝင်ရောက်လျှောက်လှမ်းသွားသောခြေသံများကို ကြားလိုက်ရပြန်သည်။

ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့ သစ်ပင်နောက်ကွယ်မှ နောက်ထပ်ရောက်လာသည့် ရန်သူများကို ကြည့်လိုက်ရာ ...

တိမ်လွှာထန် လူ့ခွစာကြီးဝေးယွင်၏တပည့် ချိထန်ကျင်နှင့် မိန်းမချောလေးထန်ကျင်းဖှာတို့ ဖြစ်နေကြောင်း တွေ့လိုက်ရ၏။

ထန်ကျင်းဖှာကို တွေ့မြင်လိုက်ရသဖြင့် ဖန်ဝေး သစ်ပင်နောက်တွင် ပုန်းနေရာက ပြေးထွက်လာခဲ့သည်။

ဖန်ဝေး ပြေးထွက်လာသည့်အတွက် ယွဲ့ရန်ဟုန်လည်း ဖန်ဝေးနောက်မှ ပြေး၍ လိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်၏လက်ထဲမှ အဖိုးတန် ရှေးဟောင်းဓားကို အရိုးစုဂိုဏ်းချုပ် အမှတ်မထင်မြင်လိုက်ရ၍ အဘွားကြီးသန်းချုံကို ဆက်မတိုက်တော့ဘဲ ယွဲ့ရန်ဟုန်၏ အဖိုးတန်ဓားမြှောင်လေးနှင့် ပြန်လည်၍ တိုက်ခိုက်လိုက်သည်။

ဖန်ဝေးမှာ မိန်းမချောလေး ထန်ကျင်းဗှာရှိရာသို့ ပြေးလွှားချဉ်းကပ်သွားပြီး ဝမ်းသာအားရ လှမ်းခေါ်လိုက်၏။

"မိန်းကလေး ထန်ကျင်းဗှာ ... ညဥ့်အချိန်မတော်ကြီး ဒီတောကြီးထဲကို ဘာလာလုပ်တာလဲ"

မိန်းမချောလေး ထန်ကျင်းဗှာက ရုတ်တရက် ဖန်ဝေးကို တွေ့လိုက်ရသဖြင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထိုစဉ်မှာပင် ...

အရိုးစုဂိုဏ်းချုပ်နှင့် ယွဲ့ရန်ဟုန်တို့ တိုက်ခိုက်နေရာသို့ ချီထန်ကျင် ရောက်ရှိလာခဲ့သည်။

ချီထန်ကျင်မှာ နုနယ်သောမိန်းမပျိုလေးတစ်ယောက်အား အရိုးစုဂိုဏ်းချုပ်က နိုင့်ထက်စီးနင်း တိုက်ခိုက်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ...

ချီထန်ကျင်က သူ၏ ဆယ်ပေခန့်ရှည်သော ကျားပွတ်ရှည်ကြီးကို ခါးမှဆွဲဖြုတ်ယူလိုက်သည်။



တစ်ဆက်တည်း ...

အရိုးစုဂိုဏ်းချုပ်၏လက်ထဲမှ ဓားကို ကျားပွတ်ရှည်ဖြင့် လှမ်းရိုက်ရစ်ပတ်လိုက်၏။

ချီထန်ကျင်ဝင်ရောက်လာမှုကြောင့် မိန်းမပျိုလေး ယွဲ့ရန်ဟုန်က နောက်ဆုတ်ရှောင်ပေးလိုက်ရင်း ဖန်ဝေးနှင့် ထန်ကျင်းဗှာတို့နားသို့ ရောက်လာသည်။

ဖန်ဝေးနှင့် ထန်ကျင်းဗှာတို့ စကားပြောနေသည်ကိုကြည့်ကာ ယွဲ့ရန်ဟုန်၏စိတ်ထဲတွင် တစ်မျိုးတစ်မည်ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရ၏။

ထန်ကျင်းဗှာက မိန်းမချောလေး ယွဲ့ရန်ဟုန်ကိုမြင်လိုက်ရသည်နှင့် အနည်းငယ်အံ့သြသွားကာ ဖန်ဝေးအားမေးလိုက်၏။

"အစ်ကိုဖန်ဝေး ... ရှင် ဒီမိန်းမချောလေးနဲ့ ဘယ်မှာတွေ့ဆုံသိကျွမ်းခဲ့တာလဲ၊ သူ့နာမည်က ဘယ်သူလဲ"

ဖန်ဝေးက မိန်းမချောလေးယွဲ့ရန် အား ကျောက်ဂူလေးတစ်ဂူအတွင်း၌ လက်ဝါးရိုက်ချက်ထိကာ ဦးနှောက်အာရုံကြောဆိုနိုက်သွား၍ အတိတ်မေ့နေသောသူတစ်ယောက်ဖြစ်ကြောင်းကို ပြောပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ယွဲ့ရန်ဟုန်အား ထန်ကျင်းဝှာနှင့်မိတ်ဆက်ပေးလိုက်၏။

"မိန်းကလေး ... ဒီအမျိုးသမီးက ထန်ကျင်းဝှာလို့ခေါ်တယ်"

ယွဲ့ရန်ဟုန်က ...

"ဟုတ်လား ... ဒီမိန်းမချောလေးနာမည်က ထန်ကျင်းဝှာတဲ့လား။ အင်း ... ကျွန်မနာမည်က ဘယ်သူများပါလိမ့်"

ယွဲ့ရန်ဟုန် စိတ်မကောင်းစွာဖြင့် သူမ၏နာမည်ကို ရှေ့တွေးစဉ်းစားနေသည်။



အရှိးစုဂိုဏ်းချုပ်ကြီးနှင့် ချီထန်ကျင်မှာ သိုင်းကွက်ဆယ်ကွက်မျှ ယှဉ်ပြိုင်ပြီးသောအခါ ချီထန်ကျင်အရေးနိမ့်လာခဲ့၏။

နောက်ထပ် ...

သိုင်းကွက်လေးငါးဆယ်ကွက်မျှ ဆက်လက် ယှဉ်ပြိုင်လျှင် ချီထန်ကျင် လုံးဝအရေးရှုံးနိမ့်တော့မည်ဖြစ်သည်။

ထိုအခိုက် ...

ချီထန်ကျင်တို့ တိုက်ခိုက်နေရာသို့ အရိပ်မည်းကြီးတစ်ခု လျင်မြန်စွာ ခုန်လွှားရောက်ရှိလာသည်။

ရောက်ရှိလာသည့် အရိပ်မည်းကြီးမှာ ချီထန်ကျင်၏ဆရာ တိမ်လွှာထိန်လူ့ခွစာကြီးဝေးယွင်ပင် ဖြစ်သည်။

ချီထန်ကျင်မှာ အခြေအနေဆိုးဆိုးရွားရွားဖြစ်နေချိန် မိမိဆရာဝေးယွင် ရောက်ရှိလာ၍ များစွာအားတက်သွားသည်။

အရှိးစုဂိုဏ်းချုပ်အဘိုးကြီးမှာ တိမ်လွှာထိန်လူ့ခွစာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဝေးယွင်အား မြင်လိုက်ရသည်နှင့် မျက်နှာပျက်သွားသည်။

ထိုစဉ် ...

ယွဲ့ရန်ဟုန်၏စကားသံ ထွက်ပေါ်လာခဲ့၏။

"အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက ဟိုအဘိုးကြီးရောက်လာတာနဲ့ ဘာဖြစ်လို့ မျက်နှာပျက်သွားရတာလဲ အစ်ကိုဖန်ဝေး"

"အေး ... အဲဒါ ငါလည်းမသိဘူး"

ဖန်ဝေးတို့ စကားပြောနေစဉ်မှာပင် အရိုးစုဂိုဏ်းချုပ်နှင့် လူ့ခွစာကြီးဝေးယွင်တို့ အပြင်းအထန်တိုက်ခိုက်နေကြသည်ကို ဖန်ဝေးတွေ့မြင်လိုက်ရ၏။

လူ့ခွစာကြီး၏ရုပ်ရည်မှာ အလွန်အရုပ်ဆိုးလှသည်။

မျက်ခုံးမွေး လုံးဝမရှိ။

ကြည့်ရသည်မှာ ကြောက်မက်ဖွယ် မျက်နှာကြီးတစ်ခုနှင့်ပင် တူနေ၏။

တိုက်ခိုက်နေကြရင်း အရိုးစုဂိုဏ်းချုပ်၏အသံ ထွက်ပေါ်လာသည်။

"လူ့ခွစာကြီးဝေးယွင် ခင်ဗျားနဲ့ကျုပ် မတွေ့ရတာ နှစ်ပေါင်း အတော်ကြာသွားပြီ၊ အသုံးမကျတဲ့ ခင်ဗျားရဲ့တပည့် ချီထန်ကျင်ကိုပြန်ခေါ်သွားပါ။ သိုင်းလောကမှာ ခင်ဗျားရဲ့တပည့်က ခင်ဗျား



ရဲ့အရှက်ကို လိုက်ခွဲနေသလိုဖြစ်နေတယ်၊ သူ့သိုင်းပညာက ကျုပ်ကိုမီဖို့ အများကြီးလိုနေသေးတယ်"

ချီထန်ကျင်က မခံချင်စသော အမူအရာဖြင့် ...

"ကျုပ်ပညာက ခင်ဗျားကို မမီပေမယ့် သိုင်းလောကမှာ ကျုပ်ဘယ်တုန်းကမှ မတရားမလုပ်ခဲ့ဘူး၊ ခင်ဗျားလိုလည်း ကိုယ့်ထက်ဝါနုတဲ့ မိန်းကလေးတစ်ယောက်ကို နိုင့်ထက်စီးနင်းမပြုခဲ့ဘူး ခင်ဗျားဟာ မိန်းကလေးဆီက ရှေးဟောင်းအဖိုးတန်ဓားကို လိုချင်လို့ မိန်းကလေးဆီက အတင်းဓားပြတိုက်နေတာပဲ"

ဝေးယွင်မှာ တပည့်ဖြစ်သူ ချီထန်ကျင်၏စကားကြောင့် မိန်းမချောလေး ယွဲ့ရန်ဟုန်ကို လှမ်းကြည့်လိုက်၏။

တစ်ဆက်တည်း ...

ယွဲ့ရန်ဟုန်၏ဘေးတွင် လူငယ်တစ်ဦးကိုလည်း တွေ့လိုက်ရသည်။

လူငယ်လေး၏လက်ထဲတွင် ခုနစ်ပေါက်ဓားကိုင်ဆောင်ထားကြောင်း တွေ့လိုက်ရသဖြင့် ခုနစ်ပေါက်ဓားမှာ လေပွေကျွန်းမှ မိန်းမရိုင်း အဘွားကြီးဝန်၏ဓားဖြစ်ကြောင်းကို သိရှိလိုက်၏။

ထို့ကြောင့် ...

ဝေး ယွင်က အရိုးစုဂိုဏ်းချုပ်ကို လှမ်းမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဒီသူငယ်လေးဆီက စားကိုလုယူရင် အဘွားကြီးဝန်က ခင်ဗျားကိုလာရှာမှာ မကြောက်ဘူးလား"

အမှန်တွင် ...

အရိုးစုဂိုဏ်းချုပ်လက်ချက်ဖြင့် အဘွားကြီးဝန် သေလုမျောပါးဖြစ်ခဲ့ရသည်ကို လူ့ခွစာကြီးဝေးယွင် မသိ၍ ဤသို့ပြောလိုက်ခြင်းဖြစ်သည်။

အရိုးစုဂိုဏ်းချုပ်က လူ့ခွစာကြီးဝေးယွင်အား ဘာမှပြန်မပြော။

လူ့ခွစာကြီးဝေးယွင်က အရိုးစုဂိုဏ်းချုပ် ဘာမှပြန်မပြောသဖြင့် ဆက်ပြောပြန်သည်။

"အရိုးစုဂိုဏ်းချုပ် ... ခင်ဗျား သူတို့ရဲ့ဓားတွေကိုဆက်လုဖို့ မကြိုးစားစမ်းပါနဲ့ ဒီနေရာက အမြန်ဆုံးသာထွက်သွားပါ"

တိမ်လွှာထိန်လူ့ခွစာကြီးဝေးယွင်မှာ တစ်မိုးအောက် တစ်ယောက်ဘွဲ့ရ မဟာလူဆိုးကြီးလေးယောက်တွင် တစ်ယောက်အပါအဝင်ဖြစ်သည်။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန်၏လက်ထဲမှ ရှေးဟောင်းအဖိုးတန်ဓားကို ဝေးယွင် မြင်မြင်ချင်းလိုချင်မိသည်။



သို့သော် ...

လိုချင်စိတ်ကို ဖုံးကွယ်ကာ အရိုးစုဂိုဏ်းချုပ်အား ဤနေရာမှ ထွက်ခွာသွားရန် ပြောဆိုနေသည်။

အရိုးစုဂိုဏ်းချုပ်ထွက်သွားပါက ယွဲ့ရန်ဟုန်ဆီမှ အဖိုးတန်ဓားမြှောင်လေးကို လူ့ခွစာကြီးဝေးယွင်က လုယူမည်မှာ သေချာသည်။

တပည့်ဖြစ်သူ ချီထန်ကျုန်က ဆရာဝေးယွင်၏အကြံအစည်ကို ရိပ်စားမိသည်။

ထိုအခိုက် အရိုးစုဂိုဏ်းချုပ်ဆီမှ စကားသံ ထွက်ပေါ်လာသည်။

"လူ့ခွစာကြီး ... ခင်ဗျားဟာ ပြောထားတဲ့စကားကို ကတိမတည်ဘူး"

လူ့ခွစာကြီးက ...

"ကျုပ် ... ခင်ဗျားကို ဘာပြောခဲ့လို့လဲ"

"ခင်ဗျား ဟိုမိန်းကလေးလက်ထဲက ရှေးဟောင်းအဖိုးတန်ဓားမြှောင်လေးကိုမယူတော့ဘူးလို့ ပြောခဲ့တယ်မဟုတ်လား။ အခုတော့ လူ့ခွစာကြီးလိုချင်စိတ်ပေါက်နေပြီမဟုတ်လား"

"အရိုးစုဂိုဏ်းချုပ် ... ခင်ဗျားရဲ့သိုင်းကွက်တွေကို ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



မြည်းစမ်းကြည့်ချင်လို့ပါ၊ တကယ်တော့ ကျုပ်အဖို့ တုတ်တွေ၊ ဓားတွေ မလိုတော့ပါဘူး"

"ခွစာကြီး ... ခင်ဗျားကြီးက ကျုပ်ရဲ့သိုင်းကွက်တွေကို မြည်းစမ်းကြည့်ချင်တယ်ဆိုတာ တကယ်လား"

"ဟုတ်တယ် ... တကယ်ပဲ ကျုပ်တို့ဆက်ပြီးယှဉ်လိုက်ကြရအောင်၊ ရှုံးတဲ့လူ ဒီနေရာက ထွက်သွားရမယ်"

"ကောင်းပြီ ... ကျုပ် သဘောတူတယ်"

ဤသို့ဖြင့် လူဆိုးကြီးနှစ်ယောက် ဆက်လက်တိုက်ခိုက်ကြပြန်သည်။

အရိုးစုဂိုဏ်းချုပ်နှင့် လူ့ခွစာကြီးဝေးယွင်တို့ အကျိတ်အနယ် တိုက်ခိုက်နေစဉ် အဘွားကြီးသန်းချုံမှာ နေရာမှ တိတ်တဆိတ် လစ်ထွက်သွားသည်။

အဘွားကြီးသန်းချုံမှာ လူ့ခွစာကြီးဝေးယွင်နှင့် အရိုးစုဂိုဏ်းချုပ်တို့နှစ်ယောက်သည် မိမိထက် သိုင်းပညာ အလွန်မြင့်မားနေသူများ ဖြစ်သဖြင့် ဆက်လက်ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုဝံ့ပေ။

ယှဉ်ပြိုင်တိုက်ခိုက်ပါက မိမိမှာ မရှူမလှခံရတော့မည်ကို သိထား၏။

ထို့ကြောင့် ...



လူဆိုးကြီးနှစ်ယောက် အကျိတ်အနယ် တိုက်ခိုက်နေစဉ် အခွင့်ကောင်းယူကာ ထွက်ပြေးသွားခြင်းဖြစ်၏။

ဖန်ဝေးက မိန်းမချောလေးထန်ကျင်းဗွာကို စကားပြောရန် လှမ်းခေါ်လိုက်သည်။

"ထန်ကျင်းဗွာ"

ထန်ကျင်းဗွာမှာ ဖန်ဝေး၏ခေါ်သံကို မကြားချင်ယောင် ဆောင်နေလိုက်၏။

ဖန်ဝေး ထပ်မံ၍ခေါ်ပြန်သည်။

"ထန်ကျင်းဗွာ"

ထန်ကျင်းဗွာက စိတ်မရှည်စွာဖြင့်ပြန်ပြောလိုက်၏။

"ဖန်ဝေး ... နင် ဘာဖြစ်လို့ ဒီလောက်အရေးတကြီး ခေါ်နေရတာလဲ"

ဖန်ဝေး၏မျက်နှာ ရုတ်တရက်ပျက်သွားကာ ရှက်သွေးရောင်သန်းသွား၏။

အမှန်တွင် ...

ထန်ကျင်းဗွာအား ချစ်မြတ်နိုးကြောင်းကို ဖန်ဝေးက ဖွင့်ပြောချင်နေသည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



အနားတွင် ချီထန်ကျင်နှင့်ယွဲ့ရန်ဟုန်တို့ရှိနေ၍ ဖန်ဝေး ပြောရန် အခက်တွေ့နေ၏။

သို့သော် ...

မိန်းမချောလေးထန်ကျင်းဗွာက ဖန်ဝေး မိမိအား ဘာပြောချင်သည်ဆိုသည်ကို သိထား၏။

ရိပ်စားမိသော်လည်း မသိချင်ဟန်ဆောင်ကာ အသာပင်နေလိုက်သည်။

မိမိကို တစ်ဖက်သတ်စွဲလမ်းနေသူများထဲတွင် ဖန်ဝေး တစ်ယောက်တည်းသာ မဟုတ်။

လူ့ခွစာကြီး ဝေးယွင်၏တပည့် ချီထန်ကျင်လည်း အပါအဝင် ဖြစ်သည်။

ထို့နောက် ထန်ကျင်းဗွာက မိန်းမချောလေး ယွဲ့ရန်ဟုန်၏လက်ထဲတွင်ရှိနေသည့် အဖိုးတန်ဓားမြှောင်လေးကိုကြည့်ကာ ပြောလိုက်၏။

"ရှင်တို့နှစ်ယောက် ဟိုအမျိုးသမီးလက်ထဲက ဓားမြှောင်လေးကို ယူပေးနိုင်ခဲ့ရင်"

ထန်ကျင်းဗွာက ယွဲ့ရန်ဟုန်ကြားသာအောင် တမင်ပင်အသံကိုမြှင့်၍ပြောလိုက်၏။





ဖန်ဝေးသည် ထန်ကျင်းဗွာကို မြင်မြင်ချင်း စိတ်ဝင်စားခဲ့သည်။

ထန်ကျင်းဗွာမှာ အဖြူရောင်ဂိုဏ်းမှ သိုင်းသမလေးတစ်ဦးဖြစ်၍လည်း ဖန်ဝေးပို၍ စိတ်ဝင်စားမိခဲ့၏။

ယခု ...

ထန်ကျင်းဗွာ ပြောလိုက်သောလောဘစကားကြောင့် ထန်ကျင်းဗွာအပေါ် စွဲလမ်းသောစိတ် တစ်မုဟုတ်ချင်း လျော့နည်းသွားမိသည်။

ယွဲ့ရန်ဟုန်မှာ အတိတ်မေ့ပြီး မှတ်ဉာဏ်နည်းသွားသော်လည်း ဖန်ဝေးကိုချစ်ခင်မြတ်နိုးစိတ်က လျော့သွားခြင်းမရှိ။

ထန်ကျင်းဗွာပြောလိုက်သောစကားကို ကြားရသောအခါ ယွဲ့ရန်ဟုန်သည် စိတ်မကောင်းသလို ဖြစ်သွားမိသည်။

ယွဲ့ရန်ဟုန်၏ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲလာသည်အထိ စိတ်ထိခိုက်ခဲ့ရ၏။

သူမသာ စိတ်ကိုတင်းမထားခဲ့လျှင် မျက်ရည်ဖြိုင်ဖြိုင်ကျရပေတော့မည်။

မိမိ တစ်ဖက်သတ်ချစ်မြတ်နိုးနေသူ ဖန်ဝေးအား ထန်ကျင်းဗွာက မိမိတွင်ရှိနေသည့် ဓားမြှောင်ကိုအတင်းအရယူခိုင်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက်ကြောင့် ယွဲ့ရန်ဟုန် စိတ်မကောင်းဖြစ်မိခြင်းပင်။

ချီထန်ကျင်မှာလည်း ထန်ကျင်းဗှာ၏တောင်းဆိုချက်ကို ကြားရသောအခါ လန့်ဖျပ်သွားမိသည်။

မိန်းမချောလေးလက်ထဲတွင်ရှိနေသည့် ရှေးဟောင်း အဖိုးတန်ဓားမြှောင်လေးသည် ဝေးယွင်လိုချင်နေသည့်ပစ္စည်းပင် ဖြစ်သည်။

ထို့ကြောင့် ...

ထန်ကျင်းဗှာ၏တောင်းဆိုချက်ကို မည်သို့မျှ လုပ်ဆောင်ပေးနိုင်ခြင်းမရှိ။

ထန်ကျင်းဗှာသည် ဖန်ဝေးနှင့် ချီထန်ကျင်တို့ နှစ်ယောက်လုံးဝလှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်နေသည်ကိုတွေ့ရ၍ မကျေမနပ်ဖြစ်ကာ ထပ်မံ၍ပြောလိုက်ပြန်သည်။

"ဘာလဲ ... ရှင်တို့နှစ်ယောက်ရဲ့အချစ်တွေဟာ အတုအယောင်တွေလား"

ထန်ကျင်းဗှာ၏စကားကြောင့် ချီထန်ကျင်က မျက်နှာငယ်လေးဖြင့် ပြန်ဖြေလိုက်သည်။

"ဒီဓားဟာ ငါ့ဆရာလိုချင်နေတဲ့ဓားဖြစ်နေတဲ့အတွက် ယူပေးလို့ မရနိုင်ဘူး"



"ရှင့်ဆရာ ဒီဓားကိုလိုချင်နေတယ်ဆိုတာကို ရှင်က ဘယ်လိုသိနေတာလဲ"

"အခု အရိုးစုဂိုဏ်းချုပ်နဲ့ တိုက်ခိုက်နေတာ အဲဒီဓားမြှောင်လေးလိုချင်လို့ ငါ့ဆရာတိုက်ခိုက်နေတာဖြစ်တယ်"

ချီထန်ကျင်က ဓားမြှောင်လေးကိုလုယူမပေးနိုင်ဟု ပြောဆိုနေသဖြင့် ထန်ကျင်းဗှာ ဖန်ဝေးဘက်သို့လှည့်ကာပြောလိုက်ပြန်သည်။

"ရှင်ကော ဘာပြောချင်သေးလဲ"

ဖန်ဝေးက ...

"မိန်းကလေးထန်ကျင်းဗှာ အဲဒီရှေးဟောင်းအဖိုးတန် ဓားမျိုး ဒီပြင်နေရာမှာလည်းရှိချင်ရှိနေနိုင်ပါတယ်၊ ငါရှာလို့ရရင် မင်းကိုပေးပါ့မယ်၊ ဟို မိန်းကလေးက မင်းရဲ့ပြင်းထန်တဲ့ လက်ဝါးရိုက်ချက်မိပြီး အတိတ်မေ့ဝေဒနာခံစားနေရတဲ့ ဒုက္ခသည်လေးတစ်ဦးဖြစ်တယ်၊ ဒါကြောင့် သူ့ဆီက ပစ္စည်းကိုတော့ မင်းမလိုချင်ပါနဲ့၊ မသင့်လျော်ပါဘူး"

မိန်းမချောလေး ထန်ကျင်းဗှာ၏စိတ်ထဲတွင် ဖန်ဝေးပြောသည့် စကားများမှာ ချီထန်ကျင်ပြောသည့်စကားများလောက် နားထောင်၍မကောင်းဟု ယူဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးမှာ ထန်ကျင်းဝှာကို စွဲစွဲလမ်းလမ်းချစ်မိသည်က တော့အမှန်ပင်ဖြစ်သည်။

သို့သော် မတော်မတရားအပြုအမူမျိုးဖြင့် တစ်ဖက်သား ထံမှပစ္စည်းကို လုယူချင်သည့်ဆန္ဒ ဖန်ဝေးတွင် လုံးဝမရှိ။

ချစ်ခြင်းမေတ္တာသည် ချစ်ခြင်းမေတ္တာနှင့်သာ သက်ဆိုင် သည်။

ထိုချစ်ခြင်းမေတ္တာကြောင့် မတရားမှုမျိုးကို ဖန်ဝေး ဘယ် သောအခါမှ မပြုလုပ်။

ဤသည်က ဖန်ဝေး၏ တည်ကြည်မှန်ကန်သော ဆုံးဖြတ် ချက်ပင် ဖြစ်သည်။

ထန်ကျင်းဝှာ၏ စိတ်ကူးထဲတွင် မိမိ ဤသို့ပြောလိုက်ပါက ဖန်ဝေးနှင့် ချီထန်ကျင်တို့နှစ်ယောက် မိန်းမချောလေး လက်ထဲတွင် ရှိနေသည့် ဓားမြှောင်လေးကို သူ့ထက်ငါ အရင်လုပေးမည်ဟု ထင် နေကြ၏။

ယခု ...

သူမထင်မိခဲ့သည်နှင့် တခြားစီဖြစ်နေကြောင်း ထန်ကျင်း ဝှာ သိရတော့၏။

ထို့ကြောင့် ...



မိန်းမချောလေးထန်ကျင်းဝှာ မကျေမနပ်ဖြစ်ကာ မည်သူ့ ကိုမျှနှုတ်မဆက်ဘဲ နေရာမှလှည့်ထွက်သွားလေတော့သည်။

ဖန်ဝေးက ထန်ကျင်းဝှာကိုလှမ်းအော်၍ ဟန့်တားလိုက် သည်။

ထန်ကျင်းဝှာ လှည့်ပင်မကြည့်။

ရှေ့သို့ ဆက်လက်လျှောက်လှမ်းသွားနေသည်။

ချီထန်ကျင်ကမူ ထန်ကျင်းဝှာနောက်သို့ သုံးလေးလှမ်းမျှ ပြေးလိုက်သွား၏။

သို့သော် ...

ဖန်ဝေးအား စိတ်မချသဖြင့် ရှေ့ဆက်မလိုက်တော့ဘဲ ဖန် ဝေးရှိရာသို့ ချီထန်ကျင် ပြန်လျှောက်သွားလေတော့သည်။

မိန်းမချောလေး ထန်ကျင်းဝှာ၏စိတ်ထဲမှာ ရှုပ်ရှည်နှင့် ဆန့် ကျင်ဘက်ဖြစ်နေသည်။

ထန်ကျင်းဝှာ၏မျက်နှာလေးသည် ဒိုးကျနတ်မယ်အလား လှပစွဲမက်ချစ်စရာကောင်းလှ၏။

သူမ၏စိတ်ထားမှာမူ ကျဉ်မြောင်းသည့်စိတ်ဓာတ်မျိုး ဖြစ် သည်။

ဖခင်ဖြစ်သူထန်ဖေ့က အဖြူရောင်ဂိုဏ်းမှ သိုင်းသမားကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍သာ မိန်း မချောလေးထန်ကျင်းဟွာ အဖြူရောင်သိုင်းသမလေး ဖြစ်နေသည်။

အကယ်၍ ...

ဖခင်သာ အမည်းရောင်သိုင်းသမားကြီးဆိုပါက ထန်ကျင်းဟွာ၏စိတ်ဓာတ်မှာ မည်မျှနိမ့်ကျပေမည်မသိ။

ဖန်ဝေးကမူ ပြေးလိုက်သွားခြင်းမရှိဘဲ ထွက်ခွာသွားသော ထန်ကျင်းဟွာ၏ နောက်ကျောကိုငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့သည်။

မိန်းမချောလေး ယွဲ့ရန်ဟုန်မှာ ဖန်ဝေး၏စိတ်ထဲတွင် မည်သို့ဖြစ်နေသည်ကို နားလည်သဘောပေါက်ကာ ကရုဏာသက်စွာဖြင့် မေးလိုက်၏။

"အစ်ကိုဖန်ဝေး ... မိန်းကလေးထန်ကျင်းဟွာကို သိပ်ချစ်နေသလား"

ဖန်ဝေးက ခြောက်ကပ်ကပ်လေသံဖြင့် ပြန်ဖြေလိုက်သည်။

"အေး ... ငါ တကယ်ပဲ သူ့ကိုမြတ်မြတ်နိုးနိုးနဲ့ ချစ်နေမိခဲ့တယ်"

"ထန်ကျင်းဟွာ ကျွန်မလက်ထဲက ဓားမြှောင်လေးကို လုခိုင်းတာ အစ်ကိုဖန်ဝေးက ဘာ့ကြောင့်မလုတာလဲ"

"ဟာ ... ဒါတော့ ဘယ်ဖြစ်မလဲ၊ သူတစ်ပါးပစ္စည်းကို မတရားလုတဲ့အလုပ် ငါ ဘယ်တော့မှမလုပ်ဘူး"



"တကယ်တော့ အစ်ကိုဖန်ဝေး လုစရာမလိုပါဘူး ... အစ်ကိုဖန်ဝေး လက်ဆန့်လိုက်တာနဲ့ ကျွန်မ ဒီဓားမြှောင်လေးကို ပေးမှာပါ"

"ဘာဖြစ်လို့လဲ"

"ဒါတော့ ကျွန်မလည်းမပြောတတ်ဘူး၊ ကျွန်မ စိတ်ထဲမှာ ဒီအတိုင်းပဲရှိနေတယ်"

မိန်းမချော ယွဲ့ရန်ဟုန်၏စကားကို ဖန်ဝေး ရိပ်စားနားလည်မိသည်။

ဤမိန်းမချောလေးသည် မိမိအား စိတ်ဝင်စားနေကာ မိမိအတွက် သူမ အနစ်နာခံရန် အသင့်ရှိနေကြောင်း ဖန်ဝေးနားလည်လိုက်၏။

ထို့နောက် ... သူတို့နှစ်ယောက် စကားဆက်၍ မပြောကြတော့ပေ။

အရှိုးစုဂိုဏ်းချုပ်အဘိုးကြီးနှင့် လူ့ဥစ္စာကြီးဝေးယွင်တို့ သဲသဲမဲမဲ တိုက်ခိုက်နေသည်ကို ကြည့်နေကြသည်။

ဤသို့ ကြည့်နေရင်း ဖန်ဝေး၏ခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှူခွစာကြီးဝေးယွင်နှင့် အရိုးစုဂိုဏ်းချုပ်အဘိုးကြီးနှစ်ယောက် တိုက်ခိုက်၍ မည်သူရှုံးရှုံးနိုင်နိုင် ... မိမိနှင့်အတိတ်မေ့နေသော မိန်းမချောလေးတို့အား မုချအန္တရာယ်ပေးမည်ကို တွေးမိလိုက်သည်။

ထို့ကြောင့် ...

လှူခွစာကြီးဝေးယွင်နှင့် အရိုးစုဂိုဏ်းချုပ်အဘိုးကြီးတို့ အနိုင်အရှုံးမရှိခင် အချိန်မီထွက်ပြေးနိုင်မှဖြစ်မည်ဟု သိရှိလိုက်ရသဖြင့် မိန်းမချောလေးယွဲ့ရန်ဟုန်အား လှမ်းပြောလိုက်လေသည်။

"မိန်းကလေး ... တို့နှစ်ယောက် သူတို့နှစ်ယောက် တိုက်ခိုက်နေတုန်း ဒီကထွက်ပြေးနိုင်မှ ဖြစ်လိမ့်မယ်၊ နို့မဟုတ်ရင် တို့နှစ်ယောက်အတွက် အန္တရာယ်ရှိတယ်"

မိန်းမချောလေး ယွဲ့ရန်ဟုန်က ...

"အစ်ကိုဖန်ဝေးပြောတာ ဟုတ်တော့ဟုတ်ပါတယ်၊ ကျွန်မ သွားစရာနေရာမရှိတော့ဘူး ... ဘယ်သွားရမှန်းလည်း မသိတော့ဘူး"

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့နှစ်ယောက် ထွက်ပြေးမည့်စကားကို ချီထန်ကျင်သိသွားသဖြင့် သဘောကျစွာ လှမ်းပြောလိုက်လေသည်။



"မင်းတို့ ဒီနေရာက လွယ်လွယ်နဲ့ ထွက်သွားလို့ဘယ်ရမှာလဲ"

ယွဲ့ရန်ဟုန်က ဂရုစိုက်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်မတို့ သွားချင်သွားမယ်၊ နေချင်နေမယ်၊ ရှင် တားဖို့မလိုဘူး၊ တားလို့လည်းရမှာမဟုတ်ဘူး"

စကားဆုံးသည်နှင့် ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့နှစ်ယောက် လှည့်ထွက်သွားတော့သည်။

ချီထန်ကျင်က သူ၏ကျားပွတ်ရှည်ကြီး ကိုထုတ်ကာ သူတို့နှစ်ယောက်ရှေ့မှ ဆီးကြိုပိတ်ဆို့ရပ်နေရင်း ...

"မင်းတို့နှစ်ယောက် ရှေ့တစ်လှမ်းတိုးရင် ဟောဒီ ငါ့ကျားပွတ်စာမိသွားမယ်၊ မင်းတို့နှစ်ယောက် ဒီနေရာက ဘယ်မှ မသွားရဘူး"

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့နှစ်ယောက်မှာ ချီထန်ကျင်၏စကားကို ဂရုမစိုက်ဘဲဆက်လက်လျှောက်လှမ်းသွားနေသည်။

ချီထန်ကျင်က သူ၏ကျားပွတ်ရှည်ကြီးဖြင့် ဖန်ဝေးတို့နှစ်ယောက်အား ရိုက်နက်တိုက်ခိုက်လာသည်။

ယွဲ့ရန်ဟုန်က ချီထန်ကျင်၏ကျားပွတ် ရိုက်ချက်တိုက်ခိုက်ချက်ကို သူ၏ဓားမြှောင်လေးဖြင့် ဖော့ယမ်း၍ ပြန်လည်ခုခံတိုက်ခိုက်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



... မယုံနိုင်လောက်အောင်ပင် ယွဲ့ရန်ဟုန်၏ဓားမြှောင်လေးက ကျာ ပွတ်ရှည်အား အပိုင်းပိုင်းဖြတ်ပစ်လိုက်နိုင်သည်။

ထို့ပြင် ချီထန်ကျင်၏ အင်္ကျီလက်စနှစ်ဖက်မှာလည်း ဓား မြှောင်ဓာမိကာ စုတ်ပြဲထွက်ကုန်သည်။

ချီထန်ကျင်မှာ ဖန်ဝေးတို့နှစ်ယောက်အား တားဆီးမရ တော့သဖြင့် ဆရာဖြစ်သူဝေးယွင်ကို လှမ်းအော်ပြောလိုက်လေသည်။

"ဆရာကြီး ... တပည့် ဒီနှစ်ယောက်ကိုတားလို့မရတော့ ဘူး။ သူတို့နှစ်ယောက် ဒီက ထွက်သွားကြတော့မယ်"

လူ့ခွစာကြီးဝေးယွင်မှာ တပည့်ဖြစ်သူ ချီထန်ကျင်၏အော် ပြောလိုက်သံကိုကောင်းစွာကြားလိုက်၏။

သို့သော် ...

အရှိးစုဂိုဏ်းချုပ်နှင့် အသေအကျေတိုက်ခိုက်နေရသဖြင့် ဖန် ဝေးတို့ဘက်သို့ ထွက်မလာနိုင်ပေ။

ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့နှစ်ယောက်မှာ လျှောက်လှမ်းသွား နေရာမှာ ကိုယ်ဖော့ပညာသုံးကာ လူ့ခွစာကြီးတို့နှင့် ဝေးရာသို့ ပြေး ထွက်လာခဲ့တော့သည်။

ချီထန်ကျင်လည်း ဖန်ဝေးတို့နှစ်ယောက်ကို ဆက်လက် မတားဆီးနိုင်။



အရှိးစုဂိုဏ်းချုပ်နှင့်လူ့ခွစာကြီးတို့နှစ်ယောက်မှာလည်း တစ်ဦးနှင့်တစ်ဦး အပြင်းအထန်အကျိတ်အနယ် တိုက်ခိုက်နေရသည့် အတွက် ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့နှစ်ယောက် ထွက်ပြေးသွားသည် ကို ဤအတိုင်းကြည့်၍နေရသည်။

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့နှစ်ယောက် နောက်ပိုင်းသို့ လှည့် မကြည့်တော့ဘဲ သုတ်ခြေတင်ပြေးနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ဖန်ဝေးနှင့် မိန်းမချောလေး ယွဲ့ရန်ဟုတ် ...

သူတို့နှစ်ယောက် တိုက်ပွဲကိုကျောခိုင်းကာ ကိုယ်ဖော့ပညာ သုံး၍ ပြေးလာကြရာ ထမင်းအိုးတစ်လုံးကျက်ခန့်အကြာတွင် နှစ်မိုင်မျှ ခရီးပေါက်လာခဲ့၏။

နောက်မှ ...

ရန်သူတစ်ဦးတလေမျှ လိုက်လာခြင်းမရှိသဖြင့် ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့နှစ်ယောက် ပြေးလွှားမသွားတော့ဘဲ ခပ်မှန်မှန် လျှောက်သွားနေသည်။

တဖြည်းဖြည်း မိုးစင်စင်လင်းလာခဲ့ချေပြီ။

ထိုအချိန်တွင် ...

ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့နှစ်ယောက် ယူနန်ခရိုင်သို့သွားသည့် လမ်းမသို့ ရောက်လာခဲ့ကြသည်။

ရုတ်တရက် ...





ဖန်ဝေး မိန်းမချောလေး ယွဲ့ရန်ဟုန်၏ကိုယ်ထဲမှ တစ်စုံတစ်ခုသောပစ္စည်းလေး မြေပေါ်ကျသွားသည်ကို တွေ့လိုက်ရ၏။

ဖန်ဝေးက ကျနေသောပစ္စည်းကို မသိမသာ ကောက်ယူလိုက်သည်။

ဖန်ဝေး လက်ထဲမှပစ္စည်းလေးကို မြင်လိုက်ရသဖြင့် တုန်လှုပ်ချောက်ချားသွားသည်။

တုန်လှုပ်ချောက်ချားသွားရသော ပစ္စည်းလေးမှာ အခြားမဟုတ်။

ကြည့်မှန်လေးတစ်ချပ် ဖြစ်သည်။

ထိုမှန်လေးကို မြင်လိုက်ရသည်နှင့် ဖန်ဝေး တစ်ချိန်က သွေးလက်ဝါးဂိုဏ်းချုပ်က မိမိအား သွေးလက်ဝါးဆရာကြီးပါသော မှန်ချပ်ဖြင့် သတိပေးခဲ့ဖူးကြောင်း ပြန်အမှတ်ရလိုက်သည်။

၎င်းမှန်ချပ်လေးသည် ...

သွေးလက်ဝါးဂိုဏ်းချုပ်က တပည့်ဖြစ်သူ ယွဲ့ရန်ဟုန်အား ပေးထားသော မှန်ချပ်လေးဖြစ်သည်ကိုလည်း ဖန်ဝေး အမှတ်ရလာသည်။

ထို့ကြောင့် ...

ဖန်ဝေး စိတ်များ လှုပ်ရှားလာခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤမိန်းမချောလေးသည် သွေးလက်ဝါးဂိုဏ်းချုပ်၏တပည့် ရုပ်ဆိုးမလေး ယွဲ့ရန်ဟုန်ဖြစ်နေမည်လား။

ယွဲ့ရန်ဟုန်မှာ ရုပ်ဆိုးအကျည်းတန်သူတစ်ယောက် ဖြစ်သည်။

ယခု ...

မိမိနှင့်လိုက်ပါလာသူ အတိတ်မေ့ဝေဒနာ ရုပ်ဆိုးမ ယွဲ့ရန်ဟုန်နှင့်ဆန့်ကျင်ဘက်ဖြစ်သော ချောမောသူလေးဖြစ်နေသည်။

သို့သော် ...

ဤမှန်ချပ်လေးက ယွဲ့ရန်ဟုန်အမြဲ ကိုယ်နှင့်မကွာအောင်ထားသည့် သွေးလက်ဝါးဂိုဏ်းချုပ်၏အမှတ်အသား မှန်ချပ်လေးဖြစ်နေသည်။

ဖန်ဝေး မိန်းမချောလေးအား တစ်ချက်အကဲခတ်သလို ကြည့်လိုက်ပြီးမှ ရုတ်တရက် မေးခွန်းထုတ်လိုက်၏။

"မိန်းကလေး မင်း ... ယွဲ့ရန်ဟုန်ဆိုတဲ့ မိန်းမပျိုကိုသိသလား"

ဖန်ဝေး မှန်ချပ်လေးကိုအသေအချာကြည့်လိုက်ပြန်သည်။

မှန်ချပ်တွင် သွေးလက်ဝါးရာကြီးက အထင်းသားပေါ်လွင်နေသည်။



ဖန်ဝေးလန့်ဖျပ်သွားသည်။

သွေးလက်ဝါးဂိုဏ်းချုပ် ရောက်လာပြီလား ...၊

ဘယ်နေရာကိုရောက်နေပြီလဲ ...၊

မိမိတို့နှင့် မည်သို့ပတ်သက်၍ ရောက်လာရလေသနည်း။

ဖန်ဝေး အမျိုးမျိုးစဉ်းစားတွေးတောရင်း မှန်ချပ်လေးကို မိန်းမချောလေးအား လှမ်းပေးရင်း ပြောလိုက်သည်။

"မိန်းကလေး ... ဟောဒီမှန်ချပ်လေးကို အသေအချာကြည့်စမ်း"

ဖန်ဝေးက မိန်းမချောလေးအား မှန်ချပ်ကို ကြည့်ခိုင်းလိုက်သည်။

မိန်းမချောလေး ယွဲ့ရန်ဟုန်က မှန်ချပ်ကိုကြည့်ကာ မည်သည့်ထူးခြားချက်မှမရှိဟန်ဖြင့် ပြန်ပြောလိုက်သည်။

"အစ်ကိုဖန်ဝေး ... ကျွန်မကိုနောက်နေတာလား"

"နောက်တာ မဟုတ်ပါဘူး ... မင်း ငါပြောတဲ့ ယွဲ့ရန်ဟုန်ဆိုတဲ့နာမည်ကို သေသေချာချာ ပြန်စဉ်းစားကြည့်စမ်းပါ"

ဖန်ဝေး၏ စကားကြောင့် ...

ယွဲ့ရန်ဟုန်က မျက်မှောင်ကြုတ်ကာ အတန်ကြာစဉ်းစားသော်လည်း ဘာမှအကြောင်းမထူး။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ယွဲ့ရန်ဟုန်ဆိုသော နာမည်လေးမှာ မိမိနှင့် အင်မတန်ရင်းနှီးနေသယောင်ယောင် ခံစားမိသည်။

ထို့ကြောင့် ...

မိန်းမချောလေးက ခေါင်းရှုပ်သောအမူအရာဖြင့် ဖန်ဝေးအား ပြန်ပြောလိုက်သည်။

"အစ်ကိုဖန်ဝေးပြောတဲ့ ယွဲ့ရန်ဟုန်ဆိုတဲ့ နာမည်က ကျွန်မအင်မတန်ရင်းနှီးဖူးတယ်ထင်တာပဲ၊ ဒါပေမဲ့ ဘာမှမပတ်သက်ဘူးထင်တယ်"

"ဒါနဲ့ ကျောက်ဂူလေးထဲမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကော မင်း နည်းနည်းလေးမှ မမှတ်မိဘူးလား"

"ဟင့်အင်း ... မမှတ်မိဘူး"

"အေး ... ငါ နင့်ကို ကျောက်ဂူလေးထဲမှာ တွေ့တုန်းက ယွဲ့ရန်ဟုန်လို့ ထင်မှတ်ခဲ့တာ၊ နင့်မျက်နှာကိုမြင်လိုက်ရတော့ ယွဲ့ရန်ဟုန် မဟုတ်မှန်း သိရတော့တယ်"

"ကျွန်မက အစ်ကိုဖန်ဝေးပြောတဲ့ ယွဲ့ရန်ဟုန်နဲ့ သိပ်တူနေလို့လား"

"မတူဘူး၊ မင်းက သိပ်ချောတဲ့မိန်းကလေးပဲ၊ ငါပြောတဲ့





ယွဲ့ရန်ဟုန်ဆိုတာက သိပ်ရုပ်ဆိုးတဲ့ မိန်းကလေးပဲ"

ဖန်ဝေးက သူမအား ချော့မော့ကြောင်းပြောလိုက်သဖြင့် ယွဲ့ရန်ဟုန် အတော်လေးဝမ်းသာသွားလေသည်။

မိန်းမချောလေး ယွဲ့ရန်ဟုန်မှာ မိမိအားစိတ်ဝင်စားနေကြောင်း ရိပ်စားမိသည်။

သို့သော် ...

ဖန်ဝေး မသိချင်ယောင်ဆောင်ကာ အသာပင် ငြိမ်နေလိုက်၏။

ထို့နောက် ...

ဖန်ဝေးက ယွဲ့ရန်ဟုန်သို့ တည်ငြိမ်အေးဆေးစွာ ကြည့်လိုက်ပြီး ပြောလိုက်သည်။

"မိန်းကလေး ... စောစောက မှန်ချပ်လေးက မင်းကိုယ်ထဲက ရတဲ့ မှန်ချပ်လေးပဲ"

ဖန်ဝေး၏စကားကြောင့် မိန်းမချောလေး ယွဲ့ရန်ဟုန်မှာ တွေဝေသွားကာ တစ်စုံတစ်ခုကိုစဉ်းစားမိသလို ခံစားလိုက်ကြရ၏။

သူမ၏ဦးနှောက်ထဲတွင် တစ်ခုခုကို မှတ်မိသလိုလို ခပ်ရေးရေး မြင်ယောင်လာမိသည်။

"ဒီမှန်ချပ်လေးဟာ လူတိုင်းဝယ်နိုင်တဲ့ မှန်ချပ်လေးပဲ"

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်၏စကားကြောင့် ဖန်ဝေး စိတ်ပျက်သွားရသည်။

ဖန်ဝေးထင်နေသည်က ...

မိန်းမချောလေး ယွဲ့ရန်ဟုန်မှာ သူမဘဝအတိတ်ဇာတ်ကြောင်း အနည်းအကျဉ်း ပြန်လည်သတိရလာသည်ဟု ထင်နေခဲ့သည်။

သို့သော် ယွဲ့ရန်ဟုန်ပြောသောစကားများမှာ ဖန်ဝေး ထင်သကဲ့သို့ သူမအတိတ်ကို သတိရသောစကားများမဟုတ်သဖြင့် ဖန်ဝေး စိတ်ဓာတ်ကျသွားခြင်းပင်။

အမှန်တွင် မိမိနှင့်အတူရှိနေသော မိန်းမချောလေးမှာ သွေးလက်ဝါးကိုဏ်းချုပ်၏တပည့် မိမိနှင့်သိကျွမ်းခင်မင်ခဲ့ဖူးသူ ယွဲ့ရန်ဟုန်အစစ်ပင် ဖြစ်သည်။

ဖန်ဝေးက ယွဲ့ရန်ဟုန်အစစ်ဖြစ်မှန်း မသိချေ။

ဖန်ဝေးက အတွေးများကိုဖျောက်ကာ မိန်းမချောလေး အား ကြည့်၍ပြောလိုက်သည်။

"မိန်းကလေး ... တို့ ယူနန်နယ်က ခွန်မင်မြို့ကိုသွားရမယ်၊ အဲဒီမှာ တစ်ရက်နဲ့တစ်ညလောက်တော့ ကြာလိမ့်မယ်ထင်တယ်"

ဤမိန်းမချောနှင့် မိမိ ခရီးအတူမသွားသင့်ကြောင်းကို ဖန်ဝေး သိသည်။



သို့သော် ...

မိန်းကလေးကို ထားရစ်ခဲ့ပါက သူတစ်ပါး နှိပ်စက်ကလူပြုမည်ကို စိုးရိမ်သည်။

စိုးရိမ်သည်ဆိုရာ၌ စိတ်ပူမိသည်ဆိုက ပို၍မှန်ပေ၏။

ယွဲ့ရန်ဟုန်က စိုးရိမ်စိတ်ပူစွာဖြင့် ...

"အစ်ကိုယွဲ့ရန်ဟုန် ... ယူနန်နယ်က ခွန်မင်မြို့ကိုသွားမှာဟို ... ထန်ကျင်းဗွာဆိုတဲ့ မိန်းကလေးကို သွားရှာမလို့လား"

ယွဲ့ရန်ဟုန် စကားဖြတ်ကာ ဖန်ဝေးကိုပြောလိုက်ပြန်သည်။ ပြီးမှ ဆက်၍ မေးခွန်းထုတ်လိုက်၏။

"အစ်ကိုဖန်ဝေး ... ထန်ကျင်းဗွာကို သဘောကျနေသလား"

ယွဲ့ရန်ဟုန်၏စကားကြောင့် ဖန်ဝေး၏မျက်နှာ ရှက်သွေးရောင်သန်းသွားလေသည်။

"အေး ... ငါလည်း သူ့ကိုသဘောကျနေသလား မသိပါဘူး"

ကျန်ခဲ့တဲ့ သုံးလေးရက်လောက်ကသာ ဖန်ဝေးအား ဤမေးခွန်းကိုမေးလာပါက ထန်ကျင်းဗွာကို သဘောကျကြောင်း ဖြေခဲ့မိမည်မှာ အမှန်ပင်။

ယခု ...

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေး မပြောနိုင်တော့ပေ။

ယွန်းရန်ဟုန်မှာ ဖန်ဝေးအား ငေးစိုက်ကြည့်နေရင်း ရုတ်တရက် ဖန်ဝေး မထင်မှတ်သော စကားသံထွက်လာသည်။

"အစ်ကိုဖန်ဝေး ... ရှင့်ကိုယ်ရှင် ဂရုစိုက်ပါ၊ ကျွန်မ သွားတော့မယ်"

ဖန်ဝေး ကြောင်တက်တက်ဖြစ်သွားကာ ...

"ဟင် ... မိန်းကလေး ... မင်း ဘယ်ကိုသွားမှာလဲ"

"မသိဘူး"

တကယ်တမ်း မိန်းမချောလေး ယွန်းရန်ဟုန်သွားတော့မည် ဆိုသောအခါ ဖန်ဝေး သူမအတွက် စိတ်မချဖြစ်နေမိသည်။

ဤမိန်းကလေးသည် အတိတ်မေ့ဝေဒနာသည်လေးတစ်ဦး ဖြစ်သည်။

ထို့ပြင် မိန်းမချောလေးအား သိုင်းသမားဆိုးများ နိုင့်ထက် ကလူပြုမူကြမည်ကိုလည်း ဖန်ဝေးပူမိသည်။

မိန်းကလေးတစ်ဦးတည်း ခြေဦးတည့်ရာ လျှောက်သွားနေ၍လည်း မသင့်။

ဤအကြောင်းများကြောင့် ဖန်ဝေး မိန်းမချောလေးအား ပြောလိုက်သည်။



"မိန်းကလေး ... မင်း ငါနဲ့အတူလိုက်ခဲ့ရင် မကောင်းဘူးလား"

အမှန်တွင် သိုင်းကျမ်းသွားရှာဖွေရာ၌ တစ်ယောက်တည်း သွားသည်က အကောင်းဆုံးမှန်း ဖန်ဝေး နားလည်သည်။

သို့သော် မလွဲမရှောင်သာ မိန်းမချောလေးကို ခေါ်ရမည် ဖြစ်သည်။

မိန်းမပျိုလေးက ဖန်ဝေး၏စကားကိုမဖြေဘဲ မေးခွန်းထုတ်လိုက်သည်။

"အစ်ကိုဖန်ဝေး ... ယူနန်နယ်ကခွန်မင်မြို့ကို ဘာသွားလုပ်မှာလဲ"

ထိုမေးခွန်းကြောင့် ရုတ်တရက် ဖန်ဝေးအဖြေရခက်သွားသည်။

မိမိ မိန်းမချောလေးအား နာမည်အမှန်ကိုပင် ပြောမပြခဲ့သည်။

ထန်ကျင်းဖုဲ့ကိုတောင် မိမိနာမည်အမှန်ကို ပြောမပြဖြစ်ခဲ့ပေ။

မည်သို့ပင်ဖြစ်စေ ...

ဤမိန်းမပျိုကို ဖန်ဝေး မိမိ၏အတိတ်ဇာတ်ကြောင်းများ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ...

မိမိငယ်စဉ်ဘဝမှစ၍ ယခုထိ ဖြစ်ပျက်ခဲ့သည့်အကြောင်းများကို မိန်းမချောလေးယွဲ့ရန်ဟုန်အား အစမှအဆုံးတိုင် ပြောပြလိုက်တော့သည်။

ဖန်ဝေး၏စကားကို မိန်းမပျိုလေးက စိတ်ဝင်တစား နားစိုက်ထောင်လျက်ရှိ၏။

တစ်ခါတစ်ရံ မိန်းမပျိုလေး၏ မျက်နှာပေါ်ဝယ် ဖန်ဝေးဘဝတစ်လျှောက် လှုပ်ရှားရုန်းကန်ခဲ့ရသောအခန်းများတွင် စိုးရိမ်ခြင်း၊ အံ့သြခြင်း၊ သနားခြင်း စသည့်ဝေဒနာများ မိန်းမချောလေး၏မျက်နှာတွင် ကူးပြောင်းယှက်သန်းသွားသည်အထိ စိတ်ဝင်စားခဲ့၏။

ဖန်ဝေး စကားများပြီးဆုံးသွားသောအခါ မိန်းမချောလေး ယွဲ့ရန်ဟုန်က အားတက်သရော ပြန်ပြောလိုက်၏။

“အရင်တုန်းကဆိုရင် အစ်ကိုဖန်ဝေးက တစ်ယောက်တည်း ဘဝကို ရုန်းကန်လှုပ်ရှားခဲ့တယ်၊ ခု အစ်ကိုဖန်ဝေး သိုင်းကျမ်းရတဲ့အထိ ကျွန်မအကူအညီပေးပါ့မယ်၊ နောက်ဆုံး အစ်ကို လေပွေကျွန်းကိုရောက်တဲ့အထိဆိုပါတော့ ကျွန်မ အစအဆုံးကူညီပါ့မယ်”

ဤသို့ဖြင့် နှစ်ယောက်သား စကားတပြောပြောဖြင့်



လျှောက်လာကြရာ မိုးချုပ်လာသည်။

ညမှောင်လာပြီဖြစ်သဖြင့် ခရီးမဆက်ကြတော့ဘဲ အသင့်တွေ့သည့် ဂူလေးတစ်ခုတွင် တစ်ညအိပ်စက်အနားယူရန် ဂူလေးထဲသို့ ဝင်လာခဲ့ကြသည်။

ယွဲ့ရန်ဟုန်က ဂူလေးထဲတွင်အိပ်၍ ဖန်ဝေးကမူ ဂူဝတွင် အိပ်သည်။

ဖန်ဝေး အိပ်နေရင်း အိပ်မက်ဆိုးတစ်ခုကို မြင်မက်နေသည်။

အိပ်မက်ထဲတွင် မိန်းမချောလေး ယွဲ့ရန်ဟုန် တစ်စုံတစ်ခု ဖြစ်နေသလိုလို မြင်မက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးသည် လေပွေကျွန်းတွင် နေခဲ့သူဖြစ်သည်။

လေပွေကျွန်းတွင် အမြဲလိုလို လေပြင်းများတိုက်ခတ်လျက်ရှိ၏။

ထို့ကြောင့် ဖန်ဝေး၏ နားအကြားအာရုံစူးစိုက်မှုမှာ သာမန်သိုင်းသမားများနှင့် မတူ။

အကြားအာရုံက အစွမ်းထက်သည်။

အမှန်တွင် ...

ဖန်ဝေး အိပ်မက်မက်နေခြင်းမဟုတ်။

တစ်ဦးတစ်ယောက်က ဂူနံရံကို ကုတ်ခြစ်သံဖြစ်ကြောင်း ဖန်ဝေး၏အကြားအာရုံတွင် ထင်ဟပ်လာသည်။

ထိုကုတ်ခြစ်သံမှာလည်း ...

လူတစ်ယောက်မဟုတ်ဘဲ တိရစ္ဆာန်တစ်ကောင်၏ ကုတ်ခြစ်သံဟု ဖန်ဝေးထင်မိ၏။



ဖန်ဝေး မိန်းမချောလေးယွဲ့ရန်ဟုန်အတွက် စိတ်ပူသွားကာ အိပ်နေရာမှ ဝေါက်ခနဲထလိုက်သည်။

ဂူအပြင်အမှောင်ထဲသို့ ဖန်ဝေးစူးစူးစိုက်စိုက် အကဲခတ်လိုက်သည်။

ဂူအပြင်ဘက် အမှောင်ထဲတွင် အရောင်တလက်လက် ဖြစ်နေသော အရာဝတ္ထုတစ်ခု တရွေ့ရွေ့သွားလာလှုပ်ရှားနေသည်ကို တွေ့လိုက်ရလေသည်။

ဂူအပြင်ဘက်မှ တလက်လက်တောက်ပနေသော အရာဝတ္ထုကို ဖန်ဝေးမြင်လိုက်ရသည်။

ဖန်ဝေးသည် အေးစိမ့်ဓားမြှောင်လေးကို ရုတ်တရက် အမှတ်ရလာသည်။

အေးစိမ့်ဓားမြှောင်လေး၏ လက်ကိုင်ရိုးမှာ ညကြည့်ကျောက်ဖြင့်မြုလုပ်ထားသဖြင့် ညအမှောင်ထဲတွင် အရောင်တလက်လက်တောက်ပနေလေသည်။

အေးစိမ့်ဓားမြှောင်လေးမှာ မိမိလက်မှတစ်ဆင့် လူစွမ်းကောင်းညီနောင်သုံးယောက်တို့၏ ခြသေ့်နီရဲတိုက်တွင် ကျင်လည်ခဲ့သည်။

၎င်းအေးစိမ့်ဓားမြှောင်ကို သွေးလက်ဝါးဂိုဏ်းချုပ်၏တပည့်

www.burmeseclassic.com

www.burmeseclassic.com



ယှဲ့ရန်ဟုန်က ခိုးယူရရှိထားသည်။

တစ်ဖန် ...

ထိုအေးစိမ့်စားမြွောင်လေးကို ထူးဆန်းသော ဆီးရောင်အိမ်ကြီးတွင် တစ်ခါတွေ့မြင်ခဲ့ရ၏။

ထို့နောက် ရွှေရောင်လူထူးဆန်းကြီး သွေးလက်ဝါးဂိုဏ်းချုပ်ဆီသို့ အေးစိမ့်စားမြွောင်လေး ရောက်ရှိသွားပြန်သည်။

အမှောင်ထဲမှာ တလက်လက်တောက်ပနေသော အရာဝတ္ထုတစ်ခု ဖန်ဝေးနားသို့ တရွေ့ရွေ့ရောက်ရှိလာနေသည်ကို တွေ့လိုက်ရ၏။

ဖန်ဝေး တုန်လှုပ်သွားလေသည်။

ကြည့်ရသည်မှာ ရွှေရောင်လူထူးဆန်းကြီး သွေးလက်ဝါးဂိုဏ်းချုပ် ၏အနားတစ်ဝိုက်တွင် ရောက်ရှိနေပြီဟု ဖန်ဝေး ထင်မိလိုက်သည်။

ဖန်ဝေး စဉ်းစားနေစဉ်မှာပင် ...

ထိုတလက်လက်တောက်နေသောအရာဝတ္ထုက ဖန်ဝေးပတ်ပတ်လည်တွင် လှုပ်ရှားလာသည်။

ဖန်ဝေး ကြောက်အားလန့်အားဖြင့် လှမ်းအော်လိုက်၏။

"ဟိတ် ဘယ်သူလဲ ... ရပ်နေလိုက်ပါ"



ထိုအခိုက် မိန်းမချောလေး ယှဲ့ရန်ဟုန်၏အသံ ထွက်ပေါ်လာသည်။

"အစ်ကိုဖန်ဝေး ... ဘာဖြစ်နေတာလဲ၊ ရန်သူပေါ်လာလို့လား"

ဖန်ဝေးသည် ယှဲ့ရန်ဟုန်လှမ်းမေးသံကြားလိုက်ရသည်နှင့် မှောင်ထဲမှ အရောင်တလက်လက်ထနေသော အရာဝတ္ထုကို လက်ဝါးဖြင့်စုံရိုက်ချလိုက်သည်။

ယှဲ့ရန်ဟုန်၏အသံက ထပ်မံထွက်ပေါ်လာပြန်သည်။

"အစ်ကိုဖန်ဝေး ... ဂူထဲကို လူဝင်လာလို့လား"

"ဟုတ်တယ်"

ဖန်ဝေး ပြောပြောဆိုဆို အမှောင်ထဲတွင်ရွေ့လျားနေသော အရောင်တလက်လက်ထနေသည့် အရာဝတ္ထုကို ဒုတိယအကြိမ် လက်အစုံဖြင့် ရိုက်ချလိုက်ပြန်သည်။

ထိုအခါ ...

အရောင်တလက်လက်ထနေသော အရာဝတ္ထု ဖန်ဝေးရှိရာသို့ ရွေ့လျားမလာတော့ဘဲ ခပ်လှမ်းလှမ်းတွင် ရပ်တန့်သွားသည်။

ဂူတွင်းမှ မိန်းမပျိုလေး ယှဲ့ရန်ဟုန်၏အသံက ထပ်မံထွက်ပေါ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ... ရန်သူနဲ့တိုက်ခိုက်နေတာလား"

ဖန်ဝေးက ယွဲ့ရန်ဟုန်အား လှမ်းအော်သတိပေးလိုက်၏။

"မိန်းကလေး သတိထား ... ဂူထဲမှာ ရန်သူရောက်နေတယ်"

ယွဲ့ရန်ဟုန်က ...

"ဟာ ... မဖြစ်နိုင်တာ၊ ဂူထဲမှာ အစ်ကိုနဲ့ညီမ နှစ်ယောက်တည်းရှိနေတာပဲ ... ဘယ်ကလာ တတိယလူရှိနေနိုင်မှာလဲ"

"တကယ်ပြောတာ ... တို့နဲ့ လှမ်းလှမ်းမှာရှိနေတယ်"

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့ စကားပြောနေစဉ် လေချွင်းသံတဝီဝီနှင့် အရှိန်ပြင်းစွာ အရောင်တလက်လက်ထနေသော အရာဝတ္ထုက ကျောက်ဂူနံရံတွင် အရှိန်ပြင်းစွာစိုက်ဝင်သွားကြောင်း တွေ့လိုက်ရ၏။

ဖန်ဝေး ရုတ်တရက် မီးခြစ်၍ကြည့်လိုက်သောအခါ ကျောက်ဂူနံရံတွင် အေးစိမ့်ဓားမြှောင်လေးစိုက်ဝင်နေကြောင်း တွေ့ရှိလိုက်ရ၏။

ယွဲ့ရန်ဟုန်က ထိုအေးစိမ့်ဓားမြှောင်လေးကို စိုက်ဝင်နေသောဂူနံရံမှ သွားရောက်ဆွဲနှုတ်ယူလိုက်ပြီး ...

"ဒီဓားမြှောင်လေးဟာ အစ်ကိုဖန်ဝေးပြောတဲ့ အေးစိမ့်ဓားမြှောင်လေးလား ... ကြည့်စမ်းပါဦး"





"ဟုတ်တယ် မိန်းကလေး ... အဲဒီဓားမြှောင်လေးဟာ ငါပြောပြခဲ့တဲ့ အေးစိမ့်ဓားမြှောင်လေးပဲ"

ထို့ကြောင့် ဂူထဲတွင် မိမိတို့နှစ်ယောက်အပြင် နောက်ထပ်လူတစ်ယောက်ရောက်ရှိနေသည်မှာ သေချာနေကြောင်း ဖန်ဝေးသိလိုက်ရ၏။

ယွဲ့ရန်ဟုန်က အံ့ဩသောလေသံဖြင့် ...

"ဟင် ... ဒီဓားမြှောင်လေးဟာ အေးစိမ့်ဓားမြှောင်လေးဆိုရင် ဘယ်သူကများ လာပို့ပေးသွားတာလဲ မသိဘူး"

"မိန်းကလေး ... ဒီဓား တို့ကိုလာပို့ပေးတာ မဟုတ်ဘူး ဒီဓားကို ကိုင်ဆောင်လာတဲ့လူရဲ့ သိုင်းပညာက တို့နှစ်ယောက်ထက် အများကြီး သာလွန်မြင့်မားနေတယ်၊ ဒါကြောင့် ဒီဓားမြှောင်လေး တို့ကို လာပို့ပေးတာ မဖြစ်နိုင်ဘူး"

ဖန်ဝေး စကားကြောင့် မိန်းမချောလေးယွဲ့ရန်ဟုန် ဖန်ဝေးအနားသို့ တိုးကပ်လာကာ အားပေးနှစ်သိမ့်လိုက်၏။

"အစ်ကို ဘာကြောက်နေတာလဲ၊ ခွန်းလွန်သိုင်းကျမ်း ရရင် အစ်ကိုရဲ့သိုင်းပညာတွေ အဆင့်မြင့်လာပြီး အစ်ကို့ကို ဘယ်သူမှ ယှဉ်ပြိုင်နိုင်တော့မှာ မဟုတ်ဘူး၊ ခုလည်း ... ဒီဂူထဲမှာ ဘယ်သူမှရှိမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်ပြောသည့်စကားကြောင့် ဖန်ဝေး အားတက်သွားရ၏။

"အစ်ကိုဖန်ဝေး ... ဒီအေးစိမ့်စားမြှောင်လေး ကျွန်မကို ပေးပါလား"

"ဒီဓားမြှောင်က ငါ့ဓားမြှောင်မဟုတ်ဘူး၊ ငါ့မှာ ပေးပိုင်ခွင့်လည်းမရှိဘူး၊ ဒါပေမဲ့ ဒီဓားရဲ့ပိုင်ရှင်မတွေ့ခင် မင်း ခဏယူချင်ယူထားပေါ့"

အခြေအနေ ထူးခြားမလာဘဲ အေးအေးဆေးဆေးပင်ရှိနေသည်။

ဂူထဲတွင် ရန်သူမရှိတော့ကြောင်း သိလိုက်ရ၍ နှစ်ယောက်သား ထပ်မံအိပ်စက်အနားယူလိုက်ကြ၏။

*



မိုးစင်စင်လင်းသောအခါ ဖန်ဝေး အိပ်ရာမှနိုးလာခဲ့သည်။ ရုတ်တရက် ယွဲ့ရန်ဟုန်၏အသံကို ကြားလိုက်ရ၏။

"အစ်ကိုဖန်ဝေး ... အစ်ကိုဖန်ဝေး"

ယွဲ့ရန်ဟုန်၏ခေါ်သံကြောင့် ဖန်ဝေးအိပ်ရာမှထထိုင်လိုက်သည်။

ယွဲ့ရန်ဟုန်၏အသံ ထပ်မံပေါ်လာပြန်သည်။

"အစ်ကိုဖန်ဝေး ရှင် ကျွန်မနဲ့ ဟိုမိန်းမချောလေး ထန်ကျင်းမှာ ဘယ်သူ့ကိုပိုပြီး စိတ်ဝင်စားသလဲ"

ထိုစကားကြောင့် ...

ဂူတွင်းရှိယွဲ့ရန်ဟုန်အား ဂူဝမှနေ၍ ဖန်ဝေး လှမ်းကြည့်လိုက်ရာ ...

မိန်းမပျိုလေး ယွဲ့ရန်ဟုန်မှာ အိပ်ရာမှ မနိုးသေးဘဲ ကယောင်ကတမ်းပြောဆိုနေခြင်းဖြစ်ကြောင်း ဖန်ဝေး သိလိုက်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေး မိန်းမချောလေးယွဲ့ရန်ဟုန်အား ကရုဏာသက်စွာဖြင့် ရင်ထဲမှ ကျိတ်၍ ပြန်ပြောလိုက်၏။

"မိန်းကလေး ... မင်းနဲ့ငါ မကွဲမကွာ အတူတူနေပါ့မယ်ကွယ်"

ယွဲ့ရန်ဟုန်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်းပင် ရှိ၏။

ဖန်ဝေး မိန်းမချောလေးထန်ကျင်းဗှာကို မြင်မြင်ချင်းပင် အရူးအမူးစွဲလမ်းကာ ချစ်မိခဲ့သည်။

မိန်းမချောလေးထန်ကျင်းဗှာ၏စိတ်ဓာတ်မှာ နိမ့်ကျနေကြောင်း ဖန်ဝေး မသိခဲ့။

အပေါ်ယံအမြင်အားဖြင့်သာ ထန်ကျင်းဗှာကိုမြင်ပြီး ဖန်ဝေး ချစ်မိခဲ့ခြင်းပင်။

ယခု ...

ထန်ကျင်းဗှာ၏ စိတ်ဓာတ်အောက်တန်းကျမှုများကို ပြန်စဉ်းစားမိသောအခါ ...

ဖန်ဝေး၏ရင်တွင်းမှ ထန်ကျင်းဗှာအား ချစ်ခင်စွဲလမ်းခြင်းများ လေတိုက်သလို ပျောက်ပြယ်သွားလေသည်။

မိန်းမချောလေး ယွဲ့ရန်ဟုန်အပေါ်သို့ ဖန်ဝေး၏စိတ်များ





ညွတ်လာရ၏။

ထန်ကျင်းဗှာနှင့် မိန်းမချောလေးယွဲ့ရန်ဟုန်တို့နှစ်ယောက်ကို ဖန်ဝေး နှိုင်းယှဉ်ကြည့်မိသည်။

ထန်ကျင်းဗှာမှာ ရုပ်ရည်လှသလောက် တစ်ကိုယ်ကောင်းဆန်သည့် အတ္တစိတ်က ကြီးမားလွန်းကဲစွာရှိနေ၏။

ယခု ...

နာမည်မသိ မိန်းမချောလေးမှာမူ စိတ်ဓာတ်နူးညံ့ သိမ်မွေ့စွာ မိမိအပေါ် တစ်ဖက်သတ်နှစ်နှစ်ကာကာ ချစ်မြတ်နိုးနေကြောင်း ဖန်ဝေးရိပ်စားမိသည်။

မိမိကမူ တစ်ချိန်က ထန်ကျင်းဗှာကို တစ်ဖက်သတ်မြတ်နိုးချစ်ခင်ခဲ့သည်။

ထန်ကျင်းဗှာက မိမိ၏မေတ္တာတရားကို အသိအမှတ် မပြုခဲ့။

မိန်းမချောလေးယွဲ့ရန်ဟုန်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရင်း အိပ်မက်လှလှလေးများ မြင်မက်နေသည်။

ဖန်ဝေးနှင့်မိမိတို့နှစ်ယောက် ချစ်ဂမ္ဘာကြီးထဲ အတူလက်တွဲကာ ပျော်ရွှင်မဆုံး တပြုံးပြုံးနှင့် ချိုမြိန်သော အိပ်မက်လှလှလေးများ မြင်မက်နေသဖြင့် ယွဲ့ရန်ဟုန်၏မျက်နှာလေးမှာ ပြုံးယောင်

www.burmeseclassic.com

www.burmeseclassic.com



ယောင်သမ်းနေသည်။

နေရောင်ခြည်နုနုများက သူမ၏မျက်နှာပေါ်သို့ ထိုးကျလာသောအခါ ယွဲ့ရန်ဟုန် အိပ်မက်လှလှလေးများမက်ရာမှ လန့်နိုးလာခဲ့ရသည်။

သူမရှေ့တွင် လူရွယ်တစ်ယောက် မားမားမတ်မတ်ကြီး ရပ်နေသည်။

ယွဲ့ရန် ဟုန် မျက်လုံးဖွင့်ကြည့်လိုက်ရာ လူလင်ချောလေး ဖန်ဝေး ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန် ဝမ်းသာကျေနပ်သွား၏။

သူမ အိပ်နေရာမှမထသေးဘဲ ဖန်ဝေးအား ချစ်စနိုး ငေးကြည့်နေသည်။

ဖန်ဝေးက ကြင်နာဟန်ဖြင့် ...

"မိန်းကလေး ... တို့ စောစောလေး ခရီးထွက်ကြရအောင်လား"

ယွဲ့ရန်ဟုန်က အိပ်နေရာမှ ထထိုင်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်ရင်း ...

"အင်း ... ကျွန်မနာမည် ကျွန်မ မမှတ်မိသလိုဖြစ်နေတယ်၊



ဒီတော့ ခေါ်ရ ပြောရအဆင်ပြေအောင် အစ်ကိုဖန်ဝေးက ကျွန်မကို နာမည်တစ်ခုမှည့်ပေးပါလား"

"ဘာဖြစ်လို့ ဒီလောက်လောနေရတာလဲ၊ မင်းမှာ နာမည်ရှိပါတယ်၊ နောက် ... တဖြည်းဖြည်းကြာလာရင် ပြန်သတိရလာမှာပေါ့၊ ဒါဆို ပိုမကောင်းဘူးလား"

"ကောင်းတော့ကောင်းတာပေါ့ ... ဒါပေမဲ့ လောလောဆယ် ကျွန်မမှာ နာမည်မရှိတဲ့သူ ဖြစ်နေမှာပေါ့"

ဤသို့ဖြင့် ...

ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့ ခရီးဆက်ရန် ဂူပြင်သို့ ထွက်လာခဲ့ကြသည်။

ဖန်ဝေး ညကဖြစ်ပျက်ခဲ့သည့်အကြောင်းများကို လျှောက်ယှဉ်သွားနေရင်း ပြန်စဉ်းစားကြည့်လိုက်သည်။

ညက ဂူထဲတွင် အေးစိမ့်စေးမြှောင်လေးသာတွေ့ခဲ့ရပြီး ဆောက်လာသူကိုမူ အရိပ်အယောင်မျှပင် မတွေ့ရ။

ထိုသူ မည်သူဖြစ်မည်နည်း။

အဖြစ်နိုင်ဆုံးမှာ ...

ရွှေရောင်လူထူးဆန်းကြီး သွေးလက်ဝါးဂိုဏ်းချုပ်ပင် ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးလက်ဝါးဂိုဏ်းချုပ်ဖြစ်ပါမှ အဘယ်ကြောင့် တန်ဖိုးရှိလှသော အေးစိမ့်ဓားကိုပေးခဲ့ရသနည်း။

မိမိနှင့်သွေးလက်ဝါးဂိုဏ်းချုပ်တို့မှာ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်ခြင်းလည်းမရှိ။

အေးစိမ့်ဓားကို ပေးရလောက်အောင်ပင် မိမိက သွေးလက်ဝါးဂိုဏ်းချုပ်အား ကျေးဇူးပြုခဲ့ဖူးခြင်းလည်းမရှိ။

ဤသို့ဆိုလျှင် နာမည်မသိ မိန်းမချောလေးနှင့်များ ပတ်သက်နေမည်လား။

မိန်းမချောလေးသည် သွေးလက်ဝါးဂိုဏ်းချုပ်နှင့် တစ်နည်းမဟုတ် တစ်နည်းနည်းနှင့် ပတ်သက်ဆက်နွယ်နေရပေမည်။

ဤတန်ဖိုးရှိလှသော အေးစိမ့်ဓားမြှောင်လေးကို ပေးခဲ့ခြင်းအတွက် ဤမိန်းမချောလေးမှာ သွေးလက်ဝါးဂိုဏ်းချုပ်၏လူ ဖြစ်နိုင်သည်။

မိမိတွေးထင်သည့်အတိုင်း မှန်ကန်ပါက မိမိတို့နောက်သို့ သွေးလက်ဝါးဂိုဏ်းချုပ်များ လိုက်ပါလာမည်လား။

သွေးလက်ဝါးဂိုဏ်းချုပ်တွင် မည်သည့်အကြံများရှိနေမည်နည်း။

ဖန်ဝေး အမျိုးမျိုးစဉ်းစားကြည့်မိသည်။



တိကျသည့်အဖြေကို မရရှိ။

မည်သို့ပင်ဖြစ်စေ ...

မိမိရှေ့ဆက်လုပ်ဆောင်ရမည့် အလုပ်ကိုတော့ ဆက်လက်ပြီးမြောက်အောင် လုပ်ဆောင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

တတိယနေ့ ...။

တတိယမြောက်နေ့တွင် ခွန်မင်မြို့သို့ ရောက်လာသည်။

ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့နှစ်ယောက် ခွန်မင်မြို့ရှိ စားသောက်ဆိုင်လေးတစ်ဆိုင်တွင် ဝင်၍ နံနက်စာများ ဝင်ရောက်စားသောက်ကြသည်။

စားသောက်ပြီးသည်နှင့် စားပွဲထိုးလေးအား ယိအန်တောင်ဤမြို့နှင့် မည်မျှဝေးသည်ကို စုံစမ်းကြည့်သည်။

ယိအန်တောင်မှာ ဤမြို့နှင့် မိုင်သုံးဆယ်မျှ ကွာဝေးကြောင်း သိရ၏။

ဖန်ဝေးတို့နှစ်ယောက် စားသောက်ပြီးသည်နှင့် ခေတ္တအပန်းဖြေကာ ယိအန်တောင်ရှိရာဘက်သို့ ခရီးထွက်လာခဲ့ကြ၏။

လမ်းပေါ်တွင် ခရီးသွားများအား ထပ်မံ၍ ဝါဆက်ကျောင်းကို မေးမြန်းစုံစမ်းပြန်သည်။



ဝါဆက်ကျောင်း ...။

ဝါဆက်ကျောင်းသည် ယိအန်တောင်ပေါ်တွင်ရှိပြီး ကျောက်များစွာကျယ်ဝန်းသောခြံကြီးထဲတွင် ဝါဆက်ကျောင်းတော်ရှိကြောင်း၊ အဆောင်တစ်ခုလျှင် အခန်းခြောက်ဆယ်ရှိ၍ အထပ်ပေါင်း သုံးဆယ်ရှိကြောင်း စသည်များသိရှိလာခဲ့ရသည်။

ထို့နောက် ...

ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့နှစ်ယောက် ခွန်မင်မြို့၏ အထည်ရောင်းသောဆိုင်တွင် ရိုးရိုးအရပ်ဝတ်၊ အရပ်စားများကို ဝယ်ယူကာ သူတို့ဝတ်ဆင်လာခဲ့သည့် သိုင်းဝတ်စုံများဖြင့် လဲလှယ်ဝတ်ဆင်လိုက်၏။

ဤသို့လုပ်ရခြင်းမှာ ...

မိမိတို့နှစ်ယောက်အား သိုင်းသမားများအဖြစ် မသိစေလို၍ ဖြစ်သည်။

လိုအပ်သောပစ္စည်းအနည်းငယ် ထပ်မံဝယ်ယူကာ ခရီးဆက်လာခဲ့ကြပြန်သည်။

လက်နက်များကိုမူ မိမိတို့၏အဝတ်အစားများ ကြားထဲတွင် ဝှက်၍ယူဆောင်သွားကြ၏။

ခွန်မင်မြို့ပြင် လူရှင်းသောလမ်းမကြီးသို့ရောက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးတို့နှစ်ယောက် ကိုယ်ဖော့ပညာသုံး၍ လျင်မြန်စွာပြေးလွှားသွားလေသည်။

နှစ်နာရီကျော် သုံးနာရီလောက်ကြာသောအခါ ယီအန်တောင်ကို လှမ်းမြင်ရသောနေရာကို ရောက်လာကြ၏။

ယီအန်တောင်နှင့်နီးလာသည်နှင့်အမျှ တောတောင်သဘာဝရှုခင်းများမှာ သာယာရှုချင့်စဖွယ် မြင်တွေ့လာရသည်။

နောက်ထပ် ...

ထမင်းအိုးတစ်လုံးကျက်ခန့်ကြာသောအခါ ဝါဆက်ကျောင်းသို့ ရောက်လာခဲ့ကြ၏။

ဝါဆက်ကျောင်းတော်၏ တံခါးမကြီးမှာ ပွင့်လျက်သားရှိနေသဖြင့် ကျောင်းထဲသို့ ရှေ့မှ ဖန်ဝေးက ဦးဆောင်၍ဝင်ရောက်သွားသည်။

ဝါဆက်ကျောင်းတံခါးကြီးအတွင်းဘက်သို့ ခြေချမိသည်နှင့် ဖန်ဝေး ရုတ်တရက် နောက်ပြန်ဆုတ်သွားကာ ယဲ့ရန်ဟုန်၏လက်ကိုဆွဲ၍ တံခါးအပြင်ဘက်သို့ အသာပြန်ထွက်ခဲ့သည်။

ယဲ့ရန်ဟုန်က ဖန်ဝေး၏အပြုအမူကို နားမလည်သဖြင့် ဖန်ဝေးအား အကြောင်းသားငေးကြည့်ရင်း တီးတိုးမေးလိုက်သည်။

"အစ်ကိုဖန်ဝေး ... ဘာဖြစ်လို့လဲ"



ဖန်ဝေးက အသံမထွက်စေရန် မျက်ရိပ်ပြလိုက်သည်။

အမှန်တွင် ...

ဝါဆက်ကျောင်းမှာ သိုင်းလောကတွင် ထင်ရှားသော ရှောင်လင်ဂိုဏ်းကြီးနှင့်မခြား တပည့်ငယ်သားများ လွန်စွာပေါ်များသော ဝါဆက်ဂိုဏ်းကြီးတစ်ဂိုဏ်းပင်ဖြစ်သည်။

ထိုဝါဆက်ဂိုဏ်းမှ သိုင်းသမားများမှာ အဖြူရောင်သိုင်းသမားများဖြစ်၍ အထူးသဖြင့် တရားမျှကိုသာ အလေးထားသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

ဝါဆက်ဂိုဏ်းဌာနချုပ် အဆောက်အအုံကြီးမှာ ယီအန်တောင်ပေါ်တွင် ခန့်ခန့်ထည်ထည်နှင့် ထီးထီးကြီးတည်ရှိနေလေသည်။

ဝါဆက်ဂိုဏ်းချုပ်မှအစ ဂိုဏ်းသားများအထိ သူတို့ဂိုဏ်း၏ စည်းကမ်းသတ်မှတ်ချက်များကို အထူးအလေးထားလိုက်နာကြသူများ ဖြစ်၍လည်း သိုင်းလောကတွင် ဝါဆက်ဂိုဏ်းမှာ ထင်ပေါ်ကျော်ကြားခဲ့သည်။

ထင်ပေါ်ကျော်ကြားသည်နှင့်အမျှ နာမည်ကောင်းရှိသော ဂိုဏ်းဖြစ်၍လည်း အခြားသောဂိုဏ်းသားများက အထူးလေးစားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် တံခါးမကြီးအတွင်းမှ အသံများထွက်ပေါ်လာသည်။

"ဟော့ ... စောစောက ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ရဲ့အသံကိုကြားတယ်၊ အခု ဘယ်ရောက်သွားကြလဲ မသိဘူး၊ လာ ... တို့ထွက်ပြီးရှာကြရအောင်"

တံခါးမကြီးမှ အဘိုးကြီးသုံးဦးထွက်လာကြသည်။

ထွက်လာသူအဘိုးကြီးသုံးဦးမှာ ခွန်းလွန်ဂိုဏ်းမှ အဘိုးကြီးများဖြစ်နေသည်ကို ဖန်ဝေးတွေ့လိုက်ရသဖြင့် အံ့အားသင့်သွားကာ ...

"ဟင် ... ခွန်းလွန်ဂိုဏ်းညီနောင်တွေပါလား၊ သူတို့ ဒီကို ဘာလို့ရောက်နေရတာလဲ"

ဖန်ဝေး စဉ်းစားပြီးသည်နှင့် ယဲ့ရန်ဟုန်အား လေသံတိုးတိုးဖြင့် လှမ်းပြောလိုက်၏။

"မိန်းကလေး ... စောစောက တံခါးမကြီးက ထွက်လာတဲ့ အဘိုးကြီးသုံးဦးဟာ ခွန်းလွန်ဂိုဏ်းက အဘိုးကြီးတွေပဲ၊ သိုင်းပညာ ထိပ်တန်းအဆင့်ရှိတဲ့ အဘိုးကြီးတွေလည်းဖြစ်တယ်"

ဖန်ဝေးနှင့် ယဲ့ရန်ဟုန်တို့ ဝါဆက်ကျောင်းတော်ကြီးအား ရှေ့တံခါးမကြီးမှ မဝင်ကြတော့ဘဲ ဘေးမှဝင်ရမည့် အပေါက်ကို



လိုက်လံရှာဖွေကြည့်ရင်း အဆောက်အအုံကြီးကို တစ်ပတ်ပတ်လိုက်ကြ၏။

မကြာမီ ...

ဝါဆက်အဆောက်အအုံ၏ ခေါင်းရင်းဘက်အခန်းတစ်ခန်းတွင် ပြတင်းတံခါးတစ်ချပ်ပွင့်နေသည်ကို တွေ့လိုက်ကြရ၏။

အခန်းထဲတွင် သစ်သားခုတင်ခြောက်လုံးအစီအရီရှိနေပြီး သိုင်းဝတ်စုံများ၊ လက်နက်များက ခုတင်ဘေးတွင် စည်းကမ်းတကျရှိနေကြ၏။

ဖန်ဝေးတို့ရောက်ရှိနေသောအခန်းထဲတွင် လူတစ်ယောက်မှ မရှိ။

ဖန်ဝေးနှင့်ယဲ့ရန်ဟုန်တို့နှစ်ယောက် အခန်းတံခါးမှတစ်ဆင့် ခန်းမဆောင်ထဲသို့ အရိပ်အခြည်ကြည့်ကာ ဝင်ရောက်လာကြသည်။

ထိုစဉ် ...

အသက်သုံးဆယ်ကျော်၊ လေးဆယ်ခန့်မျှရှိမည်ထင်ရသည့် လူတစ်ယောက် အခန်းတစ်ခုထဲမှ ရုတ်တရက်ထွက်လာကာ ဖန်ဝေးနှင့် ယဲ့ရန်ဟုန်တို့နှစ်ယောက်အား တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားကြသည်။

အခန်းထဲမှ ထွက်လာသူသိုင်းသမားက ဖန်ဝေးတို့အား စူး

www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်စိုက် အကဲခတ်ကြည့်ရှုလိုက်ရင်း မေးလိုက်သည်။

"မင်းတို့နှစ်ယောက် ဝါဆက်ကျောင်းထဲ ဘာကိစ္စရှိလို့ ခွင့်မကောင်းဘဲ ဝင်လာရတာလဲ"

ဖန်ဝေးမှာ ရုတ်တရက် ဘာဖြေရမှန်းမသိဖြစ်နေပြီးနောက် အကြံတစ်ခုရလာသည်။

"ကျွန်တော်တို့နှစ်ယောက်က သိုင်းလောကထဲရောက်လာတာ မကြာသေးပါဘူး။ ဒါကြောင့် ဝါဆက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုချင်တာနဲ့ ခရီးဝေးက လာရောက်ခဲ့ကြတာပါ ခင်ဗျား"

ဝါဆက်ဂိုဏ်းသားများမှာ နူးညံ့သိမ်မွေ့သူများဖြစ်ကြသည်။

ထို့ကြောင့် ...

သိုင်းသမားလူရွယ်က ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့ နှစ်ယောက်ကို အသေအချာအကဲခတ်သလို စူးစိုက်ကြည့်လိုက်သည်။

ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့၏မျက်နှာအမူအရာက လူကောင်းသူကောင်းများ၏အသွင်အပြင်ရှိနေသည့်အတွက် ထိုလူ အနည်းငယ်ယုံကြည်သွားမိသည်။

"ကဲ ... ဒါဖြင့် မင်းတို့နှစ်ယောက် ဒီမှာ ခဏနေကြဦး။ ငါ ဂိုဏ်းချုပ်ကြီးဆီ သတင်းသွားပို့လိုက်ဦးမယ်"





ထိုလူ စကားဆုံးသည်နှင့် ခန်းမကြီးထဲမှ ထွက်သွားသည်။

ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့နှစ်ယောက် ခန်းမဆောင်ထဲတွင် ထိုင်ရင်း ဝါဆက်ဂိုဏ်းချုပ်ကြီးအား စောင့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေး ညွှန်းခန်းတွင်ထိုင်လျက် စဉ်းစားနေသည်။

မိမိ၏မိခင်ဖြစ်သူ မသေဆုံးမီက ပြောသွားခဲ့သည့်စကားများကို ပြန်လည်တွေးတောလိုက်သည်။

ခွန်းလွန်ဂိုဏ်းချုပ်၏ လျှို့ဝှက်သိုင်းကျမ်းသည် ခွန်မင်မြို့နှင့် မိုင်သုံးဆယ်ကျော်ကွာဝေးသည့် ယီယန်တောင်ပေါ်ရှိ ဝါဆက်ဂိုဏ်းချုပ်စခန်းတွင်ရှိနေသည်။

ထိုဝါဆက်ဂိုဏ်းစခန်းရှိ ဘုရားဝတ်ပြုသည့် ဘုရားဆောင်နှင့် ကပ်လျက်ရှိသော စာကြည့်ဆောင်ထဲတွင် ခွန်းလွန်ဂိုဏ်း၏ လျှို့ဝှက်သိုင်းကျမ်းရှိကြောင်း ပြောခဲ့သည်။

စာကြည့်ဆောင်အရှေ့တည့်တည့် သစ်သားနံရံတစ်ခုတွင် ရှေးဟောင်းဓားရှည်တစ်လက် ချိတ်ဆွဲထားသည်။

ဓားရှည်ချိတ်ဆွဲထားသည့်နေရာတွင် အလွန်လျှို့ဝှက်သော သစ်သားအံဝှက်ကလေးတစ်ခု ရှိသည်။



ထိုသစ်သားအံဝှက်လေးမှာ အနံခြောက်လက်မ၊ အလျားတစ်ပေခန့်ရှိသည်။

ဤသစ်သားအံဝှက်ထဲတွင် ခွန်းလွန်ဂိုဏ်း၏ လျှို့ဝှက်သိုင်းကျမ်းရှိကြောင်း မိမိ၏မိခင်က မိမိအား အသေအချာ မှာကြားခဲ့သည်များကို ဖန်ဝေး ပြန်လည်ကြားယောင်နေမိသည်။

ဖန်ဝေးစဉ်းစားနေစဉ်မှာပင် ...

ညွှန်ခန်းဆောင်ထဲသို့ အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်ခန့်ရှိမည်ထင်ရသော အဘိုးကြီးတစ်ယောက် တည်ငြိမ်စွာ လျှောက်လှမ်းဝင်လာသည်။

အဘိုးကြီးနောက်တွင်မူ ...

ဝါဆက်ဂိုဏ်း၏ အဆင့်မြင့်သိုင်းသမားနှစ်ယောက် လိုက်ပါလာ၏။

ရှေ့ဆုံးမှ အဘိုးကြီးမှာ ...

ဝါဆက်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး လင်ထန်ပင် ဖြစ်သည်။

ဝါဆက်ဂိုဏ်းချုပ်ကြီးလင်ထန်မှာ ဥပမိရုပ်သန့်ပြန့်ခန့်ညားသူတစ်ယောက်ဖြစ်၏။

ဝါဆက်ဂိုဏ်းချုပ်ကြီး လင်ထန်က ညှော်ခန်းထဲဝင်လာသည်နှင့် ဖန်ဝေးနှင့်ယဲ့ရန်ဟုန်တို့နှစ်ယောက်ကို အသေအချာ အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့နှစ်ယောက်မှာ ဝါဆက်ဂိုဏ်းချုပ်ကြီးကို မြင်သည်နှင့်ထိုင်ရာမှထ၍ ဂါရဝပြုလိုက်ကြ၏။

ဂိုဏ်းချုပ်လင်ထန်က ဖန်ဝေးတို့အားကြည့်ကာ တည်ငြိမ်သောအမူအရာဖြင့် မေးလိုက်သည်။

"မောင်ရင်လေးတို့နှစ်ယောက် … ဒီကို ဘာကိစ္စရောက်လာကြတာလဲ"

ဖန်ဝေးက လေးလေးစားစားအမူအရာဖြင့် ပြန်ဖြေလိုက်၏။

"ကျွန်တော်တို့နှစ်ယောက်က သိုင်းလောကကို ခြေချလာတာ မကြာသေးပါဘူး၊ သိုင်းလောကမှာ တည်ကြည်မှန်ကန်ပြီး နာမည်သတင်းကြီးနေတဲ့ ဝါဆက်ဂိုဏ်းက ဂိုဏ်းချုပ်ကြီးလင်ထန်ကို လာရောက်ဂါရဝပြုကြတာပါ ခင်ဗျား"

အမှန်တွင် …

ဖန်ဝေးလိမ်ညာပြောလိုက်ခြင်းဖြစ်သည်။

မိမိတို့ ဤဝါဆက်ဂိုဏ်းသို့ လာရောက်ခြင်းမှာ ခွန်းလွန်ဂိုဏ်း၏ လျှို့ဝှက်သိုင်းကျမ်းကို လာရောက်ရှာဖွေရန်အတွက် ဖြစ်ကြသည်။



ထို့ကြောင့် …

မုသားမပါ လင်္ကာမချာဆိုသကဲ့သို့ ခပ်တည်တည်ဖြင့် လိမ်လည်လိုက်ခြင်းပင်။

ဖန်ဝေးက ဂိုဏ်းချုပ်ကြီးလင်ထန်၏အမေးကို ဖြေလိုက်ပြီးနောက် ပြန်လည်မေးခွန်းထုတ်လိုက်၏။

"ဦးရီးတော်က ဝါဆက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးလင်ထန်ဆိုတာလား"

"အေး … ဝါဆက်ဂိုဏ်းချုပ်ကြီး လင်ထန်ဆိုတာ ငါပဲ"

"ဟုတ်ကဲ့ … ကျွန်တော့်နာမည်က ဖန်ဝေးလို့ခေါ်ပါတယ်၊ ဒီအမျိုးသမီးကတော့ လင်ယင်ဖုန်လို့ ခေါ်ပါတယ်"

ဖန်ဝေးက ခပ်တည်တည်ပင် သူ၏နာမည်နှင့် မိန်းမချောလေး၏ နာမည်သစ်တို့ကိုပြောကြားမိတ်ဆက်လိုက်သည်။

မိန်းမချောလေးယွဲ့ရန်ဟုန်မှာ နဂိုကတည်းက ဉာဏ်ကောင်းပြီး ဖြတ်ထိုးဉာဏ်ကောင်းသူလေးဖြစ်သည်။

ယခုကဲ့သို့ အတိတ်မေ့ဝေဒနာ စွဲကပ်နေသော်လည်း ဖန်ဝေးက မိမိ၏နာမည်ကို ကြံဖန်၍ပြောလိုက်ခြင်းဖြစ်ကြောင်း ယွဲ့ရန်ဟုန် ရိပ်စားမိ၍အသာဣန္ဒြေမပျက်ရှိနေသည်။

ထိုအခိုက် …

www.burmeseclassic.com

www.burmeseclassic.com



ဝါဆက်ဂိုဏ်းချုပ်၏အသံ ထွက်ပေါ်လာပြန်သည်။

"မင်းတို့နှစ်ယောက် ငါ့ကို ဂါရဝပြုဖို့အပြင် ဒီမြင် ဘာအကြောင်းထူးကိစ္စများ ရှိသေးသလဲ"

"ဟုတ်ကဲ့ ... တခြားအကြောင်းထူးကိစ္စတစ်ခုလည်း ရှိပါသေးတယ်၊ ဝါဆက်ဂိုဏ်းရဲ့ အစဉ်အဆက်ကိုးကွယ်ခဲ့တဲ့ မြတ်ဗိတရုပ်ပွားတော်ကိုလည်း ဖူးမြော်ချင်တဲ့ဆန္ဒပါတယ်"

မှန်သည် ...။

ဝါဆက်ဂိုဏ်း၏ အစဉ်အဆက်ကိုးကွယ်ခဲ့သော မြတ်ဗိတရုပ်ပွားတော်မှာ သိုင်းလောကတွင်သာမက သိုင်းလောကနှင့် မပတ်သက်သည့် အရပ်သားများပင် သိနေကြသည်။

ထိုမြတ်ဗိတရုပ်ပွားတော်မှာ သုံးနှစ်လျှင်တစ်ကြိမ် အပူဇော်ခံသည့် ပွဲလမ်းသဘင်များ ရှိသည်။

မြတ်ဗိတရုပ်ပွား၏ဘုရားပွဲတော်သည် သိုင်းလောကမှလူများနှင့် သိုင်းသမားမဟုတ်ကြသူများပါ တရုတ်ပြည်နေရာအနှံ့အပြားမှ တကူးတက ပူဇော်ကန်တော့ကြသည်။

အင်မတန်စည်ကားလှသော ဗုဒ္ဓပူဇော်ပွဲကြီးအဖြစ် ထင်ရှားလှ၏။

ယခု ...



ဘုရားပွဲပြီးသွားသည်မှာ လွန်ခဲ့သည့်လမှပင် ပြီးစီးသွားခဲ့၏။

မြတ်ဗိတရုပ်ပွားတော်မှာ ဘုရားပွဲတွင် အပူဇော်ခံပြီးသည်နှင့် ဝါဆက်ဂိုဏ်း၏ခမ်းနားလှသော ဘုရားခန်းရှိ အထူးပြုလုပ်ထားသည့် အလုံခန်းထဲတွင် စံပယ်လျက် ရှိသည်။

ဝါဆက်ဂိုဏ်းချုပ်ကြီး လင်ထန်က ဖန်ဝေတို့အား ကြည့်ကာ ...

"မောင်ရင်လေးတို့နှစ်ယောက်လာတာ အချိန်နှောင်းသွားပြီကွယ့်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး ... မြတ်ဗိတရုပ်ပွားတော်ကို ဖူးမြော်ချင်ရင်တော့ ရပါတယ်၊ ကျုပ်တို့ဘုရားခန်းမှာ ရှိတယ်၊ ကဲ မောင်ရင်လေးတို့နှစ်ယောက် ... ကျုပ်တို့ဆီမှာပဲ တစ်ရက်၊ နှစ်ရက်လောက် နေဦးပေါ့"

ထို့နောက် ...

ဝါဆက်ဂိုဏ်းချုပ်ကြီးလင်ထန်က သူ့ဘေးမှ သိုင်းသမားကြီးနှစ်ယောက်အနက် တစ်ယောက်အား ဖန်ဝေနှင့် ယဲ့ရန့်ဟုန်တို့အတွက် အခန်းနှစ်ခန်းပြင်ဆင်ပေးရန်နှင့် စားသောက်ဖွယ်ရာများနှင့် ဧည့်ခံကျွေးမွေးရန် တာဝန်ပေးလိုက်၏။

၎င်းပြင် ဝါဆက်ဂိုဏ်းစခန်း ဘုရားခန်းတွင်ရှိ မြတ်ဗိတရုပ်

www.burmeseclassic.com

www.burmeseclassic.com



ပွားတော်ကို ဖူးမြော်နိုင်ရန် လိုက်လံပို့ဆောင်ပေးရန်အတွက် ပြောဆိုမှာကြားကာ ဧည့်ခန်းထဲမှ ထွက်ခွာသွားလေသည်။



ဝါဆက်ဂိုဏ်းချုပ်ကြီး၏ ကိုယ်ရံတော်သိုင်းသမားကြီး ချောင်ချန်က ဖန်ဝေးနှင့်ယဲ့ရန်ဟုန်တို့အား ဘုရားခန်းသို့ပို့ဆောင်ပြီး မြတ်ဗိတရုပ်ပွားတော်အား ဖူးမြော်ကန်တော့စေသည်။

ထို့နောက် ...

ဖန်ဝေးနှင့်ယဲ့ရန်ဟုန်တို့ကို အသင့်ပြင်ဆင်ထားသော အိပ်ခန်းသို့ပို့ဆောင်ပေးပြီး ပြန်လည်ထွက်ခွာသွားကြလေသည်။

ဖန်ဝေးနှင့်ယဲ့ရန်ဟုန်တို့နှစ်ယောက်မှာလည်း မအိပ်နိုင်သေး။

မိမိတို့ ခွန်းလွန်ဂိုဏ်းမှ လျှို့ဝှက်သိုင်းကျမ်းရှာဖွေရေးအတွက် ဆက်လက် ဆွေးနွေးနေကြ၏။

ဝါဆက်ဂိုဏ်းစခန်းတစ်ခုလုံး ညမှောင်လာပြီဖြစ်၍ လှုပ်ရှားသွားလာမှုများ မရှိကြတော့ဘဲ အနားယူအိပ်စက်ရန် အခန်းသီးသီးသို့ ဂိုဏ်းသားများ ဝင်ရောက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေး နှင့်ယွဲ့ရန်ဟုန်တို့နှစ်ယောက်ကိုမူ မည်သည့်ဝါဆက်ဂိုဏ်းသားများမှ အထူးတလည်စောင့်ကြပ်ခြင်း မရှိချေ။

အဘယ်ကြောင့်ဆိုသော် ...

ဝါဆက်ဂိုဏ်းတွင် သိုင်းလောကမှလူများ မက်မောစရာ ပစ္စည်း တစ်စုံတစ်ရာမျှ မရှိပေ။

ထို့ကြောင့် ...

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့အား ဝါဆက်ဂိုဏ်းသားများက မယုံသင်္ကာမဖြစ်ဘဲ လွတ်လွတ်လပ်လပ်ပင် ထားရှိသည်။

အမှန်တွင်မူ ...

ခွန်းလွန်လျှို့ဝှက်သိုင်းကျမ်း မိမိတို့ ဝါဆက်ဂိုဏ်းတွင် ရှိနေကြောင်း ဂိုဏ်းချုပ်မှအစ ဂိုဏ်းသားများအထိ မည်သူမျှ မသိကြချေ။

ညဦးနက်လာနှင့်နှင့်အမျှ ဝါဆက်ဂိုဏ်းစခန်းတစ်ခုလုံး အပ်ကျသံပင်မကြားရလောက်အောင် တိတ်ဆိတ်လျက်ရှိသည်။

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့နှစ်ယောက် မိမိတို့အိပ်ခန်းအတွင်းမှ တိတ်တဆိတ်ထွက်ကာ ဝါဆက်ဂိုဏ်း၏စာကြည့်ဆောင်ရှိရာသို့ ချဉ်းကပ်သွားနေကြသည်။

တစ်ခဏအကြာတွင် ...



ဖန်ဝေးတို့နှစ်ယောက် စာကြည့်ခန်းထဲသို့ ရောက်လာကြသည်။

စာကြည့်ခန်းထဲတွင်မူ စာအုပ်စင်ကြီးများတွင် စာအုပ်မျိုးစုံတို့က အစီအရီရှိနေသည်။

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့ စာကြည့်ခန်းထဲသို့ ဝင်လာခဲ့ကြသည်။

စာကြည့်ခန်းမှာ အလျားပေနှစ်ဆယ် အနံပေနှစ်ဆယ်ခန့်သာ ကျယ်ဝန်းသည်။

နှစ်ယောက်သား စာကြည့်ခန်းတွင်းသို့ရောက်သည်နှင့် လေးဖက်လေးတန်နံရံတွင်ရှိနေမည့် ရှေးဟောင်းဓားရှည်ချိတ်ထားမည့်နေရာကို ရှာဖွေကြည့်လိုက်ကြသည်။

မကြာပါချေ ...။

အရှေ့ဘက်တည့်တည့်နံရံအရောက်တွင် ရှေးဟောင်းဓားရှည်တစ်ချောင်း ချိတ်ဆွဲထားသည်ကို နှစ်ယော [illegible]သား တွေ့လိုက်ရ၏။

ဖန်ဝေး၏မျက်နှာတွင် အပြုံးရိပ်များ ယှက်သန်းသွားသည်။

ဖန်ဝေး အချိန်ဆွဲမနေတော့ဘဲ ယွဲ့ရန်ဟုန်အား စာကြည့်ဆောင်တံခါးဝတွင် စောင့်ကြပ်နေရန်မှာခဲ့ပြီး ဓားရှည်ချိတ်ဆွဲရာ

www.burmeseclassic.com

www.burmeseclassic.com



နံရံဘက်သို့ ချဉ်းကပ်လာခဲ့၏။

ခေါးရှည်ချိတ်ဆွဲထားသည့် သစ်သားနံရံကို ဖန်ဝေး အသေအချာဂရုစိုက်ကြည့်ရှုလိုက်ရာ နံရံ၌ ထူးခြားချက်တစ်စုံတစ်ရာကို မတွေ့ရချေ။

ဖန်ဝေး အသေအချာကြည့်၍ အားမရသဖြင့် သစ်သားနံရံကို လက်ဖြင့် ဖြည်းညင်းစွာ ပွတ်သပ်ကြည့်လိုက်ရာ ...

သစ်သားခုံမှာ တစ်ပြေးစာညီးတွင် ရှိမနေဘဲ တစ်နေရာတွင် လက်သန်းလုံးခန့် အထဲသို့ အနည်းငယ်ခွက်ဝင်နေကြောင်း သိလိုက်ရ၏။

စာကြည့်ဆောင်ထဲတွင် မီးမှိန်မှိန်မျှသာ ထွန်းထားသဖြင့် ဖန်ဝေးက ဤသို့လက်ဖြင့်စမ်းသပ်ကြည့်နေခြင်းပင်။

ဖန်ဝေးက လက်သန်းလုံးခန့် ခွက်ဝင်နေသော သစ်သားနံရံကို အသာလက်ညှိုးဖြင့် ဖိထောက်လိုက်ရာတွင် ...

'ချောက်'

... ဟူသော အသံလေးတစ်သံကို တိုးညင်းစွာကြားလိုက်ရ၏။

'ချောက်' ဟူသောအသံနှင့် မရှေးမနှောင်းမှာပင် သစ်သားနံရံမှာ လျှို့ဝှက်အံဖုံးတံခါးပွင့်လာသည်။



ဖန်ဝေးက ပွင့်လာသောလျှို့ဝှက်အပေါက်လေးထဲသို့ လက်နှိုက်ယူလိုက်ရာ ဖယောင်းစက္ကူများဖြင့်ပတ်ထားသည့် စာအုပ်တစ်အုပ်ကို ဖန်ဝေး တွေ့လိုက်ရ၏။

စာအုပ်အရွယ်မှာ အနံငါးလက်မခန့်ရှိ၍ အလျားဆယ်လက်မခန့်ရှိသော စာအုပ်လေးတစ်အုပ်ဖြစ်သည်။

ဖန်ဝေး ဝမ်းသာပျော်ရွှင်သွားကာ လျှို့ဝှက်တံခါးလေးကို ပြန်ပိတ်လိုက်၏။

ထို့နောက် ဖယောင်းပတ်ထားသည့်စာအုပ်လေးကို အင်္ကျီကြားထဲသို့ အသာထိုးထည့်လိုက်ပြီး စာကြည့်ခန်းတံခါးဝသို့ အသာပြန်လျှောက်လာခဲ့သည်။

ပြီး တံခါးဝတွင်စောင့်နေခဲ့သော ယွဲ့ရန်ဟုန်ကိုခေါ်ကာ မိမိအိပ်ခန်းသို့ တိတ်တဆိတ်ပြန်လာခဲ့ကြသည်။

ယွဲ့ရန်ဟုန်ကိုလည်း ဖန်ဝေးက မျက်ရိပ်မျက်ခြည်ပြ၍ အောင်မြင်လာခဲ့ပြီဖြစ်ကြောင်း အချက်ပြလိုက်၏။

အိပ်ခန်းသို့ရောက်သည်နှင့် ယွဲ့ရန်ဟုန်နှင့် ဖန်ဝေးတို့နှစ်ယောက် ကြာမြင့်မပျက် မိမိအိပ်ခန်းများတွင်းသို့ ဝင်ကာ အိပ်စက်လိုက်ကြ၏။

ဖန်ဝေးမှာ ချက်ချင်းအိပ်မပျော်သေးဘဲ မိမိအင်္ကျီကြားထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းစက္ကူပတ်ထားသော စာအုပ်လေးကိုယူကာ ခေါင်းအုံးအောက်သို့ အသာထိုးထည့်ထားလိုက်၏။

မိမိ လေပွေကျွန်းမှ ဘွားဘွားဝန်အတွက် ခွန်းလွန်ကိုဏ်းမှ လျှို့ဝှက်သိုင်းကျမ်းကို ပေးနိုင်တော့မည်။

ဘွားဘွားဝန်၌ ခံစားနေရသော အတွင်းဒဏ်များ ဤလျှို့ဝှက်သိုင်းကျမ်းထဲတွင် ပါရှိသည့် ကုသနည်းအတိုင်း ကုသလိုက်ပါက ပျောက်ကင်းချမ်းသာပေတော့မည်။

မိမိလည်း ထိုလျှို့ဝှက်သိုင်းကျမ်းမှ သိုင်းပညာများကို ဆက်လက်သင်ယူရတော့မည်ဖြစ်၍ ဖန်ဝေး အပျော်ကြီးပျော်နေမိသည်။

ထို့ပြင် ...

မိန်းမချောလေးကိုလည်း လျှို့ဝှက်သိုင်းကျမ်းပါ သိုင်းကွက်များကို သင်ကြားပေးရန် ဘွားဘွားဝန်အား ပြောမည်။

လျှို့ဝှက်သိုင်းကျမ်းထဲမှ သိုင်းပညာများ တတ်မြောက်လာသည့်အခါ မိမိနှင့်မိန်းမချောလေးတို့ နှစ်ယောက်တွဲ၍ အများအကျိုးအတွက် သယ်ပိုးဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်လိုက်တော့သည်။



## အခန်း (၂၂)

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့ ယီအန်တောင်ပေါ်မှ ဆင်းလာခဲ့ကြ၏။

ခွန်မင်မြို့လေးထဲသို့ ရောက်လာခဲ့ကြသည်။

လမ်းခရီးတစ်လျှောက် မည်သည့်အနှောင့်အယှက်ကိုမှ မတွေ့ဘဲ ခွန်မင်မြို့လေးထဲသို့ ချောချောမောမောရောက်လာခဲ့ကြ၏။

ခွန်မင်မြို့လေးထဲရှိ တည်းခိုခန်းတစ်ခုတွင် တစ်ညတာ အိပ်စက်အနားယူကာ နောက်တစ်နေ့မနက်စောစောတွင် မြင်းနှစ်ကောင်ဝယ်ကာ မြင်းစီး၍ ခရီးထွက်လာခဲ့ကြပြန်သည်။

ဆယ့်ငါးရက်လုံးလုံး ခရီးပြင်းနှင်လာခဲ့ကြရာ အတားအဆီးအဟန့်အတားမရှိဘဲ ချောမောအဆင်ပြေကြသည်။

ဖန်ဝေး လေပွေကျွန်းမှ ထွက်လာသည်မှာ လေးလပြည့်ရန် ရက်အနည်းငယ်မျှသာ လိုတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးထွက်လာခဲ့စဉ်က ဆောင်းဦးပေါက်ဖြစ်၍ နှင်းများကျဆင်းနေသည့်ကြားကပင် ခရီးထွက်လာခဲ့ကြခြင်းဖြစ်သည်။

ယခုခရီးတွင်မူ ဆောင်းကုန်၍ နွေဦးသို့ပင် ရောက်နေလေပြီ။

ခွန်းလွှန့်ဂိုဏ်းမှ လျို့ဝှက်သိုင်းကျမ်းကို အောင်မြင်ချောမောစွာ ရရှိလာခဲ့၍ ဖန်ဝေးနှင့်ယဲ့ရန်ဟုန်တို့နှစ်ယောက် အပြုံး ကိုယ်စီနှင့် ရှိနေခဲ့ကြ၏။

ထို့အတူ ဖန်ဝေးနှင့် ယဲ့ရန်ဟုန်တို့၏ ချစ်ခြင်းမေတ္တာများမှာလည်း ပို၍ပီပီပြင်ပြင်ရှိလာခဲ့သည်။

တစ်ဦးနှင့်တစ်ဦး ခွဲခွာမရလောက်အောင်ပင် ရှိလာခဲ့ကြသည်။

ဖန်ဝေးမှာ ဘွားဘွားဝန်နှင့် တွေ့ရတော့မည်ဖြစ်၍ ဝမ်းသာနေမိသည်။

ဖန်ဝေးတို့ ရက်အတော်ကြာလာသောအခါ မြစ်ကြီးတစ်ခုသို့ ရောက်လာခဲ့ကြသည်။

ထိုမြစ်ကြီး၏ တစ်ဖက်ကမ်းသို့ ကူးရမည်ဖြစ်၏။

မြစ်ဟိုဘက်ကမ်းကူးရန် ဖန်ဝေးနှင့်ယဲ့ရန်ဟုန် လှေသမ္ဗန်များကို တစ်ဖက်ကမ်းမှစောင့်၍ ရပ်မျှော်နေကြသည်။





မြစ်ကြီးမှာ မြစ်ကျယ်ကြီးဖြစ်၍ တည်ငြိမ်စွာ စီးဆင်းနေသော ရေအလျင်မှာ တစ်မျိုးကြည့်၍ကောင်းလှသည်။

မြစ်ရေပြင်မှာ မြူကမ္ဗလာကြီးတစ်ခု ခင်းထားသည့်နှယ် တူတော့သည်။

ထိုအခိုက် မြစ်လယ်မှ တရွေ့ရွေ့လာနေသော သစ်ဖောင်ငယ်လေးတစ်ခုသို့ လှမ်းတွေ့လိုက်ရသောကြောင့် ဖန်ဝေး လှမ်းအော်မေးလိုက်သည်။

"ဗျို့ ... သစ်ဖောင်ပေါ်က နောင်ကြီး ... ကျုပ်တို့ကို ဟိုဘက်ကမ်းပို့ပေးစမ်းပါ၊ ကူးတို့ခအတွက် ထိုက်သင့်တဲ့ငွေစကို ပေးပါ့မယ်"

ဖန်ဝေးနှင့် ယဲ့ရန်ဟုန်တို့နှစ်ယောက် မြစ်ကမ်းဘေးတွင် ရပ်နေကြပြီး သစ်ဖောင်အလာကို စောင့်နေကြ၏။

မြစ်ပြင်မှဖြတ်၍ တိုက်ခတ်လာသောလေကြောင့် ယဲ့ရန်ဟုန်နှင့် ဖန်ဝေးတို့နှစ်ယောက် ဝတ်ဆင်ထားသော အဝတ်အစားများမှာ လေတွင် တဖျပ်ဖျပ်လွင့် နေ၏။

သစ်ဖောင်လေးပေါ်မှ တစ်စုံတစ်ရာ ပြန်ပြောသံကို မကြားရ။

သို့သော် သစ်ဖောင်လေးမှာ ဖန်ဝေးတို့ရှိနေသည့် ကမ်းစပ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ တရွေ့ရွေ့လာနေသည်ကိုမူ တွေ့မြင်ကြရ၏။

ရုတ်တရက် သစ်ဖောင်ပေါ်သို့ ဝဲဆင်းလာသော သိမ်းငှက်သုံးလေးကောင်ကို တွေ့လိုက်ရသဖြင့် ဖန်ဝေး မျက်မှောင်ကြုတ်လိုက်မိသည်။

အဘယ်ကြောင့် သိမ်းငှက်များ သစ်ဖောင်ပေါ်သို့ ဝဲဆင်းလာကြသနည်း။

သစ်ဖောင်လေးပေါ်မှ လူများ ဤအထိ အအိပ်ကြီးကြမည်တော့ မထင်။

ဖန်ဝေး မျက်လုံးကိုအားစိုက်ကာ သစ်ဖောင်ပေါ်သို့ ထပ်မံကြည့်ရှုလိုက်ပြန်သည်။

သစ်ဖောင်လေးပေါ်မှ မြင်ကွင်းများကို ဖန်ဝေး အသေအချာမြင်လိုက်ရပြန်သည်။

သစ်ဖောင်ပေါ်မှ လူများမှာ အိပ်စက်သူများမဟုတ်။ အသက်ဝိညာဉ်ကင်းမဲ့စွာ သေဆုံးနေကြသူများ ဖြစ်သည်။ ထိုအချိန်

သစ်ဖောင်လေးမှာ ဖန်ဝေးတို့ရပ်နေသည့် ကမ်းစပ်နားသို့ ရောက်လာကြသည်။

သစ်ဖောင်လေးပေါ်ရှိ လူသေအလောင်းများကို စားသောက်နေကြသော သိမ်းငှက်သုံးလေးကောင်မှာ လူသေကောင်



များကို စားသောက်နေကြရင်း ရုတ်တရက် ရေထဲသို့ ထိုးကျသွားကြသည်။

ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့နှစ်ယောက် ဘာကိုမှ စဉ်းစားမနေကြတော့ဘဲ သူတို့နား ရောက်နေပြီဖြစ်သော သစ်ဖောင်လေးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ကြ၏။

ယွဲ့ရန်ဟုန်က ထိတ်လန့်တကြားဖြင့် ရေထဲသို့ ထိုးကျသွားသည့် သိမ်းငှက်များကို ကြည့်ရင်း ဖန်ဝေးကိုမေးလိုက်သည်။

"အစ်ကိုဖန်ဝေး ... သိမ်းငှက်တွေ ဘာလို့ ရေထဲကျသွားကြတာလဲ"

"ပြောစရာလိုသေးလား ... သေတဲ့လူတွေက အဆိပ်ကြောင့်သေကြတော့ သူတို့အသားစားကြတဲ့ သိမ်းငှက်တွေကလည်း အဆိပ်သားကို စားကြသလိုပေါ့၊ ဒါကြောင့် ရေထဲထိုးကျသေကြတာ ဖြစ်မှာပဲ"

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့နှစ်ယောက် သစ်ဖောင်လေးပေါ်ရှိ လူသေကောင်များ၏မျက်နှာမှာ ညိုမည်းနေကြောင်းတွေ့မြင်လိုက်ကြရသည်။

လူသေကောင်များ၏မျက်နှာကို အသေအချာ ကြည့်လိုက်သောအခါ အတော်လေးအံ့ဩသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေမျက်နှာကိုယ်တော်ကြီး၊ လိုကျင်ဟာန်၊ ဓားမြတ်ကိုယ်တော် ရှောင်ပုယင်း၊ လေပွေသိုင်းသမားခြေတစ်ဖက်ပြတ် ချွေးချိတို့အပြင် ခွန်းလွန်ဂိုဏ်းမှ အဘိုးကြီးသုံးဦးလည်းပါဝင်သည်။

ဖန်ဝေးအလောင်းခြောက်လောင်းကိုကြည့်ကာ မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။

"အင်း ... သစ်ဖောင်ပေါ်မှာ အဆိပ်မိပြီးသေနေကြတာ အားလုံးသိုင်းသမားကြီးတွေပါလား၊ ဘယ်သူကများ လုပ်ကြံလိုက်တာပါလိမ့်"

ဖန်ဝေး အတန်ကြာသည်အထိ စဉ်းစားသောအခါ ရုတ်တရက်တစ်စုံတစ်ခုကို သတိရမိသည့်အလား ပါးစပ်မှ ရေရွတ်လိုက်မိသည်။

"တောပင့်ကူနီ"

ဖန်ဝေး၏ရေရွတ်သံကို ယွဲ့ရန်ဟုန်က ကောင်းစွာကြားလိုက်သည်။

"ဘာလဲ အစ်ကိုဖန်ဝေး ... ဟိုဂူဟောင်းကြီးထဲက အစ်ကိုသတ်မိခဲ့တဲ့ တောပင့်ကူနီကြီးတွေကို ပြောတာလား"

"ဟုတ်တယ် ... အဲဒီ တောပင့်ကူနီကြီးတွေဟာ သိပ်ကိုအဆိပ်ပြင်းတယ်၊ ဒီလူသိုက်သေရတာ တောပင့်ကူနီတွေကြောင့်ပဲ



ဖြစ်ရမယ်"

ဖန်ဝေး စကားဖြတ်ကာ ယွဲ့ရန်ဟုန်ကိုကြည့်လိုက်ပြီးမှ စကားကိုဆက်ပြောသည်။

"မိန်းကလေး ... မင်း ငါ့ကို အကူအညီပေးနိုင်မလား"

"အစ်ကို့အတွက် ကျွန်မက ဘာမဆိုအကူအညီပေးဖို့ အဆင်သင့်ပါပဲ"

"ဒါဆို ငါယူလာတဲ့ လျှို့ဝှက်သိုင်းကျမ်းကို လေပွေကျွန်းက ဘွားဘွားဝန်ဆီ ပို့ပေးပါ"

"ဟင် ... အစ်ကိုက ဘယ်ကိုသွားမလို့လဲ"

"ငါမှာ ကိစ္စတစ်ခု အရေးတကြီးဆောင်ရွက်စရာရှိနေလို့ပါ"

အမှန်တွင်မူ ကိုယ်တော်ကြီးရိုးကျင်လိန်အား ဖန်ဝေးက ကတိပေးထားခဲ့သည်။

ရိုးကျင်လိန်၏ အဆိပ်ပြင်းထန်သော ပင့်ကူများကို သတ်ခဲ့မိသည့်အတွက် ရိုးကျင်လိန်နှင့်အတူ တောပင့်ကူနီများကို လိုက်လံရှာဖွေပေးရန်ကိစ္စ ရှိနေသည်မဟုတ်ပါလား။

ထို့ကြောင့် ...

ဘွားဘွားဝန်ဆီသို့ မိမိကိုယ်တိုင် မသွားရောက်နိုင်တော့ဘဲ ယွဲ့ရန်ဟုန်အား သိုင်းကျမ်းကိုပေးအပ်ခိုင်းနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေး အကူအညီတောင်းမှုကြောင့် ယွဲ့ရန်ဟုန် ခေါင်းငိုက်စိုက်ချပြီး ငိုမလိုလို ဖြစ်နေသည်။

ယွဲ့ရန်ဟုန် စိတ်ကိုတင်းကာ ခေါင်းပြန်မော့ပြီးနောက်…

"ကျွန်မ လက်မခံချင်လို့ မဟုတ်ပါဘူး။ အစ်ကိုဖန်ဝေးနဲ့ မခွဲမခွာချင်လို့ပါ၊ ဒါကြောင့် အစ်ကိုနဲ့အတူပဲ ဆက်ပြီးလိုက်ခဲ့ပါရစေ"

"ငါလည်း မင်းနဲ့မခွဲခွာချင်ပါဘူး၊ ဒီကိစ္စပြီးရင် တို့နှစ်ယောက်ပြန်ဆုံကြမယ်၊ ငါ ကိစ္စပြီးတာနဲ့ လေပွေကျွန်းကို အမြန်ဆုံး ပြန်လာခဲ့ပါ့မယ် … မင်း အဲဒီမှာ ငါ့ကိုစောင့်နေ"

ယွဲ့ရန်ဟုန် မငြင်းသာသဖြင့်ခေါင်းညိတ်သဘောတူလိုက်ရတော့သည်။



ဖန်ဝေး သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်သည်။

ယွဲ့ရန်ဟုန် ခေါင်းညိတ်လိုက်ရသော်လည်း သူ၏မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ တွင်တွင်စီးဆင်းကျနေသည်။

ဖန်ဝေးလည်း ယွဲ့ရန်ဟုန်နည်းတူ သူမနှင့်ခွဲခွာလိုခြင်း မရှိချေ။

သူတို့စီးလာကြသည့် မြင်းနှစ်ကောင်မှာ အချိန်တော်တော်ကြာသည်အထိ အနားရလိုက်သဖြင့် အားအင်များပြည့်လာကာ လန်းဆန်းလာကြသည်။

ထို့နောက် …

လေပွေကျွန်းသို့သွားရာလမ်းကြောင်းကို ယွဲ့ရန် ဟုန်အား ဖန်ဝေးက သေချာစွာ မှာကြားနေသည်။

"ဒီနေရာက ရှေ့သုံးမိုင်လောက်မှာ သစ်တောကြီးတစ်ခုရှိတယ်၊ အဲဒီသစ်တောကြီးကို ကျော်လိုက်ရင် တောင်တစ်လုံးကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ တောင်ပတ်လမ်းကနေ မြင်းဆက်စီးသွားတဲ့အခါ တောင်ဆင်းလမ်းလေးကို တွေ့လိမ့်မယ်၊ အဲဒီတောင်ဆင်းလမ်းလေးရဲ့ အရှေ့မြောက်တည့်တည့်ကို တစ်ရက်ခရီးလောက်ဆက်သွားလိုက်ရင် ကျွန်းကျယ်ကြီးတစ်ကျွန်းကို တွေ့ရလိမ့်မယ် ...

လေပွေကျွန်းဟာ တစ်နေ့ကို နာရီနှစ်ဆယ်လောက် ပြင်းထန်တဲ့လေပြင်း တိုက်ခတ်နေတယ်၊ တစ်နေ့မှာ လေးနာရီလောက်ပဲ လေမတိုက်ဘဲ နေတယ်၊ ဒီတော့ အဲဒီလေငြိမ်တဲ့အချိန်ကိုစောင့်ပြီး လေပွေကျွန်းကို ဖြတ်ကူးပေတော့ ...

အဲဒီလေပွေကျွန်းပေါ်မှာ ငါ့ရဲ့ကျေးဇူးရှင် ဘွားဘွားဝန် ရှိနေတယ်၊ သူဟာ အတွင်းဒဏ်ရနေတဲ့အတွက် ကျောက်အိမ်လေးထဲမှာ ရှိနေတယ်၊ မင်း ဘွားဘွားကို ငါ့အတွက် အကျိုးအကြောင်းပြောပြပြီး လျှို့ဝှက်သိုင်းကျမ်းကို ထုတ်ပေးလိုက်ပါ"

ဖန်ဝေး၏စကားဆုံးသည်နှင့် ယွဲ့ရန်ဟုန် မျက်နှာလေး ညှိုးငယ်သွားပြီးနောက် ...

"စိတ်ချပါ ... ကျွန်မ အစ်ကို့ဘွားဘွားဝန်ဆီကို ဒီသိုင်းကျမ်းအရောက်သွားပို့ပေးပါ့မယ်"

တကယ်တွင်မူ ...

ဖန်ဝေးအမေ မသေခင်မှာခဲ့သည်မှာ ဤလျှို့ဝှက်သိုင်း



ကျမ်း ရခဲ့လျှင် မည်သူ့မျှမပြောဘဲ လူသူကင်းဝေးသောနေရာတွင် လျှို့ဝှက်စွာသွားရောက်၍ သိုင်းကျမ်းပါ သိုင်းပညာများအား ထူးချွန်တတ်မြောက်သည်အထိ လေ့လာသင်ကြားရန် မှာခဲ့သည်။

ယခုမူ ...

ဘွားဘွားဝန်၏ ဝေဒနာခံစားနေရသော မျက်နှာလေးကို မြင်ယောင်နေသဖြင့် မိခင်၏မှာကြားသောစကားများကို နားမထောင်ဘဲ ဥပေက္ခာပြုလိုက်ရတော့သည်။

တန်ဖိုးမဖြတ်နိုင်သော သိုင်းကျမ်းတစ်ဆူကိုရပါလျက် ဘွားဘွားဝန်၏အသက်တစ်ချောင်းအတွက် ပေးအပ်ရပေတော့မည်။

ယွဲ့ရန်ဟုန်က ဖန်ဝေးလှမ်းပေးသော သိုင်းကျမ်းကို လှမ်းယူပြီး အတွင်းအင်္ကျီအိတ်ထဲသို့ စိတ်ချစေရန် အသေအချာထည့်၍ သိမ်းဆည်းလိုက်သည်။

ထို့နောက် ယွဲ့ရန်ဟုန် ဖန်ဝေးကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ...

"အစ်ကိုဖန်ဝေး ... ကျွန်မ လေပွေကျွန်းက ဆက်ဆက်စောင့်နေပါ့မယ်၊ အစ်ကို အမြန်ဆုံးသာ ရောက်အောင်ပြန်လာခဲ့ပါ"

"အေးပါ ... မင်းသာ လမ်းခရီးကို ဂရုတစိုက်ထားပြီး သွားပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်က ဖန်ဝေးအား အတန်ကြာသည်အထိ ငေးစိုက်ကြည့်နေပြီးမှ မြင်းပေါ်သို့လွှားခနဲ ခုန်တက်ထွက်ခွာသွားတော့သည်။

* * *



## အခန်း (၂၃)

ဖန်ဝေး မြင်းစီးသွားရင်း စဉ်းစားမိသည်။

တောပင့်ကူအဆိပ်ကြောင့် လူတော်တော်များများ သေဆုံးခဲ့ရသည်။

ထို့ကြောင့် တောပင့်ကူအဆိပ် မသမာသောသူလက်ထဲရောက်သွားပါက လူအများအတွက် အန္တရာယ်ရှိကြောင်း စဉ်းစားမိသည်။

ဖန်ဝေး ဆုံးဖြတ်ချက်ချလိုက်၏။

မိမိ အလွန်လိုလားတောင့်တခဲ့သော ခွန်းလွန်ဂိုဏ်း၏လျှို့ဝှက်သိုင်းကျမ်းမှ သိုင်းပညာများ မသင်ရလျှင် –စတော့ … လူအများအတွက် အန္တရာယ်ဖြစ်စေသည့် တောပင့်ကူနီအဆိပ် ရန်သူ့လက်ထဲ မရောက်ရှိစေရေးကို အစွမ်းကုန် ကြိုးစားတားဆီးရပေတော့မည်။

မိမိတစ်ယောက် အနစ်နာခံလိုက်ခြင်းဖြင့် …

www.burmeseclassic.com

www.burmeseclassic.com



အများ၏အန္တရာယ်ကို ကာကွယ်ပေးနိုင်လျှင် တော်ပြီ။

ဖန်ဝေး ဆုံးဖြတ်ချက်ချပြီးသည်နှင့် မြင်းကိုဒုန်းစိုင်းစီးနှင် သွားတော့သည်။



ယွဲ့ရန်ဟုန်ကလည်း ဖန်ဝေးနှင့် လှမ်းမမြင်နိုင်သောနေရာ သို့ရောက်သောအခါ မြင်းကိုရပ်တန့်လိုက်၏။

မိန်းမချောလေး ယွဲ့ရန်ဟုန်၏ရင်ထဲတွင် ဟာလာဟင်းလင်း ကြီး ဖြစ်သွားမိသည်။

သူမသည် ဖန်ဝေးနှင့်ခွဲခွာသွားပြီးနောက် လောကကြီး တစ်ခုလုံး မှုန်ရီမှိုင်းဝေသွားသည်ဟု ထင်မိသည်။

ပတ်ဝန်းကျင်မှ အလှအပနှင့်တောတောင်ရေမြေသဘာဝ အလှရှုခင်းများကိုပင် ခံစားနိုင်စွမ်းမရှိတော့။

မြင်မြင်သမျှအားလုံး အရုပ်ဆိုး အကျည်းတန်နေသည်ဟု ထင်မိသည်။

သူမရင်ထဲတွင်လည်း လေးလံသော ခဲကြီးဆွဲထားသလို ခံစားနေရသည်။

ဤသို့ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



ခရီးနှင်လာခဲ့ရာ သစ်တောအုပ်ကြီးထဲသို့ ရောက်လာကြသည်။

သစ်တောထဲရောက်လာသည်နှင့် မှောင်ရီသန်းစ ပြုလာပြီး ယွဲ့ရန်ဟုန် လမ်းစပျောက်နေသည်။

ထိုအခိုက် ...

မှောင်မည်းနေသော သစ်တောကြီးထဲမှ အသံများ ထွက်ပေါ်လာလေသည်။

"တို့ ပင်ပင်ပန်းပန်းရှာဖွေရရှိခဲ့တဲ့ ခုနစ်ရောင်ဆေးမြစ်ကိုတော့ ရခဲ့ပြီ၊ ဒီတော့ တို့အတွက် ငွေစတော်တော်များများရဖို့တော့ ကျိန်းသေနေပြီ"

"အရေးကြီးတာက တို့ရခဲ့တဲ့ ခုနစ်ရောင်ဆေးမြစ် ရန်သူ့လက်ထဲရောက်မသွားဖို့ အရေးကြီးတယ်"

အသံရှင်များမှာ ခုနစ်ရောင်ဆေးမြစ်ရှာဖွေရင်း မှောင်မည်းနေသော သစ်တောလေးထဲတွင် လမ်းစပျောက်နေသူများဖြစ်ကြသည်။

ယနေ့တိုင် သူတို့ သစ်တောထဲမှ ထွက်မရဖြစ်နေသည်။

မိန်းမချောလေး ယွဲ့ရန်ဟုန်ကလည်း လမ်းစပျောက်နေသူပင် ဖြစ်သည်။



ထို့ကြောင့် ...

လမ်းစပျောက်သူအချင်းချင်း ကိုယ်ချင်းစာမိသည်။

ယွဲ့ရန်ဟုန်က ပါလာသောမီးခြစ်ကိုခြစ်လိုက်ပြီး အနားမှ သစ်ရွက်ခြောက်များကို မီးရှို့ရင်း လှမ်းပြောလိုက်လေသည်။

"မိတ်ဆွေကြီးတို့ ... ရှင်တို့ လမ်းစပျောက်သလို ကျွန်မ လည်း လမ်းပျောက်နေသူပါ၊ ဒါကြောင့် ကျွန်မနဲ့ ရှင်တို့ ပူးပေါင်းပြီး လမ်း စရှာကြရင် မကောင်းဘူးလား"

ယွဲ့ရန်ဟုန် သစ်ရွက်ခြောက်များနှင့် သစ်ကိုင်းခြောက်များ ကို မီးရှို့ထားသဖြင့် ခပ်လှမ်းလှမ်းထိ မီးရောင်ကြောင့်လှမ်းမြင်နေ သည်။

မီးရောင်ကြောင့် လမ်းပျောက်နေသူ ယောကျ်ားတစ်စု လှမ်းမြင်လိုက်ရသည်။

အင်္ကျီများ စုတ်ပြတ်နေကြကာ အဝတ်အစားများမှာလည်း ချေးအထပ်ထပ်နှင့် ဆေးမြစ်တူးသမားများ ဖြစ်ဟန်တူသည်။

အင်္ကျီစုတ်ပြတ်နေကြသူသုံးယောက် ယွဲ့ရန်ဟုန်စီးလာသော မြင်းကို မြင်လိုက်ရသည်နှင့် ဘာမပြော ညာမပြော ဝိုင်းလုကြ သည်။

ယွဲ့ရန်ဟုန် စိတ်ပျက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းပျောက်သူအချင်းချင်းမို့ မိမိက ပူးပေါင်းလိုသည့် အတွက် မိတ်ဆွေဖွဲ့ခြင်းကို အလျဥ်းဂရုမပြုဘဲ မိမိစီးလာသည့် မြင်းကိုသာ လောဘရမ္မက်ဖြင့် လုယက်တိုက်ခိုက်နေကြသည်။

ယွဲ့ရန်ဟုန်က မလှုပ်မယှက် တိုက်ခိုက်နေကြသူများကို ကြည့်နေသည်။

သုံးယောက်သား မြင်းတစ်ကောင် ရရေးအတွက် သဲသဲမဲမဲ တိုက်ခိုက်ကြရာ ထမင်းအိုးတစ်လုံးကျက်ခန့်အကြာတွင် ဒဏ်ရာအသီးသီးရပြီး သတိမေ့လဲနေကြ၏။

ထိုအခါ ...

ယွဲ့ရန်ဟုန် ငြိမ်သက်နေရာမှ လှုပ်ရှားလာကာ သတိမေ့နေကြသူသုံးဦးအနီးသို့ ချဉ်းကပ်သွား၏။

ငမိုက်သားသုံးဦး မြင်းတစ်ကောင်အတွက်နှင့် အချင်းချင်း တိုက်ခိုက်ခဲ့ကြရာ ထိုလူသုံးယောက်မှာ လူကောင်းများ ဖြစ်ဟန်မတူချေ။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန် ထိုလူသုံးယောက်၏ကိုယ်ပေါ်ရှိ နေရာအနှံ့ အပြားကို ရှာဖွေကြည့်လိုက်သည်။

သုံးယောက်အနက် တစ်ယောက်ထံမှ ခါးကြားတွင် ဖုက်



ထားသော သစ်သားဘူးလေးတစ်ဘူးကို ရှာဖွေတွေ့ရှိလိုက်သည်။

သစ်သားဘူးလေးကိုဖွင့်ကြည့်လိုက်ရာ ဘူးလေးထဲတွင် ဆေးမြစ်သုံးခုကို တွေ့လိုက်ရ၏။

ထိုဆေးမြစ်သုံးခုမှာ စောစောက သူတို့အချင်းချင်းပြောနေသော ခုနစ်ရောင်ဆေးမြစ်ပင်ဖြစ်ရမည်ဟု ယွဲ့ရန်ဟုန် တွေးမိလိုက်သည်။

ခုနစ်ရောင်ဆေးမြစ်သည် သိုင်းလောကသားများ အလွန်လိုလားတပ်မက်နေကြသည့် အစွမ်းထက် ရှားပါးဆေးမြစ်ဖြစ်ကြောင်း ယွဲ့ရန်ဟုန် သိရှိနားလည်ထား၏။

သူမ ထိုခုနစ်ရောင်ဆေးမြစ်ကို မိမိ၏ချစ်သူ ဖန်ဝေးကို ပေးချင်သည်။

ရှားပါး၍ တန်ဖိုးရှိလှသောဆေးမြစ်ကို မိမိတစ်ယောက်တည်း မစားချင်။

ချစ်သူ ဖန်ဝေးကိုပါ စားစေချင်သည်။

ယွဲ့ရန်ဟုန် ခုနစ်ရောင်ဆေးမြစ်ဘူးလေးကို အင်္ကျီကြားထဲသို့ထည့်ကာ ထိုနေရာမှ မြင်းစီး၍ ထွက်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

စတုတ္ထနေ့ညနေ ...

စတုတ္ထနေ့ ညနေပိုင်းအချိန်တွင် ယွဲ့ရန်ဟုန် လူသူမနီးသည့် တောအုပ်တစ်ခုသို့ ရောက်လာသည်။

တောအုပ်တွင်း၌ သစ်သားအိမ်လေးတစ်အိမ်ကို ယွဲ့ရန်ဟုန် တွေ့လိုက်ရသည်။

ယွဲ့ရန်ဟုန် ခရီးပန်းလာသဖြင့် အိမ်လေးထဲတွင် ဝင်နားရန် စိတ်ကူး၍ အိမ်လေးနားသို့ ချဉ်းကပ်သွားသည်။

အိမ်လေး၏ အိမ်ရှေ့တံခါးပေါက်မှ စေ့ထားလျက်ရှိ၏။

ယွဲ့ရန်ဟုန် အိမ်လေးထဲသို့ အသံပြုလိုက်သည်။

"အိမ်ရှင်တို့ အိမ်ရှင်တို့ ... ကျွန်မ ခရီးသွားဧည့်သည်ပါ၊ ခရီးပန်းလာတဲ့အတွက် တစ်ညနားခိုခွင့်ပေးပါ"

ယွဲ့ရန်ဟုန် သုံးလေးကြိမ်မျှ အော်ခေါ်သော်လည်း အိမ်လေးထဲမှ တစ်စုံတစ်ရာအသံကိုမကြားရ။



ပကတိ တိတ်ဆိတ်နေသည်။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန်အိမ်လေးဝင်ပေါက်တံခါးကို အသာအယာ တွန်းကြည့်လိုက်ရာ တံခါးပွင့်သွားလေသည်။

ယွဲ့ရန်ဟုန် ပွင့်သွားသောတံခါးမှ အိမ်လေးထဲဝင်သွားရာ ပရိဘောဂပစ္စည်းများ ထွေထွေထူးထူးမရှိ။

သစ်သားခုတင်ဟောင်းတစ်လုံးတွင် အိုးခွက်ပန်းကန် အနည်းငယ်မျှသာရှိသည်။

ယွဲ့ရန်ဟုန်က ဘာဘာညာညာ စဉ်းစားမနေတော့ဘဲ အသင့်တွေ့သည့် ခုတင်ပေါ် တက်လှဲရင်း အိမ်ရှင်အလာကို စောင့်နေလိုက်၏။

လေးရက်လုံးလုံး ခရီးပန်းလာသဖြင့် ယွဲ့ရန်ဟုန် ခုတင်ပေါ် လှဲလိုက်သည်နှင့် တစ်ခဏအတွင်း အိပ်ပျော်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန် မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ ...

အိပ်ရာမှနိုး၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မိုးစင်စင်လင်းနေသည်ကို တွေ့လိုက်ရ၏။

ယွဲ့ရန်ဟုန် အိပ်ရာမှ ကမန်းကတန်းထကာ မျက်နှာသစ်၍ အိမ်လေး၏အခြေအနေကို အကဲခတ်ကြည့်ရှုနေလိုက်သည်။

အိမ်ရှင်ဖြစ်သူ အိမ်လေးသို့ ပြန်အိပ်ဟန်မတူ။

ယွဲ့ရန်ဟုန် ဝမ်းဟာလာသဖြင့် အိမ်လေးတွင်းရှိ အိုးခွက်ပန်းကန်ကို လှန်လှောကြည့်လိုက်ရာ မည်သည့်စားသောက်ဖွယ်ရာကိုမျှ မတွေ့ရ။

ထို့ကြောင့် ...

သစ်တောလေးထဲရှိ သစ်သီးသစ်ဥများကို ရှာဖွေစားသောက်ရန် ယွဲ့ရန်ဟုန် အိမ်ပြင်သို့ ထွက်သွားလေသည်။

အိမ်လေးနှင့် ခပ်လှမ်းလှမ်းတစ်နေရာသို့ရောက်သော



အခါ ယွဲ့ရန်ဟုန် မမျှော်လင့်သော မြင်ကွင်းတစ်ခုကြောင့် ကြက်သေသေကာ အံ့အားသင့်သွားရ၏။

မြင်ကွင်းမှာ ကြီးမားသောသစ်ပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ဆံပင်ဖြူဖွေးနေသော အဘွားကြီးတစ်ယောက် တင်ပျဉ်ခွေထိုင်ကာ အတွင်းအားလေ့ကျင့်နေသည်ကို တွေ့လို့ရ၏။

ယွဲ့ရန်ဟုန် ဆံပင်ဖြူဖွေးနေသည့် အဘွားကြီးအား မြင်ဖူးသလိုလိုရှိသည်ဟု ထင်သည်။

သို့သော် ...

မည်သည့်နေရာ၌ မြင်ဖူးခြင်းကို လုံးဝစဉ်းစားမရပေ။

အထူးသဖြင့် ...

ယွဲ့ရန်ဟုန်မှာ တောတွင်းဂူတစ်ခု၌ တစ်စုံတစ်ယောက်သောရန်သူ၏ ရက်စက်သောတိုက်ခိုက်မှုကြောင့် ဦးနှောက်အာရုံကြောထိခိုက်ကာ အတိတ်မေ့သည့်ဝေဒနာကို ခံစားနေရသူလေးဖြစ်သည်။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန် ထိုအဘွားကြီးအား သေသေချာချာ တွေ့မြင်ဖူးလျက် စဉ်းစားမရခြင်းဖြစ်နေသည်။

ယွဲ့ရန်ဟုန် ထိုဆံဖြူအဘွားကြီးအား အသေအချာရပ်ကြည့်နေစဉ် အဘွားကြီး၏ခန္ဓာကိုယ်မှာ တဖြည်းဖြည်း လှုပ်ယမ်း

www.burmeseclassic.com

www.burmeseclassic.com



လာနေသည်။

အဘွားကြီး အတွင်းအား လေ့ကျင့်မှုပြီးစီးသွားသဖြင့် ခြေလက်များ အညောင်းဆန့်ရင်း တဖြည်းဖြည်း မတ်တတ်ထရပ်လိုက်၏။

အမှန်မှာ ...

ထိုအဘွားကြီးမှာ လေပွေကျွန်းမှ ရက်စက်ကြမ်းကြုတ်လှသူ မိန်းမရိုင်းကြီးဘွားဘွားဝန်ပင် ဖြစ်သည်။

ဘွားဘွားဝန်မှာ ခွန်းလွန်ဂိုဏ်းသား ခြောက်ဦးနှင့် တိုက်ခိုက်၍ အရေးရှုံးနိမ့်ကာ အတွင်းဒဏ်ရလာခိုက် အရိုးစုဂိုဏ်းချုပ်ကြီးနှင့်တွေ့ကာ ထပ်မံတိုက်ခိုက်ကြပြန်သည်။

ဤအတွင်းဒဏ်ရနေသော ဘွားဘွားဝန်မှာ အရိုးစုဂိုဏ်းချုပ်ကြီး၏တိုက်ခိုက်ချက်ကို မခံနိုင်တော့ဘဲ သေလုမျောပါးဝေဒနာကိုခံစားရကာ သေလောက်သည့်အတွင်းဒဏ်ကို ရသွားခဲ့သည်။

ထိုအတွင်းဒဏ်ကို ဘွားဘွားဝန် ကြိတ်မှိတ်၍ လူသူမနီးသောတောကြီးထဲတွင် တစ်ယောက်တည်း လာရောက်ကုသနေခြင်းဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင် ...

လေပွေကျွန်းမှ မိန်းမရိုင်းကြီးဘွားဘွားဝန်၊ မိန်းမချောလေး



ယွဲ့ရန်ဟုန်တို့ လာရောက်တွေ့ကြခြင်းပင်။

အတွင်းအားလေ့ကျင့်ပြီး၍ မတ်တတ်ထရပ်လိုက်သောဘွားဘွားဝန်မှာ မိန်းမချောလေး ယွဲ့ရန်ဟုန်ကို ရုတ်တရက် မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

ဘွားဘွားဝန် အလွန်အံ့သြသွားကာ ယွဲ့ရန်ဟုန်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။

နောက်မှ သဘောကျစွာဖြင့် ယွဲ့ရန်ဟုန်ကို လှမ်းပြောလိုက်သည်။

"ကောင်မလေး ... နင် ငါ့ကိုမမှတ်မိဘူးလား"

"ဟုတ်ကဲ့ ... သိတော့သိသလိုလိုပါပဲ၊ ဒါပေမဲ့ စဉ်းစားလို့မရဘူး"

"အေး ... ဒါလည်းကောင်းတာပဲ"

"နေပါဦး ... ရှင်က ကျွန်မကိုသိတယ်ဆိုတော့ ကျွန်မ နာမည်ကိုလည်းပြောနိုင်မှာပေါ့"

ဘွားဘွားဝန်က ယွဲ့ရန်ဟုန်၏အမေးကိုပြန်မဖြေဘဲ ပြန်လည်မေးခွန်းထုတ်နေသည်။

"ချာတိတ်မ ... နင် ဘယ်ကလာပြီး ဘယ်ကိုသွားမှာလဲ"

ယွဲ့ရန်ဟုန် ဖန်ဝေးသတိပေးခဲ့သည့် စကားများကို အမှတ်ရ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

လေပွေကျွန်းရှိ ဘွားဘွားဝန်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမှ မိမိ ဘယ်သွားမည်၊ ဘာကိစ္စဖြစ်သည် စသည့်အကြောင်းများကို လုံးဝမပြောရန် ဖန်ဝေး မှာကြားထားခဲ့သည်။

ထို့ကြောင့် ဘာစကားမှမပြောဘဲ အဘွားကြီးအား တောင်းပန်လိုက်သည်။

"ကျွန်မ မျက်စိလည်လမ်းမှားပြီး ဒီရောက်လာတဲ့အတွက် ကျွန်မကိုခွင့်လွှတ်ပါ၊ ကျွန်မ ဒီနေရာက ထွက်သွားပါ့မယ်"

အဘွားကြီးမှာ ယွဲ့ရန်ဟုန်တောင်းပန်သည်ကို ဂရုမစိုက်ဘဲ ကြောက်မက်ဖွယ်ရာမျက်နှာထားဖြင့် ယွဲ့ရန်ဟုန်အား လှမ်းပြောလိုက်သည်။

"ချာတိတ်မ ... နင် ငါပြောတဲ့စကားကို မမှတ်မိတော့ဘူးလား။ နင့်ကို ဒီမျက်နှာနဲ့ ငါ ဘယ်နေရာမှာမှ မတွေ့ချင်ဘူးဆိုတာ ခုတော့ နင် ငါ့စကားကိုနားမထောင်ဘူး။ နင် လူ့ပြည်မှာနေရတာ ငြီးငွေ့နေ ပြီနဲ့တူတယ်"

မိန်းမချောလေး ယွဲ့ရန်ဟုန်မှာ အတိတ်မေ့နေသူလေးပီပီ ဘွားဘွားဝန်၏စကားများကို နားလည်သဘောပေါက်ခြင်းမရှိ။

ထို့ကြောင့် ...



ကြောင်တက်တက်အမူအရာဖြင့် ပြန်ပြောလိုက်၏။

"နေစမ်းပါဦး ... ရှင်က ဘာတွေပြောနေတာလဲ၊ ရှင်ကရော ဘယ်သူလဲ၊ ကျွန်မကရော ဘယ်သူလဲ၊ ရှင်နဲ့ကျွန်မ ဘာတွေများ ပတ်သက်ခဲ့လို့လဲ"

အဘွားကြီး စိတ်မရှည်တော့ဘဲ ယွဲ့ရန်ဟုန်အား ခုန်အုပ်ကာ မျက်နှာကိုကုတ်ဆွဲလေတော့သည်။

ယွဲ့ရန်ဟုန်မှာ အဘွားကြီး၏ကုတ်ဆွဲချက်ကို တိမ်းရှောင်ပေးလိုက်သည်။

သိုင်းပညာချင်းကွာ လွန်းနေသဖြင့် ယွဲ့ရန်ဟုန် အဘွားကြီးကို မယှဉ်နိုင်ချေ။

သိုင်းကွက်သုံးကွက်ရောက်သည်တွင် ယွဲ့ရန်ဟုန်မှာ အကျပ်အကျဉ်း တွေ့လာသည်။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန် ခါးကြားမှ အေးစိမ့်ဓားငြ ်ကို ဆွဲထုတ်ကာ အဘွားကြီးအား တိုက်ခိုက်ရန်စိတ်ကူးလိုက်သည်။

သို့သော် ...

ယွဲ့ရန်ဟုန် နောက်ကျသွားလေသည်။

အဘွားကြီး၏ကုတ်ဆွဲချက် တစ်ချက်မိကာ ခြေပေါ်သို့ လဲ

www.burmeseclassic.com

www.burmeseclassic.com



ကျသွားတော့သည်။

ယွဲ့ရန်ဟုန် မြေပေါ်လဲကျသွားစဉ် ခန္ဓာကိုယ်တစ်နေရာတွင် ဖုက်ထားသည့် ခွန်းလွှန်သိုင်းကျမ်းမှာလည်း မြေပေါ်သို့ ထွက်ကျသွားလေသည်။

အဘွားကြီးက မြေပေါ်လဲကျသွားသော ယွဲ့ရန်ဟုန်ကို ထပ်မံတိုက်ခိုက်ရန် ချဉ်းကပ်လာပြန်သည်။

ယွဲ့ရန်ဟုန်က ကပျာကယာ လှမ်းပြောလိုက်သည်။

"အဘွားကြီး ... ရှင်နဲ့ကျွန်မ ဘာရန်ငြိုးရန်စများရှိလို့ ဒီလောက်ရက်စက်ရတာလဲ"

ဘွားဘွားဝန်က ယွဲ့ရန်ဟုန်၏စကားကို မကြားဟန်ဆောင်ကာ ညာဘက်လက်ကိုမြှောက်၍ ရိုက်ချလိုက်မည်ပြုစဉ် ...

"အဘွားကြီး ... ခဏနေဦး"

သူမ၏ရင်ဘတ်နှင့် တစ်ပေခန့်အကွာတွင် အဘွားကြီး၏ညာဘက်လက် ရပ်တန့်သွား၏။

"ကောင်းပြီ ... နင် သေခါနီး ဘာစကားမှ ပြောမသွားရဘူးဆိုတော့ ငါ့အနေနဲ့ ဘယ်တရားပျံ့မလဲ၊ ကဲ ... နင် ဘာပြောစရာရှိလဲ ... ပြောစမ်း"

"ဒီလိုပါ ... ကျွန်မ လေပွေကျွန်းကို သွားမလို့ပါ၊ ဒီနေရာ



အရောက်မှာ လမ်းပျောက်သွားတဲ့အတွက် ခုလို ရှင်နဲ့လာတွေ့တာပါပဲ"

ယွဲ့ရန်ဟုန်၏စကားကြောင့် ဘွားဘွားဝန် ခေတ္တမျှ ကြောင်အမ်းသွား၏။

နောက်မှ ခပ်တည်တည်ပြန်၍မေးလိုက်သည်။

"နင် လေပွေကျွန်းကို ဘာသွားလုပ်မှာလဲ"

"အဘွားကြီးတစ်ယောက်ကို ရှာမလို့ပါ"

"အဲဒီအဘွားကြီးကိုရှာပြီး နင်က ဘာလုပ်မလို့လဲ"

"ဒီလိုပါ ... လေပွေကျွန်းက ကျွန်မနဲ့ရင်းနှီးတဲ့သူတစ်ယောက်က လေပွေကျွန်းမှာရှိတဲ့ အဘွားကြီးအတွက် ခွန်းလွှန်လျှို့ဖုက်သိုင်းကျမ်းကို သွားရှာပါတယ်၊ အဲဒီသိုင်းကျမ်းရမှ အဘွားကြီးဝန်ရဲ့ အတွင်းဒဏ်ပျောက်မယ်လို့ပြောတယ်၊ ဒီအတွက် အဲဒီလူဟာလျှို့ဖုက်သိုင်းကျမ်းရှာဖို့ လေပွေကျွန်းကနေ ထွက်လာခဲ့ပါတယ်"

ယွဲ့ရန်ဟုန်၏စကားကြောင့် အဘွား[illegible]ဝန် ဝမ်းသာသွားသည်။

ဖန်ဝေးအား မိမိ ခြောက်နှစ်လုံးလုံးပျိုးထောင်၍ သိုင်းပညာများ သင်ကြားပေးခဲ့သည်မှာ အချည်းနှီးမဖြစ်ခဲ့ပေ။

အမှန်တွင် ...

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ ချောလေးယွဲ့ရန်ဟုန်က လေပွေကျွန်းရှိ ဘွားဘွားဝန် ထံသို့ လျှို့ဝှက်သိုင်းကျမ်းပေးအပ်ရန် ထွက်ခွာလာခြင်း ဖြစ်သည်။

ဘွားဘွားဝန်က ယွဲ့ရန်ဟုန်အား ဆက်ပြောခိုင်းသည်။

"မိန်းကလေး ... နင့်စကားကို ဆုံးအောင် ဆက်ပြောစမ်း"

"ဟုတ်ကဲ့ ... ကျွန်မ မိတ်ဆွေကပြောတယ် ... အဲဒီလျှို့ ဝှက်သိုင်းကျမ်းသာ လေပွေကျွန်းက ဘွားဘွားဝန် မရခဲ့ရင် သူ့ဝေဒ နာ ဆိုးရွားလာပြီး အသက်အန္တရာယ်ပါ ထိခိုက်လာနိုင်တယ်လို့ ပြောပါ တယ်"

ဘွားဘွားဝန် ယွဲ့ရန်ဟုန်၏စကားများကို နားစိုက်ထောင် နေရင်း တွေးလိုက်၏။

မိမိငယ်စဉ်က မိမိ၏ချစ်သူအား လှပချောမောသော မိန်းမ တစ်ဦးက မိမိလက်ထဲမှ လုယူသွားခြင်းခံခဲ့ရဖူးသည်။

ထိုအချိန်မှစ၍ ...

လောကတွင်ရှိသမျှ ယောကျ်ားအားလုံးနှင့် ချောမောလှပ သည့် မိန်းမပျိုလေးများအား ဘွားဘွားဝန် ရွံ့ရှာစက်ဆုပ်ခဲ့သည်။

တစ်နည်းအားဖြင့်ဆိုသော် ...

မိန်းမချောလေးများနှင့် ယောကျ်ားလေးများကို ရန်ငြိုးဖွဲ့ ခဲ့မိသည်။



ယခု ...

ဖန်ဝေးသည် မိမိအား ကြင်နာကြောင်းသိရသောအခါ ဘွား ဘွားဝန်ရင်ထဲ ဝေဒနာတစ်မျိုး ခံစားလာမိသည်။

အဘွားကြီးဝန်က စဉ်းစားတွေးတောပြီး ဆက်ပြောရန် ပြောလိုက်သည်။

"ချာတိတ်မ ... ဆက်ပြောစမ်း"

"အဲဒီလျှို့ဝှက်သိုင်းကျမ်း ခု ရလာပါပြီ၊ အစ်ကိုဖန်ဝေးက တော့ ကိစ္စတစ်ခုရှိတဲ့အတွက် တစ်နေရာကို ထွက်သွားပါတယ်၊ သူ့ ကိုယ်စား ကျွန်မကို သိုင်းကျမ်းပေးပို့ခိုင်းလိုက်ပါတယ်"

"ကောင်းပြီ ... လျှို့ဝှက်သိုင်းကျမ်း ခု နင့်ဆီမှာ ပါလာသ လား ... ဘယ်မှာလဲ"

"ဟိုနားက မြေကြီးပေါ်မှာပါ။ စောစောက ကျွန်မလဲကျသွား တော့ လျှို့ဝှက်သိုင်းကျမ်း မြေကြီးပေါ်ထွက်ကျသွားတယ်"

သိုင်းကျမ်း မြေကြီးပေါ်သို့ ထွက်ကျသွားသည်ကို ယွဲ့ရန် ဟုန်လည်း မြင်သည်။

ဘွားဘွားဝန်လည်း မြင်သည်။

ထို့ကြောင့် ...

မထူးသည်မို့ ဖွင့်ပြောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလျှို့ဝှက်သိုင်းကျမ်းကို လေပွေကျွန်းက ဘွားဘွားဝန် ဆိုတဲ့သူကိုပေးလိုက်ပါ"

အဘွားကြီးသည် မြေပေါ်တွင်ကျနေသောသံမဏိသေတ္တာ လေးကို ဂရုတစိုက် လှမ်းကောက်ယူလိုက်သည်။

မိမိ အနှစ်နှစ်အလလ တောင့်တခဲ့သောဆန္ဒ ယနေ့ပြည့် မြောက်တော့မည်ဖြစ်သည်။

ထိုအသိနှင့်အတူ ဝမ်းသာပီတိဖြစ်ခြင်းများက ဘွားဘွားဝန် အား ဖုံးလွှမ်းနေသည်။

ဘွားဘွားဝန် စိတ်လောကြီးစွာဖြင့် လျှို့ဝှက်သိုင်းကျမ်း ထည့်ထားသော သံမဏိသေတ္တာလေးအား ဖွင့်နေသည်။

ဖွင့်မရ။

မည်သို့မျှ သံမဏိသေတ္တာလေးအား ဖွင့်မရချေ။

အဘွားကြီး နည်းမျိုးစုံနှင့်ဖွင့်သော်လည်း သံမဏိသေတ္တာ လေးက ဖွင့်မရဖြစ်နေသည်။

နောက်ဆုံး ...

အဘွားကြီး ကြံရာမရဖြစ်ကာ မိန်းမချောလေး ယွဲ့ရန်ဟုန် အား ပြောလိုက်၏။

"မိန်းကလေး ... နင် ဒီ သံမဏိသေတ္တာလေးကို ဖွင့်တဲ့



နည်း သိရင်ပြောပြစမ်း၊ နင့်အသက်ကို ချမ်းသာပေးမယ်"

"ကျွန်မကို အစ်ကိုဖန်ဝေးက သေတ္တာဖွင့်တဲ့နည်းကို မပြော ခဲ့ဘူး၊ အစ်ကိုဖန်ဝေးလည်း အဲဒီသေတ္တာလေးကို တစ်ခါမှ ဖွင့်မကြည့် ခဲ့ဘူး"

အဘွားကြီးက ယွဲ့ရန်ဟုန် လိမ်ညာပြောနေသည်ထင်၍ ယွဲ့ ရန်ဟုန်အား လက်ဝါးချက်တစ်ချက် ရိုက်ထည့်လိုက်သည်။

ယွဲ့ရန်ဟုန်မှာ ပြန်လည်ခုခံတိမ်းရှောင်နိုင်ခြင်း မပြုဘဲ အဘွားကြီး၏ ရိုက်ချက်ကို မျက်စိစုံမှိတ်၍ စောင့်နေလိုက်သည်။

ယွဲ့ရန်ဟုန်၏ရင်မှာ ကြောက်စိတ်ဖြင့် တဒိန်းဒိန်း ရင်ခုန်နေ၏။

ချွေးများလည်း တစ်ကိုယ်လုံး ယိုစိမ့်ထွက်လာလေသည်။

ရုတ်တရက် အဘွားကြီးက ယွဲ့ရန်ဟုန်၏ခါးကြားတွင် ထိုး ထားသည့် အေးစိမ့်ဓားမြှောင်လေးကို လှမ်းဆွဲယူလိုက်သည်။

"ကဲ ... မိန်းကလေး ... ငါ မေးနေတာမဖြေရင် ဟောဒီ နင့်ဓားမြှောင်နဲ့ နင့်ကိုထိုးသတ်ပစ်မယ်"

အဘွားကြီး ယွဲ့ရန်ဟုန်အား ခြိမ်းခြောက်ပြောနေခြင်းဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တွင်မူ ...

မိန်းမပျိုလေးယွဲ့ရန်ဟုန်ကို သတ်ပစ်လိုက်ပါက လျို့ဝှက်သိုင်းကျမ်းထည့်ထားသည့် သံသေတ္တာလေးဖွင့်နည်း မရမည်စိုး၍ မသတ်သေးဘဲ ခြိမ်းခြောက်နေခြင်းသာဖြစ်သည်။

ယွဲ့ရန်ဟုန်လည်း လျို့ဝှက်သိုင်းကျမ်းထည့်ထားသည့် သံသေတ္တာလေး ဖွင့်နည်းကို လုံးဝမသိရိုး အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် ...

မထူးတော့ပြီမို့ အရဲစွန့်ကာ ပြောလိုက်၏။

"အဘွားကြီး ... ရှင် ကျွန်မကို သတ်ရင်သတ်နိုင်တယ်၊ ကျွန်မ သံသေတ္တာဖွင့်တဲ့နည်း တကယ်မသိရိုးအမှန်ပဲ"

"ဘာလဲ ... နင် တကယ်သေချင်နေပြီလား"

"ရှင် သတ်ရဲရင် သတ်လိုက်ပါ၊ ရှင်လည်း အဲဒီသေတ္တာဖွင့်တဲ့နည်း မရတော့ဘူးပေါ့"

"ရပါတယ်၊ ငါ ခွန်းလွှန်ဂိုဏ်းက ညီနောင်တွေကို သွားခေါ်ပြီးဖွင့်ခိုင်းရင် ရတာပေါ့"

"ခွန်းလွှန်ဂိုဏ်းက ညီနောင်တွေကလည်း ရှင့်ကို သံသေတ္တာဖွင့်တဲ့နည်း ပြမတဲ့လား၊ ဒီလျို့ဝှက်သိုင်းကျမ်းက သူတို့ဂိုဏ်းရဲ့ အထွတ်အမြတ်ပစ္စည်းတစ်ခုပဲ၊ ဒီတော့ ရှင့်ကို ဝိုင်းတိုက်ပြီး သူတို့ပစ္စည်းကို သူတို့ပြန်ယူသွားမှာပေါ့"

အဘွားကြီးယွဲ့ရန်ဟုန်၏စကားကြောင့် ခေတ္တငေးငိုင်သွား၏။

နောက်မှ အတန်ငယ်စဉ်းစားပြီး ဆက်ပြောသည်။

"ဖန်ဝေးကတော့ ဒီသံသေတ္တာဖွင့်နည်းကို သိမှာပေါ့"

"ဒါတော့ မသိဘူး ... အစ်ကိုဖန်ဝေး သိချင်လည်း သိမယ်ထင်တယ်"

"ဒါနဲ့ မင်းနဲ့ ဖန်ဝေး ဘယ်လိုပတ်သက်နေကြသလဲ"

"ကျွန်မနဲ့ အစ်ကိုဖန်ဝေးတို့ဟာ အကြင်လင်မယားဖြစ်နေကြပါပြီ၊ လေပွေကျွန်းမှာ ဘွားဘွားဝန်နဲ့ ကျွန်မတို့နှစ်ယောက် အတူနေကြဖို့တောင် စီစဉ်ထားကြတယ်"

အမှန်တွင်မူ ဖန်ဝေးနှင့် မိန်းမချောလေးယွဲ့ရန်ဟုန်တို့မှာ အကြင်လင်မယားအရာ မမြောက်သေး။

သို့သော် ...

တစ်ဦးနှင့်တစ်ဦး နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုးချစ်ခင်ကြသည်ကတော့ မှန်သည်။

လေပွေကျွန်းရောက်မှ ဘွားဘွားဝန်နှင့်တိုင်ပင်ကာ မိတ်တို့မင်္ဂလာကိစ္စကို ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်ကမူ ဖန်ဝေးကို နဂိုကတည်းက တစ်ဖက်သတ် စိတ်ဝင်စားနေသည်မို့ အဘွားကြီးအား တမင် ဖန်ဝေးနှင့် ညားနေပြီဟု ပြောလိုက်ခြင်းဖြစ်သည်။

မိန်းမချောလေးယွဲ့ရန်ဟုန်၏စကားကို ဘွားဘွားဝန် ယုံကြည်လက်ခံသည်။

အဘွားကြီးမှာ တစ်ကိုယ်ကောင်း အတ္တစိတ်လွန်ကဲနေသည့်အတွက် ဖန်ဝေးနှင့်ပတ်သက်နေသည့် ယွဲ့ရန်ဟုန်ကိုပင် ညှာတာရကောင်းမှန်း မသိတော့ချေ။

ထို့ကြောင့် ...

ရက်စက်သောမျက်နှာဖြင့် ယွဲ့ရန်ဟုန်အား စိုက်ကြည့်လိုက်ပြီး ...

"နင်လည်း ဒီသေတ္တာဖွင့်တဲ့နည်းကို သိရမယ်၊ အသားအနာမခံချင်ရင် အမြန်ပြောပေတော့"

"ရှင်သတ်ချင်လည်း သတ်လိုက် ... ကျွန်မ တကယ်မသိတာအမှန်ပဲ"

"ဘာလဲ ... နင် တကယ်မပြောဘူးပေါ့"

"ဟုတ်တယ်"

အဘွားကြီးဝန်မှာ ဒေါသစိတ်ကို မထိန်းနိုင်တော့ဘဲ မိန်း



မချောလေးယွဲ့ရန်ဟုန်အား လက်ဝါးချက်တစ်ချက် ရိုက်ထည့်လိုက်ပြန်သည်။

ယွဲ့ရန်ဟုန်မှာ ဘွားဘွားဝန် တတိယလက်ဝါးချက်ကြောင့် သတိလစ်မေ့မြောသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန် မည်မျှကြာကြာမေ့သွားသည် မသိ။

သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ကြောက်ရွံ့စက်ဆုပ်ဖွယ်ကောင်းလှသည့် အဘွားကြီးဝန် မိမိကိုစိုက်ကြည့်လျက်ရှိနေကြောင်း ယွဲ့ရန်ဟုန် တွေ့လိုက်ရ၏။

သူမတစ်ကိုယ်လုံး ထုံကျင်ကိုက်ခဲနေသည့် ဝေဒနာများကို ခံစားနေရ၏။

အဘွားကြီးဝန်၏ရက်စက်မှုကို ယွဲ့ရန်ဟုန် စဉ်းစားလိုက်မိသောအခါ ဒေါသ ထောင်းခနဲဖြစ်သွားသည်။

သို့သော် ...

အဘွားကြီးလက်ထဲကျရောက်နေသဖြင့် ဒေါသစိတ်ကို အသာမျိုသိပ်ထားလိုက်ရသည်။

ယွဲ့ရန်ဟုန်က ခံပြင်းနာကြည်းမှုဖြင့် အဘွားကြီးအား ခက်ထန်စွာ ပြောလိုက်သည်။



"ဘာဖြစ်လို့ ဒါလောက်ညှဉ်းဆဲနေရတာလဲ၊ တစ်ခါတည်းသတ်ပစ်လိုက်ပါလား"

အဘွားကြီးဝန်က ယွဲ့ရန်ဟုန်၏စကားကို ဂရုမစိုက်သောဟန်အမူအရာနှင့် ပြုံးစစပြန်ပြောလိုက်သည်။

"နင်က တယ်ခေါင်းမာတာကိုး၊ လိမ်လိမ်မာမာနဲ့ သံသေတ္တာဖွင့်နည်းကိုပြောလိုက်ရင် နင်လည်း အသားမနာဘူး၊ ငါလိုရင်းလည်း ပြည့်မယ်"

"ကျွန်မ တကယ်မသိလို့ မပြောနိုင်တာကို ရှင်မယုံတာတော့ မတတ်နိုင်ဘူး"

ယွဲ့ရန်ဟုန်၏စကားကြောင့် အဘွားကြီးဝန် ထပ်မံရိုက်နှက်ရန် ဟန်ပြင်လိုက်စဉ် ...

"ရိုက်လေ ... သေအောင်သာရိုက်"

ယွဲ့ရန်ဟုန်၏ ခေါင်းမာလှသောအမူအရာကြောင့် ဘွားဘွားဝန် ကြောင်အမ်းသွားကာ ...

"အင်း ... နင့်လိုခေါင်းမာတဲ့ မိန်းကလေးမျိုး လောကမှာ သိပ်ရှားတယ်၊ ဒါပေမဲ့ နင့်ကို ငါလောလောဆယ် မသတ်သေးဘူး"

အဘွားကြီး မည်သို့စိတ်ပြောင်းသွားသည် မသိ ...။

ယွဲ့ရန်ဟုန်အား ရိုက်ရန်ရွယ်ထားသော လက်ကို အောက်ချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

မည်သို့ပင် ဖြစ်စေ ...

ယွဲ့ရန်ဟုန်အတွက် မျှော်လင့်ချက်ရောင်ခြည်လေး ရှိလာသည့် အဓိပ္ပါယ်ပင်။

ထို့နောက် ...

အဘွားကြီးသည် ယွဲ့ရန်ဟုန် တစ်ညတာ အိပ်စက်ခဲ့သည့် အိမ်လေးသို့ ခေါ်ဆောင်သွားခဲ့သည်။

ယွဲ့ရန်ဟုန်ကိုလည်း ဘာမှဆက်၍ မေးမြန်းပြောဆိုခြင်း မပြုတော့။



ဤသို့ဖြင့် ...

ခုနစ်ရက်ခန့်ကြာသောအခါ ယွဲ့ရန်ဟုန်မှာ အဘွားကြီး ညှဉ်းဆဲခဲ့သည့်ဒဏ်ရာဒဏ်ချက်များ သက်သာပျောက်ကင်းသွားတော့သည်။

ထို့နောက် ...

ယွဲ့ရန်ဟုန်၏လျှို့ဝှက်သိုင်းကျမ်းနှင့် အေးစိမ့်ဓားမြှောင်၊ ခုနစ်ရောင်ဆေးဘူးတို့ကို ပြန်ပေးလိုက်သည်။

"ကဲ မိန်းကလေး ... နင့်ပစ္စည်းတွေ ငါအားလုံး ပြန်ပေးပြီးပြီ၊ နင့်ကိုလည်း ဘွားဘွားဝန်နေတဲ့ လေမွှေကျွန်းကိုသွားဖို့ ငါ လမ်းညွှန်ပေးလိုက်မယ်"

ယွဲ့ရန်ဟုန် အဘွားကြီးစိတ်ထား ပြောင်းလဲလာသည်ကို မယုံကြည်နိုင်အောင်ဖြစ်မိသည်။

မည်သို့ပင်ဖြစ်စေ ...

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်မှာ သေဘေးမှ သီသီလေးလွတ်မြောက်လာခဲ့သဖြင့် ဝမ်းသာမိသည်ကတော့ အမှန်။

အဘွားကြီးက ယွဲ့ရန်ဟုန်အား တစ်ချက်အကဲခတ်သလို စိုက်ကြည့်လိုက်ပြီးမှ ...

"မိန်းကလေး ... ရှေ့က မြက်ခင်းပြင်ကျယ်ကြီးကိုတွေ့တယ်မဟုတ်လား။ အဲဒီ မြက်ခင်းပြင်ကျယ်ကြီးကိုကျော်ပြီး မြောက်ဘက်တည့်တည့်ကိုသွားရင် လေပွေကကျွန်းကိုရောက်လိမ့်မယ်"

ယွဲ့ရန်ဟုန်မှာ မယုံနိုင်သဖြင့် အံ့သြသွားကာ ...

"အဘွားကြီး ... ရှင် တကယ်ပဲ ကျွန်မကို လွှတ်လိုက်တာလား"

"အေး ... ဟုတ်တယ် နင်နဲ့ငါ ဘာရန်ငြိုးရန်စမှ ရှိတာ မဟုတ်ဘူး၊ နောက် နင့်ကိုသတ်လိုက်ရင် လေပွေကျွန်းက ဘွားဘွားဝန်ကို စော်ကားသလိုဖြစ်သွားမယ်၊ ဒါကြောင့် နင့်ကိုငါမသတ်တော့ဘဲ နင့်ပစ္စည်းတွေအားလုံးကို ပြန်ပေးလိုက်တာပေါ့"

ယွဲ့ရန်ဟုန်မှာ အဘွားကြီး၏စကားများကို ဟုတ်မှဟုတ်ပါ့မလားဟု တွေးတောနေမိသည်။

အလွန်အဖိုးတန်သော ခွန်းလွန်ကိုဏ်း၏လျှို့ဝှက်သိုင်းကျမ်းကို ရပါလျက် မယူဘဲ မိမိအားပြန်ပေးခြင်းသည် စဉ်းစားစရာပင်။



နောက်ဆုံး အဘွားကြီးလမ်းညွှန်ပေးသည့်အတိုင်း ယွဲ့ရန်ဟုန်ထွက်လာခဲ့၏။

အမှန်တွင် ...

အဘွားကြီးဝန်မှာ စိတ်စေတနာကောင်း၍ ယွဲ့ရန်ဟုန်ကို လေပွေကျွန်းသို့ လွှတ်ပေးလိုက်ခြင်းမဟုတ်။

လျှို့ဝှက်သိုင်းကျမ်းထားသည့် သံမဏိသေတ္တာလေးကို အဘွားကြီးဝန် အမျိုးမျိုးကြိုးစား၍ဖွင့်ခဲ့သည်။

သို့သော် ...

မည်သည့်နည်းနှင့်မျှ ဖွင့်မရ။

သံမဏိသေတ္တာလေးထဲတွင် လျှို့ဝှက်သိုင်းကျမ်း ရှိသည်ကိုတော့ အဘွားကြီးဝန် သိထား၏။

အဘွားကြီးဝန် ယွဲ့ရန်ဟုန်ကိုလွှတ်ပေးလိုက်ခြင်း၏ရည်ရွယ်ချက်မှာ ဖန်ဝေးက သူ့ချစ်သူယွဲ့ရန်ဟုန်အား မိမိရှိနေသည့် လေပွေကျွန်းသို့ သိုင်းကျမ်းကို ပို့ခိုင်းလိုက်သည်။

လေပွေကျွန်းသို့ ယွဲ့ရန်ဟုန်ရောက်ရှိသွားပြီး မိမိကိုတွေ့ပါမှ မုချမသွေ လျှို့ဝှက်သိုင်းကျမ်းထည့်ထားသည့် သံမဏိသေတ္တာဖွင့်နည်းကိုပြောပြမည်မှာ မလွဲပေ။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



မိမိက လေပွေကျွန်းသို့အရင်သွားပြီး အတွင်းဒဏ်ရနေသည့် ဘွားဘွားဝန်အဖြစ် ဟန်ဆောင်ရပေဦးမည်။

ဤသို့ ...

တွက်ကိန်းများဖြင့် မိန်းမချောလေး ယွဲ့ရန်ဟုန်အား လေပွေကျွန်းသို့သွားရန် လမ်းကြောင်းကို ညွှန်ပြလိုက်ခြင်း ဖြစ်သည်။



ယွဲ့ရန်ဟုန်မှာ အဘွားကြီး ဤမျှလောက် စိတ်ထားပြောင်းလဲလိမ့်မည်ဟု မထင်ခဲ့။

အကြောင်းတစ်ခုခုရှိမည်ဟု ယွဲ့ရန်ဟုန် ခရီးနှင်နေရင်း စဉ်းစားမိသည်။

အဘွားဝန်မှာ ယွဲ့ရန်ဟုန်အလှမ်းဝေးသော တစ်နေရာသို့ ရောက်သောအခါ ကိုယ်ဖော့ပညာသုံးပြီး လေပွေကျွန်းရှိရာသို့ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ဘွားဘွားဝန် ခုနစ်ရောင်ဆေးမြစ်ကို ယွဲ့ရန်ဟုန်ထံမှ ခိုးစားခဲ့သဖြင့် အတွင်းအားများတိုးပွားလာကာ လေပွေကျွန်းသို့ ယွဲ့ရန်ဟုန်ထက် နှစ်ရက်စောရောက်ခဲ့သည်။

လေပွေကျွန်းသို့ ဘွားဘွားဝန်ရောက်သောအခါ ဘွားဘွားဝန်သည် ရုပ်ဖျက်၍ ကျောက်ဂူအိမ်လေးထဲတွင် အတွင်းဒဏ် ရနေဟန်ဆောင်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန် လျှို့ဝှက်သိုင်းကျမ်းလာပို့သည်ကို ကျောက်ဂူ အိမ်လေးထဲမှ အသင့်စောင့်ဆိုင်းနေလိုက်၏။

ယွဲ့ရန်ဟုန်မှာ သစ်တောအုပ်ကြီးထဲတွင် လမ်းစပျောက် နေစဉ် ဆေးမြစ်ရှာဖွေကြသော ဆေးမြစ်တူးသမားများနှင့် တွေ့ခဲ့ရ၏။

မိမိက လမ်းစပျောက်နေသူခြင်း ပူးပေါင်း၍ လမ်းစရှာရန် စည်းရုံးခဲ့သော်လည်း မိမိထံမှ မြင်းကိုရယူလိုကြသဖြင့် အချင်းချင်း သစ္စာဖောက်ကာ သတ်ပုတ်မေ့မြောနေစဉ် ယွဲ့ရန်ဟုန်က ခုနစ်ရောင် ဆေးမြစ်ကိုယူ၍ ရှိခဲ့သည်။

တစ်ဖန် ဘွားဘွားဝန်နှင့်လမ်းခရီးတစ်နေရာတွင် တွေ့ရှိကာ ရိုက်နှက်ညှဉ်းပန်းမှုများကြောင့် ဒဏ်ရာများရကာ ခုနစ်ရက်မျှ အနား ယူခဲ့ရသည်။

စုစုပေါင်း ဆယ့်တစ်ရက်မျှ အချိန်ကုန်ခဲ့သည်။

ထိုဆယ့်တစ်ရက်မျှအချိန်တွင် ဖန်ဝေးလေပွေကျွန်းသို့ ရောက်လာခဲ့ခြင်းမရှိ။

မည်သို့ဖြစ်ပျက်နေသည်ကိုလည်း ယွဲ့ရန်ဟုန်မသိ။



## အခန်း (၂၅)

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်မြစ်ကမ်းတစ်နေရာတွင် လမ်းခွဲခဲ့ကြ သည်။

ဖန်ဝေး၏ အတွေးအာရုံထဲတွင်မူ မိန်းမချောလေး ယွဲ့ရန် ဟုန်ကိုသာ အမြဲမြင်ယောင်နေသည်။

သို့သော် ...

မိန်းမချောလေး ယွဲ့ရန်ဟုန်ဖြစ်ကြောင်း ဖန်ဝေး လုံးဝ မသိ ခဲ့ချေ။

သူတွက်သည်မှာ ...

မိန်းမချောလေး လေပွေကျွန်းရှိ ဘွားဘွား ဝန့်ထံသို့ရောက် သွားမည်။

မိမိပေးခိုင်းသောသိုင်းကျမ်းကို ဘွားဘွားဝန်အား ပေးမည်။

လျှို့ဝှက်သိုင်းကျမ်းရသွားသည်နှင့် လေပွေကျွန်းတွင် အတွင်းဒဏ်ရနေသည့် ဘွားဘွားဝန် ဝေဒနာမှ သက်သာပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကင်းသွားမည်။

လေပွေကျွန်းတွင် ဘွားဘွားဝန်နှင့် မိန်းမချောလေးတို့ ချစ်ခင်စွာရှိနေကြပြီး ဘွားဘွားဝန်က မိန်းမချောလေးအား လျှို့ဝှက်သိုင်းကျမ်းမှ သိုင်းပညာများကိုသင်ပေးလိမ့်မည်ဟု ဖန်ဝေး တွက်ဆယုံကြည်ထားသည်။

တကယ်တွင်မူ ...

ဖန်ဝေးတွက်ဆတွေးထင်ထားသလို ဖြစ်လာခြင်းမရှိ။

ဖန်ဝေး အမျိုးမျိုးစဉ်းစားပြီး မြင်းကို ဖနောင့်နှင့် ဆတ်ခနဲပေါက်ကာ ရှေ့ခရီး ထွက်လာခဲ့သည်။

ဤသို့ဖြင့် ...

မြစ်ကမ်းအတိုင်း ဖန်ဝေး မြင်းစီးကာ ခရီးနှင်လာခဲ့လေသည်။

ဖန်ဝေး ခရီးနှင်လာခဲ့သည်မှာ မိုးပင်ချုပ်စပြုချေပြီ။

ဖန်ဝေး တောပင့်ကူနီအဆိပ်အကြောင်း တွေးမိလာပြန်သည်။

ထိုပင့်ကူနီအဆိပ်ဖြင့် လူသားများကို ဆက်လက် ဒုက္ခပေးနေမည်ကို ဖန်ဝေးစိုးရိမ်မိသည်။

တိန်လွှာထိန်လူ့ခွစာကြီး ဝေးယွင်က မည်သည့်အတွက်



ကြောင့် အဆိပ်ပြင်းထန်သည့် တောပင့်ကူနီများကို မွေးထားရသနည်း။

တစ်ဖန် ...

မိန်းမချောလေး၏နာမည် မည်သူနည်း။

သူမ၏နောက်ကြောင်းရာဇဝင်နှင့် ဇာစ်မြစ်ကို မိမိဖော်ထုတ်ရပေဦးမည်။

ဖန်ဝေး စိတ်ကူးကိုရပ်ကာ ရှေ့တွင်မြင်နေသည့် တောင်ကုန်းတစ်ခုဆီသို့ မြင်းနှင့်ဒုန်းစိုင်းသွားနေသည်။

မကြာမီ ...

တောင်ကုန်းအောက်ခြေသို့ ဖန်ဝေးရောက်ခဲ့သည်။

တောင်ကုန်းတစ်ဝိုက် လူသံသူသံမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေသည်။

တောင်ကုန်းအောက်ခြေသို့ ဖန်ဝေးရောက်လာချိန်တွင် နေလုံး လုံးဝကွယ်ပျောက်သွားပြီဖြစ်၍ ဖန်ဝေးတစ်ညတာ အိပ်စက်အနားယူရန် နေရာရှာတော့သည်။

သိပ်မကြာလိုက် ...။

အလွန်တရာကြီးမားသော သစ်ပင်ကြီးတစ်ပင်တွေ့၍ မြင်းပေါ်မှဆင်းကာ မြင်းကို မလှမ်းမကမ်းရှိ သစ်ပင်လေးတွင်

www.burmeseclassic.com

www.burmeseclassic.com



အသေအချာ ချည်နှောင်လိုက်၏။

ပြီးသည်နှင့် ...

ဖန်ဝေးကြီးမားလှသော သစ်ပင်ကြီးပေါ်တက်ကာ တစ်ညတာ အိပ်စက်အနားယူလိုက်ပေတော့သည်။

*



ဖန်ဝေး အိပ်စက်နေရာမှ နိုးလာသောအခါ မိုးလင်းစပြုနေပြီဖြစ်၍ သစ်ပင်ကြီးပေါ်မှဆင်းကာ ရှေ့ခရီးဆက်ရန် စီစဉ်လိုက်၏။

ခပ်လှမ်းလှမ်းတွင် ချည်နှောင်ထားသော မြင်းကို ကြိုးဖြည်၍ ဖန်ဝေး တောင်ကုန်းလမ်းအတိုင်း ခရီးဆက်လာခဲ့သည်။

ရေနွေးတစ်အိုးဆူခန့်အကြာတွင် တောင်ကုန်းအလွန် တြိဂံသဏ္ဌာန်ရှိသည့် တောင်သုံးလုံးသဏ္ဌာန်ကို ဖန်ဝေးတွေ့မြင်လိုက်ရသည်။

ရှေ့မြင်နေရသော တြိဂံသဏ္ဌာန်ရှိသော တောင်သုံးလုံးရှိရာသို့ မြင်းကိုစိုင်းနှင်လာရာ မကြာမီတောင်သုံးလုံးအဝင်လမ်းသို့ ဖန်ဝေးရောက်လာခဲ့သည်။

လမ်းအဝင်တွင် ကျောက်မှတ်တိုင်တစ်ခုကို တွေ့ရ၏။

ကျောက်မှတ်တိုင်တွင် ထွင်း၍ရေးသားထားသော စာလုံးလေးလုံးကြောင့် ဖန်ဝေး ရုတ်တရက် လန့်ဖျပ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'အရိုးစုကျွန်း'

ဖန်ဝေး ထိုကျောက်မှတ်တိုင်လေးကိုကြည့်ကာ ကြက်သီးတဖျန်းဖျန်းထကာ ရှေ့ဆက် လက်ဝင်သွားသည်။

တြိဂံသဏ္ဍာန် တောင်သုံးလုံးအလယ်တွင်မှ ဖြူဖွေးနေသော အရိုးစုများကို ဖန်ဝေး မြင်းပေါ်မှလှမ်းမြင်ရ၏။

အရိုးစုကျွန်းဆိုသည့်အတိုင်း တွေ့မြင်ရသည့်မြင်ကွင်းနှင့် လိုက်ဖက်ညီလှသည်။

ထိုစဉ် တောင်သုံးလုံးအနက် အလယ်တောင်ကုန်းမှ ရယ်မောသံတစ်သံ ထွက်ပေါ်လာသည်။

ဖန်ဝေး ရယ်သံလာရာ တောင်ကုန်းဆီသို့ မော့ကြည့်လိုက်ရာ လူရိပ်လူယောင်ပင်မတွေ့ရ။

ထို့ကြောင့် ...

နောက်ကျောတွင် လွယ်ထားသော ခုနစ်ပေါက်မားရှည်ကို ဆွဲဖြုတ်ယူ၍ အလယ်တောင်ကုန်းပေါ်သို့ကြည့်ကာ လှမ်းမေးလိုက်သည်။

"ဘယ်လိုပုဂ္ဂိုလ်များ ရောက်ရှိနေပါသလဲ၊ နာမည်ဘယ်လိုခေါ်ပါသလဲ"

ဖန်ဝေးသုံးကြိမ်တိုင်တိုင် ဆက်တိုက်မေးသော်လည်း ပြန်



လည်ဖြေကြားသံ ပေါ်မလာ။

ဖန်ဝေး ဆက်လက်၍အော်မေးပြန်သည်။

"တေလေဂိုဏ်းချုပ်ကြီးမာစွမ်းစီလား၊ နီယာမကိုယ်တော်ကြီးလား"

ဖန်ဝေးအော်ဟစ်မေးမြန်းသံကြောင့် တောင်သုံးလုံးတွင် ပဲ့တင်ရိုက်သွားသော်လည်း ပြန်လည်ဖြေကြားသံ လုံးဝထွက်ပေါ်လာခြင်းမရှိ။

ထို့ကြောင့် ...

ဖန်ဝေး ကိုယ့်ဖော့ပညာသုံးကာ အသံထွက်ပေါ်လာရာ အလယ်တောင်ကုန်းပေါ်သို့ ပြေးလွှားတက်သွားသည်။

တောင်ကုန်းပေါ်ရောက်သည်နှင့် ဖန်ဝေး အော်ဟစ်မေးလိုက်ပြန်သည်။

"ခုနက ရယ်မောလိုက်တဲ့ပုဂ္ဂိုလ်ဟာ အဖြူရောင်လား၊ အမည်းရောင်လား"

ထိုစဉ် ...

တောင်ကုန်းတစ်နေရာရှိ ကျောက်ဂူကြီးတစ်ခုအတွင်းမှ သဘောကျစွာရယ်မောသံထွက်ပေါ်လာပြီး စကားသံထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူခိုးလေး ... မင်းလာတာ နောက်ကျနေပြီကွ"

"ခင်ဗျား ... ကျုပ်ကို ဘာကြောင့် သူခိုးလို့ခွပ်စွဲရတာလဲ ဗျ"

ထိုသူမှာ ကျောက်ဂူကြီးထဲတွင် ပိတ်မိနေဟန်တူသည်။

ထို့ကြောင့် စိတ်တိုနေဟန်လည်းရှိ၏။

ဂူထဲမှ အသံထွက်ပေါ်လာပြန် သည်။

"မင်း ... ဘယ်လောက်အစွမ်းရှိလို့ ဒီအရိုးစုကျွန်းကို လာရဲတာလဲ၊ ငါ ဂူထဲကထွက်လာခဲ့ရင် မင်း သက်သာမှာမဟုတ်ဘူး"

ဖန်ဝေး ရယ်လည်းရယ်ချင်၊ စိတ်လည်းတိုမိ၏။

သို့သော် ...

ဒေါသကိုချုပ်တည်းကာပြန်လည်ပြောလိုက်သည်။

"ကျုပ်က ဘယ်သူ့ကိုမှ ဒုက္ခပေးခဲ့တာမဟုတ်ဘူး၊ ဘာဖြစ်လို့ ခင်ဗျား ဒါလောက်စိတ်တိုနေရတာလဲ"

"ငါ ဘာကြောင့် စိတ်တိုနေရတာလဲ သိချင်ရင် မင်း ငါ့ကို ဂူကြီးထဲက လွတ်အောင်လုပ်ပေးပြီးမှ မေးရင် ပိုကောင်းလိမ့်မယ်"

ဂူထဲမှလူ၏စကားကြောင့် ဖန်ဝေး စဉ်းစားမိသည်။

ဤလူအားချုပ်နှောင်ဖမ်းဆီးထားခဲ့သူသည် အဖြူရောင်သိုင်းသမားလား ...၊



သို့မဟုတ် ...

အမည်းရောင်သိုင်းသမားလား ...။

အချုပ်ခံရသည့်လူ လူဆိုးလား၊ လူကောင်းလား။

ဖန်ဝေး စဉ်းစားနေစဉ် ဂူကြီးထဲမှလူ၏အသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"ချာတိတ် ... မင်း တကယ်လို့ ငါ့ကိုကယ်နိုင်မယ်ဆိုရင် မင်းကိုငါ တပည့်အဖြစ်လက်ခံပြီး သိုင်းပညာတွေသင်ပေးမယ် ... ဘယ်လိုသဘောရသလဲ"

"ခင်ဗျား သိုင်းပညာသင်ပေးတာ၊ သင်မပေးတာက အကြောင်းမဟုတ်ပါဘူး၊ ကျုပ်တတ်နိုင်ရင် ဘယ်လိုဒုက္ခရောက်နေတဲ့ သူမဲဖြစ်ဖြစ် ကယ်မှာပါပဲ"

"အေး ကောင်းပြီ ... ငါသာ ဒီကျောက်ဂူကြီးထဲက ထွက်နိုင်ရင် ငါ့ကို ဘယ်သူမှမယှဉ်နိုင်တော့ဘူး၊ ငါ ဒီကျောက်ဂူကြီးထဲမှာ အချုပ်နှောင်ခံနေရတဲ့ ရက်ပိုင်း၊ နှစ်ပိုင်းတွေမှာ ငါကိုယ်တိုင် တီထွင်ထားတဲ့ အစွမ်းထက်သိုင်းပညာတွေ ငါတတ်ထားတယ် ...

မင်း ... ငါ့ကိုသာ ဆရာတင်ပေတော့၊ နောက် ငါ့မှာ အတွင်းအားတိုးပွားစေတဲ့ ဆေးသုံးလေးမျိုးလည်းရှိနေတယ်၊ အဲဒီဆေးတွေ မင်းသောက်ပြီး သိုင်းပညာလေ့ကျင့်လိုက်မယ်ဆိုရင် မင်း

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်မိုးအောက်တစ်ယောက်ဘွဲ့ရ သိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်လာနိုင်တယ်”

ဖန်ဝေးမှာ ဆောင်ရွက်စရာတာဝန်များ ကျန်ရှိနေသေးသည်။

ထို့ကြောင့် ...

ဂူကြီးထဲမှလူကြီးအား မိမိက ဆရာအဖြစ် အသိအမှတ်ပြုရပေဦးမည်။

ဘွားဘွားဝန်ရှိနေသည့် လေပွေကျွန်းသို့လည်း ဖန်ဝေး သွားရပေဦးမည်။

ဂူကြီးထဲမှလူအား ဆရာတင်ရန် မိမိ၏ ကျေးဇူးရှင်ဖြစ်သူ ဘွားဘွားဝန်ကိုမေးရပေဦးမည်။

ဖန်ဝေး အမျိုးမျိုးစဉ်းစားပြီး ဂူကြီးထဲမှလူအား ပြန်ဖြေလိုက်၏။

“ကျုပ် ခင်ဗျားကို ဆရာတင်ဖို့တော့ လိုမယ်မထင်သေးဘူး၊ ဒါပေမဲ့ ခင်ဗျားကို ကယ်တင်နိုင်ဖို့ အခွင့်အရေးရတာနဲ့ တစ်ပြိုင်နက် ဆက်ဆက်လာကယ်ပါ့မယ်”

ဖန်ဝေး၏စကားကို ဂူကြီးထဲမှလူကြီး သဘောကျစွာ တဟားဟား ရယ်မောလိုက်ရင်း ...



“ဟား ဟား ဟား ... မင်း ငါ့ကို ဆရာမတင်တာလည်း ကောင်းပါတယ်၊ ဒါကတော့ မင်းသဘောပါပဲ”

“ဒါဆိုလည်း ကျုပ် ခင်ဗျားကို ကျေးဇူးတင်ပါတယ်”

ဖန်ဝေး ပြောသာပြောရသည် ... မိမိ၌ သိုင်းပညာပြည့်စုံသေးသည်မဟုတ်။

ထို့ကြောင့် ...

မိမိဆောင်ရွက်ရမည့် တာဝန်များမှာ ခက်ခဲကြမ်းတမ်းသော တာဝန်များဖြစ်နေသည်။

ထို့ကြောင့် ...

ဖန်ဝေး စိတ်တစ်မျိုးပြောင်းကာ အခါအခွင့်သင့်တုန်း ဂူကြီးထဲမှ လူထူးဆန်းကြီးထံတွင် မပြီးဆုံးသေးသည့် သိုင်းပညာများကို ဆက်လက်သင်ကြားရန် ဆုံးဖြတ်လိုက်တော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

မိန်းမချောလေး ယွဲ့ရန်ဟုန် ...

တစ်ချိန်က ...

ရှပ်ဆိုးအကျည်းတန်သော သားရေမျက်နှာဖုံးကို စွပ်ထားသဖြင့် အကျည်းတန်မ,အဖြစ် ရပ်တည်ခဲ့ရသူ။

ထို့ပြင် ...

သွေးလက်ဝါးဂိုဏ်းချုပ်၏အထူးအားထား အရေးပေးခံရသူလေးလည်း ဖြစ်သည်။

မကောင်းမှုဒုစရိုက်လုပ်ငန်းများကျွမ်းသော မွေ့လျော်သူလည်း ဖြစ်၏။

နောက်ပိုင်း ဖန်ဝေးနှင့်တွေ့ကာ ဖန်ဝေး၏စည်းရုံးသိမ်းသွင်းမှုကြောင့် ယွဲ့ရန်ဟုန် အမြင်မှန်တရားရကာ လမ်းမှန်သို့ရောက်လာခဲ့သည်။

လမ်းမှန်သို့ရောက်လာသည့်အတွက် မိမိမှားခဲ့သမျှ အပြစ်



များပြေပျောက်စေရန် ရောက်ရာအရပ်တွင် အများကောင်းကျိုးအတွက် အလုပ်များကိုသာ လုပ်ဆောင်ခဲ့သည်။

ယခုလည်း ...

မိမိ၏ချစ်သူဖန်ဝေး၏တာဝန်ပေးချက်အရ လေပွေကျွန်းတွင်ရှိနေသည့် ဘွားဘွားဝန် အသက်ရှင်သန်နိုင်ရေးအတွက် ခရီးထွက်လာခဲ့ခြင်းဖြစ်သည်။

ခွန်းလွန်ဂိုဏ်းမှ လျို့ကိသိုင်းကျမ်းကို ကိုယ်တွင်းတစ်နေရာတွင် လုံခြုံအောင်သိမ်းဆည်းထားပြီး လေပွေကျွန်းရှိရာဘက်သို့ ယွဲ့ရန်ဟုန် ခရီးနှင်လာခဲ့သည်။

ယွဲ့ရန်ဟုန် သစ်တောထဲမှ အဘွားကြီး၏လမ်းညွှန်ပြသပေးမှုကြောင့် လေပွေကျွန်းရှိရာသို့ ချောချောမောမောရောက်လာခဲ့သည်။

ယွဲ့ရန်ဟုန် လေပွေကျွန်းရှိရာ ကမ်းစပ်တစ်နေရာသို့ ရောက်လာခဲ့သည်။

ထို့နောက် ...

ရေလယ်တွင်ရှိနေသော ကျွန်းကြီးတစ်ကျွန်းကိုကြည့်ရင်း ထိုကျွန်းမှလေပွေကျွန်းဖြစ်ရမည်ဟု ယွဲ့ရန်ဟုန် သိရှိလိုက်၏။

ကမ်းစပ်တစ်ဝိုက် လှည့်ပတ်ကြည့်ရှုလိုက်ရာ တစ်နေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



လှေငယ်တစ်စင်း အသင့်ရှိနေသည်ကို တွေ့လိုက်ရသည်။

ထိုလှေငယ်ဖြင့် လေပွေကျွန်းရှိရာသို့ ယွဲ့ရန်ဟုန်လှော်ခတ်လာခဲ့၏။

လေပွေကျွန်းနှင့်နီးလာလေလေ အတန်ငယ်ပြင်းထန်သည့် လေပွေများ တိုက်ခတ်ခြင်းကို ယွဲ့ရန်ဟုန်ခံနေရ၏။

၎င်းရေထဲမှ ဝဲကတော့ပုံသဏ္ဌာန် ရေဝဲကြီးထလာသည်ကိုလည်း ယွဲ့ရန်ဟုန် သတိပြုမိလိုက်သည်။

ရေဝဲကြီးလည်ပတ်ပုံမှာ လျင်မြန်သွားလှသဖြင့် ထိုရေဝဲထဲသို့သော လှေငယ်လေးကျရောက်သွားပါက မိမိအသက်ရှင်ရေး မလွယ်။

သို့သော် ...

ယွဲ့ရန်ဟုန်မှာ ခုနစ်ရောင်ဆေးမြစ်ကို စားထားသဖြင့် အတွင်းအား အတန်အသင့်တိုးတက်ကောင်းမွန်နေ၏။

ထို့ကြောင့်လည်း လေပွေက ကျွန်း၏ကြောက်မက်ဖွယ်ရာ ရေဝဲကြီးကို ကျော်ဖြတ်လာနိုင်ခဲ့သည်။

ယခုမူ ...

ဖန်ဝေးပြောပြသည့်အတိုင်း လေပွေကျွန်း၏ကြောက်မက်ဖွယ်ရာ လေပွေလှိုင်းဒဏ်များ၊ ရေဝဲကြီးဒဏ်များကို ယွဲ့ရန်ဟုန် တွေ့



ကြုံခံစားနေရ၏။

သူမ အခက်အခဲအမျိုးမျိုးကြားမှ လေပွေကျွန်းပေါ်သို့ ခြေချလာနိုင်ခဲ့ပြီဖြစ်သည်။

လေပွေကျွန်းပေါ်ရောက်ရောက်ချင်း ပြင်းထန်လှသည့် လေပွေတိုက်ခတ်ခြင်းကိုခံရပြန်သည်။

ယွဲ့ရန်ဟုန် ပြင်းထန်သောလေတိုက်ခတ်သံများကြားမှ ဘွားဘွားဝန် ၏နာမည်ကို အသံကုန်ဟစ်ခေါ်လိုက်၏။

"ဘွားဘွားဝန်"

"ဘွားဘွားဝန်အတွက် ကျွန်မအဖိုးတန်သိုင်းကျမ်းတစ်ဆူ လာပို့ပါတယ်"

ယွဲ့ရန်ဟုန်အခေါ်ရပ်ကာ ဘွားဘွားဝန်၏အသံကို နားစွင့်နေလိုက်သည်။

ထိုစဉ် ...

လူနာညည်းသံလိုလို၊ ငိုသံလိုလို အသံသဲ့သဲ့ကိုကြားလိုက်ရ၏။

"အင့် ... အင့် ... ဟီး ... ဟီး"

လူနာတစ်ယောက်၏ ညည်းသံသဲ့သဲ့ကို ယွဲ့ရန်ဟုန်ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လူနာညည်းသံကြားရသော်လည်း ယွဲ့ရန်ဟုန် တုန်လှုပ်ချောက်ချားခြင်းမဖြစ်မိ။

ထိုကျွန်းတွင် အတွင်းဒဏ်ရာရထားသည့် အဘွားကြီးတစ်ယောက်ရှိကြောင်း ဖန်ဝေးပြောပြထားသဖြင့် ယွဲ့ရန်ဟုန် ကြိုတင်သိရှိခဲ့သည်။

လူနာညည်းသံမှာ ပြင်းထန်သော လေတိုက်သံများကြားမှ တိုးတိုးလေးထွက်ပေါ်လာနေသော်လည်း ပျောက်ကွယ်သွားခြင်းမရှိ။

ညည်းသံမှာ လေပွေကျွန်းပေါ်ရှိ အိပ်ခန်းတစ်ခန်းထဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

မိန်းမချောလေး ယွဲ့ရန်ဟုန်မှာ ကြားနေရသော ညည်းညူသံအပေါ် အနည်းငယ်သံသယစိတ်များ ဝင်နေမိ၏။

လေပွေကျွန်းပေါ်မှ ဘွားဘွားဝန် အတွင်းဒဏ်ရနေသည်မှာ လွန်ခဲ့သည့် သုံးလကျော် လေးလခန့်က ဖြစ်၏။

ယခုချိန်ထိ ထိုလူနာမှာ ညည်းညူနေသောအင်အားများရှိနေသည့်အတွက်လည်း ယွဲ့ရန်ဟုန် အံ့သြနေမိခြင်းဖြစ်သည်။

အမှန်တွင်မူ ယွဲ့ရန်ဟုန်နှင့်ဘွားဘွားဝန်တို့မှာ သစ်တောတစ်နေရာတွင် တွေ့ဆုံခဲ့ပြီးဖြစ်သည်။



သို့သော် ...

လျှို့ဝှက်သိုင်းကျမ်းထည့်ထားသည့် သေတ္တာလေးကိုဖွင့်ရာတွင် နည်းမျိုးစုံကိုသုံးသော်လည်း မအောင်မြင်ခဲ့။

ယွဲ့ရန်ဟုန်ကလည်း သံသေတ္တာလေးဖွင့်နည်းကို မသိ၍ မပြောပြနိုင်ခဲ့။

သို့ရာတွင် ...

အဘွားကြီးက မိမိမှာ ဘွားဘွားဝန်မဟုတ်၍သာ ယွဲ့ရန်ဟုန်က သံသေတ္တာလေးဖွင့်နည်းကို မပြောဟုထင်နေသည်။

ထို့ကြောင့် ...

လေပွေကျွန်းကိုသွားရာ လမ်းခရီးကို ညွှန်ပေးလိုက်ပြီး အဘွားကြီးကမူ လေပွေကျွန်းသို့အရင်ရောက်အောင်လာခဲ့ပြီး ယွဲ့ရန်ဟုန်အလာကို စောင့်နေခြင်းဖြစ်သည်။

လေပွေကျွန်းမှ မိမိအား ဘွားဘွားဝန်အဖြစ် ယွဲ့ရန်ဟုန် မြင်တွေ့ခဲ့ပါက သံသေတ္တာဖွင့်နည်းကို ယွဲ့ရန်ဟုန်က ပြောပြလိမ့်မည်ဟု ဘွားဘွားဝန်ထင်မှတ်ထား၏။

ဤအတွေးများဖြင့် ဘွားဘွားဝန်မှာ အတွင်းဒဏ်ရနေသည့် လူတစ်ဦးပမာ ဟန်ဆောင်ကာ ကျောက်အိမ်လေးထဲတွင် ညည်းနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်မှာ နဂိုက မှတ်ဉာဏ်နှင့် ဖြတ်ထိုးဉာဏ်ကောင်းသူဖြစ်၏။

တောတွင်းတစ်နေရာ ကျောက်ဂူတစ်ခုအတွင်း တစ်စုံတစ်ယောက်သောသူ၏လုပ်ကြံခြင်းကိုခံရသဖြင့် ဦးခေါင်းတွင် ဒဏ်ရာရခဲ့သည်။

ထိုဒဏ်ရာကြောင့် ယွဲ့ရန်ဟုန် အတိတ်မေ့သည့်ဝေဒနာ တစ်ရပ် စွဲကပ်ခဲ့သည်။

သို့သော် ...

ပင်ကိုဗီဇစရိုက်၏ မှတ်ဉာဏ်နှင့်ဖြတ်ထိုးဉာဏ်ကောင်းမှုကြောင့် ညည်းညူသံရှင် အဘွားကြီးအား သင်္ကာမကင်း ဖြစ်နေမိခြင်းပင်။

ဖန်ဝေး ဤလေပွေကျွန်းမှ ထွက်ခွာသွားပြီးနောက် ဘွားဘွားဝန်ဆိုသည့် အဘွားကြီးအား တစ်စုံတစ်ယောက်က လုပ်ကြံသတ်ဖြတ်၍ ဟန်ဆောင်နေခြင်းလောဟု ယွဲ့ရန်ဟုန်တွေးမိသည်။

ယွဲ့ရန်ဟုန် သံသယစိတ်ကြောင့် တစ်ခုခုလုပ်ရန် ဆုံးဖြတ်လိုက်၏။

ဆုံးဖြတ်ချက်မှာ တခြားမဟုတ်။

အဘွားကြီးရှိနေသည့် ကျောက်အိမ်လေး၏အပြင်နံရံတွင်



ကပ်ကာ အသာ အခြေအနေကြည့်ရန်ပင် ဖြစ်သည်။

ဘွားဘွားဝန်မှာ လေပွေကျွန်းရှိ ကျောက်အိမ်လေးထဲသို့ ယွဲ့ရန်ဟုန်ထက် နှစ်ရက်ခန့်စော၍ရောက်နေသည်။

ယနေ့ လေပွေကျွန်းသို့ ယွဲ့ရန်ဟုန်ရောက်ရှိလာမည်ကိုလည်း ဘွားဘွားဝန် ကြိုတင်သိရှိနေသည်။

သို့သော် ...

မိမိ၏ညည်းညူသံကို ယွဲ့ရန်ဟုန်သံသယဖြစ်မည်ဟု ဘွားဘွားဝန်မထင်ခဲ့။

ဘွားဘွားဝန်သည် ယွဲ့ရန်ဟုန် မိမိ၏ ကျောက်အိမ်အပြင်ဘက် နံရံဘေးရောက်နေသည်ကိုမူ မသိရှိသေး။

အဘယ်ကြောင့်ဆိုသော် လေပွေကျွန်း၏လေတိုက်ခတ်မှုနှင့် ယွဲ့ရန်ဟုန်၏ကိုယ်ဖော့ပညာကောင်းမှုတို့ကြောင့် ဖြစ်သည်။

ထို့ကြောင့် ...

ဘွားဘွားဝန် ဟန်ဆောင်ညည်းညူနေရာမှ တစ်စုံတစ်ခုကို သဘောကျသည့်အလား ဟားတိုက်ရယ်မောလိုက်၏။

"ဟင်း ဟင်း ... ဟီး ဟီး ... ဟား ဟား"

ယွဲ့ရန်ဟုန် ရုတ်တရက် အဘွားကြီး၏ရယ်သံကြောင့် လန့်ဖျပ်သွားသည်။

www.burmeseclassic.com



ဤရယ်သံမျိုး ယွဲ့ရန်ဟုန် မကြာမီရက်ပိုင်းအတွင်းက ကြားခဲ့ရဖူးသည်။

ထိုရယ်သံရှင်ကြောင့်ပင်မိမိမှာဒဏ်ရာ အနာတရဖြစ်ခဲ့ရ၏။

ရယ်သံရှင်မှာ မိမိအား မကြာမီရက်ပိုင်းအတွင်းက နိုပ်စက်ညှဉ်းပန်း၍ လေပွေကျွန်းရှိရာသို့ လမ်းညွှန်ပေးလိုက်သူ အဘွားကြီးဖြစ်မှန်းယွဲ့ရန်ဟုန် သိရှိရပ်စားမိလိုက်သည်။

သူမ သတိနှင့်လှုပ်ရှားခဲ့၍သာ တော်တော့သည်။

"ဘုရား ဘုရား ... ငါ သတိရှိလို့သာ တော်တော့တယ်၊ တကယ်လို့ အမှုမဲ့အမှတ်မဲ့သာ ဝင်သွားခဲ့ရင် ငါ အဘွားကြီးလက်ထဲ တန်းရောက်သွားမှာပဲ"

ယွဲ့ရန်ဟုန် ဤသို့စဉ်းစားပြီးနောက် ကျောက်အိမ်လေးဘေးရှိ ပြတင်းပေါက်နားသို့ အသာတိုးကပ်လျှောက်လှမ်းသွားသည်။

ပြတင်းပေါက်မှ အသာချောင်းကြည့်လိုက်သောအခါ မိမိနှင့်သစ်တောထဲတွင်တွေ့ခဲ့ရသည့် အဘွားကြီးမဟုတ်မှန်း သတိထားမိလိုက်သည်။

သို့သော် ...

ရုပ်ဖျက်ထားလျှင်လည်းဖြစ်နိုင်ကြောင်း တစ်ဆက်တည်းစဉ်းစားမိလိုက်၏။



အဘွားကြီး၏အမူအရာနှင့် လှုပ်ရှားပုံနှင့် အတွင်းအဏ်ရနေသည့် လူနာတစ်ဦးနှင့်မတူဘဲ အကောင်းပကတိအတိုင်းရှိနေကြောင်းကိုပါ ယွဲ့ရန်ဟုန် သတိထားမိလိုက်သည်။

ဘွားဘွားဝန်မှာ စောင့်ရင်းစောင့်ရင်း စိတ်မရှည်နိုင်တော့ဘဲ ပါးစပ်မှ တတွတ်တွတ်ပြောဆိုရေရွတ်နေသည်။

ယွဲ့ရန်ဟုန် အဘွားကြီး၏ရေရွတ်သံကို ပီပီသသကြားနိုင်ရန် ပြတင်းပေါက်ပေါ်သို့ ခြေဖျားထောက်၍နားထောင်လိုက်သည်။

ထိုစဉ် ...

ဘွားဘွားဝန် အပြင်တွင် သူစိမ်းတစ်ဦးရောက်နေမှန်း သိလိုက်ရ၍ လှမ်းအော်မေးလိုက်သည်။

"ဟိတ် ... အပြင်က ဘယ်သူလဲ"

အဘွားကြီး မိမိရောက်နေမှန်း သိလိုက်ရသဖြင့် ယွဲ့ရန်ဟုန် လန့်ဖျပ်ကာ နောက်သို့ခုန်ဆုတ်လိုက်၏။

ဘွားဘွားဝန်က ပြန်လည်ဖြေကြားသံမကြားရ၍ ပြတင်းပေါက်ရှိရာဘက်သို့ လက်ဝါးစုံထုတ်၍ ရိုက်ထည့်လိုက်သည်။

'ဝုန်း'

ပြင်းထန်သော လက်ဝါးရိုက်ချက်ဒဏ်ကြောင့် ပြတင်းပေါက်မှာ ကြေမွပျက်စီးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ရန်ဟုန်နောက်ဆုတ်မြန်၍သာ သက်သာခြင်းဖြစ်၏။

အဘွားကြီး၏အတွင်းအားမှာ အလွန်ကောင်းမွန်တိုးတက်နေကြောင်း ယွဲ့ရန်ဟုန် သိရှိလိုက်၏။

ပျက်စီးကြေမွသွားသည့် ပြတင်းပေါက်မှအဘွားကြီး ကိုယ်ဖော့ပညာသုံးကာ ထွက်လာခဲ့သည်။

ချက်ချင်းဆိုသလိုပင် ဘွားဘွားဝန် ယွဲ့ရန်ဟုန်ရှေ့သို့ ရောက်လာခဲ့၏။

ယွဲ့ရန်ဟုန်ကမူ နောက်သို့ဆက်တိုက်ဆုတ်ပေးနေရသည်။

အဘွားကြီးကမူ ယွဲ့ရန်ဟုန်အားကြည့်ကာ မသိချင်ဟန်ဆောင်၍ မေးလိုက်၏။

"ချာတိတ်မ ..., နင် ဘယ်သူလဲ"

ယွဲ့ရန်ဟုန်ကလည်း အဘွားကြီး မိမိအား မသိချင်ဟန်ဆောင်မှန်းသိ၍ မိမိကလည်း ပြန်လည်ဟန်ဆောင်ပြောလိုက်၏။

"လေမွှေကျွန်းက ဘွားဘွားဝန်ဆီကို လက်ဆောင်ပစ္စည်းလူကြုံပါးလိုက်လို့ပါ ... ဒါနဲ့ ရှင်က ဘယ်သူလဲ"

"လူကြုံပါးလိုက်တဲ့ လက်ဆောင်ပစ္စည်းကို ထားခဲ့၊ ဘွားဘွားဝန်ဆိုတာ ငါပဲ"

ယွဲ့ရန်ဟုန် တမင်အချိန်ဆွဲနေလိုက်သည်။



အဘွားကြီးအား မယုံသလို ကြည့်လိုက်ပြီးမှ ...

"ရှင်က ဘွားဘွားဝန်ဆိုတာလား၊ မဟုတ်ဘဲနဲ့တော့ လက်ဆောင်ပစ္စည်းကို မယူပါနဲ့"

"ဟ ... ချာတိတ်မရဲ့ ဘွားဘွားဝန်ဆိုတာ အတုအပလုပ်လို့ရတဲ့ အစားမျိုးမဟုတ်ဘူး၊ ဘာလက်ဆောင်ပစ္စည်းလဲ၊ မြန်မြန်ထုတ်လိုက်ပါ"

"ဒီလက်ဆောင်ပစ္စည်းကို ပို့ခိုင်းလိုက်တဲ့လူက ကျွန်မကို မှာလိုက်ပါတယ် ... ဘွားဘွားဝန်ဆိုတာ သူ့ကိုအင်မတန်သံယောဇဉ်ကြီးတယ်တဲ့၊ သူ့အကြောင်းဇာစ်မြစ်ကိုပြောနိုင်တဲ့လူမှသာ ဘွားဘွားဝန်ဖြစ်တယ်လို့ မှာလိုက်ပါတယ်"

ဘွားဘွားဝန်အကြောင်းအား ဖန်ဝေးပြောပြခဲ့ဖူး၍ ယွဲ့ရန်ဟုန်သိပြီးဖြစ်သည်။

ထို့ကြောင့် ...

ဤအဘွားကြီးသည် ဘွားဘွားဝန် ဟုတ်,မဟုတ် ယွဲ့ရန်ဟုန် တမင်မေးလိုက်ခြင်းဖြစ်၏။

အဘွားကြီးက ယွဲ့ရန်ဟုန်၏စကားကို သဘောကျသွားသည့်အလား ဟားတိုက်ရယ်မောလိုက်ပြီး ...

"သြော် ... မိန်းကလေးပြောတာ ဖန်ဝေးဆိုတဲ့သူငယ်ကို

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဟုတ်တယ် ... ငါ သူ့ကိုလွှန်ခဲ့တဲ့ ခြောက်နှစ်ကျော်က ကယ်တင်ထားခဲ့ပြီး သိုင်းပညာတွေ သင်ပေးခဲ့သေးတယ်"

အဘွားကြီးစကားကြောင့် ထိုမိန်းမကြီးမှာ ဘွားဘွားဝန် ဖြစ်ကြောင်း ယွဲ့ရန်ဟုန်သိလိုက်၏။

ဘွားဘွားဝန် ထိုလက်ဆောင် ပစ္စည်းကို သူ့လက်သို့အပ်ရန် တောင်းဆိုနေသည်။

ယွဲ့ရန်ဟုန်ကလည်း အချိန်ကိုဆွဲနိုင်သမျှဆွဲ၍ ...

"ကျွန်မ သစ်တောထဲမှာ လမ်းစပျောက်သွားတဲ့အတွက် အချိန်နည်းနည်းကုန်ခဲ့တယ်၊ ဒါနဲ့ ... အစ်ကိုဖန်ဝေး ဘာကြောင့် လေပွေကျွန်းကို ခုထိရောက်မလာသေးတာလဲ"

ဘွားဘွားဝန်က ယွဲ့ရန်ဟုန်အား အကဲခတ်သလို စိုက်ကြည့်နေ၏။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန်မှာ မိမိ၏ဟန်ဆောင်မှုကို အဘွားကြီး သိသွားပြီလားဟု စိုးရိမ်နေမိသည်။

ယွဲ့ရန်ဟုန် တွေးတောနေစဉ်မှာပင် ဘွားဘွားဝန်ဆီမှ စကားသံထွက်ပေါ်လာပြန်သည်။

"ဟဲ့ မိန်းကလေး ... နင့်ဆီမှာရှိတဲ့ လက်ဆောင်ပစ္စည်း





ငါ့ကို အမြန်ထုတ်ပေးစမ်း"

ထိုအခါမှာ ...

အဘွားကြီး မိမိအား သစ်တောထဲမှ အလွယ်တကူလွှတ်ပေး၍ လေပွေကျွန်းရှိရာသို့ လမ်းညွှန်ပေးလိုက်သည့်သဘောကို ယွဲ့ရန်ဟုန် နားလည်သွားလေသည်။

"ဘွားဘွားဝန် ... အစ်ကိုဖန်ဝေးပေးလိုက်တဲ့ လျှို့ဝှက်သိုင်းကျမ်းဟာ ဘွားဘွားဝန်ရဲ့ အတွင်းဒဏ်ကို ကုသနိုင်အောင်ပေးလိုက်တာပါ"

ယွဲ့ရန်ဟုန်က ပြောပြောဆိုဆို ရင်ဘတ်ထဲတွင် လုံခြုံစွာ သိမ်းဆည်းထားသည့် လျှို့ဝှက်သိုင်းကျမ်းကို ထုတ်ယူလိုက်၏။

"ဟောဒီ သံသေတ္တာလေးထဲမှာ ဘွားဘွားဝန်အလိုရှိနေတဲ့ ခွန်းလွန်ဂိုဏ်းရဲ့ လျှို့ဝှက်သိုင်းကျမ်းရှိနေပါတယ်၊ ကဲ ... ဘွားဘွားဝန် ယူပေတော့"

ပြောပြောဆိုဆို ယွဲ့ရန်ဟုန်က ရင်ဘတ်ကြားထဲမှ လျှို့ဝှက်သိုင်းကျမ်းထည့်ထားသော သံမဏိသေတ္တာလေးကိုထုတ်ယူ၍လှမ်းပေးလိုက်သည်။

ဘွားဘွားဝန်မှာ ယွဲ့ရန်ဟုန်လှမ်းပေးသော သံသေတ္တာလေးကို လှမ်းမယူသေးဘဲ မေးနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီသံသေတ္တာလေးထဲက လျှို့ဝှက်သိုင်းကျမ်းကို ဘယ်လို ဖွင့်ယူရမှာလဲ"

"အင်း ... တကယ့်ကို ဟန်ဆောင်ကောင်းတဲ့ အဘွားကြီး ပါလား"

ယွဲ့ရန်ဟုန် ဤသို့တွေးလိုက်၏။

ထိုအချိန်တွင် ယွဲ့ရန်ဟုန်၏ ညာဘက်ဘေးတစ်နေရာမှ ရယ်မောသံတစ်သံ ထွက်ပေါ်လာသည်။

ရုတ်တရက်ထွက်ပေါ်လာသော ရယ်သံကြောင့် ယွဲ့ရန်ဟုန် အံ့သြသွားကာ ညာဘက်ဘေးသို့လှမ်းကြည့်လိုက်၏။

တစ်ဆက်တည်းမှာပင် ...

ယွဲ့ရန်ဟုန်၏ဘယ်ဘက်ဘေးတစ်နေရာမှ ရယ်သံတစ်သံ ထွက်ပေါ်လာပြန်သည်။

ရုတ်တရက် မမျှော်လင့်သောဖြစ်ရပ်ကြောင့် ယွဲ့ရန်ဟုန် ကျားပွတ်နက်ရိုက်ချက်ကို မရှောင်တိမ်းနိုင်တော့။

ယွဲ့ရန်ဟုန်လက်ထဲတွင်ဆွဲကိုင်ထားသော လျှို့ဝှက်သိုင်းကျမ်း ထည့်ထားသည့် သံမဏိသေတ္တာလေးမှာ ကျားပွတ်ရိုက်ချက်မိကာ မြေပေါ်သို့ လွတ်ကျသွားသည်။

လျှို့ဝှက်သိုင်းကျမ်းထည့်ထားသည့် သံမဏိသေတ္တာလေး



မြေပေါ်သို့ လွင့်ကျသွားသဖြင့် ယွဲ့ရန်ဟုန် ကမျာကယာ ကောက်ယူရန် ဟန်ပြင်လိုက်ရာ ...

ဒုတိယကျားပွတ်နက်နှင့် ရိုက်ချက်က ယွဲ့ရန်ဟုန်၏လက်ကို ရှေ့မှဟန့်တားဆီးကြိုကာ ရိုက်လိုက်ပြန်သည်။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန် လျှို့ဝှက်သိုင်းကျမ်းကောက်ယူရန် လက်ကို နောက်သို့ အမြန်ဆုံး ပြန်ရုပ်သိမ်းလိုက်ရသည်။

တစ်ဆက်တည်းမှာပင် ...

မြေပေါ်သို့ကျသွားသော လျှို့ဝှက်သိုင်းကျမ်းထည့်ထား သည့် သံမဏိသေတ္တာလေးအား ကျားပွတ်ရှည်က လှမ်း၍ ရစ်ပတ် လိုက်၏။

"အံမယ် ... တယ်ပြီး လွယ်လွယ်နဲ့ လိုချင်နေပါလား"

ယွဲ့ရန်ဟုန်လှမ်းကြည့်လိုက်သောအခါ မိမိ၏ အေးစိမ့်အား မြှောင်ကိုလုယူသွားသော တိမ်လွှာထိန်လူ့ခစားကြီးဝေးယွင်ဖြစ်နေ ကြောင်း အံ့သြစွာတွေ့လိုက်ရ၏။

လူ့ခစားကြီးဝေးယွင်ဘေးတွင်လည်း လူတစ်ယောက်လဲကျ နေသည်ကို တွေ့ရပြန်သည်။

လဲကျနေသူမှာ အခြားမဟုတ် ... ချီထန်ကျင့်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီထန်ကျင် မည်သူ့လက်ချက်ကြောင် ဒဏ်ရာအနာတရဖြင့် လဲကျနေရသနည်း။

လူ့ခွစာကြီးဝေးယွင် အဘယ်ကြောင့် လေပွေကျွန်းသို့ ရောက်လာရသနည်း။

ယဲ့ရန်ဟုန်ခေါင်းထဲတွင် အတွေးပေါင်းစုံတို့ဖြင့် ရှုပ်ထွေးနေ၏။

လေပွေကျွန်းမှ ဘွားဘွားဝန်က ကျားပွတ်နက်ဖြင့် လျှို့ဝှက်သိုင်းကျမ်းကို ရစ်ပတ်ယူနေသည့် လူ့ခွစာကြီးဝေးယွင်ကို ခက်ထန်စွာ လှမ်းကြည့်လိုက်သည်။

ဘွားဘွားဝန်၏မျက်လုံးအစုံမှာ ဒေါသအခိုးအငွေ့များ မီးခဲတမျှ နီရဲကာ အပြင်သို့လျှံထွက်လုမတတ် ဖြစ်နေသည်။

ယဲ့ရန်ဟုန်မှာမူ လူ့ခွစာကြီးဝေးယွင်နှင့် ကျားပွတ်ရိုက်ချက်ကို သီသီကလေးရှောင်လိုက်နိုင်သော်လည်း လုံးဝတော့လွတ်မသွား။

ကျားပွတ်ဖျားနှင့် ယဲ့ရန်ဟုန် ညာဘက်လက်တံတောင်ဆစ်တို့ အနည်းငယ်ရိုက်ခတ်မိသွားသည်။

ကျားပွတ်ရိုက်ချက်ပြင်းထန်လွန်းသဖြင့် ယဲ့ရန်ဟုန် ညာတံတောင်ဆစ်ကို ကျားပွတ်ဖျားခတ်မိသွားကာ နာကျင်လွန်းသောဝေဒနာများ ခံစားနေရသည်။



ဘွားဘွားဝန်ရှိနေသည့် လေပွေကျွန်းသို့ ရောက်လာနိုင်သူမှာ ဖန်ဝေ၊ အဘွားကြီးသန်းချုံနှင် မိမိတို့သာ ရောက်လာနိုင်စရာအကြောင်းရှိသည်။

တော်ရုံတန်ရုံလူ လေပွေကျွန်းသို့ရောက်မလာနိုင်။

စောစောက ရယ်လိုက်သောကြောင့် ယဲ့ရန်ဟုန်နှင့် ဘွားဘွားဝန်တို့အား အာရုံပြောင်းသွားအောင် ဖန်တီးရယ်လိုက်ခြင်းသာဖြစ်သည်။

ယခင်အခါများက တစ်မိုးအောက်တစ်ယောက် မဟာလူဆိုးကြီးလေးယောက်အနက် ဘွားဘွားဝန်မှာ အတွင်းအား စိုးမိုးမြင့်မားခဲ့သူဖြစ်သည်။

ထို့ကြောင့် ...

ဘွားဘွားဝန်မှာ လူဆိုးကြီးလေးယောက်အနက် နံပါတ်တစ်နေရာကို ရခဲ့ခြင်းပင်။

ချီထန်ကျင်မှာ ဘွားဘွားဝန် ဉာဏ်မြူ အတွင်းအား နက်ရှိုင်းကြောင်းမသိချေ။

ရုတ်တရက် ဘွားဘွားဝန်၏လက်ချက်ကြောင့် ချီထန်ကျင် ဒဏ်ရာအနာတရဖြစ်ကာ မြေပေါ်သို့လဲကျသွားခြင်း ဖြစ်၏။

ချီထန်ကျင်အား ဘွားဘွားဝန်က အပြီးအပိုင်လုပ်ကြံသတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ရန် ရှေ့သို့ တက်လှမ်းလာသည်။

ထိုစဉ် ...

ကျာပွတ်သံကြားလိုက်ရသဖြင့် ဘွားဘွားဝန် ချီထန်ကျင်ဘက်သို့ ဆက်လျှောက်မသွားတော့ဘဲ ကျာပွတ်သံလာရာသို့ လှမ်းကြည့်လိုက်သည်။

ဘွားဘွားဝန်လက်ထဲတွင် ခုနစ်ပေါက်ဓားကြီးနှင့် ငွေရောင်တုတ်ကောက်တို့က အဆင်သင့်ရှိမနေ။

ယခုလည်း လျှို့ဝှက်သိုင်းကျမ်းကို လူ့ခွစာကြီးဝေးယွင်ရရှိသွားလေပြီ။ မိမိ သွားရောက်လုယူရန် မဖြစ်နိုင်တော့။

လျှို့ဝှက်သိုင်းကျမ်းလုယူသွားသူမှာ တိမ်လွှာထိန် လူ့ခွစာကြီး ဝေးယွင်မှ ဟုတ်ရဲ့လားဟု ဘွားဘွားဝန် သံသယဖြစ်မိ၏။

လူ့ခွစာကြီးဝေးယွင် လျှို့ဝှက်သိုင်းကျမ်းယူနေစဉ် ဘွားဘွားဝန်က လက်ဝါးဖြင့် လှမ်း၍ရိုက်နှက်တားဆီးသော်လည်း အချိန်မမီတော့။

ဘွားဘွားဝန်၏ကိုယ်ဖော့ပညာ အလွန်ကောင်းသော်လည်း လူ့ခွစာကြီးဝေးယွင်ကို မမီတော့ချေ။



လူ့ခွစာကြီးဝေးယွင်နှင့် ချီထန်ကျင်တို့ လေပွေကျွန်းသို့ ရောက်လာရခြင်းမှာ ယွဲ့ရန်ဟွန်လက်ထဲမှ လုယူခဲ့သော အေးစိမ့်ဓားမြှောင်သည် အလွန်တန်ဖိုးရှိသော ဓားတစ်လက်ဖြစ်သည်။

ဤဓားကို သိုင်းလောကမှ လူနည်းစုသာသိရှိကြသည်။

အများစုကမူ သိရှိခြင်းမရှိ။

ထိုဓားမြှောင်ဖြင့် တိုက်ခိုက်ပါက မည်သည့်အရာမဆို ခံနိုင်ခြင်းမရှိ အကုန်ဖြတ်တောက်နိုင်သည်။

အနက်ရောင်သိုင်းသမားများသည် ထိုဓားမြှောင်ကို အနှံ့ခံလိုက်ခဲ့ကြသည်။

လူ့ခွစာကြီးဝေးယွင်မှာ သိုင်းလောကတွင် နံပါတ်တစ်ဖြစ်သူ ဘွားဘွားဝန်အား ယှဉ်ပြိုင်တိုက်ခိုက်ရန် အေးစိမ့်ဓားမြှောင်ကိုယူဆောင်၍ လေပွေကျွန်းသို့ တပည့်ဖြစ်သူ ချီထန်ကျင်နှင့် ရောက်လာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ခွစာကြီးဝေးယွင်နှင့်တပည့်ဖြစ်သူချီထန်ကျင်တို့မှာ ဘွားဘွားဝန်အား လေမွေ့ကျွန်းတစ်နေရာမှ အသာစောင့်ချောင်းမြောင်းနေသည်။

ဘွားဘွားဝန်၏ညည်းညူသံကိုလည်း ဝေးယွင်နှင့်ချီထန်ကျင်တို့ ကြားရ၏။

ဝေးယွင်သည် သူ့လက်ထဲမှ ဓားပိုင်ရှင်ယဲ့ရန်ဟုန်အား လေမွေ့ကျွန်းတွင် တွေ့လိုက်ရသောအခါ ရုတ်တရက်ငေးငိုင်သွားလေသည်။

ထို့ပြင် ...

ခွန်းလွန်ဂိုဏ်းမှ လျှို့ဝှက်သိုင်းအကြောင်း ပြောသံလည်း ကြားကြရ၏။

ယဲ့ရန်ဟုန်၏လက်ထဲတွင်လည်း သံမဏိသေတ္တာလေး တစ်လုံးကို တွေ့မြင်ရသည်။

ဘွားဘွားဝန်နှင့် ယဲ့ရန်ဟုန်တို့ စကားပြောနေကြရင်း လျှို့ဝှက်သိုင်းကျမ်းတွင် အာရုံရောက်နေကြခိုက် ဘွားဘွားဝန် လျှို့ဝှက်သိုင်းကျမ်းထည့်ထားသည့် သံမဏိသေတ္တာဖွင့်လိုက်သည်နှင့် အသေသတ်ရန် ဝေးယွင်ကြံစည်ထားသည်။

ထိုအချိန် ...



ယဲ့ရန်ဟုန်ကလည်း ဘွားဘွားဝန်အား တတ်နိုင်သရွေ့ အချိန်ဆွဲနေခိုက် ကြုံကြိုက်နေသည်။

သူမ၏အကြံမှာ ရုတ်တရက် ဖန်ဝေးရောက်လာမည်အထင်နှင့် တမင်အချိန်ဆွဲနေခြင်း ဖြစ်သည်။

လူ့ခွစာကြီးဝေးယွင် လက်ထဲတွင်အသင့်ရှိနေသည့် အေးစိမ့်ဓားမြှောင်ဖြင့် ဘွားဘွားဝန်အား ဝင်တိုက်လေသည်။

ဘွားဘွားဝန်မှာ လူ့ခွစာကြီး ဓားထိုးချက်ကိုဘေးသို့ ခုန်ရှောင်လိုက်ရင်း ဝေးယွင်အား မျက်မှောင်ကုတ်ကြည့်နေသည်။

လူ့ခွစာကြီးဝေးယွင်က ဘွားဘွားဝန်ကို အထင်သေးသောအမူအရာဖြင့် တစ်ချက်ကြည့်လိုက်ပြီး ...

"ဘယ်နှယ့် အဘွားကြီး ... ဘာလို့ရှောင်နေရတာလဲ၊ ပြန်တိုက်ပါတော့လား"

"အေးပေါ့ နင့်လက်ထဲမှာ ဓားကောင်းတစ်လက်ရှိနေတော့ နင်မြှောအားရှိနေတာပေါ့"

လူ့ခွစာကြီးကိုင်ဆောင်ထားသော ဓားမြှောင်မှာ အစိမ်းရောင်သမ်းနေသည်။

မြင်လိုက်သည်နှင့် ဓားကောင်းတစ်လက်ဖြစ်ကြောင်းသိနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေးယွင် ဒုတိယဓားကွက်တစ်ကွက် ဆင်လိုက်ပြန်သည်။

ဘွားဘွားဝန်မှာ ဓားချက်ကို ပြန်လည်ခုခံခြင်းမပြုဘဲ နောက်သို့ ထပ်မံဆုတ်လိုက်ပြန်သည်။

"နင် ဓားကောင်းတစ်လက်ရလို့ ငါရှိနေတဲ့ လေပွေကျွန်းကိုလာရဲတာပေါ့။ နင့်လက်ထဲက လျှို့ဝှက်သိုင်းကျမ်းထည့်ထားတဲ့ သံမဏိသေတ္တာကို နင်ဘယ်လိုဖွင့်မလဲ၊ ဖွင့်လို့မရရင် လျှို့ဝှက်သိုင်းကျမ်းဟာ အလကားဖြစ်နေမှာပဲ"

"ဟား ... ဟား ... ဟား ... ကျုပ်လက်ထဲက ဓားဟာ အဘွားကြီး သန်းချို့ရဲ့ သံမဏိဓားကြီးကိုတောင် ဖြတ်ပစ်နိုင်စွမ်းရှိတယ်ဗျ၊ ဒီတော့ သံမဏိသေတ္တာလေးလောက်တော့ ကျုပ်ဓားက အသာလေးဖြတ်နိုင်ပါလိမ့်မယ်၊ ဒီအတွက် ခင်ဗျားပူစရာမလိုပါဘူး ဟဲ ... ဟဲ ... ဟဲ"

ပြောပြောဆိုဆို လူ့ခွစာကြီးဝေးယွင် လျှို့ဝှက်သိုင်းကျမ်း ထည့်ထားသည့် သံမဏိသေတ္တာလေးအား အေးစိမ့်ဓားမြှောင်ဖြင့် ခုတ်လီးဖြတ်ပစ်လိုက်၏။

သံမဏိသေတ္တာလေးမှာ အေးစိမ့်ဓားမြှောင်၏ ခုတ်လိုးချက်ကြောင့် တိခနဲပြတ်ထွက်သွားသည်။

ထိုအခြေအနေကိုမြင်လိုက်ရသော ဘွားဘွားဝန်မှာ



မျက်လုံးမျက်မျက်ဆန် ပြူးသွားရ၏။

သံမဏိသေတ္တာလေးပွင့်သွားသည်နှင့် မည်ကဲ့သို့ ပြုလုပ်ရမည်ကို ဘွားဘွားဝန် ကြိုတင်သိရှိထားသည်။

လျှို့ဝှက်သိုင်းကျမ်းရရှိရေးအတွက် မိမိအသက်ပင်သေသေ ဒဏ်ရာအနာတရပင်ဖြစ်စေ ... မိမိ ရအောင်လုရပေတော့မည်။

ထိုအခိုက် ...

လူ့ခွစာကြီးဝေးယွင် သံမဏိသေတ္တာလေးကို ဓားမြှောင်ဖြင့် ဖြတ်ပစ်လိုက်သော်လည်း အထဲတွင် မည်သည့်သိုင်းကျမ်းစာအုပ်တစ်အုပ်ကိုမျှ မတွေ့ရ။

"အဘွားကြီး ဘယ်မလဲလျှို့ဝှက်သိုင်းကျမ်း၊ ဒီသံမဏိသေတ္တာလေးထဲမှာ ဘာမှမရှိပါလား"

လူ့ခွစာကြီးဝေးယွင် ပြောပြောဆိုဆိုစိတ်ဆိုးကာ သံမဏိသေတ္တာလေးအား အလယ်မှနှစ်ပိုင်းပြတ်အောင် ဓားမြှောင်ဖြင့် တအားပိုင်းဖြတ်လိုက်၏။

သံမဏိသေတ္တာတစ်ပိုင်းမှာ ဘွားဘွားဝန်ရှိရာသို့ လွင့်စဉ်ထွက်သွားသည်။

ကျန်တစ်ပိုင်းက မိန်းမချောလေး ယွဲ့ရန်ဟုန်ရှိရာဘက်သို့ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ အဘွားကြီး လျှို့ဝှက်သိုင်းကျမ်းမရလည်း အကြောင်းမဟုတ်ပါဘူး။ ကျုပ် ဒီလေပွေကျွန်းကိုလာခဲ့တာက ခင်ဗျားနဲ့ သိုင်းပညာချင်းယှဉ်ပြိုင်ဖို့ဖြစ်တယ်"

ယခုမှပင် ...

လူ့ခွစာကြီး လေပွေကျွန်းသို့ရောက်လာခြင်းမှာ မိမိနှင့်ယှဉ်ပြိုင်ရန်လာရောက်ကြောင်း ဘွားဘွားဝန် သိရှိလိုက်ရ၏။

ယခုရန်ဟုန်မှာသံမဏိသေတ္တာလေးထဲတွင် လျှို့ဝှက်သိုင်းကျမ်း မတွေ့ရသဖြင့် အံ့သြနေမိ၏။

ဖန်ဓေးမှာ သူ့မိခင်မှာကြားထားသည့်အတိုင်း ခွန်းလွန်ဂိုဏ်းမှ လျှို့ဝှက်သိုင်းကျမ်းအားရှာဖွေခဲ့သည်။

သို့သော် ...

သံမဏိသေတ္တာလေးထဲတွင် လျှို့ဝှက်သိုင်းကျမ်း မတွေ့ရသဖြင့် စဉ်းစားမရအောင် ဖြစ်နေသည်။

လူ့ခွစာကြီးဝေးယွင်၏စိန်ခေါ်မှုကို ဘွားဘွားဝန် မကျေမနပ် ဖြစ်နေမိသည်။

ဘွားဘွားဝန်မှာ မည်သည့်အခါမှ တစ်ဖက်သားကို အညံ့ခံခဲ့ခြင်းမရှိ။

ယခုမူ ...



ဘွားဘွားဝန်တွင် ခုနစ်ပေါက်ဓားရှည်နှင့် ငွေရောင် တုတ်ကောက်တို့ မရှိသဖြင့် အားလျော့နေ၏။

ထို့ကြောင့် ...

လူ့ခွစာကြီးဝေးယွင်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် စိတ်အားထက်သန်ခြင်းမရှိ။

အကယ်၍ ...

မိမိလက်ထဲတွင် ဓားကောင်းတစ်လက်သာရှိနေပါက လူ့ခွစာကြီးဝေးယွင်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် ဝန်လေးမည်မဟုတ်။

"ကဲ ... နင် သိုင်းလောကရဲ့ နံပါတ်တစ်နေရာရရင်ကော မကျေနပ်နိုင်ဘူးလား"

"အဘွားကြီး ... ခုလို ပါးစပ်နဲ့ပြောနေလို့ အလကားပဲ၊ ကဲ ... ခင်ဗျားမှာရှိတဲ့ လက်နက်ထုတ်ပေတော့"

ဘွားဘွားဝန်က လက်နက်ချင်းယှဉ်ပြိုင်၍ မနိုင်မှန်းသိကာ နောက်ထပ်တစ်မျိုးပြောပြန်သည်။

"ကဲ ... ဒီလိုလုပ် နင်နဲ့ငါ ပထမဦးဆုံး ကိုယ်ဖော့ပညာချင်း အရင်စပြိုင်မယ်၊ နောက်မှ လက်နက်ချင်းပြိုင်ကြတာပေါ့"

"ဟား ... ဟား ... ဟား ... ကျုပ်လက်ထဲက ဓားမြှောင်ကိုကြည့်ပြီး ကြောက်သွားပြီနဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



လူ့ခွစာကြီးဝေးယွင် သရော်လှောင်ပြောင်ရယ်မောလိုက်သော်လည်း ဘွားဘွားဝန်က ဂရုမစိုက်။

ဝေးယွင် မည်သို့မည်ပုံ ယှဉ်ပြိုင်တိုက်ခိုက်မည်ကိုသာ အကြံထုတ်စဉ်းစားနေသည်။

မည်သို့ပင်ဖြစ်စေ ...

ထိပ်တန်းမဟာလူဆိုးကြီးနှစ်ယောက် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံကြလေပြီ။

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး အနိုင်ယူလိုသောဆန္ဒများက ကြီးစိုးနေကြ၏။

ယခု ...

ယှဉ်ပြိုင်ပွဲသည် သူတို့နှစ်ဦး၏သေရေးရှင်ရေးတမျှ အရေးကြီးသော ယှဉ်ပြိုင်ပွဲကြီးလည်း ဖြစ်သည်။

သူတို့ တစ်သက်လုံး မျှော်လင့်ခဲ့သော ဆန္ဒကြီးတစ်ခုရှိနေသည်။

ထိုဆန္ဒမှာ ...

အခြားမဟုတ် ...

သိုင်းလောကတစ်ခုလုံးကိုပင် လွှမ်းမိုးမင်းမူနိုင်သည့် သိုင်းကျမ်းရရှိရေးပင်ဖြစ်သည်။



ကြီးမားသောမျှော်လင့်ချက်များက သူတို့နှစ်ဦးစလုံး စိတ်ထဲ၌ ကိန်းအောင်းနေကြ၏။

သူတို့သည် အနိုင်မခံ အရှုံးမပေးဘဲ သတိယှဉ်၍ ဟာကွက်၊ ပျော့ကွက်ကိုရှာကာ တစ်ဦးကိုတစ်ဦး သဲသဲမဲမဲတိုက်ခိုက်နေကြလေပြီ။

ယဲ့ရန်ဟုန်ကမူ ပွဲကြီးပွဲကောင်းတစ်ခုလို လက်ပိုက်ကြည့်နေသည်။

ထိပ်တန်းသိုင်းသမားကြီးနှစ်ယောက်၏ တိုက်ကွက်များမှာ ကြည့်ကောင်းသည့်အပြင် ယဲ့ရန်ဟုန်အတွက် ဗဟုသုတများစွာ ရရှိလေသည်။

လူ့ခွစာကြီးဝေးယွင်နှင့် ဘွားဘွားဝန်တို့မှာ သိုင်းလောကတွင် တစ်ဖက်ကမ်းခတ်အောင် ဆိုးသွမ်းမိုက်မဲကြသူများလည်း ဖြစ်ကြ၏။

ယခုတိုက်ပွဲတွင် ...

ဘွားဘွားဝန်သော်လည်းကောင်း၊ လူ့ခွစာကြီးဝေးယွင်သော်လည်းကောင်း၊ မည်သူပင်နိုင်နိုင်ရှုံးရှုံး ယဲ့ရန်ဟုန်အတွက် အကျိုးရှိလှ၏။

ဤပုဂ္ဂိုလ်နှစ်ဦး အားမာန်အပြည့်နှင့် တိုက်ခိုက်နေကြရာ

www.burmeseclassic.com

ကျားနှင့်ဆင်လို အားပြည့်အင်ပြည့်ဖြင့် ယှဉ်ပြိုင်နေကြသည့် ပွဲကြီး တစ်ခုအလားရှိနေကြသည်။



## အခန်း (၂၇)

ဖန်ဝေးနှင့် နာမည်မသိလူ့ဘီလူးကြီးတို့ လျှို့ဝှက် ကျောက် လိုဏ်ဂူထဲတွင် သိုင်းပညာများလေ့ကျင့်နေကြသည်။

အဘိုးကြီးမှာ လူတစ်မျိုးဖြစ်သည်။

သိုင်းပညာကောင်းသလောက် စိတ်အလွန်တိုသူ ဖြစ်သည်။

ဖန်ဝေးတွင် အကြံအစည်တစ်ခုရှိနေသည်။

၎င်းအကြံအစည်မှာ ဤလူထူးဆန်းအဘိုးကြီးအား မခံချင် အောင်ပြော၍ လေပွေကျွန်းသို့ အဖော်အဖြစ်ခေါ်ဆောင်သွားရန် စိတ်ကူးထား၏။

ထို့ကြောင့် ...

လူထူးဆန်းအဘိုးကြီး မခံနိုင်သောစကားလုံးများကို ရွေး၍ ပြောဆိုလိုက်သည်။

"ဘဘ ... ဘဘကို လူ့ခွစာကြီးဝေးယွင်က ဒီကျောက်လိုဏ် ဂူကြီးထဲမှာ ဖမ်းချုပ်ထားတယ်ဆိုတော့ ဘဘက လူ့ခွစာကြီး ဝေး

www.burmeseclassic.com



ယွင်ရဲ့ အိုင်းပညာကိုမယှဉ်နိုင်လို့လား”

အမှန်တွင်မူ ...

လူ့ခွစာကြီးဝေးယွင်မှာ စိတ်ထားယုတ်မာကောက်ကျစ်သူ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သည်။

ထို့ပြင် ...

အိုင်းလောက မဟာလူဆိုးကြီးလေးယောက်အနက်တွင်လည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့သည်။

လူထူးဆန်းအဘိုးကြီးမှာ ဖန်ဝေး မခံချင်အောင် ဂျူ့ဆော်ပြောဆိုမှုကြောင့် အတိတ်မှဖြစ်ရပ်များ အရိပ်ထင်ကာ တစ်ကိုယ်လုံးတုန်ယင်လာအောင် ဒေါသများထွက်လာသည်။

ဒေါသထွက်လာသည်နှင့်အမျှ တစ်စုံတစ်ခုပြုလုပ်ရန် ဆုံးဖြတ်လိုက်တော့၏။

“ကောင်းပြီ ချာတိတ် ... မင်းဆီကဓား ငါ့ကိုပေးစမ်း၊ လူရမ်းကားဝေးယွင်ကို ငါ မရ,ရအောင်ရှာပြီး တိုက်ခိုက်တုံ့ပြန်မယ်”

ဖန်ဝေး သူ့အကွက်ထဲဝင်လာပြီဖြစ်၍ ခါးကြားတွင်ထိုးထားသည့် အစွမ်းထက်မြက်လှသော ဓားမြှောင်ကိုလှမ်းပေးလိုက်၏။

“ကဲ ... ချာတိတ် ... မင်း ငါနဲ့လိုက်ခဲ့၊ အနောက်ခုံတုံဂိုဏ်းက တိမ်လွှာထိန်လူ့ခွစာကြီးဝေးယွင်နေတဲ့နေရာ ငါ့ကိုလိုက်ပြစမ်း



... ဒီကောင့်ကို အရိုးတခြား၊ အသားတခြားစီဖြစ်အောင် ငါ ဆုံးမရလိမ့်မယ်”

ဖန်ဝေးအဖို့ ကံကောင်းသည်လား၊ ဆိုးသည်လား မပြောတတ်။

လောလောဆယ်တွင်မူ ...

လူ့ခွစာကြီးဝေးယွင် မည်သည့်နေရာတွင် နေထိုင်မှန်းမသိချေ။

လူ့ဘီလူး လူထူးဆန်းအဘိုးကြီးအား ဘယ်ဆီဘယ်သို့လိုက်ပို့ရမှန်းလည်း ဖန်ဝေးမသိ။

ဖန်ဝေးအဖို့ အခက်တွေ့နေသည်။

ထို့ကြောင့် ...

ဖန်ဝေး ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက် ငြိမ်သက်စွာ ရပ်နေ၏။

မည်သို့လုပ်ရမည်ကိုလည်း ဖန်ဝေး မသိ။

ဖန်ဝေး မျက်မှောင်ကုတ်ကာ အကြံထုတ်နေသည်။

တိုစဉ် ...

‘ဝုန်း’

ခနဲ မြည်ဟည်းသံနှင့်အတူ ဖန်ဝေးပခုံးပေါ်သို့ ကြမ်းတမ်း

www.burmeseclassic.com

www.burmeseclassic.com



သော ခက်ထန်ရော့်သည့် လက်ကြမ်းကြီးတစ်ခု ကျရောက်လာသည်။

အမှန်တွင်မူ ...

ဖန်ဝေး၏ပခုံးကို လူ့ဘီလူးကြီးက လက်ဝါးဖြင့်ပုတ်၍ ခေါ် လိုက်ခြင်းဖြစ်သည်။

ဖန်ဝေးမှာမူ လူ့ဘီလူးကြီး ပုတ်ခေါ်လိုက်သည်ဆိုသော်လည်း ပခုံးတစ်ဖက်မှာ အတော်ပင်နာကျင် ခံစားလိုက်ရသည်။

နာကျင်မှုဝေဒနာကြောင့် မျက်နှာလေးရှုံ့မဲ့ကာ လူ့ဘီလူးကြီးအား ပြန်ပြောလိုက်သည်။

"အား ... ဖြည်းဖြည်းလုပ်ပါ ဘာဘရယ်၊ ဘာဘ ပခုံးပုတ် ခေါ်လိုက်တာက ကျွန်တော့်ပခုံးကို ဆယ်ပေါင်တူနဲ့ ထုလိုက်သလိုပဲ"

"ဟား ဟား ဟား ... ငါ သိပ်ပျော်သွားလို့ပါ လူကလေးရာ၊ မင်းက ငါ့ကိုပိတ်ဆို့နေတဲ့ လိုဏ်ဂူကြီးထဲက လွတ်မြောက်အောင် ကယ်တင်ပေးခဲ့တဲ့အတွက် ငါ အခု ဖြူနီးခနဲ အပြင်လောကရဲ့အလင်းရောင်ကို မြင်ခဲ့ရတယ်၊ ဒါကြောင့် ငါ သတိမေ့ပြီး ဝမ်းသာအားရ မင်းပခုံးကိုပုတ်ခေါ်လိုက်တာပါကွ ... စိတ်ရှိပါနဲ့ လူကလေးရယ်"

ထိုလူ့ဘီလူးအဘိုးကြီးမှာ နှစ်ပေါင်းငါးဆယ်နီးပါး ကျောက်လိုဏ်ဂူကြီးထဲတွင် အချုပ်ခံနေရာမှ ရုတ်တရက်လွတ်မြောက်သွား



သဖြင့် ပျော်ရွှင်မှုတွင် အထွတ်အထိပ်သို့ ကျရောက်သွားခဲ့ခြင်းဖြစ်သည်။

ဖန်ဝေးကလည်း လူ့ဘီလူးအဘိုးကြီး မည်သို့မည်ပုံခံစားရသည်ကို ကိုယ်ချင်းစာမိသည်။

လူ့ဘီလူးကြီးဖန်ဝေးဘက်သို့ လှမ်းကြည့်လိုက်သောအခါ ဖန်ဝေးမှာ လက်ဝါးပုတ်ချက်ကြောင့် နာကျင်သွားပြီး မျက်နှာပျက်နေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် လူ့ဘီလူးအဘိုးကြီးက မျက်မှောင်ကုတ်ကာ ...

"လူကလေး ... မင်း ဘယ်လိုဖြစ်နေတာလဲ၊ ငါလွတ်လာတာကို မင်းမကျေမနပ်ဖြစ်နေလို့လားကွ ... ဟား ဟား ဟား"

"မဟုတ်ပါဘူး ဘာဘရယ် ... ဘာဘ လက်ဝါးပုတ်လိုက်တဲ့အတွက် ကျွန်တော့်ပခုံးတစ်ဖက် နာကျင်နေလို့ မျက်နှာပျက်နေတာပါ"

"အေးကွာ ... ငါ ဝမ်းသာလွန်းတာနဲ့ သတိမေ့ပြီးလုပ်လိုက်တာပါကွာ"

လူ့ဘီလူးကြီးသည် အချုပ်ခံထားစဉ်က မည်သူ့အပေါ်မှ ကြင်နာသနားခြင်းမရှိခဲ့။

ယခု ...

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းငါးဆယ်ကျော် အချုပ်ခံနေရာမှ လွတ်မြောက်လာခဲ့သဖြင့် သူ၏ရက်စက်ကြမ်းတမ်းသောစိတ်များ ရုတ်တရက် ပြောင်းလဲလာခဲ့သည်။

ရှင်းပြင် ...

ဖန်ဝေးမှာ နူးညံ့သိမ်မွေ့စွာဆက်ဆံကာ သည်းခံခွင့်လွှတ်၍ စိတ်ရှည်ရှည်ထားပြီး ဆက်ခံခဲ့၏။

ထိုအပြုအမူတို့ကြောင့် ဖန်ဝေးအပေါ်တွင် လူ့ဘီလူးကြီးသည် သူ့တွင်မထားခဲ့ဖူးသော သံယောဇဉ်နှောင်ကြိုးမျှင်လေးတစ်မျှင် တန်းခဲ့ရ၏။

နာကျင်နေသော ဖန်ဝေး၏ ညာဘက်ပခုံးကြောတစ်နေရာကို လူ့ဘီလူးကြီးက လက်ချောင်းလေးဖြင့်ထောက်၍ နာကျင်မှုဝေဒနာကို ကုသပေးလိုက်သည်။

လူ့ဘီလူးကြီးမှာ အတွင်းအားများထည့်ကာ ဖန်ဝေးအား ကုသပေးလိုက်သဖြင့် ဖန်ဝေး၏ နာကျင်မှုဝေဒနာများ ပျောက်သွားသည့်အပြင် မမျှော်လင့်ဘဲ ဖန်ဝေးတွင် အတွင်းအားကူးပြောင်းပေးခြင်းခံလိုက်ရသဖြင့် အတွင်းအားများ တိုးပွားလာသည်ဟု ဖန်ဝေးထင်မှတ်လိုက်၏။

ကိစ္စများပြီးသွားသည်နှင့် လူ့ဘီလူးကြီးက ဖန်ဝေးအား



မေးလိုက်သည်။

"ကိုင်း ... လူကလေး ... တို့ ဘယ်သွားကြမလဲ၊ တိမ်လွှာထိန်လူ့ခွစာကြီးဝေးယွင်ကို အရင်တွေ့ချင်နေတယ်ကွာ"

ဖန်ဝေးကို လူ့ဘီလူးကြီးက လူ့ခွစာကြီးဝေးယွင်ထံ လိုက်ပို့ရန် အတင်းပူဆာပြောဆိုနေသဖြင့် ဖန်ဝေး အခက်တွေ့နေရသည်

တကယ်တွင်မူ ...

ဖန်ဝေးက လေပွေကျွန်းတွင်ရှိနေသည့် ဘွားဘွားဝန်နှင့် ချစ်သူယုံရန်ဟုန်တို့ဆီသာ အရင်သွားချင်နေသည်။

ထို့ကြောင့် ဖန်ဝေးက လူ့ဘီလူးကြီးအား နှစ်သိမ့်ပြုံးလေးပြုံးပြကာ ...

"ခု လောလောဆယ်တော့ ကျွန်တော့်ကျေးဇူးရှင်ဖြစ်တဲ့ လေပွေကျွန်းက ဘွားဘွားဝန်ဆီကို အရင်သွားချင်တယ်၊ နောက်မှ လူ့ခွစာကြီးဝေးယွင်ရှိရာကို သွားရင်မကောင်းဘူးလား"

ဖန်ဝေးက သူ၏ဆန္ဒကိုတင်ပြလိုက်၏

လူ့ဘီလူးကြီးက ဖန်ဝေး၏စကားကို အသာငြိမ်၍ နားထောင်နေသည်။

မိမိပြောသည့်အတိုင်း သဘောတူပါ့မလားဟု ဖန်ဝေး စိတ်ပူနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ...

လူ့ဘီလူးကြီးထံမှ စကားသံထွက်ပေါ်လာသည်။

"အေး ... မင်းပြောသလိုလည်း ကောင်းသားပဲ၊ နောက်မှ ခွစာကြီးဝေးယွင်ရှိရာကို တို့နှစ်ယောက်အတူသွားကြတာပေါ့"

ဖန်ဝေး ထိုအခါမှ စိတ်အေးရတော့သည်။

မိမိ လေပွေကျွန်းသို့ရောက်လျှင် ကျေးဇူးရှင်ဘွားဘွားဝန်နှင့် တွေ့ရမည်။

ပြီးနောက် ...

မိမိ ချစ်မြတ်နိုးလှသူလေး ယွဲ့ရန်ဟုန်နှင့်လည်း တွေ့ရပေတော့မည်။

ထို့ကြောင့် ဖန်ဝေး ဝမ်းသာပီတိဖြစ်နေမိသည်။

လူ့ဘီလူးကြီးနှင့် ဖန်ဝေးတို့နှစ်ယောက် လေပွေကျွန်းရှိရာသို့ ခြေဦးလှည့်၍ ခရီးနှင်လာခဲ့ကြလေသည်။

❀ ❀ ❀



•

## အခန်း (၂၈)

လေပွေကျွန်း ...။

လေပွေကျွန်းသို့ ဖန်ဝေးနှင့်လူ့ဘီလူးကြီးတို့ ရောက်လာခဲ့ကြသည်။

သူတို့နှစ်ဦးမှာ အဆင့်မြင့်ကိုယ်ဖော့ပညာရှင်များ ဖြစ်ကြသောကြောင့် လေပွေကျွန်းသို့ တစ်ရက်မျှ အချိန်တိုလေးအတွင်း ရောက်လာခဲ့ကြသည်။

ထိုစဉ် ...

ဖန်ဝေးဦးခေါင်းတွင်းသို့ အတွေးများ စုပြုံဝင်ရောက်လာသည်။

"အင်း ... ခုဆို ဘွားဘွားဝန်တော့ ငါ့ကိုမျှော်နေတော့မှာပဲ၊ ယွဲ့ရန်ဟုန်လည်း ဘွားဘွားဝန်လိုပဲ ငါ့ကိုမျှော်နေမှာအမှန်ပဲ၊ ဒါကြောင့် သူတို့နှစ်ယောက် ရုတ်တရက် ဝမ်းသာသွားအောင် ငါ ဖြုန်းခနဲ တွေ့လိုက်ရင် ကောင်းမယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေးသည် လူငယ်လေးပီပီ လူငယ်စိတ်ပင်ရှိနေသေး၏။

လူ့ဘီလူးကြီးအား ဖြည်းဖြည်း နောက်မှလိုက်လာရန် မှာခဲ့ပြီး ဖန်ဝေး ရှေ့မှအရင် ဘွားဘွားဝန်ရှိနေမည့် ကျောက်အိမ်လေးသို့ သွားရန် စိတ်ကူးလိုက်၏။

ဖန်ဝေးစိတ်ကူးသည့်အတိုင်း လူ့ဘီလူးကြီးအား ပြောလိုက်၏။

“ဘဘ ... ကျွန်တော် ဘွားဘွားဝန်ဆီ အရင်သွားနှင့်မယ်၊ နောက်က ဘဘ ဖြည်းဖြည်းချင်းလိုက်လာခဲ့နော် ... ဟုတ်လား”

လူ့ဘီလူးကြီးက သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။

ဖန်ဝေး ခြေသံလုံလုံနင်းကာ ဘွားဘွားဝန်ရှိနေသည့် ကျောက်အိမ်လေးဆီသို့ ချဉ်းကပ်သွားတော့သည်။

ကျောက်အိမ်လေးနားအရောက်တွင် အိမ်လေးထဲမှ အက်အက်ကွဲကွဲအသံကြီးဖြင့် ပြောနေသံများကို ကြားလိုက်ရ၏။

၎င်းအက်ကွဲကွဲအသံရှင်မှာ ...

ဘွားဘွားဝန်အိမ်လေးထဲ ရောက်နေကြောင်း ဖန်ဝေး သတိထားလိုက်မိသည်။

ဖန်ဝေး အိမ်ရှေ့ဘက်မှ မဝင်တော့ဘဲ အိမ်ဘေးရှိ ပြတင်း



ပေါက်ရှိရာသို့ ကိုယ်ဖော့ကာ အသာချဉ်းကပ်သွားသည်။

ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ချောင်းကြည့်လိုက်ရ အခြေအနေမှန်များကို ဖန်ဝေး မြင်လိုက်ရ၏။

“ဒီမယ် အဘွားကြီး ... ခင်ဗျားရဲ့အကြောင်းကို ကျုပ် မသ ဘူးများ ထင်နေသလား”

“ငါ့ကို ဒီလိုခြိမ်းခြောက်လို့ရမယ်များ ထင်နေသလား ဝေ ယွင်၊ နင့်ရဲ့သိုင်းပညာဟာ တစ်ချိန်က မြွေအဆိပ်ရှင်ရဲ့ သိုင်းကျမ် ကို ခိုးပြီးသင်ခဲ့တယ်၊ ပြီး ကျောက်စိမ်းခေါ်းနဲ့ နဂါးမောက်သိုင်းကျမ် ကိုပါ ခိုးယူပြီး သိုင်းလောကမှာ နင် ဗိုလ်ကျစိုးမိုးနေခဲ့တာဟာ ဘာ များဆန်းလို့လဲ”

လူ့ခွစာကြီးဝေးယွင်မှာ ဘွားဘွားဝန်၏စကားများကို ဂရု မစိုက်ဘဲ ဟားတိုက်ရယ်မော၍ ပြန်ပြောလိုက်သည်။

“ဟား ဟား ဟား ... အဲဒါ ဘာဖြစ်သလဲ၊ ကျုပ်ကသိုင် နဲ့ကျုပ်ဖြစ်ခဲ့တာပဲ၊ ခင်ဗျားလို ယုတ်မာတဲ့မိန်းမမျိုး မဟုတ်ဘူး၊ ခွန် လွန်ညီနောင်တွေကို အချင်းချင်းရန်တိုက်ပေးပြီး သူများရဲ့ ပစ္စည် မတရားလိုချင်တဲ့ ခင်ဗျားရဲ့ လုပ်ရပ်တွေထက်စာရင် ကျုပ်ရဲ့ အပြစ် သိပ်မကြီးသေးဘူး ... ဟား ဟား ဟား”

လူ့ခွစာကြီးဝေးယွင်နှင့် ဘွားဘွားဝန်တို့၏ အပြန်အလှ

www.burmeseclassic.com

www.burmeseclassic.com



စကားကို ဖန်ဝေး ကောင်းစွာကြားလိုက်ရ၏။

ထိုစဉ် ...

ဘွားဘွားဝန် ၏အသံထွက်ပေါ်လာပြန်သည်။

"အဲဒါဘာဖြစ်လဲ ... နင့်အပူပါလို့လား"

"ဟဲ ဟဲ ဟဲ ... ကျုပ်အပူတော့ ဘယ်ပါမလဲ၊ တစ်နေ့နေ့မှာ ဖန်ဝေးလို့ခေါ်တဲ့ လူ့နွားလေးကိုတွေ့ရင် ကျုပ် ခင်ဗျားအကြောင်းတွေကို အဖြစ်မှန်အတိုင်း ပြန်ပြောပြလိုက်ရုံပဲရှိတယ်"

ထို့နောက် တစ်ဆက်တည်း လူ့ခွစာကြီးဝေးယွင်က ပြောပြန်သည်။

"သူ့ဖခင်ကိုသတ်ထားတဲ့ တရားခံဟာလည်း ခင်ဗျားပဲ၊ သူ့ဘဝတစ်ခုလုံးပျက်စီးသွားအောင် လုပ်တာလည်း ခင်ဗျားပဲ၊ ခွန်းလွန်သိုင်းကျမ်းကို လိမ်ညာယူခိုင်းတဲ့အကြောင်းပါမကျန် ကျုပ် လူ့နွား ဖန်ဝေးသိအောင် ပြောပြလိုက်ရုံပဲရှိတာပေါ့"

ဖန်ဝေး ... လူ့ခွစာကြီးဝေးယွင်ထံမှ မမျှော်လင့်သော စကားများကို ကြားလိုက်ရသဖြင့် အတော် အံ့သြတုန်လှုပ်ချောက်ချားသွားရ၏။

ရုတ်တရက် မိမိ၏ရင်ဝသို့ အပူလုံးကြီးတစ်လုံး တစ်ဆို့လာသကဲ့သို့လည်း ခံစားလိုက်ရသည်။



ဖန်ဝေး ငိုင်ကျသွားသည်။

ထိုစဉ် ...

ဘွားဘွားဝန်၏အသံ ထပ်မံပေါ်လာပြန်သည်။

"နင်ပြောချင်သလို ပြောနိုင်တယ်၊ ဒီဖန်ဝေးဆိုတဲ့ ကောင်လေးက နင့်လိုကောင်မျိုးရဲ့စကားကို ဘယ်တော့မှ ယုံမှာမဟုတ်ဘူး"

လေပွေကျွန်းရှင်ဘွားဘွားဝန်မှာ ဒေါသများ မမျိုသိပ်နိုင်တော့ဘဲ လူ့ခွစာကြီးဝေးယွင်အား စတင်တိုက်ခိုက်လေတော့သည်။

လူ့ခွစာကြီးဝေးယွင်ကလည်း ဘွားဘွားဝန် မခံမရပ်နိုင်ဖြစ်အောင် တမင်အညှာကိုင်ပြောဆိုလိုက်ခြင်းဖြစ်သည်။

ဖန်ဝေးမှာ အဖြစ်မှန်ကို မမျှော်လင့်ဘဲ သိလိုက်ရသောကြောင့် သူ့ရင်ဝ,ဝယ် ဝမ်းနည်းလုံးကြီး တစ်ဆို့သွား၏။

မိမိဖခင်ကို သတ်သွားသည့် တရားခံအစစ်ကို မိမိက ဘကယ့်ကျေးဇူးရှင်ကြီးပမာ မြင်နေမိသည်။

သူ့အပေါ် စေတနာမေတ္တာထားခဲ့သမျှ သဲထဲရေသွန်သလို ဖြစ်၍ အရာမထင်ဖြစ်ခဲ့ရသည်။

ဝေးယွင်၏စကားများမှာ ဖန်ဝေးနားကိုပင် မယုံကြည်နိုင်အောင်ဖြစ်ခဲ့ရ၏။

ဖန်ဝေး ကျောက်အိမ်လေးနံရံကိုကျောမှီရင်း နာကြည်း

www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းစွာ စဉ်းစားနေမိသည်။

"လက်စသတ်တော့ ငါ့ရဲ့ မိသားစုတစ်ခုလုံးကို ဖျက်ဆီးခဲ့တဲ့ လူဟာ ငါ အင်မတန်တွယ်တာခဲ့ရတဲ့ ဘွားဘွားဝန်ကိုယ်တိုင်ဖြစ်နေပါလား။ သူ ငါ့ကို သူတော်ကောင်းယောင်ဆောင်ပြီး အယုံသွင်းခဲ့တာကို။ ငါ့ရဲ့မေမေဝ့က်ထားတဲ့ လျှို့ဝှက်သိုင်းကျမ်းကို လိုချင်လို့ သူ့စကားကိုယုံလိုက်တဲ့အတွက် ငါ ရှုံးလုံးလုံးဖြစ်ခဲ့ရတာကို။"

ဖန်ဝေး အမျိုးမျိုးစဉ်းစားနေရင်း အံကိုတင်းတင်းကြိတ်လိုက်သည်။

ဒေါသစိတ်၊ နာကြည်းခံပြင်းစိတ်ကြောင့် ဖန်ဝေး ရင်တဆတ်ဆတ်ခုန်လာသည်။

"ဖန်ဝေး ... နင်ဟာ လူမိုက်၊ ကိုယ့်ရဲ့ရန်သူကို ကျေးဇူးရှင်အဖြစ် မြင်ခဲ့တဲ့ မိုက်သား၊ မင်းက လူကမွေးတဲ့ကောင်မဟုတ်ဘူး"

ဖန်ဝေး မိမိကိုယ်မိမိ အပြစ်တင်နေမိသည်။

မိမိပြုလုပ်ခဲ့မိသော အမှားများကိုလည်း ခွင့်မလွှတ်နိုင်အောင် ဖြစ်နေသည်။

ဖန်ဝေး ဝမ်းနည်းယူကျုံးမရဖြစ်လာကာ မျက်ရည်များ ကျဆင်းလာခဲ့သည်။

အသည်းကွဲမတတ်ခံစားနေရကာ ဒေါသလည်းဖြစ်မိ၏။



ထိုစဉ် ...

ဖန်ဝေး၏လက်မောင်းကို လူတစ်ယောက် ဖျတ်ခနဲ ဆွဲကိုင်ခြင်းခံလိုက်ရ၏။

ဖန်ဝေး ရုတ်တရက် ရင်ထဲ၌ ဒိန်းခနဲဖြစ်သွားကာ ရန်သူ၏ လက်ဦးမှုကို ခံလိုက်ရပြီလားဟု စိုးရိမ်၍ လက်ဖမ်းဆွဲလာသူအား လှည့်ကြည့်လိုက်၏။

ဖန်ဝေးလက်မောင်းကို ဖျတ်ခနဲဆွဲလိုက်သူမှာ တခြားသူမဟုတ်။

နောက်မှ တဖြည်းဖြည်းချင်း လိုက်လာခဲ့ပါဟု ဖန်ဝေးပြောခဲ့သူ လူ့ဘီလူးကြီးဖြစ်နေကြောင်း တွေ့လိုက်ရ၏။

မျက်နှာပျက်နေသောဖန်ဝေးအား လူ့ဘီလူးကြီးက ကြည့်ကာ ...

"လူကလေး ... မင်း ဘာကြောင့် မျက်နှာပျက်နေရတာလဲ"

လူ့ဘီလူးကြီး၏အမေးကြောင့် ဖန်ဝေး ပိုမိုဝမ်းနည်းလာကာ ...

"ဘဘ ... ကျွန်တော် သိပ်မိုက်ခဲ့တယ်ဗျာ၊ ဘီလူးမကြီးဟာ နတ်သမီးတစ်ပါးလို့ ကျွန်တော်မြင်ခဲ့မိတယ်"

ထိုစကားကြောင့် လူ့ဘီလူးကြီး ကြောင်အက်တက်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ...

"ဟ ... ဒါများ ဘာခက်လို့လဲကွ၊ အမှားသိလာတဲ့တစ်နေ့ ပြင်လိုက်ရုံပေါ့ လူကလေးရ ... ဟား ဟား ဟား"

ဖန်ဝေး လူ့ဘီလူးကြီး၏စကားကို ဝန်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်ရင်း ...

"ဟုတ်ပါတယ်၊ ကျွန်တော့်အမှားဟာ ပြန်ပြင်မရတဲ့ အမှားမျိုး မှားမိတော့မလို့ ဒါကိုတွေးမိပြီး ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်နေမိတာပါ"

"အေး ... မင်းမဆိုးပါဘူး တော်တယ်လို့ ပြောရမှာပေါ့"

လူ့ဘီလူးကြီး၏စကားမှာ ဖန်ဝေးအတွက် ခေါင်းရှုပ်စရာ ဖြစ်သွားသည်။

"ဗျာ ... ဒီလောက် မိခင်ရဲ့စကားကိုနားမထောင်ဘဲ မှားခဲ့တာ ဘာဘက ကောင်းတယ်လို့ပြောနေတာ ကျွန်တော် နားမလည်ဘူး"

လူ့ဘီလူးကြီးက သဘောကျစွာ ပြုံးလိုက်ပြီး ...

"မင်းကိုတော်တယ်လို့ပြောတာက အမှားအမှန်ကို မြင်တတ်တဲ့အတွက် ပြောတာပါ။ မင်း ... ခုလို ကြေကွဲဝမ်းနည်းနေမယ့်အစား ရှေ့ ဘယ်လိုဆက်လက်ရင်ဆိုင်ရမယ်ဆိုတာကိုသာ စဉ်းစား



ရင် မကောင်းဘူးလား"

"ဟုတ်ကဲ့ ... ဘာဘပြောတာ နည်းလမ်းကျပါတယ်"

ထိုစဉ် ဘွားဘွားဝန်၏ အိမ်ခန်းထဲမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"ဟိတ် ... အပြင်ဘက်က ဘယ်သူတွေ ခိုးကြောင်ခိုးဝှက်လာပြီးချောင်းနားထောင်နေရတာလဲ၊ သတ္တိရှိရင် အထဲဝင်လာခဲ့ကြ"

ဖန်ဝေးက လူ့ဘီလူးကြီးအား အိမ်ခန်းထဲမှ အော်ဟစ်စိန်ခေါ်နေသူမှာ တိန်လွှာထိန်လူ့ခွစာကြီးဝေးယွင်ဖြစ်ကြောင်း ပြောပြလိုက်တော့၏။

"ဘာဘ ... ဒီလူကြီးဟာ ဘာဘရှာနေတဲ့ တိန်လွှာထိန်လူ့ခွစာကြီး ဝေးယွင်ပဲ"

တိန်လွှာထိန်လူ့ခွစာကြီး ဝေးယွင်ဖြစ်ကြောင်း သိလိုက်ရသည်နှင့် ဝမ်းသာအားရ ရယ်မောလိုက်၏။

"ဟား ဟား ဟား ... ဝမ်းသာလိုက်တာကွာ၊ ကဲ လူကလေး ... တို့ အိမ်ထဲဝင်ကြစို့"

လူ့ဘီလူးကြီးနှင့် ဖန်ဝေးတို့ ပြောပြောဆိုဆို ဘွားဘွားဝန်၏အိမ်ခန်းထဲသို့ ပြေးလွှားဝင်ရောက်သွားကြသည်။

ဘွားဘွားဝန်မှာ ဖန်ဝေးတို့ဝင်လာသည်ကို မြင်လိုက်ရသည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝမ်းသာအားရ ဟန်ဆောင်ကာသီးကြိုနှုတ်ဆက်လိုက်လေသည်။

"ဟင် ... လူကလေး ဖန်ဝေးပါလား၊ မင်း ဘယ်အချိန်က ဒီကိုရောက်လာတာလဲ"

ဘွားဘွားဝန်၏အသံနှင့် မရေးမနှောင်းမှာပင် မိန်းမချော လေး ယွဲ့ရန်ဟုန်၏အသံထွက်ပေါ်လာသည်။

"အစ်ကိုဖန်ဝေး ... အဘွားကြီးဝန်ဟာ"

ယွဲ့ရန်ဟုန်က လေမွှေကျွန်းရှင် ဘွားဘွားဝန်အား လက်ညှိုးထိုး၍ ဆက်ပြောမည်အပြု ဖန်ဝေးက ကြားဖြတ်ဝင်ပြောလိုက်သည်။

"ညီမလေးယွဲ့ရန်ဟုန် ... အစ်ကို အကြောင်းစုံအားလုံးကို ကြားသိခဲ့ပြီးပြီ"

ဖန်ဝေးက ဘွားဘွားဝန်အား စူးရှသောအကြည့်ဖြင့် စိုက်ကြည့်ပြီး ပြောဆိုလိုက်သောကြောင့် ဘွားဘွားဝန်သည် ဖန်ဝေး၏ အမူအရာများပြောင်းလဲလာကြောင်း သတိထားလိုက်မိသည်။

ထို့ကြောင့် ...

ဘွားဘွားဝန်က အချိုသာဆုံးသောမျက်နှာထားဖြင့် ညင်သာစွာလှမ်းပြောလိုက်သည်။

"လူကလေးဖန်ဝေး ... ဘွားဘွားဝန်ကို အထင်မလွဲလိုက်ပါ



နဲ့ သားရယ်"

ဘွားဘွားဝန်သည် မျက်နှာပျက်နေသော ဖန်ဝေးကို ကြည့်ပြီး ဟန်ဆောင်ကာ မူရာပိုပိုဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

ထိုအချိန်တွင် လူ့ခွစာကြီးဝေးယွင်ရှိရာသို့ လူ့ဘီလူးကြီးက ခပ်တည်တည်ဖြင့် လျှောက်လှမ်းသွားနေသည်။

လူ့ဘီလူးကြီးက လူ့ခွစာကြီးဝေးယွင်အား စူးစူးစိုက်စိုက် ကြည့်ကာ ...

"မင်းက တိမ်လွှာထိန်ဝေးယွင်ဆိုတာလား"

ဝေးယွင်ကလည်း အေးစက်စက်အမူအရာဖြင့် ဘုပြန်ပြော လိုက်သည်။

"အဲဒါ ဘာဖြစ်သလဲ"

ဝေးယွင်မှာ ပြန်ပြောလိုက်ရသော်လည်း သူ့ရင်ထဲတွင်မူ ကြောက်စိတ်များက ကိန်းအောင်းလျက်ရှိနေ၏။

လူ့ခွစာကြီးဝေးယွင် က ကြောက်မက်ဖွယ်ကောင်းလှသော လူ့ဘီလူးကြီး၏ရုပ်သွင်ကို ကြည့်ကာ စိတ်ထဲတွင် တုန်လှုပ်ချောက် ချားနေသည်။

လူ့ဘီလူးကြီးက ကြောက်မက်ဖွယ်မျက်နှာထားဖြင့် လူ့ခွ စာကြီးဝေးယွင်အားကြည့်ကာ မေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ငါ့ဆီက ခိုးသွားတဲ့သိုင်းကျမ်းနဲ့ ကျောက်စိမ်းဓား မြတ်ကို အမြန်ထုတ်ပေးစမ်း"

ထိုစကားကြောင့် လူ့ခွစာကြီးဝေးယွင် မျက်နှာပျက်သွားပြီး ...

"ဟာ ... ခင်ဗျား ဘယ်သူလဲ၊ ကျုပ် ခင်ဗျားကို တစ်ခါမှ မတွေ့ဖူးပါလား၊ ဘာလို့ ကျုပ်ကို ရန်စကားပြောနေရတာလဲ"

ပြောပြောဆိုဆို လူ့ခွစာကြီးဝေးယွင် နောက်သို့ ခြေလေး ငါးလှမ်းမျှ ဆုတ်ခွာသွားသည်။

လူ့ဘီလူးကြီးက နေရာတွင်ရပ်မြဲရပ်ကာ တည်ငြိမ်စွာ ပြောပြန်သည်။

"မင်း ... မြွေအဆိပ်ရှင် ကိုယ်တော်ကြီးရဲ့တပည့် ရန်ကျင်း ကိုတောင် မမှတ်မိတော့ဘူးလား"

ဖန်ဝေးသည် လူ့ဘီလူးကြီး၏နာမည်မှာ ရန်ကျင်းဖြစ် ကြောင်း ပထမဦးဆုံးအဖြစ် သိရှိလိုက်ရတော့၏။

လူ့ခွစာကြီးဝေးယွင်မှာမူ မြွေအဆိပ်ရှင်၏တပည့်ရင်း ရန် ကျင်းဟူသောအသံကို ကြားလိုက်ရသည်နှင့် မျက်နှာအပျက်ကြီးပျက် ကာ ကြောက်စိတ်များ လွှမ်းမိုးလာတော့၏။

လူ့ခွစာကြီးဝေးယွင် မြွေဆိပ်ရှင်၏တပည့် ရန်ကျင်းဆီမှ



ကျောက်စိမ်းဓားနှင့် နဂါးမောက်သိုင်းကျမ်းကို ခိုးယူလာခဲ့ဖူးသည်။

နဂါးမောက်သိုင်းကျမ်းကိုမူ ယခုထိ လူ့ခွစာကြီး ဝေးယွင် ကြေညက်အောင် လေ့ကျင့်နိုင်ခြင်းမရှိသေး။

သိုင်းကျမ်းပါ လျှို့ဝှက်ချက်များနှင့် မြုပ်ကွက်များကို လူ့ ခွစာကြီးဝေးယွင် ထုတ်ဖော်နိုင်ခြင်းမရှိ။

လူ့ဘီလူးကြီးရန်ကျင်း ဝေးယွင်၏စကားပြန်ကို မစောင့် တော့ဘဲ လက်ဝါးချက်တစ်ချက်ဖြင့် ရိုက်ထုတ်တိုက်ခိုက်လိုက်လေ တော့သည်။

လူ့ခွစာကြီးဝေးယွင်က 'မြွေဟောက်ခေါင်းထောင်' သိုင်း ကွက်ဖြင့် ရန်ကျင်း၏ လက်ဝါးချက်ကိုပြန်လည်ခုခံလိုက်သည်။

ထိုစဉ် ...

ဖန်ဝေးနှင့်ယွဲ့ရန်ဟုန်တို့နှစ်ယောက်ကလည်း လေပွေကျွန်း ရှင် ဘွားဘွားဝန်အား ဘယ်ညာညှပ်ကာ ဝိုင်းထားလိုက်ကြသည်။

အဘွားကြီးဝန်မှာ ဖန်ဝေးတို့အား [ ] သို့ကာ မဲ့ပြုံးပြုံး၍ ...

"ဟီး ဟီး ဟီး ... မင်းက ငါ့ကို ကျေးဇူးပြုရ ပညာသင် ပေးခဲ့တဲ့ ကျေးဇူးတွေကိုပြန်ဆပ်မယ်လို့မပြောလေ ... ဟုတ်လား"

ဘွားဘွားဝန်၏စကားကို ဖန်ဝေးကြားလိုက်ရသည်နှင့် ရှေ့ သို့ဆက်မတိုးဝံ့တော့။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခြေလှမ်းများ နေရာတွင် ရပ်တန့်သွားရ၏။

ထို့နောက် ...

ဖန်ဝေးက ဘွားဘွားဝန်အားကြည့်ကာ စကားထစ်ထစ်ငေါ့ငေါ့ဖြင့် လှမ်းပြောလိုက်သည်။

"ဘွားဘွားဝန် ... အဲ ... ခင်ဗျားကြီးက ကျုပ်ရဲ့ မိဘတွေကို သတ်သွားတဲ့ အယုတ်တမာမကြီးပဲ၊ ဒီအကြောင်းတွေ ကျုပ် အားလုံးသိပြီးပြီ၊ ကျုပ်ကို ဆက်ပြီးလိမ်ညာဖို့ မကြိုးစားနဲ့တော့"

ဖန်ဝေးက နာကြည်းခံပြင်းစွာ အသံကျယ်ကျယ်အော်ပြောလိုက်သည်။

ဘွားဘွားဝန်က ယခုထက်ထိ ဆက်လက်ဟန်ဆောင်ကာ

"လူလေး ဖန်ဝေး ... မင်းက ဘာမဟုတ်တဲ့ကောင်ရဲ့ စကားကိုယုံနေတာလား"

ထိုအခိုက် မိန်းမချောလေးယွဲ့ရန်ဟုန်ထံမှ သတိပေးသံထွက်ပေါ်လာသည်။

"အစ်ကိုဖန်ဝေး ..., သတိထား၊ အဲဒီမိန်းမကြီး အစ်ကို့ကို အယုံသွင်းပြီး အသေသတ်မလို့ ကြံစည်နေတာယ်"

ယွဲ့ရန်ဟုန်၏ သတိပေးသံ နောက်ကျသွားလေပြီ။

ဘွားဘွားဝန်၏ ဘယ်လက်လက်ဝါးက ဖန်ဝေးပခုံးပေါ်သို့ တိုက်ရိုက်ထိမှန်သွားလေသည်။



ယင်းလက်ဝါးချက်ကြောင့် ဖန်ဝေး၏ခန္ဓာကိုယ်မှာ တစ်ပတ်လည်ထွက်သွားသည်။

ဖန်ဝေး လူ့ဘီလူးကြီးရန်ကျင်းထံမှ အတွင်းအားများနှင့် သိုင်းပညာများကို ဆည်းပူးလေ့ကျင့်ခဲ့၍သာ ဘွားဘွားဝန်၏လက်ဝါးရိုက်ချက်ဖြင့် အသက်ထွက်မသွားခြင်း ဖြစ်သည်။

သို့သော် ...

ဘွားဘွားဝန်အား ယှဉ်ပြိုင်အနိုင်ယူရန် ဖန်ဝေး၏ အတွင်းအားနှင့် သိုင်းပညာများက မရင့်ကျက်သေး။

တစ်ဖန် ...

ဒုတိယအကြိမ် ဘွားဘွားဝန်၏ညာလက်ဝါးရိုက်ချက်က ဖန်ဝေး၏ မျက်နှာဆီသို့ တန်းဝင်လာကာ ရိုက်ချက်မိသွားပြန်သည်။

"အား"

ဖန်ဝေး အားခနဲ တစ်ချက်အော်ကာ ပါးစပ်မှသွေးများ မြင်မကောင်းအောင် ထွက်ကျလာခဲ့သည်။

ရက်စက်ယုတ်မာကောက်ကျစ်သော ဘွားဘွားဝန်သည် သူ၏ဘီလူးရုပ်သွင်ကို ဘွားခနဲ ဖော်ထုတ်လိုက်ချေပြီ။

ယွဲ့ရန်ဟုန်က ချစ်သူဖန်ဝေးအတွက် ကြားဝင်ခုခံပေးသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖန်ဝေးအဖို့ အကျိုးသက်ရောက်ခြင်းမရှိတော့။

ဖန်ဝေး ထိုသို့ အသားလွတ် ဘွားဘွားဝန်၏လက်ဝါးရိုက်ချက်များကြောင့် ဒဏ်ရာဒဏ်ချက်များရနေသော်လည်း ဖန်ဝေး ရင်တွင်း၌ ခံစားနေရသော ဝေဒနာများနှင့်ယှဉ်လိုက်ပါက မပြောပလောက်ပေ။

ဖန်ဝေး လက်တုံ့ပြန်ရန် ဝန်လေးလျက်ရှိ၏။

တစ်ဖက်က မည်မျှရက်စက်သော်လည်း မိမိ၏ကျေးဇူးရှင်ဟူသော အစွဲအလမ်းမှာ ဖန်ဝေး၏ဦးနှောက်ထဲတွင် ပျောက်ပျက်မရ။

ထို့ကြောင့် ...

ဖန်ဝေး၏စိတ်ကိုသိသော ယွဲ့ရန်ဟုန်က ဖန်ဝေးအား လှမ်းအော်သတိပေးလိုက်သည်။

"အစ်ကိုဖန်ဝေး ... အစ်ကို့ မိဘတွေ သတ်သွားတဲ့သူဟာ အဲဒီမိန်းမယုတ်ကြီးပဲ၊ ဒါတောင် ဘာလို့ အစ်ကိုလက်တုံ့မပြန်သေးတာလဲ၊ ကိုယ့်မိဘတွေရဲ့ မျက်နှာကိုတောင် မထောက်တော့ဘူးလား"

ယွဲ့ရန်ဟုန် လှမ်းအော်သတိပေးလိုက်တော့မှ ဖန်ဝေး အိပ်မက်မက်နေသူကို ရေအေးဖြင့်ပက်ဖျန်းလိုက်သလို ဖြစ်သွားသည်။

ဤတွင် ...



အဘွားကြီးအဆက်မပြတ်ရိုက်နှက်နေသော လက်ဝါးရိုက်ချက်များကို ဖန်ဝေးပြန်လည်ခုခံတိုက်ခိုက်လာတော့သည်။

ယွဲ့ရန်ဟုန်ကလည်း ချစ်သူဖန်ဝေးအတွက် ဘွားဘွားဝန်အား သက်စွန့်ကြိုးပမ်း ဝင်ရောက်တိုက်ခိုက်သည်။

ထို့ကြောင့် ဘွားဘွားဝန်မှာ နှစ်ယောက်တစ်ယောက် တိုက်ခိုက်နေရကာ ဖန်ဝေးကို အလွယ်တကူ အသေသတ်ပစ်ရန် မလွယ်ကူတော့ပေ။

တစ်ဖက်တွင်လည်း ...

လူ့ခုစာကြီးဝေးယွင်မှာ လူ့ဘီလူးကြီးရန်ကျင်းအား တစ်စတစ်စနှင့် အရေးနိမ့်စပြုနေချေပြီ။

သို့သော် ...

မိမိစိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားနိုင်ပါမှ လူ့ဘီလူးကြီးရန်ကျင်းအား တိုက်ကွက်လေးငါးဆယ်ခန့်သာ ခုခံတိုက်ခိုက်နိုင်ပေတော့မည်။

ထွက်ပြေးရန်ဝင် ဝေးယွင် စိတ်ကူးပေါက်လာမိသည်။

ထွက်ပြေးရန် စိတ်ကူးလိုက်မိသည်နှင့် ဝေးယွင်က သူ၏ကျော်ကြားစိမ်းခေါ်ရှည်ဖြင့် လူ့ဘီလူးကြီးရန်ကျင်းကို ခြောက်ကွက်အဖြစ် တရကြမ်းခုတ်ပစ်လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘီလူးကြီး ရန်ကျင်းက ဝေးယွင်၏ခါးကွက်ကို 'ကျားရဲရင်ခွဲ' အကွက်ဖြင့် ခုခံလိုက်ပြီး 'ကျားဆိုးအစာနင်း' သိုင်းကွက်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်လိုက်ရာ ဝေးယွင် ခံနိုင်စွမ်းမရှိတော့ပေ။

နောက်ဆုံး ...

ဝေးယွင် ရန်ကျင်း၏တိုက်ခိုက်ချက်များကို ခုခံခြင်းမပြုရဲတော့ဘဲ ဘွားဘွားဝန်၏အိမ်ခန်းအပြင်ဘက်သို့ အတင်းထွက်ပြေးသွားလေတော့သည်။

ရန်ကျင်းမှာ ဝေးယွင်နောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်သွားသည်။



ဘွားဘွားဝန်၏ ကျောက်အိမ်လေးထဲတွင် ဘွားဘွားဝန်၊ ဖန်ဝေးနှင့် ယဲ့ရန်ဟုန်တို့သာ ကျန်ရစ်တော့သည်။

တစ်ဖက်နှင့်တစ်ဖက် အကျိုးဆက်များ ကင်းရှင်းပြတ်တောက်သွားပြီဖြစ်၍ ဘွားဘွားဝန်မှာ ဖန်ဝေးအား မညှာမတာ တိုက်ခိုက်နေသည်။

ဖန်ဝေးနှင့် ယဲ့ရန်ဟုန်တို့နှစ်ယောက်မှာမူ အတွဲညီညီဖြင့် ဘွားဘွားဝန်၏ ရက်စက်လှသောတိုက်ကွက်များကို ခုခံနေရ၏။

အဘွားကြီးက နောက်ဆုံးပွဲသိမ်းတိုက်ကွက်အနေဖြင့် ငါးမန်းစွယ်ကျာပွတ်ပျော့ရှည်ကြီးနှင့် ဖန်ဝေး၏လည်ပင်းကို လှမ်းရိုက်လိုက်သည်။

ဖန်ဝေးက အရှိန်ပြင်းစွာဝင်ရောက်လာသော ငါးမန်း... ကျာပွတ်ရှည်ကို မခုခံရဲသဖြင့် နီးရာခုံတစ်လုံးဖြင့် ကောက်ပွေ့ဆော... လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီး၏ငါးမန်းစွယ်ကျာပွတ်က ဖန်ဝေးကိုင်ဆောင်ထားသည့်ခုံကို ရစ်ပတ်မိသွားသည်။

ဖန်ဝေးနှင့် ဘွားဘွားဝန်တို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆွဲနေကြသည်။

ငါးမန်းစွယ်ကျာပွတ်က ခုံနှင့်တင်းကျပ်စွာရစ်ပတ်နေသည့်အတွက် နှစ်ယောက်သားလွန်ဆွဲသကဲ့သို့ ဆွဲကြရာ ယွဲ့ရန်ဟုန်ကလည်း ဖန်ဝေးဘက်မှ ဝင်ရောက်ဆွဲလေသည်။

ထိုစဉ်မှာပင် ...

မိန်းမချောလေး ယွဲ့ရန်ဟုန်လက်ထဲရှိ ဓားမြှောင်တိုလေးဖြင့် ဘွားဘွားဝန်အား ပစ်ပေါက်လိုက်သည်။

ဘွားဘွားဝန်မှာ ယွဲ့ရန်ဟုန် ဤကဲ့သို့ ပြုလုပ်လိမ့်မည်ဟု လုံးဝမျှော်လင့်မထား။

ယွဲ့ရန်ဟုန်ကလည်း ဘွားဘွားဝန် ငါးမန်းစွယ်ကျာပွတ်ကို အားစိုက်ဆွဲနေသည်ကို အခွင့်ကောင်းယူကာ ဓားမြှောင်တိုလေးဖြင့် ပစ်ပေါက်လိုက်ခြင်းဖြစ်သည်။

ယွဲ့ရန်ဟုန်၏ ဓားမြှောင်တိုလေးမှာ ဘွားဘွားဝန် ဗိုက်တည့်တည့်သို့ တန်းဝင်ထိမှန်သွားလေတော့သည်။

ဘွားဘွားဝန် မမျှော်လင့်ဘဲ ဓားမြှောင်တိုလေး ထိမှန်စိုက်



ဝင်သွားခြင်းခံရကာ ငါးမန်းကျာပွတ်ပျော့ရှည်ကြီးမှာလည်း လက်မှလွတ်၍ ဘွားဘွားဝန် အိမ်ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော ဘွားဘွားဝန် ...!

ဒုစရိုက်လောကတွင် ဘုရင်တစ်ဆူကဲ့သို့ မင်းမူနေသော ဘွားဘွားဝန် ...။

ယုတ်မာရက်စက်ကောက်ကျစ်စဉ်းလဲသူ ...၊

တရားဥပဒေကို ကျူးလွန်ဖောက်ဖျက်ပြီး အတွင်ကြီးမားလွန်းသူ ...။

ယခု ...

ဘာမဟုတ်သည့် မိန်းမချောလေးယွဲ့ရန်ဟုန်၏ လက်ချက်ဖြင့် သေအံ့မူးမူးဖြစ်ရချေပြီ။

ဖန်ဝေးသည် ဘွားဘွားဝန်အား သံယောဇဉ်မကုန်နိုင်သေးသဖြင့် လဲကျသွားသောဘွားဘွားဝန်ကို ပြေးယူပွေ့ထားလိုက်သည်။

ဘွားဘွားဝန် သတိရတစ်ချက် မရတစ်ချက်ဖြစ်ကာ ဖန်ဝေးကို ကရုဏာလွှမ်းသောမျက်လုံးအစုံဖြင့် ကြည့်ပြီး ...

"လူ ... လူကလေး ဖန်ဝေး ... မင်း ... ငါ ... ငါ့ကို မုန်းဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီး စကားကိုကြိုးစားပမ်းစားပြောလိုက်ရသည်။

ဖန်ဝေး အဘွားကြီးပြောသည့်စကားကို မကြားဟန်ဖြင့် ဘွားဘွားဝန်၏မျက်နှာကိုသာ စိုးရိမ်တကြီးစိုက်ကြည့်နေသည်။

ထိုစဉ် ...

ဘွားဘွားဝန်၏ အသံထပ်မံထွက်ပေါ်လာပြန်သည်။

"လူ ... လူကလေး ဖန်ဝေး ... ဘွားဘွားဝန်မေးထားတာကို ဖြေ ... ဖြေပါဦးလားကွယ်"

"ကျွန် ... ကျွန်တော် ဘွားဘွားဝန်ကို သိပ် ... သိပ်ချစ်ပါတယ် ဒါပေမဲ့"

ဖန်ဝေးစကားကို တစ်ဝက်တစ်ပျက်ဖြင့် ရပ်ပစ်လိုက်၏။

"ဒါ ... ဒါပေမဲ့ဆိုတာ ဘွားဘွားဝန်ရဲ့အ ... အပြစ်တွေကို ခွင့် ... ခွင့်မလွှတ်ဘူးဆိုတဲ့ သ ... သဘောလားလူကလေး"

ဘွားဘွားဝန် ဖန်ဝေး၏အဖြေကိုပင် မစောင့်နိုင်တော့ဘဲ ဘဝတစ်ပါးသို့ ကူးပြောင်းသွားလေတော့သည်။

ဖန်ဝေး အသက်ကင်းမဲ့နေပြီဖြစ်သော ဘွားဘွားဝန်ကိုကြည့်ပြီး မျက်ရည်များကျဆင်းလာကာ ဝမ်းနည်းကြေကွဲနေမိသည်။

ဖန်ဝေး မျက်ရည်များကျဆင်းနေရာမှ အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော ဘွားဘွားဝန်၏ကိုယ်ပေါ်သို့ ဖန်ဝေး၏မျက်ရည်



ပူများက အဆက်မပြတ် လိမ့်ဆင်းကျလာနေသည်။

ယုံ့ရန်ဟုန်မှာ မိမိ၏ချစ်သူ ဖန်ဝေးအားကြည့်ပြီး ရင်ထဲမှ တီးတိုးရေရွတ်လိုက်မိသည်။

"အစ်ကိုဖန်ဝေးရယ် ... ကိုယ့်မိဘတွေကိုသတ်ခဲ့တဲ့ တရားခံတစ်ယောက်ကိုတောင်မှ သံယောဇဉ်မပြတ်နိုင် ဖြစ်နေရပါလားရှင်၊ အစ်ကို့လို သည်းခံခွင့်လွှတ်နိုင်တဲ့လူမျိုး ကျွန်မတစ်သက်မှာ မတွေ့ခဲ့သေးပါဘူးရှင်"

ယုံ့ရန်ဟုန်၏ စကားများက ရင်ထဲတွင်သာ တီးတိုးရေရွတ်ပြောဆိုနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဝေး လျှို့ဝှက်သိုင်းကျမ်းထည့်ထားသည့် သံမဏိသေတ္တာပြတ်လေးနှစ်ခုအား မြေပြင်မှကောက်ယူပြီး ...

"အင်း ... ဒီပစ္စည်းကြောင့် ငါ့မိသားစုတစ်ခုလုံး ဒုက္ခရောက်ခဲ့ရတယ်၊ ဘွားဘွားဝန်လည်း ဒီပစ္စည်းနဲ့ပတ်သက်ပြီး ငါ့မိဘတွေကို သတ်ခဲ့တယ်၊ တကယ်တော့ တရားခံအစစ်ဟာ ဒီလျှို့ဝှက်ကျမ်းက စတာပဲ"

ဖန်ဝေး သံမဏိသေတ္တာထက်ပိုင်းပြတ်လေးကို ကြည့်ကာ ရှုံ့ရှာစက်ဆုပ်လာခဲ့၏။

အစပထမတွင်မူ ထိုပစ္စည်းရရေးအတွက် သက်စွန့်ကြိုးပမ်းရှာဖွေခဲ့ရသည်။

ယခု သက်စွန့်ကြိုးပမ်းရှာဖွေခဲ့ရသော တန်ဖိုးမဖြတ်နိုင်သည့် လျှို့ဝှက်သိုင်းကျမ်းကိုကြည့်ကာ ဖန်ဝေး စက်ဆုပ်ရွံရှာမိပြီး နာကြည်းစိတ်များဖြစ်ပေါ်လာသည်။



ထို့ကြောင့် ...

သံမဏိသေတ္တာပြတ်လေးနှစ်ခုကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပြီးနောက် ... လေပွေကျွန်းပတ်လည်ရှိ နက်ရှိုင်းလှသောရေပြင်ကို စူးစူးစိုက်စိုက်ကြည့်နေလျက်ရှိသည်။

ထိုစဉ် ...

မိန်းမချောလေး ယွဲ့ရန်ဟုန် ချစ်သူဖန်ဝေးနားသို့ တိုးကပ်လာပြီး လေသံတိုးတိုးဖြင့်ခေါ်လိုက်သည်။

"အစ်ကို"

ယွဲ့ရန်ဟုန်ခေါ်သည်ကို ဖန်ဝေးမကြား။

ဖန်ဝေးရင်ထဲမှ ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီးနောက် သံမဏိသေတ္တာလေးနှစ်ခြမ်းကို နက်ရှိုင်းလှစွာသော ရေပြင်ရှိရာသို့ အားကုန်ပစ်ပေါက်ထုတ်လိုက်တော့၏။

ယွဲ့ရန်ဟုန် မမျှော်လင့်သောလုပ်ရပ်ကိုတွေ့လိုက်ရသဖြင့် ခေတ္တမျှ အံ့သြတုန်လှုပ်သွားကာ ကြောင်တက်တက်ဖြစ်သွားသည်။

အတန်ကြာမှ ယွဲ့ရန်ဟုန်ထံမှ နှမြောတသသောအသံဖြင့် ဖန်ဝေးကို မေး လိုက်သည်။

"အစ်ကို ... ဘယ်လိုများလုပ်လိုက်တာလဲ၊ အစ်ကို အစ်သက်လုံး ဒီပစ္စည်းရဖို့ အနှစ်နှစ်အလလ ကြိုးစားရှာဖွေလာခဲ့ရတာ၊

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ တခဏ်အချိန်လေးအတွင်းမှာ ဆုံးရှုံးသွားရပြီကော အစ်ကို ရယ်"

"ဟုတ်တယ် … ဒီလှို့ဝှက်သိုင်းကျမ်းကို ငါ မလိုချင်တော့ ဘူး၊ မုန်းတယ် … သိပ်ကိုမုန်းတယ်၊ ဒီလှို့ဝှက်သိုင်းကျမ်းရှိနေသရွေ့ ကာလပတ်လုံး ငါ့လို မိမဲ့ဘမဲ့လေးတွေ နောက်ထပ်ပေါ်လာဦးမယ်၊ ဒီတော့ ငါ့ဘဝလိုမျိုး မိမဲ့ဘမဲ့လေးတွေ ပေါ်ပေါက်မလာရအောင် ငါ ဒီလိုလုပ်လိုက်တာပဲ၊ ငါ့လိုမဖြစ်ကြပါစေနဲ့လို့လည်း ငါ ဆန္ဒပြု လိုက်တဲ့သဘောပဲ"

ဖန်ဝေး စကားပြောသံမှာ ရှိုက်သံများပါဝင်နေသည်။

ပြီးမှ …

ဖန်ဝေး၏ချစ်သူ ယွဲ့ရန်ဟုန်က ဖန်ဝေးလက်အစုံအား ကျစ် ကျစ်ပါအောင်ဆွဲထားလိုက်၏။

သူရိန်နေမင်းကလည်း အနောက်မိုးကုပ်စက်ဝိုင်းဆီသို့ တရွေ့ရွေ့ တိုးဝင်သွားနေသည်။

နှစ်ဦးသား နေဝန်းညိုညိုကြီးကို ငေးစိုက်ကြည့်နေကြ၏။

ပတ်ဝန်းကျင်တစ်ခုလုံး ပုစွန်ဆီရောင် ယှက်သန်းနေသည်။

*



ချစ်သူနှစ်ဦး၏ခန္ဓာကိုယ်နှစ်ခု တဖြည်းဖြည်းပူးကပ်သွား သည်။

ထိုစဉ် …

လူ့ဘီလူးကြီးရန်ကျင်း တိမ်လွှာထိန်လွှ့ခွစာကြီး ဝေးယွင် အား ဆုံးမအပြစ်ဒဏ်ပေးပြီး ဖန်ဝေးတို့ရှိရာဆီသို့ ပြန်ရောက်လာ သည်။

ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့၏ အချစ်ဗိမာန်လေးတည်ဆောက် နေသည်ကို ရုတ်တရက်တွေ့မြင်သွား၏။

ထို့ကြောင့် …

လူ့ဘီလူးကြီး ရန်ကျင်း တွေးတောလိုက်သည်။

"အင်း … ငါနေခဲ့တဲ့ဂူထဲမှာပဲ ဆက်နေခဲ့ရင် ခုလိုစိတ်ရှုပ် စရာတွေ မြင်တွေ့ရတော့မှာ မဟုတ်ဘူး၊ ငါ အဲဒီကို ပြန်[illegible]ပဲ ကောင်းလိမ့်မယ်ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှ ဆုံးဖြတ်ချက်အတိုင်း လူ့ဘီလူးကြီးရန်ကျင်း ဖန်ဝေးနှင့် ယ နှ်တို့အား နှုတ်မဆက်တော့ဘဲ ကျောခိုင်းထွက်ခွာ သွားလေတော့

ပြီး၏။

တက္ကသိုလ်ဝင်းကြွယ်

www.burmeseclassic.com